
# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၂၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် ၊ ကြာသပတေး၊ (စက်တင်ဘာ ၂၀ ၊ ၂၀၁၂)



TRI
MEN'S AND LADIES' WEARS

# ရန်ကုန်မြို့ဧရိယာ မြေကေလေးသောင်း တိုးချဲ့ရန် သမ္မတခွင့်ပြု

အောင်သူရ

ရန်ကုန်၊စက်တင်ဘာ-၁၆

ရန်ကုန်မြို့တော် တိုးချဲ့ရန်အတွက် နိုင်ငံတော်သမ္မတ ဦး သိန်းစိန်က မြေကေ လေးသောင်းကို စက်တင်ဘာ ၁၄ ရက်တွင် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအကြံပေး မြို့ပြဆောက်လုပ်ရေးပညာရှင် ဒေါက်တာကျော်လတ်ကပြောသည်။

စာ(၁၂)သို့

ရန်ကုန်မြို့ အင်းစိန်မြို့နယ်အနီးဝန်းကျင်ကို လေယာဉ်ပေါ်မှ တွေ့ရစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## တိုင်းရင်းသားရေးရာဝန်ကြီးများ၏ အဆောင်အယောင်နှင့် ခံစားခွင့်တိုးမြှင့်ပေး

**မင်းဟိန်းကျော်**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

တိုင်းရင်းသားရေးရာ ဝန်ကြီးများ၏ အဆောင်အယောင်များနှင့်ခံစားခွင့်များကိုစတင်ရရှိပြီဖြစ်ကြောင်း တိုင်းရင်းသားရေးရာ ဝန်ကြီးအချို့ထံမှ သတင်းရရှိသည်။

စက်တင်ဘာ ၇ ရက်တွင် နိုင်ငံတော်သမ္မတနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးများ နေပြည်တော်၌ တွေ့ဆုံခဲ့ပြီးနောက် တိုင်းရင်းသားရေးရာ ဝန်ကြီးများ၏ အဆောင်အယောင်များကို တိုးမြှင့်ပေးလိုက်ခြင်းဖြစ်သည်။

"လစာကိစ္စကတော့ ကျွန်တော်တို့ကို ဘာမှမပြောသေးဘူး။

**စာ(၁၂)သို့**

**မြန်မာအပေါ် ကုန်သွယ်ရေးဦးစားပေးမှု ပြန်လည်ပေးရန် ဥရောပကော်မရှင်အဆိုပြု** အချပ်ပို(B)သို့

## တရုတ်စီမံကိန်းများ စိန်ခေါ်မှုအမြင့်ဆုံးအချိန်လား

ငြိမ်းငြိမ်းနိုင်
အေးမြကျော်

မြန်မာနိုင်ငံအတွင်းရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအား ဒေသခံများ၏ ကန့်ကွက်သံများ ပိုမိုကျယ်လောင်လာနေချိန်တွင် တရုတ်နိုင်ငံသို့ သွားရောက်မည့် သမ္မတဦးသိန်းစိန်၏ ခရီးစဉ်က မြစ်ဆုံစီမံကိန်းရပ်ဆိုင်းပြီးနောက် တရုတ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံအကြား တည်ငြိမ်သော အာမခံချက် ရှိရေး ခရီးစဉ်တစ်ခုဖြစ်လိမ့်မည်ဟုမြန်မာ-တရုတ်ဆက်ဆံရေး လေ့လာသူများက သုံးသပ်သည်။ **စာ(၂၈)သို့**



မြန်မာဝမ်ပေါင် တရုတ်ကုမ္ပဏီက လက်လွှဲရယူလိုက်သော ကြေးစင်တောင်စီမံကိန်းမှကြေးနီပြားများ

**တရုတ်စီမံကိန်းများ၊ မြန်မာ-တရုတ်ဆက်ဆံရေး အထူးသတင်းပေးပို့ချက်များ**

(စာ-၂၇မှ၃၀၊ အချပ်ပို A, D)

## ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် ကူညီရန် ဒေါ်အောင်ဆန်းစုကြည်အား မေတ္တာရပ်ခံ

**မင်းဟိန်းကျော်၊ အောင်နိုင်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၇**

အမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေသော ကချင်တိုင်းရင်းသားများဖွဲ့စည်းထားသည့် မိတ်သဟာယအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်အား ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသော ကိစ္စရပ်များအား ဖြေရှင်းပေးပါရန် အချက် ၅ ချက်ပါဝင်သော ထုတ်ပြန်ချက်တစ်ရပ်ကို စက်တင်ဘာ ၁၆ ရက်တွင် မေတ္တာရပ်ခံလိုက်ကြောင်း သိရသည်။ **စာ(၇)သို့**




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.28 · SEPTEMBER 20 , 2012

## ပုဂံနန်းတော်ရာတွင် အနှိပ်ခန်း၊ ကာရာအိုကေဖွင့်ခွင့်မပြု

**အေးသူစံ**

**ရန်ကုန်၊စက်တင်ဘာ-၁၅**

ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်ရန် တင်သွင်းထားသော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်တည်ဆောက်ထားသည့်နန်းတော်ထဲ၌မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော အနှိပ်ခန်း၊ ကာရာအိုကေ စသည်တို့ကို ထည့်သွင်းရန် ခွင့်မပြုထားကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြောသည်။

ပုဂံမြို့ဟောင်းအတွင်းရှိ နန်းတော်ရာတွင် Historical Park ပြုလုပ်မည်ဖြစ်ပြီး ယင်းထဲတွင် စားသောက်ဆိုင်များ၊ ကာရာအိုကေခန်း၊ အနှိပ်ခန်းတို့ထည့်သွင်းရန် စီစဉ်နေကြောင်း ပုဂံဒေသခံ များ၏ ပြောကြားချက်အပေါ် ဒုဝန်ကြီးက ပြန်လည်ပြောကြားခဲ့ခြင်းဖြစ်သည်။

“ဒီလိုယဉ်ကျေးမှုနဲ့ မလျော်ညီတာတွေ လုပ်လို့မရပါဘူး။ ခွင့်လည်းမပြုထားပါဘူး။ ဒီသတင်းကမဟုတ်ပါဘူး”ဟုဎင်းက စက်တင်ဘာ ၁၅ ရက်က ရန်ကုန်တွင် ပြုလုပ်သည့် ယဉ်ကျေးမှုဝန် ကြီးဌာန၏ အလုပ်ရုံဆွေးနွေးပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ပုဂံမြို့ဟောင်း မှာဆို နန်းတော်ဆောက်ထားတာရှိတယ်။ အဲဒီနန်းတော်ထဲမှာ ဖျော်ဖြေရေးအဖြစ် အနှိပ်ခန်း၊ ကာရာအိုကေနဲ့ ယမကာဆိုင်တွေထိ လုပ်မယ်လို့ ကျွန်တော်တို့ သိထားပါတယ်။ ဟိုတယ်တွေ ထပ်ဆောက်မှာလည်းရှိတယ်လို့ သိရတယ်။ ဒါတွေကိုလုံးဝကန့်ကွက်သွားမှာပါ”ဟု ပုဂံယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ အဖွဲ့ဝင်၊ ပုဂံဒေသခံ ဧည့်လမ်းညွှန်အသင်းဝင် ကိုအောင်ရွှေကပြောသည်။

ယခုအခါ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရန် ပြင်ဆင်နေသည့် ပုဂံဒေသတွင် ဟိုတယ်ဇုန်လေးခုတည်ဆောက်နေပြီဖြစ်သော်လည်း ဇုန် ၁ မှလွဲကာ ဇုန် ၂၊ ၃၊ ၄ တို့မှာ ပြီးစီးအောင် တည်ဆောက်နိုင်ခြင်း မရှိသေးဘဲ တာဝန်ယူထားသည့် ကုမ္ပဏီများကလည်း အားသွန်ခွန်စိုက် မတည်ဆောက်နိုင်သေးကြောင်း သတင်းရရှိသည်။

“အခု ဇုန် ၄ ခုမှာ သတ်မှတ်ထားတဲ့ ဟိုတယ်အရေအတွက်က ဝင်ရောက်လာမယ့် ခရီးသည်တွေအတွက် ကောင်းကောင်း လုံလောက်ပါတယ်။ ဒါပေမဲ့ ခက်တာက ကုမ္ပဏီတွေက အားသွန်ခွန်စိုက် မဆောက်ကြဘူး။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနက ပံ့ပိုးတွန်းအားပေးဖို့ လိုတယ်။ ကုမ္ပဏီတွေအတွက် လိုအပ်တဲ့ capicity တွေဖြစ်တဲ့လမ်းဖောက်ဖို့၊ မီးရဖို့၊ ရေရဖို့ ဒါတွေ လုပ်ပေးရမယ်”ဟု ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်ကပြောသည်။

ပုဂံဒေသတွင် ဟိုတယ်ဇုန်သစ်များ ထပ်မံဖော်ထုတ်သည့်အတွက် သတင်းလက်ဦးမှုရသော လုပ်ငန်းရှင်များနှင့် အကွက်မြင်သောဒေသခံလုပ်ငန်းရှင်အချို့မှာ မြေကွက်များ ကြိုတင်ဝယ်၍ ပြန် ရောင်းသော အရောင်းအဝယ်ဈေးကွက်တစ်ခု ပေါ်ပေါက်ခဲ့ကြောင်းဒေသခံလုပ်ငန်းရှင်များကပြောသည်။

သို့သော် လက်တွေ့တွင် ဟိုတယ်လုပ်ငန်းရှင်အချို့မှာ ဇုန်သစ်များထက် နဂိုရှိပြီးဟိုတယ်များ ကိုသာ ပိုမိုဝယ်ယူလုပ်ကိုင်လိုကြကြောင်း သတင်းရရှိသည်။

## အထက(၂) ကမာရွတ် ပြန်ဆောက်ရန် လုပ်ငန်းရှင်များ လှူဒါန်းခဲ့သော အလှူငွေ ယခုထိ မရရှိသေး



၂၀၁၁ ဒီဇင်ဘာ၃၀ရက်ကတွေ့ရသော ကျောင်းဆောင်မီးလောင်ကျွမ်းခဲ့သည့် အထက(၂)ကမာရွတ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အောင်ခိုင်၊ မင်းဟိန်းကျော်**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

မီးလောင်ပျက်စီးခဲ့သော အထက (၂)ကမာရွတ် (စိန့်ဩဂတ်စတင်း) ကျောင်းပြန်လည်တည်ဆောက်ရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပေးအပ်ခဲ့သည့် လှူဒါန်းငွေများ ယခုအချိန်ထိ မရရှိသေးကြောင်း ကျောင်းအုပ်ဆရာမကြီးက ပြောသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်က ကျောင်းတည်ဆောက်ရန် ဆောက်လုပ်ရေးကုမ္ပဏီများ၏ လှူဒါန်းငွေကျပ်သိန်း ၃,၀၀၀ ကို ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကပေးအပ်ခဲ့သော်လည်း ယခုအချိန်ထိ ဎင်းအလှူငွေကိုရရှိခြင်းမရှိကြောင်းကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီက ပြောသည်။

“ကျွန်မတို့က မိအေး နှစ်ခါနာဖြစ်တယ်။ အလှူငွေကလည်း ပုံးခွံကြီးပဲ ပေးသွားတာ။ အခုထိလည်း မရသေးဘူး။ လှူမယ့်သူတွေကလည်း သိန်းသုံးထောင်တောင်ရထားတာ ဘာကြောင့် ထပ်ကောက်တာလဲလို့ ပြောကြတယ်” ဟု ကျောင်းအုပ်ဆရာမကြီးက စက်တင်ဘာ ၁၃ ရက်တွင် 7Day News သို့ပြောသည်။

အဆိုပါ အလှူငွေကို မရရှိခြင်းကြောင့် ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်ရန် လိုအပ်ငွေကို ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ရန်ပုံငွေပွဲများ ကျင်းပခြင်း၊ အလှူငွေကောက်ခံခြင်းဖြင့် ရှာဖွေနေသည်။ အလှူငွေ ကောက်ခံသောအခါ ကျောင်းသားမိဘအချို့က ကျေနပ်မှုမရှိကြောင်း သတင်းရရှိသည်။

“တစ်သိန်းထက် မနည်း ထည့်ရမယ်တဲ့။ ကျွန်မတို့ကတော့ မတတ်နိုင်ဘူး။ နှစ်သောင်းပဲ ထည့်မယ်” ဟု ကျောင်းသားမိဘတစ်ဦးက ဆိုသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် အ. ထ. က(၂) ကမာရွတ်ကျောင်း အဆောက်အအုံ ၈၀ ရာခိုင်နှုန်းမှာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ မီးသင့်အဆောက်အအုံဟောင်းကို တိုင်းဒေသကြီးအစိုးရ၏ ကုန်ကျငွေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကျောင်းဆောင်သစ် ဆောက်လုပ်ခဲ့ရာ ကျပ်သိန်းသုံးထောင်ခန့် ကုန်ကျခဲ့သည်။

ထို့အပြင် ခြောက်ထပ်ကျောင်းဆောင်သစ် ထပ်မံဆောက်လုပ်ရန် ကျပ်သိန်းငါးထောင်ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြသည်။ ၂၀၁၂ ခုနှစ် ဧပြီ ၂၆ရက်က ကျင်းပခဲ့သော ကျောင်းဆောင်သစ်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ခန့်မှန်းကုန်ကျငွေ သိန်းငါးထောင်ကို ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က တာဝန်ယူ ဆောင်ရွက်ရမည်ဟုဆုံးဖြတ်ခဲ့ကြောင်း ကျောင်းအုပ်ဆရာမကြီးကပြောသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးသို့ ဆက်သွယ်၍ အတည်ပြုချက်ရယူခဲ့သော်လည်း ဎင်းတို့အနေဖြင့် မသိရှိကြောင်း စက်တင်ဘာ ၁၄ ရက်တွင်တာဝန်ရှိသူတစ်ဦးကပြန်လည်ပြောကြားခဲ့သည်။ **စာ(၁၂)သို့**



# ကလေးငယ် ဖမ်းခေါ်သူကို ရဲစခန်းတွင် အမှုဖွင့်ထား

## ရန်ကုန်တိုင်းဒေသကြီးတွင် တစ်နှစ်လျှင် လူပျောက်မှု (၃၀၀) မှ (၄၀၀) ကြားရှိနေပြီး တစ်နိုင်ငံလုံးတွင် အများဆုံးဖြစ်နေ

**အေးမြတ်သူ**

**ရန်ကုန်၊စက်တင်ဘာ-၁၆**

မြောက်ဥက္ကလာပမြို့နယ်(၅) ရပ်ကွက်တွင် နေထိုင်သော အသက်ခုနစ်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအား စက်တင်ဘာလ ၂ ရက်က လိမ်လည်၍ ဖမ်းဆီးခေါ်ဆောင်သွားသူတစ်ဦးကို မိဘများက ရဲစခန်းတွင် အမှုဖွင့်ထားသည်။

အသက်ခုနစ်နှစ်အရွယ် မဖူလိုင်မိုးကျော်သည် ထိုနေ့မွန်းလွဲ ၂ နာရီခွဲဝန်းကျင်က တစ်ဦးတည်း ဆော့ကစားနေစဉ် အသက် ၂၅ နှစ်အရွယ် ရန်နိုင်(ခ)လှဝင်းက မုန့်ဝယ်ကျွေးမည်ဟု ပြောကာ ၎င်း၏ချိုင်းကြားအောက်ညှပ်၍ ဖမ်းခေါ်သွားသည်။ ကလေးက ကျောက်ရေတွင်း ဘူတာအနီးအရောက် သတိဝင်လာပြီး ၎င်းနှင့်အတူလိုက်ရန် ငြင်းဆန်နေရာ အနီးနားရှိလူများက မသင်္ကာ၍ မေးမြန်းစဉ် ထိုသူထွက်ပြေးခဲ့ရာမှ ဖမ်းမိခဲ့ကြောင်း သတင်းရရှိသည်။

"ကလေးက သွားရင်းနဲ့ ချော်လဲတော့ ပြန်မယ် ပြန်မယ် ပြောတာနဲ့ သူက ကလေးကို မျက်နှာနဲ့ နားအုံကို ရိုက်တယ်။ ကလေးကိုရိုက်တာ ကန်စွန်းခင်းက လူတွေကမြင်ပြီး မသင်္ကာတာနဲ့ မေးတော့မှ သူက ကလေးထားပြီး ထွက်ပြေးသွားတာ" ဟု ကလေးမိခင်မဝင်းမာက ပြောသည်။

မြောက်ဥက္ကလာမြို့နယ်အတွင်း အသက် ၁၃ နှစ်အောက် ကလေးပျောက်မှုတွင် မဖူလိုင်မိုးကျော် အပါအဝင် ပြီးခဲ့သည့် တစ်လကျော်အတွင်း လေးဦး ပျောက်ဆုံးခဲ့ကာ မဖူလိုင်မိုးကျော်နှင့် တစ်ဦးကိုပြန်လည်တွေ့ရှိခဲ့သော်လည်း ကျန်နှစ်ဦးမှာ ယခုအချိန်ထိ ရှာတွေ့ခြင်းမရှိသေးချေ။

ပျောက်ဆုံးနေဆဲ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်(၈)ရပ်ကွက်မှ အသက်လေးနှစ်အရွယ်မမေသူခိုင်သည် ၂၀၁၂ ခုနှစ် ဇူလိုင်လ ၃၁ ည ၉ နာရီအချိန်၌ မုန့်ဝယ်ရာမှ ပြန်လာသောသူမအား လမ်းတွင် အမျိုးသားတစ်ဦးကစက်ဘီးအနောက်မှတင်ခေါ်သွားခဲ့ရာမှ ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"အဲဒီလို အချိန်မှာ ကလေးကို ဘယ်သူမှ မုန့်ဖိုးမပေးဘူး။ မုန့်ဖိုး ဘယ်သူပေးမှန်းမသိဘူး။ သူ့ဘာသာသူ မုန့်သွားဝယ်စားတာ။ ကလေးက တော်ရုံတန်ရုံ ဘယ်သူမှ ခေါ်လို့မရဘူး။ ကလေးနဲ့ပတ်သက်ပြီး ဒီလောက်ရှာတာ ဘာသဲလွန်စမှ မရသေးဘူး"ဟု မေသူခိုင်၏မိခင် မကေခိုင်က ပြောကြားသည်။

မြောက်ဥက္ကလာပမြို့နယ် နွယ်သာကီ ၅ လမ်းမှ အသက် ၁၂ နှစ်အရွယ် မအေးမာလာလွင်သည် ၂၀၁၂ ဇူလိုင် ၂၈ ရက်နံနက် ၇ နာရီခန့်က သူမတစ်ဦးတည်း အဘွားဖြစ်သူသီလရှင်ဒေါ်ဓမ္မစာရီနေထိုင်သော သီလရှင်ကျောင်းသို့သွားပြီး အပြန်တွင်ပျောက်ဆုံးသွားကြောင်း သတင်းရရှိသည်။

"အဘွားတို့ရှာနေတာ နှံ့နေပြီ။ နယ်တစ်ခွင်မှာကော ဆေးရုံတွေ၊ ဈေးတွေ အစုံရှာတယ်။ မတွေ့ဘူး။ ဘုရားပွဲတွေမှာလည်း ရှာမယ်" ဟု အဘွားဖြစ်သူ ဒေါ်ဓမ္မစာရီကပြောသည်။ မေသူခိုင်နှင့် အေးမာလာတို့၏ မိဘများမှာ သက်ဆိုင်ရာရဲစခန်းများသို့ လူပျောက်တိုင်ကြားထားသော်လည်း ပျောက်ဆုံးနေဆဲဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်နှစ်လျှင် လူပျောက်မှု အမှုပေါင်း ၃၀၀ မှ ၄၀၀ ကြားရှိကာ အများစု ပျောက်ဆုံးသည့် အရွယ်များမှာ အသက် ၁၄ နှစ်မှ ၁၈ နှစ်ကြားဖြစ်သည်။ လူပျောက်မှုများသည် များသောအားဖြင့် ပြန်လည်တွေ့ရှိကြပြီး မတွေ့ဘဲ ကျန်ရှိနေသေးသည့် အရေအတွက်မှာ ဆယ်ဂဏန်းမျှရှိသည်ဟု ဆိုသည်။

"လူတွေကထင်တဲ့ တို့ဆေးဆိုတာ လုံးဝမရှိဘူး။ အစားအသောက်ထဲမှာသာ တစ်ခုခုထည့်ပြီး လုပ်လို့ရမယ်။ တို့ဆေးဆိုတာတော့ မရှိပါဘူး"ဟု ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ဆိုသည်။

ပျောက်ဆုံးမှုဖြစ်စဉ်အများစုမှာ အိမ်ဖော်အလုပ်လုပ်ရာမှ ထွက်ပြေး၍သော်လည်းကောင်း၊ ယောကျ်ားနောက်လိုက်၍သော်လည်းကောင်းဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

လက်ရှိလူပျောက်မှုများတွင် သက်ဆိုင်ရာဌာနမှ အကူအညီထက် မိမိတို့ကိုယ်တိုင် ရှာဖွေ၍သော်လည်းကောင်း၊ လူပျောက်ကြေညာခြင်းဖြင့် လည်းကောင်း ရှာဖွေတွေ့ရှိမှု အများဆုံးဖြစ်ကြောင်း ပျောက်ဆုံးသူ မိသားစုများက ပြောသည်။

တာမွေမြို့နယ်တွင်း နေထိုင်သူအသက် ၁၃ နှစ်အရွယ် မောင်ဝေယံထွဋ်သည်လည်း ၂၀၁၁ ဒီဇင်ဘာလ ၃ ရက်က လူထုလမ်းလျှောက်ပွဲသို့ အတန်းပိုင် ဆရာမနှင့်အတူ လိုက်သွားခဲ့ပြီးနောက် အပြန်တွင်ကျောင်းနှင့်အိမ်လမ်းခရီးတွင် ပျောက်ဆုံးနေရာ ကိုးလခန့်ရှိပြီဖြစ်သော်လည်း ယခုအချိန်ထိပြန်မတွေ့သေးပေ။

"ဦးတို့ ရှာတယ်။ စုံနေပြီ။ ဈေးတွေရော၊ သန်လျင်က လူငယ်စခန်းတို့၊ ငှက်အော်စမ်းတို့လည်း သွားခဲ့ပြီးပြီ။ နောက်ပြီး အသက်မပြည့်ဘဲ ကလေးစစ်သား ၄၀ ကျော် နုတ်ထွက်ခွင့်ပေးတုန်းက ပါမလားဆိုပြီး သွားကြည့်တယ်။ မတွေ့ဘူး" ဟု အဘိုးဖြစ်သူ ဦးကျော်ဟိုးက ပြောသည်။

ဆက်လက်၍ အဘွားဖြစ်သူကလည်း "သက်ဆိုင်ရာ ရဲစခန်းတွေကိုလည်း အကြောင်းကြားထားတာ ဘာသတင်းမှ မထူးသေးဘူး။လူကုန်ကူးအဖွဲ့ကိုလည်း အကြောင်းကြားတယ်။ ရှာပေးမယ် ပြောတယ်။ ဘာမှလုပ်ပေးတာတော့မတွေ့သေးဘူး"ဟုဆိုသည်။ အခြားမြို့များထက် ရန်ကုန်မြို့သည် လူပျောက်မှု အများဆုံးဖြစ်ပွားမှုရှိပြီး တစ်လလျှင် လူ ၈၀ ကျော်၊ ၁၀၀ နီးပါးခန့် ပျောက်ဆုံးလေ့ရှိကြောင်း သတင်းရရှိသည်။

နိုင်ငံပိုင်သတင်းစာ၌ ဖော်ပြသော အသက် ၁၈ နှစ်အောက် လူပျောက် ကြော်ငြာရှင်များကို 7Day News ဂျာနယ်မှ စုံစမ်းမေးမြန်းရာ၌ လူပျောက်မှု ၁၄ ခုအနက် ၅ မှုမှာ ရှာဖွေမတွေ့သေးဘဲ ပျောက်ဆုံးလျက်ရှိကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# CRIME မှုခင်း သတင်း CORNER

## ကျပ်သိန်း ၂၇၀ တန် လက်ဝတ်ရတနာများ ပြန်မပေးသူနှစ်ဦးအား လိမ်လည်မှုဖြင့် အမှုဖွင့်

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ-၁၂**

ကျပ်ငွေသိန်း ၂၇၀ ခန့်တန်ဖိုးရှိလက်ဝတ်ရတနာပစ္စည်းများအား ယုံကြည်စွာ အပ်နှံထားရာမှ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ တိမ်းရှောင်နေသူနှစ်ဦးအား လိမ်လည်မှုဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

အမှုဖြစ်ပွားပုံမှာ စမ်းချောင်းမြို့နယ်အတွင်း စိန်ရွှေလက်ဝတ်ရတနာပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီးတစ်ဦးထံမှ ခင်မင်ရင်းနှီးနေသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ယခုနှစ် ဧပြီလဆန်းမှ စတင်ကာ လက်ဝတ်ရတနာပစ္စည်း ၂၂ မျိုးကို သက်သေများရှေ့တွင် အကြိမ်ကြိမ်လက်ခံယူခဲ့ပြီး ပြန်လည်တောင်းဆိုသောအခါ မပေးဘဲ တိမ်းရှောင်နေသောကြောင့် တရားစွဲဆိုရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါအမှုကိုစမ်းချောင်းရဲစခန်းကပုဒ်မ ၄၂၀ဖြင့်ပြစ်မှုဆိုင်ရာအမှတ်(ပ)၃၂၄/၁၂အရအမှုဖွင့်ကာတရားခံများဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

## ကိုယ့်ကိုယ်ကိုယ် ဓာတ်ဆီလောင်းမီးရှို့သူတစ်ဦး သေဆုံး

**ညီညီဇော်**

**မန္တလေး၊စက်တင်ဘာ-၁၃**

မန္တလေးမြို့တွင် အရက်ဖြတ်ထားသော အမျိုးသားတစ်ဦး ကိုယ့်ကိုယ်ကိုယ် ဓာတ်ဆီလောင်း မီးရှို့ရာမှ သေဆုံးသွားကြောင်း သ တင်းရရှိသည်။

စက်တင်ဘာ ၁၂ရက် မွန်းလွဲ ၃ နာရီကျော်ခန့်က ချမ်းမြသာစည်မြို့နယ် ရန်ကုန်-မန္တလေးလမ်းနှင့် စစ်ကိုင်းလမ်းခွဲ တောင်ဘက် လမ်းမကြီးနှင့် စက်ဘီးဆိုင်ကယ် သီးသန့်လမ်းကြားတွင် တောင်ရွာသစ်ရပ်၌ နေထိုင်သူ အသက် ၄၆ နှစ်အရွယ် အမျိုးသားတစ်ဦးသည် အရက်ဖြတ်ထားရာမှ စိတ်ကစဥ့်ကလျားဖြစ်၍ ကိုယ့်ကိုယ်ကိုယ် ဓာတ်ဆီလောင်း မီးရှို့ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများကပြောသည်။ ၎င်းအမျိုးသားသည် ဇနီးဖြစ်သူနှင့်အတူ အခင်းဖြစ်ပွားရာအနီးတွင် ဓာတ်ဆီရောင်းနေသူတစ်ဦးဖြစ်ပြီး ၎င်းတို့ရောင်းချနေသည့် ဓာတ်ဆီဘူးဖြင့် ကိုယ့်ကိုယ်ကိုယ်လောင်းကာ မီးရှို့ခဲ့ခြင်းဖြစ်ပြီး ထိုနေရာတွင်ပင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အနီးအနားရှိ ဓာတ်ဆီရောင်းနေသူများကပြောသည်။

အခင်းဖြစ်ပွားရာသို့ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) ရဲစခန်းမှ ရဲအုပ်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်တာဝန်ရှိသူများ၊ မီးသတ်များ ရောက်ရှိလာခဲ့သော်လည်း ၎င်းအမျိုးသားမှာ သေဆုံးသွားခဲ့ပြီး အမှတ်(၁၁)ရဲစခန်းမှ သေမှုသေခင်းအဖြစ် စစ်ဆေးအရေးယူဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

# ကိုယ်ပိုင်ကျောင်း ၆၆ ကျောင်း စတင်ဖွင့်လှစ်ခွင့်ပြု

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ - ၁၃**

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာအဆင့်အတွက် ကိုယ်ပိုင်ကျောင်း ၆၆ ကျောင်းကို အဆင့်သုံးမျိုးခွဲခြားသတ်မှတ်၍ အတည်ပြု ဖွင့်လှစ်ခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

မန္တလေး၊ ပြင်ဦးလွင်နှင့် နေပြည်တော်တို့တွင် ငါးနှစ်သက်တမ်းရှိကိုယ်ပိုင်ကျောင်းရှစ်ကျောင်း၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ မူဆယ်၊ အောင်ပန်း၊ နေပြည်တော်၊ မြိတ်၊ သဲကုန်း၊ ကျောင်းကုန်း၊ ဇီးကုန်းမြို့တို့တွင် ၂နှစ်သက်တမ်းရှိကိုယ်ပိုင်ကျောင်း ၃၉ ကျောင်းနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပြင်ဦးလွင်၊ ဇလွန်၊ ဖြူး၊ မြောင်းမြ၊ နမ့်ခမ်း၊ အောင်ပန်း၊ လားရှိုး၊ မုံရွာမြို့တို့တွင် တစ်နှစ်သက်တမ်းရှိ ကိုယ်ပိုင်ကျောင်း ၁၉ ကျောင်းကို စတင်ဖွင့်လှစ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

“ငါးနှစ်နဲ့ နှစ်နှစ်သက်တမ်းရှိတဲ့ ကျောင်းတွေက အချိန်ပြည့်ပညာသင်ကြားခွင့်နဲ့ စာမေးပွဲစစ်ဆေးခွင့်ကို ရရှိမှာဖြစ်ပါတယ်။ တစ်နှစ်သက်တမ်းရှိတဲ့ ကျောင်းတွေကတော့ အချိန်ပြည့်စာသင်ကြားခွင့်ရမှာဖြစ်ပေမယ့် စာမေးပွဲဖြေဆိုဖို့အတွက် အစိုးရကျောင်းတစ်ကျောင်းနဲ့ ချိတ်ဆက်ထားရမှာဖြစ်ပါတယ်။ ဒီကျောင်းတွေကိုတော့ ကိုယ်ပိုင်ကျောင်းအနေနဲ့ ဖွင့်လှစ်ခွင့်ပြုလိုက်ပါပြီ။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုက်လံကြည့်ရှုစစ်ဆေးနေပါပြီ”ဟု အခြေခံပညာဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

ကိုယ်ပိုင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ခွင့်အတွက် ပုဂ္ဂလိကပညာရေးလုပ်ငန်း ၁၄၀ ကျော် လျှောက်ထားခဲ့ပြီး ယင်းတို့မှစိစစ်၍ ကိုယ်ပိုင်ကျောင်း ၆၆ ကျောင်းကိုတရားဝင်အသိအမှတ်ပြုဖွင့်လှစ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ကိုယ်ပိုင်ကျောင်း တည်ထောင်ခွင့်ပြုရာ၌ သူငယ်တန်းမှ အထက်တန်းထိ သင်ကြားသော ကိုယ်ပိုင်ကျောင်း၊ အလယ်တန်းမှ အထက်တန်းထိ သင်ကြားသော ကိုယ်ပိုင်ကျောင်းနှင့် အထက်တန်းသာ သင်ကြားသော ကိုယ်ပိုင်ကျောင်းဟူ၍ ကွဲပြားလျက်ရှိကြောင်းသိရသည်။

ကိုယ်ပိုင်ကျောင်း တည်ထောင်ခွင့်ရရှိသူသည် ကျောင်းသား၊ ကျောင်းသူများအား အတင်းအကျပ်ခိုင်းစေခြင်း၊ ပိတ်လှောင်ခြင်း၊ ပြင်းထန်စွာအပြစ်ပေးခြင်းနှင့် ညှဥ်းပန်းနှိပ်စက်ခြင်းတို့ကို မပြုလုပ်ရန် (သို့မဟုတ်) မပြုလုပ်စေရန်နှင့် ကျောင်းသား၊ ကျောင်းသူတစ်ဦး၏ အိပ်စက်အနားယူချိန်သည် နေ့စဥ် ခြောက်နာရီအောက် မလျော့နည်းစေရန် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း စည်းကမ်းချမှတ်ထားသည်။

ကိုယ်ပိုင်ကျောင်းများသည် စာသင်ခန်းတစ်ခုတွင် ကျောင်းသား ၄၀ ဦးထက်မပိုဘဲ ထားရှိရမည်ဖြစ်ပြီး ဘာသာရပ်နှင့်သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံရေး (သို့မဟုတ်) ဘာသာရေးဆိုင်ရာ အကြောင်းအရာများ ဟောပြောခြင်း၊ သင်ကြားပို့ချခြင်းမပြုရန်နှင့် ကိုယ်ပိုင်ကျောင်းနှင့် စပ်လျဥ်း၍ မမှန်မကန် ကြော်ငြာခြင်းမပြုရန် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့်နည်းဥပဒေတို့တွင် ပြဋ္ဌာန်းထားသည်။

# ဆောက်လုပ်ရေးလုပ်ငန်းများ အလုပ်ကောင်းလာ

**ဇာဇာနီ**

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

ရန်ကုန်မြို့ရှိဆောက်လုပ်ရေးလုပ်ငန်းအများစုမှာ ယခုနှစ်တွင် ဆောက်လုပ်မှုများ ဆက်တိုက်ပြုလုပ်နေရ၍ အလုပ်ကောင်းလာကြကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရသည်။

“မိုးတွင်းမှာတောင် လုပ်ငန်းတွေ မရပ်ရဘူး။ မနှစ်က တစ်နှစ်လုံးမှ တစ်လုံး၊နှစ်လုံးလောက်ပဲ ဆောက်ရတယ်ဆိုရင် ဒီနှစ်မှာ ကွန်ဒိုဆယ်လုံးလောက်ထိဆောက်ရတယ်။ နိုင်တောင် မနိုင်ဘူးဖြစ်နေတယ်”ဟု နိုင်ဂရု(ပ်)ဆောက်လုပ်ရေးမှ ဒိသုကာဒါရိုက်တာ ဦးထက်နိုင်ဦးက 7Day Newsသို့ပြောသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ မကြာသေးခင်က ဥပဒေမူကြမ်းအဖြစ် ထွက်ရှိလာပြီး ယင်းဥပဒေမူကြမ်းကိုဆောက်လုပ်ရေးလုပ်ငန်းရှင်များက ကြိုဆိုကြကြောင်းနှင့် ထိုဥပဒေကြောင့် လာမည့်နှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ တစ်ခေတ်ကောင်းလာတော့မည်ဖြစ်၍ လုပ်ငန်းများပြန်လည်အစပျိုးလာခြင်းဖြစ်ကြောင်း လုပ်ငန်းရှင်များက သုံးသပ်ကြသည်။ “လာမယ့် ပွင့်လင်းရာသီက စပြီး အခုထက်ပိုကောင်းလာဖို့ပဲရှိတယ်။ ဘာကြောင့်ပြောနိုင်လဲဆိုရင် ပြီးခဲ့တဲ့ရက်က နေပြည်တော် MIC ခန်းမမှာလုပ်ဖြစ်တဲ့ Euro Money Conference ဖိုရမ်မှာ အမေရိကန်ကလည်း လာချင်တယ်။

**စာ(၁၂)သို့**




**ရန်ကုန်မြို့လယ်မှ ဆောက်လုပ်စတိုက်တစ်လုံး**



7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012



ယခုနှစ်အတွင်း နိုင်ငံတကာလေကြောင်းလိုင်းရှစ်လိုင်း မြန်မာခရီးစဉ်စတင်ပျံသန်းမည်ဖြစ်ရာ ကိုရီးယားလေကြောင်းလိုင်းလည်းပါဝင်ပြီး ထိုရှစ်လိုင်းတွင် စက်တင်ဘာ၁၃ရက်က ရန်ကုန်–ဆိုးလ်ခရီးစဉ်ကိုစတင်ပျံသန်းသော ကိုရီးယားလေကြောင်းလိုင်းမှာ ပထမဆုံးပျံသန်းသောလိုင်းဖြစ်သည်။ ကိုရီးယားလေကြောင်းလိုင်းမှ တာဝန်ရှိသူများ၊ လေယာဉ်မှူးနှင့်လေယာဉ်မယ်များကို စက်တင်ဘာ၁၃ရက်က ရန်ကုန်လေဆိပ်တွင်တွေ့ရစဉ်။

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# တည်ဆောက်ဆဲ စီမံကိန်းများအတွက် ပြည်ပဘဏ်များထံမှ ချေးငွေရယူမည်

**ပြည်သိမ်း**

**ရန်ကုန်၊**

**စက်တင်ဘာ - ၁၅**

ပြည်ထောင်စုဝန်ကြီးဌာနအချို့၏ တည်ဆောက်ဆဲစီမံကိန်းများကို ပြည်ပဘဏ်များမှ ချေးငွေရယူ၍ ဆက်လက်လုပ်ကိုင်ရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်ကြောင်း သတင်းရရှိသည်။

ပြည်ပနိုင်ငံများမှ ချေးငွေရယူရာတွင် တရုတ်နိုင်ငံရှိ ဘဏ်များမှ အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာငါးဘီလီယံကျော်ရှိသည်။ တရုတ်ဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာသန်းငါးရာနှင့် Exim Bank of China မှ တရုတ်နိုင်ငံသုံးငွေ ယွမ်သုံးဆယ်ဘီလီယံဖြစ်ကြောင်းစက်တင်ဘာ ၁၃ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

"တရုတ်ချေးငွေကိုတော့ သတိထားသင့်တယ်။ အများကြီးမယူသင့်ဘူး။ ပြန်ဆပ်တဲ့အခါမှာ ဒုက္ခဖြစ်မှာ စိုးတယ်"ဟု အငြိမ်းစား ဗဟိုဘဏ်ဒုဥက္ကဋ္ဌ နိုင်ငံခြားသုံးငွေ အုပ်ချုပ်ရေးမှူး(ငြိမ်း) ဦးသန်းလွင်ကဆိုသည်။

တရုတ်နိုင်ငံမှ ချေးငွေများသည် သက်တမ်းကာလတိုပြီး အတိုးနှုန်းမှာလည်း များကြောင်း သိရသည်။ ထို့အပြင် တရုတ်နိုင်ငံမှ ချေးငွေရယူရာတွင် ခေတ်မီခြင်းမရှိသည့်စက်ကိရိယာများနှင့် နည်းပညာများလည်းပါဝင်လာနိုင်သည်။ လက်ရှိကာလတွင်လည်း တရုတ်နိုင်ငံမှ ချေးငွေများ၏ အကျိုးဆက်မှာပြည်တွင်းလုပ်ငန်းများတွင် အခက်အခဲများစွာနှင့်ရင်ဆိုင်နေရကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကရှင်းပြသည်။

"သူ့ပစ္စည်း ဝယ်မှ ငွေချေးမယ်ဆိုတာ ဒါ အမြတ်ယူတဲ့သဘောတွေပါ"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

**စာ(၁၂)သို့**

# အမျိုးသမီးတစ်ဦး လှည်းတန်းကားမှတ်တိုင်တွင် စိန်လော့ကတ်သီးနှင့် ရွှေဆွဲကြိုး လုယက်ခံရ

**နေလင်းထွန်း**

**ရန်ကုန်၊စက်တင်ဘာ-၁၆**

ကမာရွတ်မြို့နယ် လှည်းတန်းအင်းစိန်လမ်းမပေါ်တွင် အမျိုးသမီးတစ်ဦး၏ စိန်လော့ကတ်သီးနှင့် ရွှေဆွဲကြိုးကို အမျိုးသားတစ်ဦးက လူကြားထဲမှာပင် လုယက်မှုတစ်ခု စက်တင်ဘာ၁၆ရက် ညနေ၆နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့သည်။

ခင်ပွန်းနှင့်အတူလိုင်းကားစီးရန် စောင့်ဆိုင်းနေစဉ်တွင် အမျိုးသမီးလည်ပင်း၌ ဆွဲထားသော တစ်ကျပ်သား ရွှေဆွဲကြိုးနှင့် ကျပ်သိန်းနှစ်ဆယ်ကျော်တန် စိန်လော့ကတ်သီးကို မျက်နှာချင်းဆိုင်လမ်းလျှောက်လာသော အမျိုးသားက ဖြတ်ယူထွက်ပြေးခဲ့ခြင်းဖြစ်သည်။

"ရွှေက တစ်ကျပ်သားရှိတယ်။ စိန်လော့ကတ်သီးက သိန်းနှစ်ဆယ်၊ နှစ်ဆယ့်ငါးလောက်တန်တယ်။ ကျောင်းပွဲတစ်ခုရှိလို့ ဝတ်လာတာ ပြန်မချွတ်မိဘူး ဖြစ်သွားတယ်။ မျက်နှာချင်းဆိုင်လာတာ သိသိကြီးနဲ့ ဖြစ်သွားတယ်။ နောက်ဆို မဝတ်ရဲတော့ပါဘူး"ဟု ဆွဲကြိုးဖြတ် လုယက်ခံရသော အမျိုးသမီးက ပြောသည်။

လူစည်ကားရာ နေရာတွင် ဆွဲကြိုးလုယက်ခံရပြီးနောက် ၎င်းတို့ဇနီးမောင်နှံက အကူအညီတောင်းရာ အမျိုးသားအချို့က နောက်မှ ပြေးလိုက်သော်လည်း လုယက်သူသည် ကားများကြားမှ ကွေ့ရှောင်၍ တက္ကသိုလ်ရိပ်သာလမ်းနှင့်ပြည်လမ်းထောင့်ရှိတက္ကသိုလ်ဓမ္မာရုံဝန်းတွင်းသို့ ပြေးဝင်သွားခဲ့ပြီး လိုက်လံရှာဖွေသော်လည်း ပျောက်ကွယ်သွားခဲ့သည်။

"အနောက်ကအော်ပြီး လိုက်တာပဲ။ ဘယ်သူမှ မတားကြတာပါ။ တစ်ယောက်ယောက်က ဖမ်းတားလိုက်ရင်တော့ အဲဒီလူကို မိတယ်"ဟု လုယက်သူကို လိုက်လံဖမ်းဆီးခဲ့သော လူငယ်တစ်ဦးက ပြောသည်။

လုယက်မှုကျူးလွန်သူသည် ပိန်ပိန်သွယ်သွယ်၊ အရပ်မြင့်မြင့်နှင့် ဆံပင်ကောက်ကောက် အမျိုးသားတစ်ဦးဖြစ်ပြီး လှည်းတန်းတဝိုက်နယ်မြေ ကျွမ်းသူတစ်ဦးဖြစ်နိုင်ကြောင်း မျက်မြင်သက်သေများက ဆိုသည်။

အဆိုပါဖြစ်စဉ်ကို ကမာရွတ်ရဲစခန်းတွင် ပ-၃၇၂/၂၀၁၂ဖြင့် အမှုဖွင့်၍ တရားခံကို ရှာဖွေနေဆဲဖြစ်သည်။




SWEETY HOME
&
LIVING PRODUCTS
EXPO 2012
ဆွီတီးဟုမ်း
ထုတ်ကုန်နှင့် ပြည်ပသွင်းကုန်ပစ္စည်းများ ပြသရောင်းချပွဲ
၂၁.၉.၂၀၁၂ မှ ၂၃.၉.၂၀၁၂
နံနက် (၉း၀၀) နာရီမှ (၅း၀၀) နာရီ
တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။
: 01-535694, 205224

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

အမေရိကန်ခရီးစဉ် စတင်ထွက်ခွာသွားသော ဒေါ်အောင်ဆန်းစုကြည်ကို ရန်ကုန်လေဆိပ်တွင် စက်တင်ဘာ ၁၆ ရက် ညနေပိုင်းက တွေ့ရစဉ်



ဓာတ်ပုံ-ဂျေမောင်မောင်(ဧရာဝတီ)

# ကိုလိုနီခေတ် လက်ကျန်အဆောက်အအုံများအနီးတွင် အထပ်မြင့်တိုက်များ ဆောက်ခွင့်မပြုတော့

မိုးညို

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

ကိုလိုနီခေတ် လက်ကျန် အဆောက်အအုံများအနီးတွင် ၎င်းအဆောက်အအုံများ၏ မြင်ကွင်းအားကွယ်ပျောက်စေမည့်အဆောက်အအုံများကိုတည်ဆောက်ခွင့်လုံးဝခွင့်မပြုတော့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးဦးတင်ထွန်းကပြောသည်။

အထူးသဖြင့် ကိုလိုနီခေတ်လက်ကျန်အဆောက်အအုံများအနီးတွင် အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ခြင်းကို အဓိက စိစစ်ကန့်သတ်သွားမည်ဖြစ်သည်။

"နောင်ကိုလုံးဝခွင့်မပြုတော့ပါဘူး"ဟုအထက်ပါအတွင်းရေးမှူးကပင် ပြောသည်။

လက်ရှိတွင်ရန်ကုန်မြို့၏ ကိုလိုနီခေတ်လက်ကျန်အဆောက်အအုံများအားပြန်လည်ထိန်းသိမ်းရန်အတွက် ရန်ကုန်မြို့တွင်းပိုင်း၌ Heritage Trust Zone များသတ်မှတ်ကာ စတင်လုပ်ဆောင်နေပြီဖြစ်သည်။





**ကိုလိုနီခေတ်အဆောက်အအုံတစ်ခုဖြစ်သော သမိုင်းဝင် ဝန်ကြီးများရုံးကိုတွေ့ရစဉ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"ဒီအစီအစဉ်ဟာ အရမ်းကိုကောင်းတဲ့ အစီအစဉ်ပါ။ အဟန့်အတားဆိုတာ မူလအဆောက်အအုံမြင်ကွင်းကို ပျက်စေတာပေါ့။ မဆီလျော်၊ မသင့်လျော်တဲ့ ဘေးကနေ ထိုးထိုးထောင်ထောင်ဖြစ်နေတာတွေကို အဓိက စိစစ်ကန့်သတ်သင့်တယ်" ဟု မြန်မာနိုင်ငံ ဗိသုကာပညာရှင်များ အသင်းမှ အတွင်းရေးမှူး ဒေါ်မိုးမိုးလွင်ကပြောသည်။

ထို့အပြင် ယင်းကိုလိုနီခေတ်လက်ကျန် အဆောက်အအုံများတွင် အလွှာလိုက် လူနေထိုင်မှုစိပ်လာခြင်းတို့ကြောင့် ယင်းတို့အသုံးပြုသည့် ရေ၊ မိလ္လာအမှိုက်စနစ်တို့ကိုလည်း အကျိုးသက်ရောက်မှုရှိစေကြောင်း အထက်ပါအတွင်းရေးမှူးကပင် ပြောသည်။

မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၏ စစ်တမ်းများအရ ရန်ကုန်မြို့တွင်းပိုင်း၌ ကိုလိုနီခေတ်လက်ကျန်အဆောက်အအုံပေါင်း ၁၈၉ လုံးရှိပြီး အများစုမှာ အစိုးရပိုင်ရုံးများ၊ ဘာသာရေးအဆောက်အအုံများနှင့် စာသင်ကျောင်းများ ပါဝင်ခဲ့သည်။

အဆိုပါအဆောက်အဦများမှာ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ်ခံနိုင်မှုနှင့် အသုံးမပြုဘဲထားသည်မှာကြာမြင့်နေပြီဖြစ်သောကြောင့် ထိန်းသိမ်းမှုအပိုင်းအား အမြန်ဆုံးလုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်းဗိသုကာပညာရှင်များက အကြံပြုသည်။

## မျက်နှာဖုံး-ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် ကူညီရန် ဒေါ်အောင်ဆန်းစုကြည်အား မေတ္တာရပ်ခံ မှ

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အမေရိကန်ကွန်ဂရက်လွှတ်တော်မှ ချီးမြှင့်သော ဆုတံဆိပ်ကို လက်ခံရယူရန် အမေရိကန်နိုင်ငံသို့လာရောက်ခြင်းကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ သို့သော် ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် စစ်မက်ဘေးကြောင့်လည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကြောင့်လည်းကောင်း မိမိတို့၏ ဆွေမျိုးသားချင်းများ ဆင်းရဲဒုက္ခရောက်ရှိနေရသည့် အခြေအနေများကြောင့် မိမိတို့ အနေဖြင့် ဝမ်းမြောက်ပျော်ရွှင်ရန်မှာ မည်သို့မျှဆီလျော်အပ်စပ်မှုမရှိပါကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လွှတ်တော်တွင် အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌဖြစ်ခြင်းတို့ကို အမှီပြု၍ အချက် ၅ ချက်ကို ဆောင်ရွက်ပေးရန်မေတ္တာရပ်ခံထားသည်။ အဆိုပါအချက်များတွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိနိုင်မည့် နိုင်ငံရေးဆွေးနွေးပွဲကို ဝိုင်းဝန်းကြိုးပမ်းပေးရန်၊ အသုံးပြုနေသော စစ်အသုံးစရိတ်များကို လွှတ်တော်ကိုယ်စားလှယ်များ၏အင်အားရယူ၍ တားဆီးပေးရန်၊ မြစ်ဆုံဆည်နှင့်အတူ ဧရာဝတီမြစ်ဖျားတွင် တည်ဆောက်ရန်ရှိသော ဆည် ၆ ခုအား လုံးဝဆောက်လုပ်ခြင်းမပြုရန်အတွက် တားဆီးပေးရန် စသည့်အချက်များပါဝင်သည်။

အဖွဲ့ဝင်အင်အားနှစ်ထောင်ကျော်ရှိသောကချင်တိုင်းရင်းသားမိတ်သဟာယအဖွဲ့၏ ကြေညာချက်နှင့်စပ်လျဉ်း၍ ကြိုဆိုကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်နိုင်ငံတကာသို့ရောက်ရှိနေစဉ် ကချင်ပြည်နယ်ရှိထိုးစစ်များကိုရပ်တန့်ရန်ကြိုးစားဆောင်ရွက်သင့်ကြောင်း ကချင်နှစ်ခြင်းအသင်းတော်မှ အတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဇွန်က ပြောသည်။ "မနှစ်က မြစ်ကြီးနားမှာ မစုနဲ့တွေ့ကတည်းက ဒီမိုကရေစီအရေးထက် တိုင်းရင်းသားအရေးက ပထမလို့ပြောခဲ့ပါတယ်"ဟုရင်းကပြောသည်။ တိုင်းရင်းသားအရေး ငြိမ်းချမ်းအောင် မဆောင်ရွက်ဘဲ ဒီမိုကရေစီမရရှိနိုင်ကြောင်း၊ ယခုကြေညာချက်ပါအတိုင်း ကချင်ဒုက္ခသည်စခန်းများမှ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို နိုင်ငံတကာမှလာရောက်ကြီးကြပ်နိုင်ရန် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဆောင်ရွက်သင့်ကြောင်း အဆိုပါပုဂ္ဂိုလ်ကပြောသည်။



7DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012



## ၂၀၁၂စက်တင်ဘာ၁၉မှ၂၅ရက်ထိ မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ လေဖိအား နည်းရပ်ဝန်းတစ်ခုဖြစ်လာနိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုဖြစ်လာနိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများနဲ့ အလယ်ပိုင်းဒေသများမှ စတင်ဆုတ်ခွာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းမှာ တိမ်အနည်းငယ်မှ အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ မုတ်သုံလေဟာ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိနိုင်ပြီး၊ လှိုင်းအမြင့်(၄)ပေမှ(၅)ပေအထိ ရှိနိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပါ တယ်။ လှိုင်းအမြင့် (၂)ပေမှ (၃)ပေအထိ ရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

မိုးလေဝသဗြိုဟ်တုမှ တိုင်းတာချက်အရ ပြီးခဲ့တဲ့ စက်တင်ဘာလ (၆-၁၂)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မကွေးတိုင်းအနောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနဲ့ မွန်ပြည်နယ်တောင်ပိုင်းတွေမှာ မိုးရေချိန် (၄ လက်မမှ ၅ လက်မခန့်)၊ ကချင်ပြည်နယ်မှာ မိုးရေချိန်(၁လက်မမှ ၂လက်မခန့်)ကျန်ဒေသတွေမှာ မိုးရေချိန် (၂လက်မမှ ၄ လက်မခန့်) ရွာသွန်းခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်နဲ့ လာမယ့်ရက်သတ္တပတ်ဟာ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းမှ စတင်ဆုတ်ခွာတော့မယ့် ကာလဖြစ်တဲ့အတွက် တစ်ပြည်လုံးတွင် နေရာကွက်ကျား မိုးကြီးခဲ့ပါတယ်။

### မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်

ခန့်မှန်းကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းဟာ ထစ်ချုန်းမယ့်အခြေအနေများ ပိုမိုလာနိုင်ပါတယ်။ မြန်မာပြည် အလယ်ပိုင်းဒေသများနဲ့ မြေလတ်ပိုင်းဒေသများမှာ မိုးပိုမိုရရှိဖွယ်ရာရှိပါတယ်။ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့မှာ နေရာကွက်ကျား၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ်နဲ့မွန်ပြည်နယ်မှာနေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့မှာ နေရာစိပ်စိပ်နဲ့ ကျန်ဒေသတွေမှာတော့ နေရာအနှံ့အပြား (၅)ရက်မှ (၆)ရက်ခန့် မိုးထစ်ချုန်းရွာပြီး ရွာသွန်းမြဲခန့်နဲ့ ရွာသွန်းမြဲထက် ပိုနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတွေမှာ(၃)ရက်မှ(၄)ရက်ခန့်နဲ့ ကျန်ဒေသများတွင် တစ်ရက်ခန့် နေရာကွက် မိုးကြီးနိုင်ပါတယ်။

### မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့် အခြေအနေများ ပြန်လည်တိုးလာနိုင်ပါတယ်။ မကွေးတိုင်း၊ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ် တောင်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း မြောက်ပိုင်း၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများမှာ မိုးတိမ်တောင်များ ဖြစ်ပေါ်ဖို့ သေချာမှု ၄၅ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းခန့်အထိ ရှိနိုင်ပါတယ်။ တစ်ခါတစ်ရံ နေရာကွက်မိုးကြီးပြီး လျှပ်တစ်ပြက် ရေကြီးခြင်းနဲ့ မြေပြိုမှုအန္တရာယ်များ ကြုံတွေ့နိုင်ပါတယ်။ အထူးသဖြင့် မကွေးတိုင်းအတွင်းမှာ မြေပြိုမှု၊ လျှပ်တစ်ပြက်ရေကြီးမှုတို့ ကြုံတွေ့နိုင်ပါတယ်။

### နေ့အပူချိန်များအခြေအနေ

ကချင်ပြည်နယ်အရှေ့ပိုင်းနဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းတို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ တနင်္သာရီတိုင်းနဲ့ ကချင်ပြည်နယ်တောင်ပိုင်းစွန်းမှာ အပူရှိန် သိသိသာသာ မြင့်မားနိုင်ပြီး၊ ကျန်တစ်ပြည်လုံးမှာ အပူရှိန်များ ပုံမှန်ထက် မြင့်မားနေနိုင်ပါတယ်။

### မြစ်ရေအခြေအနေ

ဧရာဝတီတိုင်း(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း(တောင်ပိုင်း)ဒေသများတွင်ရှိ မြစ်များနဲ့ မြေနိမ့်ဒေသများတွင် မြစ်ရေလျှံမှု အလားအလာများ ဆက်လက်မြင့်မားနေနိုင်ပါတယ်။ စစ်တောင်းမြစ်၊ သံလွင်မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ပိုမိုမြင့်တက်လာနိုင်ပြီး၊ မြေနိမ့်ပိုင်းများတွင် ရေလွှမ်းမိုးနိုင်ပါတယ်။

### တောင်တရုတ်ပင်လယ်ပြင်အခြေအနေ

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများဖြစ်ပေါ်မှု ပြန်လည်တိုးလာနိုင်ပြီး အများအားဖြင့်မြောက်ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းမှာမြောက်(သို့)အရှေ့မြောက်ဘက်ကိုသာ ဦးတည်ရွေ့လျားနိုင်သည့်အတွက် မြန်မာနိုင်ငံဘက်ကိုလည်း အရှေ့ဘက်မှ မုန်တိုင်းအကြွင်းအကျန်နဲ့ လေပွေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာ အခြေအနေများ လျော့နည်းနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# ပြည်တွင်းစစ်ပွဲများ ရပ်ရန် ဆန္ဒဖော်ထုတ်မည်

**သတင်းအဖွဲ့**

**ရန်ကုန်၊ စက်တင်ဘာ-၁၆**

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ဖြစ်သော စက်တင်ဘာ ၂၁ ရက်တွင် ပြည်တွင်းစစ်ပွဲများရပ်တန့်ရေးအတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ဆန္ဒထုတ်ဖော်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ရန်ကုန်က လူနှစ်ရာ့ငါးဆယ်လောက်နဲ့ နေပြည်တော်ကို နေ့ချင်းပြန် သွားမယ်။ သမ္မတအိမ်တော်နဲ့ ကာကွယ်ရေးဦးစီးချုပ်ရုံး ရှေ့တွေမှာ လူထုဆန္ဒထုတ်ဖော်ပွဲလုပ်မယ်။ ကချင်ပြည်နယ်မှာဖြစ်နေတဲ့ စစ်ပွဲတွေရပ်ဖို့ တောင်းဆိုမယ်" ဟု ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ ဒေါ်အက်စတာက စက်တင်ဘာ ၁၄ ရက်တွင် မီဒီယာများအား ရှင်းလင်းပြောကြားသည်။

အဆိုပါနေ့တွင် အင်းလျားကန်ပေါင်ရှိ တံတားဖြူတွင်လည်း မိုးပျံပူဖောင်းလွှတ်ခြင်း၊ စွန်လွှတ်ခြင်း၊ ဆူးလေစေတီတော်မှ တံတားဖြူအထိ လူဦးရေ ၃၀၀ ခန့် လမ်းလျှောက်ခြင်း၊ လှည်းတန်းမီးပွိုင့်တွင် "တစ်နိုင်ငံလုံးစစ်ပွဲ ရပ်" စာတန်းပါစတစ်ကာအား ကားများတွင်ကပ်ခြင်း၊ အဆိုပါစာတန်းကိုအပြာရောင်အဝတ်စပေါ်တွင် ရေးထိုးပြီး နဖူးစည်းအဖြစ်လည်းကောင်း၊ လက်ပတ်အဖြစ်လည်းကောင်း၊ တပ်ဆင်ဝတ်ဆင်ခြင်း စသည့်လုပ်ဆောင်မှုများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အနုပညာသမားများနှင့် လူမှုရေးအဖွဲ့အစည်းဝင် အားလုံးပူးပေါင်းဆောင်ရွက်ရန် စီစဉ်နေကြောင်း လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်း ၂၀ ကျော်မှ တာဝန်ရှိသူများက ပြောသည်။

"၂၁ ရက် နံနက် ၁၀ နာရီမှာ ဆူးလေဘုရား၊ မြို့တော်ခန်းမရှေ့က စပြီး ထွက်မယ်။ မြို့နယ် ခုနစ်ခုကို ဖြတ်ပြီး အင်းလျားကန်ပေါင်အထိ ချီတက်မယ်။ အဓိကတော့ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့က စလို့ ပြည်တွင်းစစ်ကို ရပ်ဖို့ရည်ရွယ်တာပါ။ ကချင်ပြည်နယ်က စစ်ပွဲတွေအပြင် အခြားစစ်ပွဲတွေကိုလည်း ရပ်စေချင်တာ" ဟု Generation Wave မှ အလုပ်အမှုဆောင်ကိုမိုးဃ်းသွေးက ပြောသည်။ **စာ(၁၂)သို့**

# ဖားကန့်မြို့ပေါ်ရှိ စစ်ပြေးဒုက္ခသည်များ စားဝတ်နေရေး အခက်တွေ့

**အောင်ခိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

ဖားကန့်မြို့ပေါ်တွင်ဖြစ်ပွားသော တိုက်ပွဲများကြောင့် စစ်ဘေးဒုက္ခသည် စခန်းများတွင် စားဝတ်နေရေးအခက်အခဲများကြုံတွေ့နေကြောင်း ဒေသခံများနှင့် ဒုက္ခသည်ကူညီစောင့်ရှောက်သူများပြောသည်။

စက်တင်ဘာလ ၁၀ ရက်နောက်ပိုင်းမှစတင်၍ ဖားကန့်မြို့လယ်ခေါင်တွင်မကြာခဏဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် ရေမကြာခဏကြီးမှုကြောင့် ဒုက္ခသည်စခန်းများတွင် အကူအညီလိုနေကြောင်း သတင်းရရှိသည်။

"တိုက်ပွဲတွေကလည်း မြို့ထဲမှာ ဖြစ်နေတာ။ အခုတော့ ငြိမ်နေတယ်။ ကျွန်တော်တို့ဆီမှာ ရေမကြာခဏကြီးတော့ အရမ်းဒုက္ခရောက်တယ်။ ညဆို ငုပ်တုပ်ထိုင်နေပြီး ရေကျမှ ခုံတွေပေါ် အိပ်ကြရတယ်" ဒုက္ခသည်အရေး ဆောင်ရွက်သူတစ်ဦးက စက်တင်ဘာ ၁၇ ရက်နေ့က ပြောသည်။

စက်တင်ဘာလ ၁၃ ရက်ညနေပိုင်းတွင် ဖားကန့်မြို့ထဲ၌ အစိုးရတပ်အချင်းချင်း မှားယွင်းပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံးပြီး၊ ခုနစ်ဦးဒဏ်ရာရခဲ့ကြောင်း ဒုက္ခသည်ကူညီစောင့်ရှောက်သူများက ပြောသည်။

"ကိုးတန်းကျောင်းသူ ဂျားဆိုင်းအိန် ၁၄ နှစ်သမီးပေါ့။ ကျောင်းဆင်းချိန်မှာ အစိုးရတပ်က ကိုယ့်အချင်းချင်းမှားပစ်တော့ နောက်ကျောကို မှန်သွားတာ။ ဆေးရုံမှာ ည ၉ နာရီခွဲလောက် ဆုံးသွားတယ်" ဟု ကချင်နှစ်ခြင်းအသင်းတော်မှ အတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဇွန်က 7Day News သို့ပြောသည်။

ယခင်က ဖားကန့်မြို့ဝန်းကျင်တွင်သာ တိုက်ပွဲများဖြစ်ပွားခဲ့သော်လည်း ယခုအခါ မြို့ထဲထိပါ တိုက်ပွဲများဖြစ်ပွားလာပြီး စက်တင်ဘာ ၁၄ ရက်တွင် အထက်တန်းကျောင်းကို ပိတ်ထားကြောင်း သိရသည်။



"မနေ့က စက်တင်ဘာ ၁၄ ရက် ကျောင်းမှာ အစိုးရတပ်က နေရာယူထားတယ်။ ဒုက္ခသည်စခန်းတွေလည်း ရေရှည်မှာ စိုးရိမ်ရတယ်" ဟု ဒုက္ခသည်များကို ကူညီနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကချင်ပြည်နယ် ညီလာခံကျင်းပရေး တာဝန်ခံ ဦးဒါရှီလဆိုင်းက ဆိုသည်။

အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့ကြား ဖားကန့်ဒေသတွင် ဩဂုတ် ၁၉ ရက်မှစတင်၍ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး စက်တင်ဘာဒုတိယပတ်မှစ၍ မြို့ပေါ်သို့ကူးစက်လာခြင်းဖြစ်သည်။ ယခုအခါ တိုက်ပွဲများကြောင့် အပြစ်မဲ့ပြည်သူ သုံးဦးခန့် သေဆုံးသွားပြီဖြစ်ကြောင်း ဒုက္ခသည်အရေးဆောင်ရွက်သူများက ပြောသည်။

# လူထုအတွင်း ငြိမ်းချမ်းရေးနှင့် ယုံကြည်မှု တည်ဆောက်ရန် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့ ကြိုးပမ်းမည်

**မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့(မြန်မာ)က ဘာသာနှင့် လူမျိုးမတူသော လူအများကြား ယုံကြည်မှုနှင့်ငြိမ်းချမ်းရေး ရရှိနိုင်ရန် ရပ်ရွာလူထုအတွင်းအထိ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဖွဲ့၏ ယာယီဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောကြားသည်။

၎င်းက "ဖွံ့ဖြိုးမှုနဲ့ ငြိမ်းချမ်းမှုက အတူတွဲနေတယ်။ ငြိမ်းချမ်းမှုမရှိရင် ဖွံ့ဖြိုးမှုမရနိုင်ဘူး။ ဘာသာပေါင်းစုံ လက်တွဲပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ရပ်ရွာအောက်ခြေအထိဆင်းပြီး လက်တွဲဆောင်ရွက်သွားမယ်"ဟု ချက်ထရီယံဟိုတယ်တွင် ယနေ့ (စက်တင်ဘာ ၁၄) ပြုလုပ်သည့် ဆွေးနွေးမိတ်ဆက်ပွဲတွင် ပြောကြားသည်။

ဇွန်လအတွင်းက စတင်ဖွဲ့စည်းခဲ့သည့် ဘာသာပေါင်းစုံ ငြိမ်း ချမ်းရေးအဖွဲ့(မြန်မာ)တွင် ဘာသာကြီးလေးခုမှ ဘာသာရေးခေါင်းဆောင်များပါဝင်ပြီး မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့၏ ၉၁ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံဖြစ်သည်။

"ခြားနားမှုတွေဟာ အင်အားစုပါ။ ရန်ပြုဖို့အတွက် မဟုတ်ပါဘူး။ အမြတ်ထုတ်ချင်သူတွေရဲ့ သားကောင်တွေ မဖြစ်ရအောင် မှိုင်းတိုက်သွေးထိုးမှုတွေ မခံရအောင် အောက်ခြေထိ အသိပညာပေးမှုတွေကို လုပ်သွားမယ်" ဟု အစ္စလာမ်ဘာသာကိုယ်စားပြုတက်ရောက်သည့် ဟာဂျီဦးအေးမြင့်က ပြောသည်။

ဆက်လက်လုပ်ကိုင်သွားမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် HIV/AIDS ကာကွယ်ရေးလုပ်ငန်းများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် ငြိမ်းချမ်းရေးပညာပေး လုပ်ငန်းများ ပါဝင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

HIV/AIDS ကာကွယ်ရေးလုပ်ငန်းများကို ဗုဒ္ဓဘာသာ ကိုယ်စားပြုအဖွဲ့ဖြစ်သည့် ရတနာ့မေတ္တာအဖွဲ့ကလည်းကောင်း၊ ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ခရစ်ယာန်အဖွဲ့အစည်းများကလည်းကောင်း၊ငြိမ်းချမ်းရေးပညာပေး အစီအစဉ်များကို အစ္စလာမ်နှင့် ဟိန္ဒူအဖွဲ့များကလည်းကောင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"စီမံကိန်းတွေကို အထူးသဖြင့် ပဋိပက္ခဖြစ်နေတဲ့ နေရာတွေမှာ လုပ်သွားမယ်"ဟု ဟာဂျီဦးအေးမြင့်က ဆက်လက်ပြောကြားသည်။

ယင်းဆွေးနွေးပွဲသို့ မဟတ္တမဂန္ဒီ၏ မြေးဖြစ်သူ အပါအဝင် ဆော်ဒီအာရေဗျ၊ သီရိလင်္ကာ၊ မလေးရှားနှင့် အင်ဒိုနီးရှားဆိုင်ရာ သံအမတ်များ၊ သံကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံသို့ လေ့လာရေးခရီးစဉ် ရောက်ရှိနေသည့် Organization of the Islamic Cooperation (OIC)မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် မငြိမ်သက်မှုများနှင့် ပတ်သက်၍လည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

# ဘယ်အရွယ်မှာနိုင်ငံရေးနယ်ပယ်ထဲဝင်သင့်သလဲ



ဒေါ်ေအာင်ခိုင်၊ မင်းဟိန်းကျော်၊ ထွန်းခိုင်

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ၏ တစ်ခုသောညနေခင်းတွင် ထိုစဉ်ကအသက် ၁၅ နှစ်ခန့်သာ ရှိသေးသည့် သူမ၏ သားဖြစ်သူကိုးတန်းကျောင်းသားကိုဘိုဘိုတစ်ယောက် စစ်အာဏာရှင်ကို ဆန့်ကျင်ရန် မြန်မာနိုင်ငံမြောက်ဘက်ရှိ တောတွင်းလက်နက်ကိုင်တပ်ဖွဲ့တစ်ခုဆီသို့ ထွက်ခွာသွားသည်ဟု သိလိုက်ရချိန်မှစတင်ပြီး သတင်းအစအနပျောက်သွားခဲ့သည့် သားဖြစ်သူအသက်အန္တရာယ်ကင်းဝေးရေးအတွက် ဒေါ်မြင့်မြင့်ကြည်တစ်ယောက်နေ့စဉ်နှင့်အမျှဆုတောင်းနေခဲ့ရသည်။ သားဖြစ်သူ ကိုဘိုဘိုတစ်ယောက်တောခိုသွားပြီးနောက် တပ်မတော်ထောက်လှမ်းရေးမှ စေလွှတ်လိုက်သူဟု စွပ်စွဲခံရကာ ABSDF (မြောက်ပိုင်း) စခန်းတွင် ဖမ်းဆီးနှိပ်စက်ခံခဲ့ရကြောင်း သတင်းကြားချိန်မှ သူမ၏ သားအသက်ရှင်နေသေးကြောင်း သိခဲ့ရပြီး သက်ပြင်းချနိုင်ခဲ့ကြောင်း ဒေါ်မြင့်မြင့်ကြည်က ဖွင့်ဟသည်။

"အဲဒီတုန်းက အရူးတစ်ယောက်လိုပဲ။ သားဇောကပ်နေတာ" ဟုဒေါ်မြင့်မြင့်ကြည်က ထိုစဉ်အချိန်က နိုင်ငံရေးလှုပ်ရှားသောလူငယ်တစ်ယောက်၏ မိခင်ဖြစ်သူ၏ သောကကို ပြောသည်။

သားဖြစ်သူအား တောတွင်းလက်နက်ကိုင်စခန်းဆီမှ ကိုယ်တိုင်ပြန်လည်ခေါ်ဆောင်လာခဲ့အပြီးမိသားစုပြန်လည်ဆုံစည်းနေထိုင်ရန်အတွက် ကြိုးစားနေစဉ် နှစ်အနည်းငယ်အကြာတွင် သူမ၏သားဖြစ်သူတစ်ယောက် နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ထောင်ဒဏ်နှစ် (၂၀) ထပ်မံကျခံခဲ့ရပြန်သည်။

"လူငယ်တွေဘယ်အရွယ်မှာ နိုင်ငံရေးလုပ်ပြီး တာဝန်ကြီးကြီးကိုယူရမယ်။ မယူရဘူးဆိုတာကိုတော့ မပြောလိုဘူး။ ဒါပေမဲ့ အန်တီ့လိုပဲမိဘတွေ ထပ်မပူလောင်စေချင်ဘူး။ ကလေးတွေလည်း အဲလိုထပ်မဖြစ်စေချင်တော့ဘူး" ဟုဒေါ်မြင့်မြင့်ကြည်က ခါးသီးလှသည့်သူမ၏အတွေ့အကြုံများနှင့် ယှဉ်ပြီးပြောကြားသည်။

NLD ပါတီ နာယက ဟံသာဝတီဦးဝင်းတင်က ၎င်း၏ အဆိုအရ ငယ်စဉ်အရွယ်ကတည်းက လူငယ်များအကြား နိုင်ငံရေးနိုးကြားမှုနှင့် နိုင်ငံရေးရောင်ပြန်ဟပ်မှုက အရေးပါသည်ဟု သိရသည်။

"ငယ်ငယ်တည်းက လုပ်သင့်တာပဲ။ ခေတ်က နိုင်ငံရေးခေတ်ဆိုရင်လူငယ်ကလည်းနိုင်ငံရေးထဲပါလာမှာပဲ" ဟုဦးဝင်းတင်က ပြောသည်။

စာ(၁၁)သို့

## သန့်ရှင်းမှုအတွက် အဆင်ပြေမယ့် စက်ပစ္စည်းတွေရှိရာ

**အိဖြူလွင်**

ပြောင်းလဲတိုးတက်လာတဲ့ လူမှုပတ်ဝန်းကျင်ထဲမှာ အရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်တာက 'သန့်ရှင်းမှု'ပါ။

ဒီလိုအရေးပါလာတဲ့ သန့်ရှင်းမှုအတွက် နေရာစုံမှာ သန့်ရှင်းရေးလုပ်တဲ့အခါမိရိုးဖလာသုံးစွဲခဲ့တဲ့ သမားရိုးကျနည်းတွေကခေတ်နဲ့ သဟဇာတ မဖြစ်တော့တာမို့ခေတ်မီစက်ကိရိယာတွေကို သုံးဖို့ လိုအပ်လာတာလည်း နေရာတော်တော်များများမှာ တွေ့ရပါတယ်။

ဒီနေရာထဲက တစ်ခုဖြစ်တဲ့ သန့်ရှင်းရေးသုံးစက်ကိရိယာတွေ ဝယ်ယူရနိုင်မယ့် နေရာကို ဒီတစ်ပတ် ဈေးဝယ်လမ်းညွှန်ကဏ္ဍကနေ လမ်းညွှန်ပေးချင်ပါတယ်။

ဒီနေရာမှာရတဲ့ စက်တွေက အိမ်သုံးထက်စီးပွားရေးအဆောက်အအုံတွေ၊ ဟိုတယ်တွေ၊ ဆေးရုံတွေမှာပိုပြီး သင့်တော်တဲ့ ပစ္စည်းတွေဖြစ်တယ်လို့လည်း သိရပါတယ်။

အလိုအလျောက် ကြမ်းခင်းတွေကို ဆေးကြောပေးပြီး အညစ်အကြေးတွေကိုပါသိမ်းဆည်းပေးရုံမကဘဲ ခြောက်သွေ့ပြီးသားဖြစ်သွားစေတဲ့ Auto-Scrubber စက်၊ ကော်ဇောတွေကို အနံ့ဆိုးတွေ၊အစွန်းအထင်းတွေမရှိအောင် ပေါင်ဒါမှုန့်နဲ့ပဲ အခြောက်သန့်ရှင်းရေး လုပ်ပေးတဲ့ Sebo စက်တွေက အခုအချိန်မှာ လူကြိုက်များ အသုံးများတဲ့ စက်တွေဖြစ်လာတယ်လို့ သိရပါတယ်။

Auto-Scrubber စက်တစ်လုံးက ကြမ်းတိုက်စက်နှစ်လုံး၊ ဖုန်စုပ်စက်နှစ်လုံး၊ လုပ်သားနှစ်ဦးနဲ့ သန့်ရှင်းရေးလုပ်တဲ့ အချိန်တွေကို ညီမျှတယ်လို့လည်း သိရပါတယ်။ ဘက်ထရီနဲ့ အသုံးပြုရတာဖြစ်လို့ လူအများသွားလာနေတဲ့ နေရာတွေမှာ ကြိုးတွေနဲ့ ရှုပ်ယှက်ခတ်နေမှာလည်း စိုးရိမ်ဖို့မလိုလောက်ပါဘူး။



ဓာတ်ပုံ-ဖေမြင့်အောင်(ဧရာဝတီ)

မိုးများတဲ့နိုင်ငံမှာ မိုးရေတွေနဲ့ စိုနေတဲ့ ကော်ဇောတွေကို ညစ်ပတ်မနေအောင် ရေနဲ့လျှော်ဖို့မလို အခြောက်ခံဖို့ အချိန်မလိုဘဲ ချက်ချင်းခြောက်သွားစေတဲ့ Sebo စက်ကလည်း အသုံးပြုရသူတွေ အတွက်တော့ အဆင်ပြေနိုင်မှာ သေချာပါတယ်။


ဒီစက်တွေကိုစင်ကာပူနိုင်ငံကတင်သွင်းတာဖြစ်ပြီး မူလထုတ်လုပ်တဲ့ နိုင်ငံကတော့ အီတလီ၊ ဂျာမနီနိုင်ငံတွေလို့ သိရပါတယ်။

မြန်မာနိုင်ငံမှာဆိုရင်တော့ Classic International Group က တစ်ဦးတည်းကိုယ်စားလှယ်အနေနဲ့ ဒီ Klenco တံဆိပ် သန့်ရှင်းရေးသုံး ပစ္စည်းတွေကို တင်သွင်းတာပါ။

ဟိုတယ်တွေ၊ ဆေးရုံတွေ၊ ဈေးဝယ်စင်တာတွေ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံတွေ၊ ရုံးခန်းတွေ စတဲ့နေရာတွေ အားလုံးက အဆင့်မြင့်လာတာနဲ့အမျှ ဒီလိုသန့်ရှင်းရေးသုံး ပစ္စည်းတွေကို အသုံးပြုရင် ပိုအဆင်ပြေနိုင်မယ်လို့ ထင်ပါတယ်။

လိပ်စာကတော့ဗိုလ်အောင်ကျော်လမ်းနဲ့ မဟာဗန္ဓုလလမ်းထောင့်က အိုလံပစ်တာဝါ (၉) လွှာက အခန်း(၉၀၁)မှာပါလို့ဝယ်ယူ အသုံးပြုချင်သူတွေကို လမ်းညွှန်ပေးလိုက်ပါတယ်။







## ချဉ်ပေါင်ကြီးဝက်ခေါင်း

ဒီတစ်ပတ်တော့ ဝိုက်ဖီက ဝက်ခေါင်းကို အအီပြေလေး ချဉ်ပေါင်နဲ့ချက်ထားပါတယ်။ အချဉ်ကဲတဲ့ ချဉ်ပေါင်ရွက် (ရိုးရိုးချဉ်ပေါင်လေး)နဲ့ မချက်ဘဲ ခပ်သက်သက်နဲ့ အချဉ်အရသာလည်းရှိတဲ့ ချဉ်ပေါင်ကြီးရွက်နဲ့ တွဲချက်ထားတာပါ။

ဝက်ရဲ့ပါးသားနဲ့ဝက်နားရွက်ကိုအရွယ်တော်အတုံးလေးတွေတုံးပြီး ခါတိုင်းဝက်ဆီပြန်ချက်သလိုပဲချက်တာပါ။ ချဉ်ပေါင်ကြီး ရွက်ကတော့ ဝက်သားနူးမှ ထည့်တာပေါ့။ တချို့ကလည်း ချဉ်ပေါင်ကို အရွက်ကလေးတွေအတိုင်း ပုံမပျက်အောင် ကြေအောင်မမွှေပါဘူး။ ဟင်းထဲအရသာ စိမ့်သွားအောင်တော့ ချဉ်ပေါင်ကြီးရွက်တွေ အပူနဲ့ထိလို့ နွမ်းသွားတဲ့အခါ အသားတွေဘေးကပ်ပြီး အိုးအလယ်မှာ ဟင်းအနှစ်တွေနဲ့ မွှေပေးလိုက်ရင် ပိုကောင်းပါတယ်။ တကယ်လို့ အရည်နဲ့ကြိုက်သူတွေကတော့ ဝက်သားကို ဆီသတ်တဲ့အခါ ဆီကို လျှော့သတ်ပြီး အရည်စပ်စပ်လေးနဲ့လည်း သုံးဆောင်လို့ ရပါတယ်။











7DAY NEWS JOURNAL
.11, No.28 • SEPTEMBER 20 , 2012





# iPhone 5 ကိုင်လိုသူများ အခက်တွေ့နေ

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ-၁၅**

ကမ္ဘာ့ကျော်နည်းပညာကုမ္ပဏီကြီးဖြစ်သည့် အမေရိကန်အခြေစိုက် Apple Inc မှ စက်တင်ဘာ ၂၁ ရက်တွင်စတင်ရောင်းချတော့မည့် ဆဋ္ဌမမြောက်မျိုးဆက် iPhone 5 ကို နိုင်ငံတကာနည်းတူပြည်တွင်းမိုဘိုင်းဖုန်း အသုံးပြုသူများအကြား စိတ်ဝင်စားမှု မြင့်တက်နေသော်လည်း ယင်းဖုန်း၏ Standard တစ်ခုဖြစ်သော Nano ဆင်းကတ်ကသုံးစွဲလိုသူများအတွက် အခက်အခဲတစ်ခုဖြစ်နေသည်။

iPhone 5 ၏ အထူသည် ၇ ဒသမ ၆ မီလီမီတာသာရှိပြီး နောက်ဆုံး ထွက်ရှိထားသည့် iPhone 4S ထက် ၁၈ ရာခိုင်နှုန်း ပိုမိုပါးလွှာသည့် ဒီဇိုင်းဖြင့် ထွက်ရှိလာမည်ဖြစ်သဖြင့် အဆိုပါဟန်းဆက်အမျိုးအစားကို သုံးစွဲလိုသူများသည် လက်ရှိသုံးစွဲနေသည့် ဆင်းကတ်များကို Nano ဆိုဒ်ဖြစ်အောင်ဖြတ်တောက်ပစ်ရမည်ဖြစ်သည်။

Apple ၏ iPhone 5 ကို အသုံးပြုလိုသူများ၏ လက်ရှိသုံးနေသည့် ဖုန်းအမျိုးအစားမှာ Micro Sim Card ဖြစ်နေပါက Nano ဆိုဒ်ဖြစ်အောင် ဖြတ်တောက်ရာတွင် ခက်ခဲမည်ဖြစ်ပြီး ဆက်သွယ်ရေးမှ ထုတ်လုပ်သည့်

**တစ်ဖက်သို့**



7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

**တစ်ဖက်မှအဆက်**

မူလ ဆင်းကတ်ဆိုဒ်များမှာမူ ဖြတ်တောက်ရ ပိုမိုလွယ်ကူမည် ဖြစ်သည်ဟုမိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်များမှ ကျွမ်းကျင်သူတို့က ပြောသည်။

Nano ကတ်ဖြစ်အောင် ဖြတ်တောက်ရာတွင် ကြေးပြားကို မထိမိစေရန်လည်း အထူးဂရုပြုရမည်ဖြစ်သည်ဟု သိရသည်။

ထိုသို့လက်ရှိသုံးစွဲနေသည့် ဆင်းကတ်များကို Nano ဆိုဒ်ဖြစ်အောင် ဖြတ်တောက်ပစ်ရာတွင် သေချာစွာ ဖြတ်တောက်ရမည်ဖြစ်၍ iPhone 5 အတွက် ဆင်းကတ်ကို Nano ဆိုဒ်ဖြစ်အောင် ဖြတ်တောက်ခများမှာလည်း ပိုမိုဈေးမြင့်လာနိုင်ကြောင်းလည်း ရန်ကုန်မြို့တွင်း ဖွင့်လှစ်ထားသည့် မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်များမှ သိရသည်။

Apple Inc သည် ၎င်းတို့၏ ဆဋ္ဌမမြောက်မျိုးဆက် iPhone 5 ကို Nano ဆင်းကတ်အဖြစ် ထုတ်လုပ်ရန်အတွက် ဥရောပဆိုင်ရာ ဆက်သွယ်ရေးစံ သတ်မှတ်ချက်အဖွဲ့အစည်း (European Telecomunications Standard Institute - ETSI) ထံသို့ တင်ပြခဲ့ပြီး ယင်းအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် Apple အမှတ်တံဆိပ်၏ သီးသန့်စံသတ်မှတ်ချက်ဖြစ်စေရန် Nano ဆင်းကတ်ဖြင့် အသုံးပြုရသည့် အမျိုးအစားကို ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

Apple အနေဖြင့် ၎င်းတို့၏ iPhone 5 မျိုးဆက်ကို ယခုလ ၂၁ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်ပြီး အာရှနိုင်ငံများတွင်မူ ဂျပန်၊ ဟောင်ကောင်နှင့် စင်ကာပူတို့တွင် တစ်ပြိုင်နက်ဖြန့်ချိသွားမည်ဖြစ်သည်။

## ကံတရားက ပေးသော လုပ်ပိုင်ခွင့်



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



ကမ္ဘာ့လူသားအားလုံးဟာ ထုံးစံနဲ့ ယဉ်ကျေးမှုတွေ ကွာဟခြားနားတယ်။ အသားအရောင် ဘာသာစကားကွဲပြားတယ်။ ဘာတွေ ဘယ်လိုပဲ ကွဲကွဲ၊ သူတို့အားလုံးမှာ တူညီတာတစ်ခုရှိတယ်။ အဲဒါက လူတိုင်း ချမ်း သာချင်ကြတာပါ။ ချမ်းသာခြင်းဆိုတာကို ကြိုးစားပမ်းစားရှာဖွေကြတယ်။ တစ်ခါတလေ ကံအကြောင်းသင့်လို့ ကာမဂုဏ်ချမ်းသာကို ရှာဖွေရရှိကြတယ်။ ရရှိလာတဲ့ချမ်းသာကို စွဲမြဲတည်တံ့ဖို့ ဖက်တွယ်ထားရင်း အသစ်အသစ်တွေ လိုချင်လာပြန်တယ်။ ဒီတော့ အသစ်အသစ်တွေ ထပ်မံရရှိဖို့ ရှာဖွေရပြန်တယ်။ ပြိတ္တာဘဝမှာ ငတ်မွတ်ခေါင်းပါးသလို အခု လူတွေလည်း ငတ်မွတ်ခေါင်းပါးတယ်။ မရောင့်ရဲနိုင်လို့ အလိုမပြည့်တဲ့အတွက် အမြဲတမ်းထပ်ခါထပ်ခါရှာဖွေနေရတယ်။ ဒါနပြုဖို့လည်း သတိမရ၊ သီလဆောက်တည်ဖို့လည်း သတိမရ၊ တရားဘက်ကိုလည်း သတိမရနဲ့ နေသွားတဲ့လူတွေလည်း လူဖြစ်ကာ အရှုံးထွက်ကြပါတယ်။

တရားအားထုတ်ဖို့ ဝေလာဝေး၊ ဥပုသ်သီတင်းတောင် စောင့်နိုင်ဖို့မလွယ်ပါဘူး။ ကိုယ့်ပစ္စည်းကိုယ်စောင့်နေရတဲ့ ပြိတ္တာတွေအဖြစ်နဲ့ ဥစ္စာစောင့်ကြီးဘဝနဲ့နေကြပါတော့တယ်။ တကယ်စဉ်းစားရင် အခုလို ရောဂါဘယတွေ၊ သဘာဝဘေးဆိုးတွေ ကင်းရှင်းတဲ့ လက်ရှိအချိန်၊ အသက်ရှင်နေထိုင်ဖို့ အစာအာဟာရတွေ အပြည့်အဝ ရရှိနေချိန်ဟာ တရားကျင့်ဖို့အကောင်းဆုံးအချိန်ဖြစ်တယ်။ လက်ရှိကိုယ့်အခြေအနေ၊ ကိုယ့်ဘဝဟာ ကံကောင်းလို့၊ ကောင်းတဲ့အလုပ် မြတ်တဲ့အလုပ်ကို လုပ်ခွင့်အတွက် လုပ်ပိုင်ခွင့်တွေဟာ ကံတရားက ပေးထားတဲ့ လုပ်ပိုင်ခွင့်တွေပဲဖြစ်တယ်။

ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ 'ဓမ္မလမ်းပေါ်မှာ'

## ၈၈–၉၉၊ ဘယ်အရွယ်မှာ နိုင်ငံရေးနယ်ပယ်ထဲဝင်သင့်သလဲ မှ

မကြာခဏမှန်တိုင်းထန်လွန်းလှသည့်မြန်မာ့နိုင်ငံရေးလောကတွင် လူငယ်များအနေဖြင့် ဝင်ရောက်လှုပ်ရှားသင့်မသင့်နှင့်မည်သည့် အသက်အရွယ်တွင် ပါဝင်လုပ်ဆောင်သင့်နည်းဆိုသည့်မေးခွန်းမှာ အဖြေရှာရန် လွန်စွာခက်ခဲသည့် မေးခွန်းတစ်ခု လိုဖြစ်နေသည်။ အငြင်းပွားဆွေးနွေးစရာကောင်းလှသည့် ကိစ္စရပ်လည်းဖြစ်သည်။ ယင်းမေးခွန်းအတွက် တိကျသည့်အဖြေမရှိသော်လည်း မြန်မာ့နိုင်ငံရေးသမိုင်း တစ်လျှောက်လုံးတွင် လူငယ်လူရွယ်များ၏အခန်းကဏ္ဍသည်အမြဲလိုလို အရေးပါလျက်ရှိကြောင်း သမိုင်းက သက်သေပြနေသည်။ ၎င်းတို့ထဲမှ အချို့သည် အပြောင်းအလဲများ၏အဓိကနေရာမှပါဝင်လှုပ်ရှားကြရသည်။ အချို့မှာ အညတရဘဝဖြင့်တိုင်းပြည်အတွက်ပေးဆပ်နေခဲ့ကြရသည်။ အချို့မှာလမ်းတစ်ဝက်တွင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးလောကမှ ကျောခိုင်းခဲ့ ကြသည်။

နိုင်ငံရေးကို လူငယ်ဘဝမှ စတင်ပြီး ထဲထဲဝင်ဝင်ပတ်သက်ခဲ့သည့်ခေတ်အဆက်ဆက်မှလူသိများသူ (၂၀) ဦးခန့်အား 7Day News ကမေးမြန်းရာတွင် အဆိုပါမေးခွန်းအတွက် အဖြေအမျိုးမျိုးပေးခဲ့ကြသည်။ တွေ့ဆုံမေးမြန်းခဲ့သူများတွင် ဦးဝင်းတင်၊ ဦးသုဝေ၊ ဦးသိန်းညွှန့်၊ ဦးအုန်းကြိုင်၊ စသည့် ဝါရင့်နိုင်ငံရေးသမားကြီးများ၊ ဦးအောင်သင်းကဲ့သို့စာရေးဆရာကြီး၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ ABSDF ကဲ့သို့ လက်နက်ကိုင်အဖွဲ့တွင်း ဝင်ရောက်ခဲ့ဖူးသူများ၊ Generation Wave၊ ဗ. က. သ စသည့် ၂၀၀၇ ခုနှစ်က လှုပ်ရှားခဲ့သူများ ပါဝင်ခဲ့သည်။

သို့သော် ၎င်းတို့အားလုံး တူညီသော ထောက်ပြပြောဆိုချက်များမှာ လူငယ်များအနေဖြင့် တကယ်မလေ့လာဘဲ နိုင်ငံရေးလောကထဲ ဝင်ရောက်ခြင်းနှင့် ထင်ပေါ်ကျော်ကြားလိုစိတ်ကြီးမားလွန်ခြင်းများ လွှမ်းမိုးပါက ကာယကံရှင်အတွက်သာမက တိုင်းပြည်အတွက်ပါ အန္တရာယ်ကြီးကြောင်းတညီတညွတ်တည်း ပြောသည်။

လူငယ်များအနေဖြင့် နိုင်ငံရေးလောကထဲဝင်ရောက်မည်ဆိုပါက ထဲထဲဝင်ဝင်သိရှိအောင် ကြိုးစားလေ့လာမှုများ ပြုလုပ်ရန် အထူးလိုအပ်မည်ဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။

"လူငယ်တွေလုပ်သင့်တာ ကဒီမိုကရေစီဘာညာနဲ့ နိုင်ငံရေးကိုလုပ်ချင်ရင်၊ ဒီမိုကရေစီဆိုတာ ဘာလဲဆိုတာသိအောင် လုပ်ရမယ်။ သိသလား။ အများစုပြီးဝိုင်းအော်ရင် ဒီမိုကရေစီထင်နေတယ်။ ပညာရေးအခြေမခံတဲ့ ဒီမိုကရေစီသည် ဘယ်တော့မှ မခိုင်ဘူး" ဟု လူငယ်များအပေါ် စာပေသြဇာကြီးမားသည့် စာရေးဆရာ ဦးအောင်သင်းကပြောသည်။ ပညာနှင့်မယှဉ်တွဲသည့် လှုပ်ရှားမှုများသည် ဆိုးကျိုးကို ခံစားရနိုင်ကြောင်း အသက် ၈၅ နှစ်ရှိပြီဖြစ်သော ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်ဟောင်းလည်းဖြစ်သူ ဦးအောင်သင်းကပြောသည်။

"တကယ့်ဒီမိုကရေစီကိုစည်းမဲ့ကမ်းမဲ့သွားတိုက်ဖျက်ရင် စည်းမဲ့ကမ်းမဲ့ အုပ်ချုပ်တဲ့အာဏာရှင်စနစ်ပေါ် လာလေ့ရှိတယ်။ အဲဒါသဘာဝပဲ" ဟု၎င်းကဆိုသည်။

နိုင်ငံရေးစိတ်ပါဝင်စားသည့် လူငယ်များအဖို့ စိတ်ဓာတ်ခိုင်မာရန်နှင့် စာပေလေ့လာလိုက်စားမှုများအထူးတလည်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိတ်အား ထက်သန်ပြီး နုနယ်သည့် လူငယ်များအဖို့ သူတစ်ပါး၏ အသုံးချခံ မဖြစ်စေရန်အတွက် လွန်စွာအရေးကြီးကြောင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များအား လုပ်ကြံမှုတွင် လူငယ်များပါဝင်ခဲ့မှု အပေါ် ဥပမာပေးပြီး ၂၀၀၉ ခုနှစ်ကအီလက်ထရွန်းနစ်ဥပဒေအပါအဝင်အခြား စွဲချက်များဖြင့် ထောင်ဒဏ် ၁၅ နှစ်ကျခံခဲ့ရသူလူငယ်နိုင်ငံရေးသမားကိုတင်ထွဋ်ပိုင်ကပြောသည်။

"ပုဂ္ဂိုလ်ရေးကို အဓိကထားပြီးတိုက်ခိုက်ချင်တဲ့ သူတွေအတွက်အင်အားဖြစ်သွားနိုင်တယ်။ ဒါတိုင်းပြည်အတွက် အများကြီးအန္တရာယ်ရှိတယ်" ဟု၎င်းကဆိုသည်။

စနစ်တစ်ခုအား တိုက်ဖျက်ရာတွင် တက်ကြွလှုပ်ရှားသူများ၏ အခန်းကဏ္ဍမှာ မည်မျှအရေးကြီးကြောင်းကိုသမိုင်းက သက်သေပြပြီးဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကိုကိုကြီးကဆိုသည်။ သို့ရာတွင် နိုင်ငံရေးလောကထဲသို့ ဝင်ရောက်မည်ဆိုပါက တက်ကြွလှုပ်ရှားသူအဖြစ်ထက် ပညာရပ်ဆိုင်ရာများ ပိုမိုလေ့လာလိုက်စားရန်လိုအပ်လာပြီဖြစ်ကြောင်း သူကပြောသည်။

"နိုင်ငံရေးသမားလို့ပြောရင် သာမန်သပိတ်မှောက်ကျောင်းသားအဆင့်ထက်တော့ ကျော်ဖို့လိုတယ်" ဟု၎င်းကဆိုသည်။

ခေတ်အဆက်ဆက်တွင်နိုင်ငံရေးစိတ်ဝင်စားသည့် လူငယ်များကိုအပြင်းအထန်ဖိနှိပ်ခြင်းမှ အနည်းငယ်လွတ်မြောက်လာသည့်အချိန်၊ အပြောင်းအလဲအတွက်ဦးတည်နေသည့် ယနေ့လိုအချိန်မျိုးတွင် လူငယ်များအနေဖြင့် ခေါက်ရိုးကျိုးနေသော ခံယူချက်အချို့ကို ပြောင်းလဲရန်လိုအပ်နေပြီဖြစ်ကြောင်း လေ့လာသူများနှင့်နိုင်ငံရေးသမားအချို့ကဆိုသည်။ ခက်ခဲစွာရုန်းကန်ခဲ့ရသည့် စွန့်လွှတ်မှုများအတွက်ပြည်သူက လေးစားမည်ဖြစ်သော်လည်းယင်းအခြေအနေကိုသာယာသွားသည့် အကျင့်စွဲကပ်ကာ ပညာပိုင်းဆိုင်ရာလေ့လာလိုက်စားမှုများကို လျစ်လျူရှုတတ်သည့် ဓလေ့ကို အတိတ်တွင်ထားခဲ့သင့်ပြီဖြစ်ကြောင်း၊ ၎င်းတို့ကဆိုသည်။ လူငယ်နိုင်ငံရေးသမားများအဖို့ထင်ပေါ်ကျော်ကြားလိုစိတ်ကြီးမားလွန်းခြင်းသည် သူ၏ဘဝကိုဖျက်ဆီးပစ်မည့် အရာဖြစ်ကြောင်း ဦးအောင်သင်းကဆိုသည်။

အပြောင်းအလဲကာလတွင် လူထုယုံကြည်မှုရရှိသည့် ကိုယ်ကျိုးစွန့်ခဲ့သူများနှင့် အရည်အချင်းရှိသည့်ပညာရှင်များဟန်ချက်ညီညီပူးပေါင်းရေးမှာ လွန်စွာအရေးပါကြောင်း ဦးကိုကိုကြီးကဆိုပါသည်။

"ပညာအရည်အချင်းက အရမ်းအရေးကြီးတယ်။ ရေရှည်အဲဒီအခါမှာ ကိုယ်စွန့်လွှတ်ခဲ့တာတွေဟာတိုင်းပြည်အတွက်ပဲ။ ဒီလိုစွန့်လွှတ်ခဲ့လို့ ဒီလိုနေရာတွေယူထားရမယ်ဆိုတာမျိုးတော့လက်မခံဘူး" ဟု ဦးကိုကိုကြီးကဆိုပါသည်။

နိုင်ငံတကာတက္ကသိုလ်များတွင် သမဂ္ဂများ၊ အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းနိုင်ပြီး နိုင်ငံနှင့်ပတ်သက်သော ဒီဘိတ်များကိုလည်း လွတ်လပ်စွာဖန်တီးပေးသဖြင့် ကျောင်းသားလူငယ်တိုင်းမှာ နိုင်ငံရေးအမြင်ရှိကြောင်း မြောက်ကယ်ရီလိုင်းနားတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ၊ မီဒီယာအထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သော ဦးနေသန်မောင်က ပြောသည်။ ဒီမိုကရေစီနိုင်ငံကြီးများနှင့် မြန်မာနိုင်ငံ ကွာခြားချက်ကြီးမားခြင်းမှာ ပြည်တွင်း၌ ပညာရေးစနစ်ညံ့ခြင်းနှင့် တံခါးပိတ်ဝါဒကို ကာလရှည် ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

"အမေရိကားမှာဆိုရင် Domestic Policy ကို ကျောင်းသားတွေကမလုပ်ဘူး။ နိုင်ငံရေးပါတီတွေရဲ့အလုပ်။ လူငယ်တွေရဲ့ Awareness က သိပ်ကောင်းတော့ သူတို့က ကမ္ဘာကြီးကို လှမ်းမြင်နိုင်တယ်။ တခြားနိုင်ငံတွေအတွက် ပါဝင်ကြတယ်" ဟု နိုင်ငံရေးလေ့လာသူ ဦးနေသန်မောင်က သုံးသပ်သည်။ မြန်မာကဲ့သို့ပင် ထိုင်းကဲ့သို့ နိုင်ငံများ၌လည်း အကူးအပြောင်းကာလများ၌ လူငယ်များက နိုင်ငံရေးတွင် ပါဝင်လေ့ရှိကြောင်းလည်း ၎င်းကဆက်ပြောသည်။

လူငယ်များ နိုင်ငံရေးနှင့် ပတ်သက်ရမည့် အသက်အရွယ်ကိုမသတ်မှတ်လိုသော်လည်း နိုင်ငံရေးလုပ်မည်ဆိုပါက ရဲဘော်ရဲဘက်စိတ်ထားရှိခြင်း၊ ယုံကြည်ချက်စွဲမြဲစေခြင်း၊ လိပ်ပြာသန့်သန့်ဖြင့် ရိုးသားစွာလုပ်ကိုင်ခြင်းတို့ဖြင့် နိုင်ငံရေးလုပ်ရန် အကြံပေးလိုကြောင်း ဦးဝင်းတင်ကပြောသည်။

"အခုခက်နေတာက ဒါပဲ။ တိုင်းပြည်မှာ ပြောသာပြောနေရတယ်။ ရဲဘော်ရဲဘက်စိတ်က သိပ်နည်းတယ်" ဟု၎င်းကဆိုသည်။

ABSDF ကျောင်းသား တပ်မတော်အတွက် အမည်းစက်တစ်ခုအဖြစ်လူသိများသည့် တပ်ဖွဲ့ဝင်အချင်းချင်း ထောက်လှမ်းရေးဟု စွပ်စွဲကာ လူ ၄၀ နီးပါးအား သတ်ဖြတ်ခဲ့ကြသည့်စိတ်မချမ်းမြေ့ဖွယ်ရာ ပါဂျောင်စခန်းဆီသို့ ၁၉၉၂ ခုနှစ်အတွင်း နှစ်ကြိမ်တိုင်တိုင် သွားရောက်ခဲ့သူလွတ်မြောက်ရေးအတွက် ABSDF မြောက်ပိုင်းမှ ထိပ်ပိုင်းခေါင်းဆောင် အချို့နှင့် ဆွေးနွေးခဲ့သည်ဟုဒေါ် မြင့်မြင့်ကြည်ကပြောသည်။ သူ ကြုံတွေ့ခဲ့ရသည့် အဆိုပါ ဖြစ်စဉ်တွင် ထောက်လှမ်းရေးဟု ဖမ်းဆီးကာ နှိပ်စက်၊ အသတ်ခံရသူများနှင့် သတ်သည်ဟု စွပ်စွဲခံနေရသူများရော နှစ်ဖက်စလုံးသည် အသက် ၂၀၊ ၂၅ နှစ်အရွယ်လူငယ်၊ လူရွယ်များဖြစ်သည်ဟုဆိုသည်။ တော်လှန်ရေးအတွက် သွားရောက်ကြသည့် လူငယ်များ အချင်းချင်းစည်းလုံးနေရမည့်အစား၊ ရဲဘော်ရဲဘက်စိတ်ပျောက်ဆုံးကာသတ်ဖြတ်ဖမ်းဆီးမှုများ ပြုလုပ်နေကြခြင်းမှာ စိတ်မကောင်းစရာဖြစ်ရပ်ဟု ၎င်းကဆိုသည်။

နိုင်ငံရေးလေ့လာလိုက်စားလိုသော လူငယ်များအား လူကြီးများဘက်မှလည်း လမ်းဖွင့်လက်တွဲခေါ်ရန်လိုအပ်ကြောင်း ဦးဝင်းတင်က ပြောသည်။ လူငယ်များအားလူကြီးများက လိုချင်သောပုံသွင်းယူခြင်း၊ အသုံးချခြင်းများကို မပြုလုပ်ရန် လိုအပ်ကြောင်း ၎င်းကပြောသည်။ လူငယ်များအတွက် လွတ်လပ်စွာ တွေးခေါ်ခွင့်ပေးရမည်ဖြစ်ပြီး ထိုအပေါ်တွင်သာ လမ်းမှားသို့ မရောက်ရန်ထိန်းကျောင်းမှုများပြုလုပ်သင့်ကြောင်း ၎င်းကဆိုသည်။

"ပြောခွင့်နဂိုထဲက မပေးဘဲ မင်းလိုက်ဆို၊ ဆိုတာမျိုးတော့ ခေတ်ကလေးတွေ ပညာသင်တဲ့ပုံစံမျိုးဖြစ်နေတယ်။ အလွတ်ကျက်ခိုင်းသလို။ အလွတ်ကျက်တော့ စာမတတ်သလို နိုင်ငံရေးလည်း မတတ်တော့ဘူး" ဟုဦးဝင်းတင်က သူ၏အမြင်ကိုပြောသည်။

ယနေ့ နိုင်ငံရေးအခင်းအကျင်းသည် တစ်ချိန်ကအခေါ်ကိစ္စအတွက်ပင် အငြင်းပွားခဲ့ရသည့် လူထောင်သောင်းချီ အသက်များ၊ ဘဝများစတေးခဲ့ရသည့်သမိုင်းဝင်ရှစ်လေးလုံးနေ့ရက်အတွက်ပြည်ထောင်စုအဆင့်ဝန်ကြီးများလာရောက်သည့်အထိ အုပ်ချုပ်သူနှင့်နိုင်ငံရေးအသိုင်းအဝိုင်းကြား ဆက်ဆံရေးမှာ အတိုင်းအတာတစ်ခုအထိချောမွေ့လာပါသည်။ တစ်ချိန်တည်းမှာပင် ပြည်တွင်းစစ်အရှိန်တက်နေခြင်းကဲ့သို့သော ဒီမိုကရေစီနှင့်မအပ်စပ်သော ကိစ္စများကြောင့် စိုးရိမ်စရာများကလည်း ရှိနေသေးသည်။

လေ့လာသူများ၏ အဆိုအရအသွင်ကူးပြောင်းရေးများတွင် ဖွားဖက်တော်အဖြစ် နောက်ကြောင်းပြန်လှည့်ရေးက ကပ်ပါလာသည်ဟုဆိုသည်။ ဘာမဆိုဖြစ်လာနိုင်သော ယခုလိုအချိန်မျိုးတွင် လာရာလမ်းသို့ လွမ်းမောနေသူများဇာတ်ကြောင်းပြန်ပါက မြန်မာလူငယ်များသည် ရှေ့ကညီအစ်ကိုတော်များနည်းတူ သမိုင်းပေးတာဝန်ကို ထမ်းဆောင်မည်မှာ မလွဲပေ။ သို့သော် ဘယ်ပုံဘယ်နည်းဖြင့် ထမ်းဆောင်နိုင်မည်ဆိုသည်မှာတော့ လူငယ်များ၏ တက်ကြွသည့်စိတ်များအပြင် ပညာအရည်အချင်းပြည့်ဝခြင်း၊ ညီညွတ်ခြင်းတက်ကြွခြင်းများက အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

## မျက်နှာဖုံး - တိုင်းရင်းသားရေးရာဝန်ကြီးများ၏ အဆောင်အယောင်နှင့် ခံစားခွင့်တိုးမြှင့်ပေး မှ

အခုက ခုံရုံးက ဆုံးဖြတ်ပေးတဲ့အတိုင်း ကျွန်တော်တို့ကို တခြားဝန်ကြီးတွေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးများနဲ့ တန်းတူအဆောင်အယောင်တွေ ပေးတာပါ။ အားလုံးဟာ ဥပဒေအတိုင်းပဲဖြစ်ရမှာပေ့ါ။ လုပ်ပိုင်ခွင့်နဲ့ပတ်သက်လို့ ဥပဒေကအတည်မဖြစ်သေးဘဲ ဆွေးနွေးဆဲဆိုတော့ အရင်အတိုင်းပါပဲ။ ကက်ဘိနက်ကတော့ ဝန်ကြီးချုပ်ကခေါ်ရင်တက်ခွင့်ရှိပါတယ်” ဟုမွန်ပြည်နယ်အစိုးရအဖွဲ့မှ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာနဝန်ကြီး ဦးသက်ဝင်းက ပြောသည်။

သမ္မတနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးများတွေ့ဆုံပွဲအပြီးတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦးအား တစ်ဦးလျှင် SUB Landmark ကားတစ်စီးစီ သမ္မတရုံးမှ တိုက်ရိုက်ပေးအပ်လိုက်ကြောင်း တိုင်းရင်းသားရေးရာ ဝန်ကြီးအချို့က ပြောသည်။

“ကားတွေ ချီးမြှင့်ငွေတွေ ကတော့ရပြီ။ လစာကတော့ ဒီလကုန်ရင်တိုးပေးမယ်ပြောတယ်။ အိမ်မရှိရင်လည်း အိမ်လခပေးမယ်ပြောတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးဌာနဝန်ကြီး ဦးနိုထန်ကပ်က ပြောကြားသည်။ တိုင်းရင်းသားရေးရာ ဝန်ကြီးများအား အဆောင်အယောင်များ တိုးမြှင့်ရာတွင် ယခင်က ပေးအပ်ခြင်းမရှိသည့် နေထိုင်ရန် အိမ်များပါ ပေးအပ်မည်ဖြစ်ကြောင်း၊ အိမ်မရှိပါက အစိုးရအဖွဲ့ရုံးစိုက်ရာမြို့တွင် နေထိုင်နိုင်ရန်အတွက် အိမ်ငှားရမ်းခကိုပါ ခံစားခွင့်ရှိမည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဦးခင်မောင်ဆွေက ပြောသည်။

ဒေါက်တာအေးမောင်အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးတို့က ၂၀၁၁ တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တိုင်းရင်းသားရေးရာဝန်ကြီးများ နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသော အဆောင်အယောင်ဆိုင်ရာ ဥပဒေများသည် အခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိအဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်သွင်းလွှာပေးပို့ခဲ့သည်။

အဆိုပါ တင်သွင်းလွှာကို အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုင်းရင်းသားရေးရာဝန်ကြီးများ၏ ခံစားခွင့်များသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် အခြားဝန်ကြီးများနှင့် ခံစားခွင့်မတူညီမှုမှာ အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က ဆုံးဖြတ်ခဲ့သည်။

၎င်းဆုံးဖြတ်ချက်အရ မိမိတို့၏ ခံစားခွင့်များကို တိုးမြှင့်ပေးလိုက်လိုက်ခြင်းဖြစ်ကြောင်း၊ ယခင်က မိမိတို့တိုင်းရင်းသားရေးရာဝန်ကြီးများအား အစိုးရအဖွဲ့ရုံးစိုက်ရာမြို့တွင် နေထိုင်ရန် အိမ်ရာများ ပေးထားခြင်းမရှိသဖြင့် မူလနေထိုင်ရာမြို့တွင်သာ နေထိုင်ရပြီး အကြောင်းကိစ္စရှိမှသာ ရုံးစိုက်ရာမြို့သို့ လာရောက်ရသဖြင့် အခက်ခဲများ ကြုံတွေ့ရကြောင်း တိုင်းရင်းသားရေးရာ ဝန်ကြီးအချို့က ပြောသည်။

တိုင်းရင်းသားရေးရာ ဝန်ကြီးများ၏ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဥပဒေကြောင်းဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးလျက်ရှိရာ ပြီးပြတ်မှုမရှိသေးကြောင်း၊ ၎င်းဆွေးနွေးမှုပြီးစီးမှသာ လုပ်ပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ဦးသက်ဝင်းကပြောသည်။

## မျက်နှာဖုံး-ရန်ကုန်မြို့ဧရိယာ မြေကေလေးသောင်း တိုးချဲ့ရန် သမ္မတခွင့်ပြု မှ

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆက်လက်မေးမြန်းရာ “အခုနေပြောရင် မြေဈေးတွေတက်သွားမှာစိုးလို့ နှစ်ပတ်လောက်နေမှ ရှင်းပြပါမယ်” ဟု ဒေါက်တာကျော်လတ်က ဆိုသည်။ သို့သော် ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီကြီးများကမူ ရန်ကုန်မြို့တစ်ဖက်ကမ်းဖြစ်သော ဒလနှင့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းတို့တွင် တိုးချဲ့နိုင်ကြောင်း ခန့်မှန်းပြောဆိုကြသည်။

ယခုလျာထားသည့်မြေကေလေးသောင်းမှာ နှစ် ၃၀ စီမံကိန်းဖြစ်ကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက စက်တင်ဘာ ၁၄ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှစ်ပတ်လည်ပွဲ၌ ပြောကြားခဲ့သည်။

“ကြားတာကတော့များတယ်။ နောက်ဆုံးကြားတာတော့ လှိုင်သာယာလည်းပါတယ်။ မရမ်းကုန်း၊ ဒဂုံအရှေ့၊ ဒလနဲ့ ကွမ်းခြံကုန်းတို့လည်း ပါတယ်”ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဒုဥက္ကဋ္ဌ ဦးသန်းဦးက ပြောသည်။ အဆိုပါသတင်းများကြောင့် ယခုရက်ပိုင်းတွင် ထိုမြို့နယ်များရှိမြေဈေးများမှာ မြင့်တက်လာကြောင်း ဦးသန်းဦးကဆိုသည်။

ရန်ကုန်မြို့ တစ်ဖက်ကမ်းတွင်ရှိသော သီလဝါရေနက်ဆိပ်ကမ်း၌ အထူးစီးပွားရေးဇုန်တည်ဆောက်ရန် ကြေခြောက်ထောင်လျာထားပြီး ၂၀၁၃ ခုနှစ်တွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ဩဂုတ်လ ၁၃ ရက်က ပြုလုပ်သော စီမံကိန်းကော်မရှင်အစည်းအဝေးတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ City Plan များကို လေ့လာဆွေးနွေး အကောင်အထည်ဖော်သွားရန် ညွှန်ကြားခဲ့သည်။

## စာ-၅၊ တည်ဆောက်ဆဲ စီမံကိန်းများအတွက် ပြည်ပဘဏ်များထံမှ ချေးငွေရယူမည် မှ

ယခု ချေးငွေအများစုမှာ တရုတ်နိုင်ငံမှ ချေးငွေများအပြင် အိန္ဒိယနိုင်ငံရှိExim Bank of India မှ ဒေါ်လာသန်းငါးရာ၊ ဂျပန်နိုင်ငံမှ(ODA-Oversea Development Aid) ပင်လယ်ရပ်ခြားဖွံ့ဖြိုးရေး အကူအညီအဖြစ် ယန်း ၁၀ ဘီလီယံချေးယူမည်ဖြစ်သည်။

ယင်းအကူအညီများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနများ၏ တည်ဆောက်ဆဲစီမံကိန်းများတွင်အသုံးပြုမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံကပြည်ပသို့ပေးဆပ်ရန် ကြွေးမြီမှာ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ ရှိသည်။ ယင်းတို့တွင် ၁၉၈၈ ခုနှစ်မတိုင်မီက ချေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၈,၄၀၈ ဒသမ ၃၄၈ သန်း၊ ၁၉၈၈ နောက်ပိုင်း ၂,၆၁၄ ဒသမ ၉၅ သန်းဖြစ်သည်။ ၁၉၈၈ ခုနှစ်မတိုင်မီ နှစ်နိုင်ငံချေးငွေများတွင် ဂျပန်နိုင်ငံမှ ချေးငွေ ၆၃၈၈ ဒသမ ၃၂ သန်းသာရှိပြီး ၁၉၈၈နောက်ပိုင်းတွင်အိန္ဒိယနိုင်ငံမှ ချေးငွေ သန်း ၁၁၀ ဒသမ ၃၈၉ သန်း၊ ဂျပန်နိုင်ငံမှ၆၈ ဒသမ ၅၁၆ သန်းဖြစ်ပြီး တရုတ်နိုင်ငံမှ ၂,၁၃၁ ဒသမ ၇၄၄ သန်း ဖြစ်သည်။

သူ့ဌေးနှင့် ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းတို့အတွက် ချေးငွေသဘောတူညီချက်ကိုစက်တင်ဘာ ၁၄ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်၌မြန်မာ-တရုတ် နှစ်နိုင်ငံ သက်ဆိုင်ရာဝန်ကြီးများ လက်မှတ်ထိုးခဲ့ကြသည်။ ယင်းသို့လက်မှတ်ထိုးရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အထောက်အပံ့များအပါအဝင် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး စသည့်ကဏ္ဍအလိုက် လုပ်ငန်းရှစ်မျိုးကို သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့သည်။

## စာ-၂၊ အထက(၂)ကမာရွတ် ပြန်ဆောက်ရန် လုပ်ငန်းရှင်များ လှူဒါန်းခဲ့သော အလှူငွေ ယခုထိ မရရှိသေး မှ

အလှူငွေ ကောက်ခံရာတွင်လည်း ကျောင်းသားမိဘအများစုက လိုလိုလားလားထည့်ဝင်ကြပြီး မတတ်နိုင်သူများကိုလည်း အတင်းအကျပ်မကောက်ခံကြောင်းနှင့် လာရောက်ဆွေးနွေးနိုင်ကြောင်း ကျောင်းအုပ်ဆရာမကြီးက ဆက်လက်ပြောသည်။ “ကိုယ့်သားသမီးတွေအတွက်ပဲ ကျေနပ်စွာကို ထည့်တာပါ။ နှစ်ယောက်ကို တစ်သိန်းပဲထည့်ရတာလေ။ ဆရာမကြီးက ကျောင်းသားတွေကို ခံစားခွင့်တွေ အပြည့်ထားတာပဲ”နဝမတန်း ကျောင်းသားတစ်ဦး၏ မိခင်ကပြောသည်။

အသစ်တည်ဆောက်လျက်ရှိသော ခြောက်ထပ်ကျောင်းဆောင်သစ်ကိုMTP ဆောက်လုပ်ရေးကုမ္ပဏီကတာဝန်ယူတည်ဆောက်နေပြီး နိုဝင်ဘာလတွင် အပြီးသတ်နိုင်မည်ဟု ခန့်မှန်းထားသည်။ အထက(၂) ကမာရွတ်ကို ယခင်ကျောင်းဟောင်းနေရာမှ လှိုင်တက္ကသိုလ်ဝင်းအတွင်းပြောင်းရွှေ့ထားပြီး ပညာသင်ကြားသူ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၄၄၄၁ ဦးရှိသိရသည်။ ခြောက်ထပ်ကျောင်းဆောင်အတွက် ရန်ပုံငွေနှင့်အလှူငွေကောက်ခံရာမှ ကျပ်သိန်း ၆၀၀ ကျော်သာရသေးသည်။

### ပြင်ဆင်သိမှတ်ပေးပါရန်

7Day News ဂျာနယ်အတွဲ(၁၁)၊ အမှတ်(၂၆)၊ မျက်နှာဖုံး ဓာတ်ပုံစာသားနှင့် အချပ်ပို(A) တွင် ပါရှိခဲ့သော မန်းလူထု သမ္မတကိုထောက်ခံ၍ ကင်တားနားအား ကန့်ကွက် သတင်း၌ ရိုဟင်ဂျာဆိုသည့်အသုံးအနှုန်းကိုဘင်္ဂါလီဟူ၍၊ အတွဲ(၁၁)၊ အမှတ်(၂၇)၊ စာမျက်နှာ(၂၅)နှင့် (၃၂)တို့တွင် ဂျာနယ်အချို့၌ မှားယွင်းပုံနှိပ်ခဲ့မှုကြောင့် ယခင်အပတ်ကဆောင်းပါးနှစ်ပုဒ်ပြန်လည်ပါရှိခဲ့ခြင်း၊ စာမျက်နှာ(၂၆)တွင် ဖော်ပြခဲ့သော သခင့်ဆီ အပြေးပြန်မလာနိုင်တော့ပြီ အက်ဆေး၌ ကောက်နုတ်ဖော်ပြခဲ့သော သီချင်းစာသားအချို့သည် တေးရေးစိုင်းခမ်းလိတ်အား အသိပေးခွင့်တောင်းထားခြင်းမရှိကြောင်းဖော်ပြအပ်ပါသည်။ ယခုအပတ်ထုတ် ဂျာနယ် Opinion ကဏ္ဍ စာမျက်နှာ(၃၂)တွင် ပါရှိသော ပြောကိုမပြောချင်ဘူး စာအဆက်ကို စာ(၁၈)အစား စာ(၄၀)သို့ ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**အယ်ဒီတာ**

## စာ-၄၊ ဆောက်လုပ်ရေးလုပ်ငန်းများ အလုပ်ကောင်းလာ မှ

ယူရိုကလည်းလာဖို့ စိုင်းပြင်းနေတယ်။ အဲဒီဖိုရမ်မှာပဲ ရင်းနှီးမြှုပ်နှံဥပဒေမှာ မြေယာအခွန်တွေကို လျှော့ပေးတာတို့၊ နိုင်ငံခြားသားနဲ့ ပြည်တွင်းလုပ်ငန်းရှင် အချိုးတူပေးတာတို့ကို သူတို့ သဘောကျတဲ့အကြောင်းပြောတယ်။ ဒါကြောင့် လာမယ့်နှစ်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ အရင် ၉၅ ခုနှစ်တုန်းက ကောင်းတာထက် ပိုကောင်းလိမ့်မယ်လို့ ကျွန်တော်မြင်တယ်” ဟု အေဝမ်းဆောက်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းအချို့သည် လာမည့်နှစ်အတွက် ဝန်ထမ်းအင်အားတိုးမြှင့်ရန်ပြင်ဆင်နေကြပြီဖြစ်ကြောင်း ယင်းပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

Mother Land ဆောက်လုပ်ရေးမှ တာဝန်ရှိသူကလည်း ဝန်ထမ်းအင်အား နှစ်ဆတိုးထားကြောင်းပြောသည်။

ယခုလက်ရှိတိုက်ခန်းအရောင်းအဝယ် ဈေးကွက်တွင် အငှားကသာ ဦးဆောင်နေပြီး အရောင်းအဝယ်များ ကျဆင်းနေသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်တန့်မသွားဘဲ ရက်ပိုင်းအတွင်းအပြီး ဆောက်လုပ်မှုများပင်ရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းများမှ သိရှိရသည်။

ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်ကောင်းလာရခြင်းမှာ လာမည့်နှစ်တွင် ပုဂ္ဂလိက အာမခံများအနေဖြင့် နှစ်ရှည်စီမံကိန်းများ အထိပေးရန် အစီအစဉ်ရှိကြောင်းနှင့် ယင်းအတွက် ပြင်ဆင်မှုများရှိကြောင်း ရှိုင်းဆောက်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ပုဂ္ဂလိကအာမခံအနေနဲ့ လာမယ့်နှစ်မှာ ကွန်ဒိုမီယံ ဥပဒေတရားဝင်တွက်လာပြီဆိုရင် လက်ရှိတိုက်ခန်းအရစ်ကျဝယ်ယူမှုတွေအရ လေးနှစ်ပေးရင် နောင်ဆိုဆယ်နှစ်ကနေ ဆယ်ငါးနှစ်ထိပေးဖို့ ပြင်ဆင်ထားတယ်။ ဒါမှ ဆောက်လုပ်ရေးတွေအနေနဲ့ ဈေးကွက်လိုအပ်ချက်တိုးတက်ဖို့လုပ်ထားတယ်” ဟု ရှိုင်းဆောက်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Mother Land ဆောက်လုပ်ရေးနှင့် နိုင်ဂရု(ပ်)အနေဖြင့် ယခုနှစ်တွင် အရည်အသွေးဦးစားပေးဆောက်လုပ်သဖြင့် ဈေးကွက်ဝေစုမှာ လုံးဝကျဆင်းမှုမရှိကြောင်း သိရသည်။

## စာ-၇၊ ပြည်တွင်းစစ်ပွဲများ ရပ်ရန် ဆန္ဒဖော်ထုတ်မည် မှ

ထိုသို့ငြိမ်းချမ်းစွာဖော်ထုတ်မှုသည် ငြိမ်းချမ်းမှုကို လိုလားသောကြောင့် ခွင့်ပြုမိန့်ကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ “တစ်နိုင်ငံလုံးစစ်ပွဲရပ်”စာသားပါသော အပြာရောင်ခေါင်းစည်းများ၊တီရှပ်များကို ဝတ်ဆင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အဆိုပါ အခမ်းအနားများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး မော်လမြိုင်၊ ကျောက်မဲ၊ နမ့်ဖတ်ကာ၊ သံတောင်၊ တောင်ငူအစရှိသည့် မြို့များတွင် ပြုလုပ်သွားရန် စီစဉ်ထားကြောင်း၊ ၎င်းဒေသများတွင်မြို့နယ်များအလိုက် ခွဲ၍ငြိမ်းချမ်းရေးနှင့်ပတ်သက်သော သီချင်းများကို သီဆိုခြင်း၊ ချိုးဖြူငှက်ရုပ်များအား ဝေငှခြင်းများကို ပြုလုပ်ရန်စီစဉ်ထားကြောင်းဖြင့် အဆိုပါဒေသများတွင် ငြိမ်းချမ်းရေးအခမ်းအနားပြုလုပ်ရန် စီစဉ်နေသူများက ပြောသည်။

“အဲဒီနေ့မှာ ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် လူတိုင်းရဲ့ ရင်ဘတ်တွေမှာ ဖဲပြားအပြာရောင်လေးတွေ ထိုးပေးမယ်။ ကျွန်တော်တို့မြို့မှာရှိတဲ့ နိုင်ငံရေးပါတီလေး ခုကိုဖိတ်ပြီး ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ ဟောပြောပွဲတွေလုပ်မယ်။ ဒါကိုသက်ဆိုင်ရာရဲ့ ခွင့်ပြုချက်တောင်းမှာဖြစ်ပေမယ့် ခွင့်ပြုချက်ရရ၊မရရ ကျွန်တော်တို့က လုပ်သွားမှာပါ” ဟု မော်လမြိုင်မြို့တွင် အခမ်းအနားကျင်းပရန် စီစဉ်နေသည့် မွန်ပြည်နယ်ပွင့်လင်းကွန်ရက်မှ ကိုကြည်ဇော်လွင်က ပြောသည်။

ငြိမ်းချမ်းရေးကို လိုလားသည့် ပြည်သူလူထု၏အသံကို အဓိကတာဝန်ရှိသူများသိစေရန် အစိုးရရုံးစိုက်ရာ နေပြည်တော်တွင် ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ အဖွဲ့ဝင်များကပြောသည်။

“အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့မှာ ပြည်သူ့အသံကို ထုတ်ဖော်ပြောတာပါ။ ပုံစံအမျိုးမျိုးနဲ့ လုပ်ခဲ့ကြပေမယ့် အဓိက အကျဆုံးပုဂ္ဂိုလ်တွေက သူတို့ကို ပြောတယ်လို့မမှတ်ကြဘူး။ ဒါကြောင့် နေပြည်တော်မှာလုပ်တာ၊တစ်ခါမှလည်း မလုပ်ဘဖူးသေးဘူးလေ” ဟု ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ ဒေါ်အယ်လ်ခေါန်ထွယ်က ပြောသည်။

တစ်နိုင်ငံလုံး စစ်ပွဲရပ်ရန် ကချင်ပြည်နယ်တွင် တိုက်ပွဲဖြစ်နေကြသည့်ထိုးစစ်ဆင်နေသော အစိုးရစစ်တပ်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)နှစ် ဖွဲ့လုံးအား “ငြိမ်းချမ်းရေး စကားပြောကြဖို့ သေနတ်များကို အရင်ဖြုတ်သိမ်းပေးကြပါ” ဟု ကချင်ပြည်နယ် လိုင်ဇာမြို့တွင် စစ်ဘေးဒုက္ခသည်များအား အခမဲ့ဆေးဝါးကုသပေးခဲ့သော ဒေါက်တာကျော်ဇေယျကပြောသည်။

# Health

7DAY NEWS JOURNAL

Vol.11, No.28 • SEPTEMBER 20 , 2012


## မြန်မာလူငယ်များကြား စိတ်ကြွဆေးသုံးစွဲမှုမြင့်တက်

ဝတ်ရည်အောင်

**မြန်မာလူငယ်များအတွင်း စိတ်ကြွဆေးသုံးစွဲမှု မြင့်မားလာနေပါသည်။**

**ခံစားနေရသည့် စိတ်ဖိစီးမှုများ ပြေပျောက်ရန်၊ လိင်ပိုင်းဆိုင်ရာ စွမ်းဆောင်ချက် မြင့်တက်စေရန်၊ အလုပ်လုပ်နိုင်သည့်စွမ်းရည်များ ပိုမိုမြင့်မားစေရန်၊ နိုက်ကလပ်များတွင် ပိုမိုပျော်ပါးနိုင်ရန်၊ သူငယ်ချင်းများ အသွန်းကောင်းသည့်အတွက်စမ်းသပ်ရန် စသည့်အကြောင်းအမျိုးမျိုးဖြင့် လူငယ်ထုအတွင်း စိတ်ကြွဆေးအမျိုးမျိုး သုံးစွဲမှုမြင့်တက်နေခြင်းဖြစ်သည်။**



**ရိုးရာသင်္ကြန်ပွဲတော်ကာလမှာလည်း စိတ်ကြွရူးသွပ်ဆေးသုံးစွဲမှုများသော ကာလဖြစ်သည်။ သင်္ကြန်တွင် အစွမ်းကုန်ပျော်နေသော မြန်မာအမျိုးသမီးငယ်များ**

Methampetamine (မီသမ်ဖီတာမင်း)ဟုခေါ်သည့် စိတ်ကြွဆေးသုံးသော အသက်အရွယ်သည်များသောအားဖြင့် အသက် ၁၈ နှစ်ဝန်းကျင်မှ ၃၅ နှစ်ခန့်အထိ များပြားလေ့ရှိပြီး အချို့ စိတ်ကြွစေသော ဆေးဝါးများ အသုံးပြုသည့် အသက်အရွယ်သည် ၁၅ နှစ်ဝန်းကျင်ခန့်လည်း ဖြစ်လေ့ရှိကြောင်း HIV ကာကွယ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုမှ အရာရှိတစ်ဦးက ပြောသည်။

ဘိန်းကဲ့သို့ဈေးမကြီးဘဲ နေရာအချို့တွင် အလွယ်တကူ ရရှိနိုင်ခြင်း၊ တစ်ပိုင်တစ်နိုင် လွယ်လွယ်ကူကူ ဆေးထုတ်လုပ်နိုင်ခြင်း၊ ဈေးနှုန်းသင့်တင့်သည့်အတွက် လူတိုင်းလက်လှမ်းမီခြင်း၊ ဘိန်းကဲ့သို့ အဖမ်းအဆီးမပြင်းထန်ခြင်း စသည့် အကြောင်းအရင်းများစွာက ယခင်နယ်စပ်ဒေသများတွင်သာ အသုံးတွင်ကျယ်သည့် အခြေအနေမှ မြို့ကြီးများရှိ လူငယ်ထုများကြား စိတ်ကြွဆေး သုံးစွဲမှု တဖြည်းဖြည်း ပိုမိုမြင့်မားလာသည်။

ကမ္ဘာပေါ်တွင် ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံး နိုင်ငံအဖြစ်လည်း သတ်မှတ်ခံရသည့် မြန်မာနိုင်ငံတွင် စိတ်ကြွဆေး ထုတ်လုပ်ရန်အတွက် လိုအပ်သော ကုန်ကြမ်းအဖြစ် အသုံးပြုသည့် ဓာတုပစ္စည်းများမှာ ပြည်တွင်းတွင်မရှိဘဲ ထိုပစ္စည်းများအား အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လျက်ရှိကြောင်း မူးယစ်ဗဟိုမှ ထုတ်ပြန်ချက်များအရသိရသည်။

စိတ်ကြွဆေး ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းအဖြစ် ပါဝင်သည့် ဆူဒိုအက်ဖတမင်း ပါဝင်သော အိမ်သုံးဆေးဝါးများ ဖမ်းဆီးရမိမှုအနေဖြင့် မြန်မာ-အိန္ဒိယ နယ်စပ်ဝင်ပေါက်များမှ အများဆုံး ဖမ်းဆီးရမိသည်ကို တွေ့ရှိရသည်။

**စာ(၁၄)သို့**

## ဆေးယဉ်ပါးငှက်ဖျားရောဂါထိန်းချုပ်ရန် လက်ရှိသုံးနေသည့် ငှက်ဖျားဆေးကို ဖယ်ရှားမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

ဆေးယဉ်ပါးငှက်ဖျားရောဂါ ပျံ့နှံ့မှုကို ထိန်းချုပ်ရန် လက်ရှိသုံးနေသည့် Artemisinin ဆေးတစ်မျိုးတည်းပါဝင်သော သောက်ဆေးများကို ယခုနှစ် နှစ်ကုန်နောက်ဆုံးထား၍ ဈေးကွက်အတွင်းမှ အပြီးသတ်ဖယ်ရှားတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

QA ACT

**နောင်တွင်သုံးစွဲမည့် ဆေးအမှတ်တံဆိပ်**

လူထုအတွင်း ဆေးယဉ်ပါးငှက်ဖျားရောဂါ ပျံ့နှံ့မှုများပြားလာသည့်အတွက် ဆေးတစ်မျိုးတည်းပါဝင်သည့် သောက်ဆေးများအား ပြန်လည်ရုပ်သိမ်းပြီး ပဒုမ္မာတံဆိပ်ကပ်ထားသော ငှက်ဖျားဆေးပေါင်းအား အစားထိုးအသုံးပြုမည်ဖြစ်ကြောင်း PSI Myanmar မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၀ မှစတင်၍ ဆေးတစ်မျိုးတည်းပါဝင်သောသောက်ဆေးများ တင်သွင်းခွင့်၊ လိုင်စင်သက်တမ်းတိုးခွင့်များအား ရပ်ဆိုင်းခဲ့ပြီး ဆေးယဉ်ပါးငှက်ဖျားရောဂါဖြစ်စေသည့် အကြောင်းအရာတစ်ခုဖြစ်သော ဆေးဆိုင်များတွင် ငှက်ဖျားပျောက်ဆေးရောင်းချခြင်းအတွက်လည်း ဆေးဆိုင်များအား ကျန်းမာရေးပညာပေးများ ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားငှက်ဖျားတိုက်ဖျက်ရေးစီမံချက်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနနှင့် PSI Myanmar တို့ ပူးပေါင်းဆောင်ရွက်သည့် အဆိုပါ "Artemisinin ဆေးတစ်မျိုးတည်းပါဝင်သောသောက်ဆေးများအား ဈေးကွက်အတွင်းမှ ဖယ်ရှားရန် ရှေ့လုပ်ငန်းစဉ်များ" အလုပ်ရုံဆွေးနွေးပွဲသို့ အလှူရှင်အဖွဲ့အစည်းများ၊ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဆေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

"အခုသောက်ရမယ့် ဆေးက အသက်အရွယ်နဲ့လိုက်ပြီး သောက်ရမယ့် ဆေးအညွှန်းပုံစံမျိုးလည်းဖြစ်တော့ ကျွမ်းကျင်ဆရာဝန်နဲ့တိုင်ပင်ပြီး စနစ်တကျကုသသင့်တယ်" ဟု PSI Myanmar မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငှက်ဖျားရောဂါသည် နိုင်ငံတွင်းဦးစားပေးတိုက်ဖျက်ရမည့် ရောဂါများစာရင်းတွင် ပါဝင်ပြီး ထိရောက်သောကုသမှုမရရှိပါက အသက်သေဆုံးသည်အထိ ဖြစ်ပွားသည့်ရောဂါလည်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

## စာ-၁၃၊ မြန်မာလူငယ်များကြား စိတ်ကြွဆေးသုံးစွဲမှုမြင့်တက် မှ

တရုတ်-မြန်မာ နယ်စပ်တစ်လျှောက်တွင်လည်း မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်း ဖမ်းဆီးရမှုမှာ အိန္ဒိယပြီးလျှင် ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။ အာရှနှင့်ပစိဖိတ်ဒေသတို့တွင်သုံးစွဲမှုအများဆုံးဖြစ်သည့် မီသမ်ဖီတာမင်းဆေးဝါးထုတ်လုပ်ရာ အဓိကနိုင်ငံများတွင်လည်းမြန်မာပါဝင်ကြောင်း UNODC ၏မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ၌ ဖော်ပြထားသည်။

စိတ်ကြွဆေးသည် ဗဟိုအာရုံကြော အဖွဲ့အစည်းကိုနှိုးဆွခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိပုံမှန်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ပေးသည်။ ထိုဆေးများ၏ စွဲမက်စရာအာနိသင်များမှာ ဆေးသုံးစွဲထားသူအား တက်ကြွခြင်း၊ နိုးကြားထက်သန်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိခြင်း၊ သန်စွမ်းကြံ့ခိုင်ခြင်း စသည်တို့ကို ခံစားမိစေသည့်အတွက် သဘောကျနှစ်သက်ကြခြင်းဖြစ်သည်။

သုတေသနများအရ လူများစုသည် အပျော်သဘော၊ ညနေချမ်း၊ ညချမ်းစိတ်ဖြေဖျော်ရန်၊ မိတ်ဆွေများနှင့်အတူအပန်းဖြေရန်တို့ဖြစ်ပြီး အချို့သူများမှာ မိမိတို့ အလုပ်ကို ပိုမိုပြင်းပြင်းထန်ထန်၊ အချိန်ကြာရှည်စွာပြုလုပ်နိုင်ရန် ခွန်အားရယူလိုခြင်းဖြစ်ပြီး အခြားအကြောင်းများကြောင့်ဖြစ်သည့်အတွက်ငွေကြေးချမ်းသာသည့် အသိုင်းအဝိုင်းမှ လူငယ်များလည်း အသုံးပြုမှု များပြားကြကြောင်း ဘားနက်အင်စတီကျူ့ဒ်မှ ထုတ်ဝေသည့် လက်ကမ်းစာစဉ်တွင် ဖော်ပြထားသည်။

“စိတ်ကြွဆေးဆိုတာ ဝယ်ရတာ အရမ်းလွယ်တယ်။ တက္ကသိုလ်တက်ရင်းနဲ့ သုံးဖြစ်တာ ခြောက်နှစ်လောက် စွဲသွားတယ်။ စိတ်ကြွဆေးက သုံးထားတဲ့အချိန်ဆိုရင် စိတ်က အရမ်းကြည်လင်နေတယ်။ တိမ်တွေပေါ် လမ်းလျှောက်နေရသလိုပဲ။ အလုပ်တစ်ခုခုလုပ်ပြီဆိုရင်လည်း တစ်စိုက်မတ်မတ်ပဲ လုပ်နိုင်တယ်။ ဒါပေမဲ့ မသုံးရတဲ့အချိန်မှာတော့ ‘ယဉ်းကိုက်’ တယ်လို့ ခေါ်တယ်။ စိတ်မငြိမ်ဘူး၊ ရင်ဘတ်ထဲမှာ ယားသလို ခံစားရတယ်။ ရင်ပူတာတွေဖြစ်တယ်။ ရန်ကုန်မှာအလုပ်လာလုပ်မှဆေးပြတ်သွားတာ။ ဒီမှာကတော့ လုပ်လို့မရဘူး။ အဖမ်းခံရမယ်လေ”ဟု လက်ရှိ ရန်ကုန်မြို့တွင် အလုပ်လုပ်ကိုင်နေပြီး ရှမ်းပြည်နယ် မှ ပြောင်းရွှေ့လာသည့် ဆေးသုံးစွဲဖူးသူ အမျိုးသားတစ်ဦးက ပြောသည်။

စွဲမက်စရာ မကောင်းလှသော ရုပ်ပိုင်းဆိုင်ရာ ယာယီအကျိုးသက်ရောက်မှုများမှာ ပြောနေ၊ စဉ်းစားနေသော အကြောင်းအရာများ ရုတ်တရက် ပြောင်းလဲသွားခြင်း (ထို့ကြောင့် ဆေးသုံးသူပြောပုံ၊ စဉ်းစားပုံကို နားလည်နိုင်ရန် မလွယ်ကူစေပါ) ၊ ကြောက်စိတ်မွန်ခြင်း၊ စိတ်သောကရောက်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ပျို့ခြင်း၊ ခံတွင်းခြောက်ခြင်း၊ မူးဝေခြင်း၊ ရန်လိုခြင်း၊ ဒေါသဖြစ်လွယ်ခြင်း၊ ဖျားနာ၍မဟုတ်ဘဲ လွန်လွန်မင်းမင်း ကိုယ်အပူချိန်တက်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း လက္ခဏာများအား အက်ဖီတမင်း ခန္ဓာကိုယ်ထဲ ရှိနေသည့်အချိန်တွင် ခံစားရနိုင်ကြောင်း သိရသည်။

စိတ်ကြွဆေး၏ အကျိုးအာနိသင်သည် ဦးနှောက်ဖွဲ့စည်းပုံအား ထိခိုက်သဖြင့် ဆေးကု၍ မရတော့သည်အထိ ရူးသွားခြင်းပင်ဖြစ်သည်။ အနောက်နိုင်ငံများတွင် ဘိန်းထက် အသုံးများသည့် ဆေးဝါးဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများ၌ ဂျပန်၊ ကိုရီးယားနိုင်ငံများတွင် သုံးစွဲမှုများပြားပြီး မြန်မာနိုင်ငံတွင် လက်ရှိဘိန်းအသုံးပြုမှု များပြားနေသော်လည်း ဖမ်းမိသည့် စာရင်းများနှင့် စိတ်ရောဂါကု ဆေးရုံများသို့ စိတ်ကြွဆေးသုံးစွဲပြီး ရောက်လာကြသော လူနာစာရင်းများအရ တဖြည်းဖြည်း လူငယ်ထုအတွင်း သုံးစွဲမှု များပြားလာကြောင်း သိနိုင်သည့် အချက်များပင်ဖြစ်ကြောင်း HIV နှင့် ပတ်သက်သည့် လုပ်ငန်းများ ဆောင်ရွက်နေသော ထိုအဆင့်မြင့် အရာရှိက ဆက်လက်ပြောသည်။

အုပ်ချုပ်မှုဒေသ ၁၇ ခုရှိသည့်အထဲ ၁၆ နေရာတွင် ဖမ်းမိသည့် သတင်းများ ရှိနေသည့်အတွက် ယင်းမှာ နိုင်ငံတစ်ဝန်းလုံး စိတ်ကြွဆေးများ ရနေခြင်းကို မီးမောင်းထိုးပြထားခြင်းပင် ဖြစ်သည်။ သို့သော် အများစုမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ အရှေ့ပိုင်းများရှိ ထုတ်လုပ်မှုဇုန်များနှင့် နီးစပ်သည့် နေရာများတွင် ပိုမိုဖမ်းမိကြောင်း UNODC ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ရှမ်းပြည်နယ်အတွင်းရှိဘိန်းနှင့် ဆက်စပ်သည့် ဆေးဝါးများ ထုတ်လုပ်နေသည့်နေရာများတွင် အသုံးပြုမှုမှာ ယခင်ကတည်းကများပြားနေသော်လည်းယခုနှစ်များအတွင်းရန်ကုန်၊မန္တလေးအထူးသဖြင့် စစ်ကိုင်းတိုင်းအတွင်းရှိ နေရာများသို့ပါ အသုံးပြုမှုများ ပြားလာကြောင်း အဆင့်မြင့် အရာရှိကပြောသည်။

“၂၀၀၀ ဝန်းကျင်လောက်က လုပ်ခဲ့တဲ့ သုတေသနအချို့အရ စိတ်ကြွဆေးသုံးစွဲမှုမရှိဘဲ ဒိုင်ယာစီဇင်လောက်ကိုသာ အနည်းငယ်စမ်းသပ်သုံးစွဲတာကို တွေ့ရှိရတယ်”ဟု မူးယစ်ဗဟိုရုံးမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

“စိတ်ကြွဆေးက ဘိန်းလိုမျိုး မစွဲဘူး။ အန္တရာယ်လည်း မကြီးမားပါဘူးဆိုပြီး သုံးကြတယ်။ ဒါပေမဲ့ တွေ့ဖူးတဲ့ လူနာတွေထဲမှာဆိုရင် တစ်ခါလောက်သုံးပြီး စိတ်ဖောက်ပြန်သွားလို့ ရောက်လာတဲ့ လူနာတွေလည်းရှိတယ်။ သူက ဆေးပြတ်သွားရင် ဘိန်းလို ခန္ဓာကိုယ်က တောင့်တပြီး ယင်းထတာမျိုး မရှိတဲ့အတွက် ဘိန်းလိုမစွဲဘူးလို့ ပြောကြပေမယ့် စိတ်ကစွဲလမ်းမှုတော့ ရှိတယ်။ နယ်ဘက်ဆိုရင် စိတ်ဖောက်ပြန်ပြီး ရောက်လာလို့ လူနာနောက်ကြောင်းရာဇဝင်ကို မေးလိုက်ရင် အများစုက ဆေးချထားလို့စိတ်ဖောက်ပြန်တာပဲ”ဟု ကရင်ပြည်နယ်အတွင်း လက်ရှိတာဝန်ထမ်းဆောင်နေသည့် စိတ်ရောဂါအထူးကု ဆရာဝန်တစ်ဦးကပြောသည်။

“တချို့ကလပ်တွေမှာလည်း လွယ်လွယ်ဝယ်နိုင်တယ်။ နမူနာလိုက်ဝေနေတာတွေတောင်ရှိတယ်လို့ကြားမိတယ်။ ပျော်ချင်ပါးချင်တဲ့ အထက်တန်းလွှာက သူတွေလည်း အများအပြား သုံးစွဲကြတဲ့အခါ စိတ်ကြွဆေးသုံးတဲ့သူတွေက မြုပ်နေတယ်”ဟု အဆင့်မြင့် အရာရှိကပြောသည်။

စိတ်ကြွဆေး ရောင်းဝယ်ဖောက်ကားမှုများအား ဥပဒေပြဋ္ဌာန်းချက်များအရ ဘိန်းရောင်းဝယ်မှုများကဲ့သို့ အပြစ်ဒဏ် ပေးနိုင်သော်လည်း စိတ်ကြွဆေးသုံးစွဲထားသူများအား ဥပဒေအရ အရေးယူ အပြစ်ဒဏ်ပေးခြင်း မရှိပေ။

“လက်ရှိ ကျင့်သုံးနေတဲ့ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများဆိုင်ရာ ဥပဒေအရ မူးယစ်ဆေးဝါးသုံးစွဲသူအနေနဲ့ နိုင်ငံတော်က သတ်မှတ်ထားတဲ့ ဆေးကုဌာနများ (သို့မဟုတ်) ဆေးကုဂေဟာများမှာ တရားဝင် သွားရောက်မှတ်ပုံတင်ပြီး ဆေးကုသမှုခံယူရမယ်။ အဲဒါကို ပျက်ကွက်ရင်တော့ အရေးယူအပြစ်ပေးခံရမယ်”ဟု မူးယစ်ဗဟိုမှ တာဝန်ရှိသူက ဆက်လက်ပြောသည်။

ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးများ ရောင်းဝယ်ဖောက်ကားခြင်းများအား အမြဲမပြတ် စောင့်ကြည့်ပြီး တားဆီးနှိမ်နင်းရေး အဖွဲ့များမှာလည်း ထိရောက်စွာ အရေးယူလျက်ရှိသည်။ စိတ်ကြွဆေး အန္တရာယ်အား ကျောင်းသားထုနှင့် ပြည်သူလူထုအတွင်း ပိုမိုပညာပေးခြင်းများကိုလည်း ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း မူးယစ်ဗဟိုမှ သိရသည်။

ချောင်းဆိုးပျောက်ဆေးအချို့အား စိတ်ကြွဆေးအဖြစ် အသုံးပြုမှု များပြားသည့်အတွက် ဆေးဆိုင်များတွင် ချောင်းဆိုးပျောက်ဆေးရည်များ ရောင်းဝယ်မှု ပိတ်ပင်ထားသော်လည်း အချို့သောနေရာများတွင် ဘိန်းမည်းအား အရည်ဖျော်ပြီး ချောင်းဆိုးပျောက်ဆေးများနှင့် တွဲဖက်သုံးစွဲခြင်း၊ နေရာဒေသအလိုက် ဆေးအမျိုးမျိုးစပ်၍ သုံးစွဲခြင်းများလည်းရှိကြောင်း သိရသည်။

ပြည်တွင်းတွင် စိတ်ကြွဆေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိမှုသေချာသော ကိန်းဂဏန်းလည်း မရှိသေးသည့်အတွက်နိုင်ငံတကာမှထောက်ပံ့သည့် ငွေကြေးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့များမှလည်း စိတ်ကြွဆေးနှင့် ပတ်သက်သည့် ပညာပေး၊ ကာကွယ်၊ ကုသမှုများ ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများလည်း မရှိသေးကြောင်း သိရသည်။

စိတ်ကြွဆေးသည် ထုတ်လုပ်သည့် စက်ပစ္စည်းရှိလျှင်ပင် မိသားစုစီးပွားရေးအနေဖြင့် ထုတ်လုပ်နိုင်သည့် အခြေအနေရှိပြီး အမြတ်အစွန်းများစွာ ရသည့်အတွက် ယခင်ကဲ့သို့ တစ်ဦးတည်း အများအပြားထုတ်လုပ်ဖြန့်ချိခြင်းထက် လူအများမှ အနည်းငယ်ဆီ ထုတ်လုပ်လာသည့်အတွက် ထုတ်လုပ်မှုပမာဏမှာလည်း တိုးမြင့်လာပြီး သုံးစွဲမှုများလည်း များပြားလာခြင်းဖြစ်ကြောင်း ပညာရှင်များမှ သုံးသပ်ပြောကြားသည်။

“ဒါပေမဲ့ အခုတော့ သုံးစွဲမှုက များလာတော့ တဖြည်းဖြည်းနဲ့ အဖွဲ့အစည်းတွေကလည်း ပြောလာကြပြီ။ နိုင်ငံတကာရဲ့ အတွေ့အကြုံတွေလည်း လေ့လာနေကြပါပြီ”ဟု အဆင့်မြင့် အရာရှိက ပြောသည်။

# မသန်စွမ်းသူများအား အိမ်အရောက် ကုသပေးသော ဝန်ဆောင်မှုပေါ်ပေါက်

ဝတ်ရည်အောင်

ရန်ကုန်၊ စက်တင်ဘာ - ၁၃

ဆေးကုသမှုလက်လှမ်းမီသည့်နေရာများရှိမသန်စွမ်းသူများအား ရွှေ့လျား ဆေးကုသခြင်းဝန်ဆောင်မှုကို လစဉ် နေရာရွေးချယ်၍ သွားရောက်ဆေးကုသပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှသိရသည်။

ထိုကဲ့သို့ ရွှေ့လျားဆေးကုသပေးသည့် ဝန်ဆောင်မှုမျိုးကို ရွှေပြည်သာမြို့နယ်တွင်ပထမဆုံးဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ မှော်ဘီ၊ တောင်ဒဂုံ၊ သဃ်န်းကျွန်း၊ ကွမ်းခြံကုန်း စသည့်နေရာများနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း သွားရောက် ဆေးကုသစစ်ဆေးပေးမည်ဖြစ်ကြောင်း အတွင်းရေးမှူးဦးအေးကိုကိုကပြောသည်။

“သူတို့ရဲ့ သွားလာရေးအခက်အခဲတွေကြောင့် Mobile Team နဲ့ လာပြီးကုသမှုရမှာ။ သူတို့အနေနဲ့ ဘယ်လောက်ပဲ ကုသချင်နေပါစေ ပုံမှန်လူထက် သွားလာရေးစရိတ်တွေ ပိုကုန်ကျတာတွေကြောင့် မလာနိုင်ကြဘူး။ အခုတော့ ကနဦး ရန်ကုန်အနီးတစ်ဝိုက်ကို လိုက်ပြီး ကုပေးမယ်။ ဒါဆိုရင် တခြားဒေသတွေအလိုက် ကူညီပေးမယ့်သူတွေရှိလာမှာပါ။ ရှိမယ်လို့လည်း မျှော်လင့်ပါတယ်” ဟု ဆေးကုသပေးသည့်အဖွဲ့တွင် ပါဝင်သည့် ပါမောက္ခ ဒေါ်ခင်ဝင်းဝင်းမြင့်ကပြောသည်။

ကိုယ်အင်္ဂါမသန်စွမ်းသူများသည် လူတိုင်းဖြစ်တတ်သည့် ကျန်းမာရေးပြဿနာများအပြင် အရိုးနှင့်ပတ်သက်သော ရောဂါများလည်း ပိုမိုဖြစ်ပွားကြပြီး စစ်ဆေးကုသမှုများတွင် အကြီးစားကုသမှုများ ဆောင်ရွက်ရမည်ဆိုပါကလည်း သက်ဆိုင်ရာဆေးရုံများ၌ အခမဲ့ကုသမှုများ ရရှိစေရန် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

“အရင်တုန်းက ကျွန်တော်တို့ တက်ရောက်ကုသခဲ့တဲ့ဆေးရုံမှာဆိုရင် အခမဲ့ပဲကုသခဲ့ရတာ။ အခုကတော့ မရတော့ဘူး။ မသန်စွမ်းသူတွေ အများစုကလည်း အခြေခံလူတန်းစားတွေဖြစ်တဲ့အတွက် ငွေကြေးမတတ်နိုင်ကြတဲ့အခါ ဒီမှာ စစ်ဆေးလို့ ဆရာမကြီး ကုသနိုင်တဲ့ရောဂါတွေဆိုရင်တော့ ဆရာမကြီးက ဆက်ကုပေးမယ်။ ဆေးရုံတွေမှာ ကုသရမယ့် ရောဂါမျိုးဆိုရင်တော့ ဆရာမကြီးလက်မှတ်၊ အသင်းရဲ့ ထောက်ခံချက်နဲ့ အခမဲ့ဆေးကုသနိုင်အောင် စီစဉ်ပေးသွားမယ်”ဟု အတွင်းရေးမှူး ဦးအေးကိုကိုကပြောသည်။

ရွှေပြည်သာမြို့နယ်အတွင်း ရပ်ကွက် ၂၃ရပ်ကွက်တွင် ကိုယ်အင်္ဂါမသန်စွမ်း၊ ဆွံ့အနားမကြား၊ ဉာဏ်ရည်မမီသည့် လူပေါင်း ၁,၅၀၀ ခန့်ရှိသည်ဟု ခန့်မှန်းထားကြပြီး မြန်မာတစ်နိုင်ငံလုံးတွင် ၁ ဒသမ ၃ သန်းခန့်ရှိနိုင်သည်ဟု ခန့်မှန်းထားကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတွင် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းက ရုံးခွဲ ၁၈ရုံး ဖွင့်လှစ်ထားပြီး နောက်ထပ်လေးနေရာတွင်လည်း ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆေးကုသပေးသည့်အဖွဲ့တွင် ပါမောက္ခဒေါက်တာဒေါ် ခင်ဝင်းဝင်းမြင့်၊ ဓာတ်ခွဲခန်းမှူးဒေါ် မွေးကြူကြူနှင့် ဒေါက်တာသူရ အောင်တို့ပါဝင်ပြီး ဆေးကုမ္ပဏီများက အချို့ဆေးဝါးများကို လှူဒါန်းခဲ့ကာ ကုသမှုကုန်ကျစရိတ်ကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းက စိုက်ထုတ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆေးဝါးကုသမှုများအတွက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း အမှတ် ၅၁၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်တွင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ရွှေလီကျယ်ကောက် ချစ်ကြည်ရေးဆေးခန်း

တရုတ်တိုင်းရင်းဆေးပညာ နှင့်အနောက်တိုင်းဆေးပညာပူးပေါင်း

ရောဂါစစ်ဆေးကုသရေးဆေးခန်း

အမျိုးသမီးသားအိမ်လည်တံပုပ်သိုးခြင်း၊ အစောပိုင်းကိုယ်ဝန်စစ်ဆေးခြင်း၊ ရာသီလာချိန်မမှန်ကန်ခြင်း၊ ကလေးမမွေးနိုင်ခြင်း၊အမျိုးသမီးရောဂါများကုသခြင်း၊ စအိုနှင့် အူလမ်းကြောင်းရောဂါကုသခြင်း၊ အမျိုးသားရောဂါများကုသခြင်း၊



တရုတ်တိုင်းရင်းဆေးပညာဖြင့်ရောဂါများကုသခြင်း၊ ကျောက်တည်ရောဂါကုသခြင်း စသည့်ရောဂါအမျိုးမျိုးကို ကုသပေးနေပါသည်။

အမှတ်(၃၁)၊ ဟမ်းမောက်လမ်း၊ ကျယ်ကောက်မြို့၊ ရွှေလီ။
(ဆင်ဖြူပေါက်အဝင် ညာဘက်လမ်း၊ ဖူဟောင်ဟော်တယ် အနောက်ဘက်)
ဆက်သွယ်ရန် - (တရုတ်ဖုန်း) ၀၆၉၂-၄၆၆၀၄၇၇ (မြန်မာဖုန်း) ၀၉-၄၂၁၇၄၂၇၉၉

Regional
7DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

## မြို့သစ်မြေကွက်များတွင် ကျူးကျော်နေထိုင်သူများ ဖယ်ရှားပေးရန် မန္တလေးမြို့တော်ဝန် တောင်းဆို

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ - ၁၅**

နိုင်ငံတော်အစိုးရက မြို့ကွက်သစ်ဖော်ထုတ်ရန်အတွက် သိမ်းယူပြီးဖြစ်သော မန္တလေးမြို့ မြို့ကွက်သစ်မြေများပေါ်တွင် တရားမဝင်နေထိုင်သူများ ဖယ်ရှားပေးရန် မြို့တော်ဝန်ကိုယ်တိုင်တွေ့ဆုံ အသိပေးခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးမြို့ ချမ်းမြသာစည် မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်အတွင်းရှိ ကွက်သစ်မြေများပေါ်တွင် နေထိုင်နေသူများအား မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးများတွင် ယခုလ ၁၁ ရက်နှင့် ၁၄ ရက်က ခေါ်ယူတွေ့ဆုံခဲ့သည်။ မြို့တော်ဝန်ကမန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်အောင်သာယာရပ်ကွက်၊မြရည်နန္ဒာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် ကံကြီးကုန်းကျေးရွာ၊ဇီးအုပ်ကျေးရွာနှင့်ရွာသစ်ကလေးကျေးရွာ၊ အမရပူရမြို့နယ်နတ်ရေကန် ကျေးရွာအတွင်းရှိ ကျူးကျော်တဲများနှင့် တရားမဝင် ဝင်းခြံများတွင်နေထိုင်နေသူများအား တွေ့ဆုံကာရှင်းလင်းပြောကြားခဲ့သည်။

မြို့တော်ဝန်က ယခုလက်ရှိနေထိုင်နေသူများသည်တရားမဝင်နေထိုင်နေခြင်းဖြစ်၍ ဖယ်ရှားပေးရမည့်ရက်လည်း ကျော်လွန်လာသောကြောင့် မိမိတို့ အစီအစဉ်ဖြင့် အေးချမ်းစွာ ဖယ်ရှားပေးစေလိုကြောင်း၊ဖယ်ရှားပေးခြင်းမရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရလည်းကောင်း၊တရားဥပဒေနည်းလမ်းအရလည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

၎င်းတို့နေထိုင်နေသော မြေ များသည် ၁၉၉၂ ခုနှစ်ကတည်းက နိုင်ငံတော်က တရားဝင်သိမ်းကာ မြို့ကွက်သစ်ဖော်ထုတ်ရေး လုပ်ငန်းအဖွဲ့သို့ မြို့တိုးချဲ့ရေးအတွက် လန ၃၉ ခွင့်ပြုမိန့်ချထားခဲ့ပြီး တောင်သူများကိုလည်း နစ်နာကြေးအဖြစ် ငွေကြေးနှင့်မြေကွက်များ သိမ်းယူမှုအလိုက် ပြန်လည်ပေးအပ်ခဲ့ကြောင်း၊ ယခုလက်ရှိ ကျူးကျော်ဝင်ရောက်နေထိုင်သူများတွင် မူလလယ်ပိုင်ရှင်အချို့နှင့် မသိနားမလည်၍ဝယ်ခဲ့မိသူအချို့ပါဝင်ပြီး ဖယ်ရှားရှင်းလင်းရန်အတွက် ချမ်းမြသာစည်မြို့နယ်အား စက်တင်ဘာ ၁၆ ရက်နောက်ဆုံးနှင့်ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်များအား စက်တင်ဘာ ၁၉ ရက် နောက်ဆုံးဖယ်ရှားပေးရန် အချိန်သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကလည်း အသံချဲ့စက်များမှ ဆော်ဩခြင်း၊ မြေစိုက်ပိုစတာများဖြင့် သတင်းစာတွင် ကြေညာခြင်းများ ပြုလုပ်သွားပြီး သတ်မှတ်ရက်ကျော်လွန်ပါက လုံလောက်သောအင်အား၊ ယန္တရားယာဉ်များဖြင့် ဖယ်ရှားရှင်းလင်းကာ လမ်းဖောက်ခြင်း၊ မြေကွက်ရှင်းလင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန်းစည်ပင်မြေယာစီမံခန့်ခွဲရေးဌာနမှ ဌာနမှူးဦးတင်ထွန်းကျော်က ပြောသည်။

ပခုက္ကူမြို့မှ မန္တလေးမြို့သို့ အလုပ်လာရောက်ရင်း ယင်းချမ်းမြသာစည်မြို့နယ် မြို့ကွက်သစ်များမှ မြေကွက်ဝယ်ယူမိသူ အမျိုးသားတစ်ဦးက "ကျွန်တော်တို့က တောင်သူနဲ့ပွဲစားတွေဆီကနေ ဝယ်လိုက်တာပါ။ သေချာတယ် ဘိုးဘွားပိုင်မြေဆိုလို့ဝယ်လိုက်မိတာ။ ပေလေးဆယ်ခြောက်ဆယ်ကို သိန်းကိုးဆယ်ပေးရတယ်။ ခု ဖယ်ပေးရတော့မယ်ဆိုဘယ်သွားနေရမလဲ"ဟုပြောသည်။ မသိနားမလည်၍ ဝယ်ယူမိခဲ့သူထောင်ချီ၍ ရှိပြီး ၎င်းတို့အတွက်လည်း စဉ်းစားပေးစေလိုကြောင်း ယင်းမြေများပေါ်တွင် ဝယ်ယူနေထိုင်မိသူများကပြောသည်။ ဖယ်ရှားပေးခြင်းမရှိသော ကျူးကျော်နေအိမ်များကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဟု သတင်းရရှိသည်။

# လက်ပန်းတောင်းတောင် လယ်ယာမြေအရေး လှုပ်ရှားသူလေးဦးကို ပြန်လွှတ်ပေး

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ - ၁၄**

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပန်းတောင်းတောင်ကြေးနီတူးဖော်ရေးလုပ်ငန်းကြောင့် ကျေးရွာပိုင်မြေနှင့် လယ်ယာမြေဆုံးရှုံးနစ်နာမှု မရှိစေရေးအတွက် ဦးဆောင်လှုပ်ရှားသူ လေးဦးကို စက်တင်ဘာ ၁၄ ရက် ညနေပိုင်းတွင်ပြည်သူလူထု၏ဆန္ဒနှင့်အညီ လွှတ်ပေးလိုက်ကြောင်းသတင်းရရှိသည်။



ဓာတ်ပုံ - မျိုးမင်းဦး

*ပြန်လည်လွှတ်မြောက်လာသော ဝက်မွေးဒေသခံသုံးဦး*

"အမျိုးသမီးသုံးဦးရဲ့ တရားရုံး လုပ်ထုံးလုပ်နည်းအရ ၂၄ ရက်နေ့မှ ရမန်ပြည့်မယ်။ ဒီနေ့မှာလွှတ်ပေးစေချင်တယ်လို့တောင်းဆိုလို့ ဝန်ကြီးချုပ်က တရားရေးပညာရှင်တွေနဲ့ တိုင်ပင်ပြီး စီစဉ်ပေးပါတယ်။ အခု သူတို့ထုတ်လို့ရအောင်အာမခံနဲ့ထုတ်လာတယ်။ ရမန်ပြည့်တဲ့ ၂၄ ရက်နေ့မှ အမှုပိတ်သိမ်းပေးမယ်လို့ပြောပါတယ်" လွတ်မြောက်လာသူများကို ၎င်းတို့ကျေးရွာအရောက် ပို့ဆောင်ပေးခဲ့သော ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုဂျင်မီက ပြောသည်။

"မုံရွာအမှတ်(၁) စခန်းမှာတော့ဆွဲရမ်းတာ၊ အတင်းအဓမ္မ အချုပ်ခန်းကထုတ်တာတွေရှိတယ်။ ဒီအတွက်လည်း သက်ဆိုင်ရာကို တရားစွဲဖို့ပြင်ထားပါတယ်။ မုံရွာထောင်မှာ သုံးယောက်အတူနေတယ်။ ကောင်းကောင်းကျွေးပါတယ်။ နှိပ်စက်တာလုံးဝမရှိပါဘူး။ သူတို့ကျွေးတဲ့ထမင်းကို ရောက်တဲ့နေ့ကနေ လွတ်တဲ့အချိန်အထိ လုံးဝမစားခဲ့ဘူး။ စောစောပိုင်းက ရေမသောက်ဘူးဆိုပြီး နေတာကြောင့် မသွဲ့သွဲ့ဝင်းနဲ့ မဖြူဖြူဝင်းတို့ အားနည်းပြီး ဆေးကုသမှုခံယူခဲ့ရပါတယ်" ဟု မုံရွာအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသော မအေးနက်က ပြောသည်။

လက်ပန်းတောင်းတောင် အရေး ဆောင်ရွက်မှုကြောင့် လွတ်မြောက်လာသူသုံးဦးစလုံးအား ရှေ့ဆက်လုပ်ငန်းများနှင့် ပတ်သက်၍ မေးမြန်းရာ "အခုဆို ၈၈ မျိုးဆက်ကျောင်းသားတွေကလည်း မောင်နှမလိုဖြစ်နေပြီ။ ရွာသူရွာသားတွေ၊ ကျောင်းသားအဖွဲ့တွေနဲ့ တိုင်ပင်ပြီး လက်ပန်းတောင်းတောင်အရေးကို ဆောင်ရွက်သွားမှာပါ။ ဒီလို ဖမ်းလို့ နောက်တော့မဆုတ်ပါဘူး" ဟု မသွဲ့သွဲ့ဝင်းက မုံရွာအကျဉ်းထောင်မှအပြန် ရွာသူရွာသားများအား ပြောကြားသည်။ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုဂျင်မီကလည်း လက်ပန်းတောင်းတောင်အရေးတွင် ရွာသားများနှင့် တစ်သွေးတည်းတသားတည်းရှိနေမည်ဟု ဆိုသည်။

လက်ပန်းတောင်းတောင် အရေး လှုပ်ရှားခဲ့သော မုံရွာမြို့မှ ကိုဝေဠုမှာ ဩဂုတ် ၃၁ ရက် ည ၈ နာရီအချိန်တွင် မုံရွာမှ ရန်ကုန်သို့ သွားသောရွှေစင်စကြာယာဉ်လိုင်း၌ လိုက်ပါစဉ် မြင်းမူမြို့အဝင် တိုးဂိတ်၌ ဖမ်းဆီးခံခဲ့ရပြီး စက်တင်ဘာ ၁၄ ရက် ညနေ ၅ နာရီအချိန်တွင် ချောင်းဦးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ပြန်လည်လွှတ်ပေးခဲ့ကြောင်းသိရသည်။

လက်ပန်းတောင်းတောင်အရေးလှုပ်ရှားသော ဝက်မွေးကျေးရွာသူ သုံးဦးကို မုံရွာအကျဉ်းထောင်မှဝက်မွေးကျေးရွာအရောက် ၈၈ မျိုးဆက်ကျောင်းသားများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတာဝန်ရှိသူများနှင့် မုံရွာမြို့ဒေသခံများက အိမ်တိုင်ရာရောက်လိုက်လံ ပို့ဆောင်ပေးခဲ့ရာ လမ်းတစ်လျှောက် ရာပေါင်းများစွာသော လူအုပ်ကြီးက ပန်းစည်းများဖြင့် ကြိုဆိုခဲ့ကြောင်း သိရသည်။

## လက်ပန်းတောင်းတောင်ဒေသခံများ အချက်နှစ်ချက် တောင်းဆို



ဓာတ်ပုံ - မျိုးမင်းဦး

*လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းတွင် လယ်ယာမြေပြဿနာများကြောင့် ကန့်ကွက်ဆန္ဒပြနေသော ဒေသခံများ*

**ရန်နိုင်ကျော်**

**မုံရွာ၊ စက်တင်ဘာ - ၁၄**

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပန်းတောင်းတောင်ခြေ ဒေသခံများအား စက်တင်ဘာ ၁၃ ရက်တွင် လေ့လာကွင်းဆင်းရာ၌ ဒေသခံ တောင်သူများအားလုံး လိုလားသောအဓိကအချက်နှစ်ချက်အား ဆောင်ရွက်ပေးစေလိုကြောင်း ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန်းလှိုင်က စက်တင်ဘာ ၁၄ ရက်မွန်းလွဲ ၁ နာရီတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

"ကျွန်မတို့ မနေ့က လက်ပန်းတောင်းတောင်ခြေ ကျေးရွာလေးရွာကို အဓိကသွားလေ့လာတယ်။ ရွာသူရွာသားတွေအားလုံး တောင်းဆိုချက်တွေ ခြုံငုံကြည့်မယ်ဆိုရင် အဓိက နှစ်ချက်ပဲရှိတယ်။ ပထမအချက်က မိရိုးဖလာ လယ်ယာလုပ်ငန်း လုပ်ကိုင်ခွင့်ရရေးပါ။ သူတို့အားလုံးကတောင်သူလယ်သမားတွေဆိုတော့လယ်ယာလုပ်ငန်းကိုသိပ်မြတ်နိုးတယ်။ တန်ဖိုးလည်းထားတယ်။ **စာ(၁၈) သို့**



7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

## မိုးထိ မိုးမိဒေသတွင် သတ္တုတွင်းမြို့သစ် ဖွင့်လှစ်မည်ဟုဆို

ကျော်ဇေယျ

ရမည်းသင်း၊ စက်တင်ဘာ-၁၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိ ရွှေတူးဖော်သည့်ဒေသ၌ ရွှေလုပ်သားများ၊ မှီခိုသူများ၊ စီးပွားရေးဆိုင်ရာ ဈေးသည်များအတွက် ရဲစခန်း၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့ ပါဝင်မည့် သတ္တုတွင်းမြို့သစ်အား ဆောက်လုပ်လျက်ရှိပြီး အဆိုပါမြို့အား ယခုနှစ်ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း အမျိုးသားကြီးပွားတိုးတက်ရေးအုပ်စုမှ တာဝန်ရှိသူတစ်ဦးက ယခုလ ၈ ရက်နှင့် ၉ ရက်တွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲ၌ ပြောသည်။

အဆိုပါသတ္တုတွင်းမြို့ကို ရွှေလုပ်သားများ၊ ရွှေလုပ်သား၏ မှီခိုမိသားစုများနှင့် စီးပွားရေးဆိုင်ရာ ဈေးသည်များအတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပြီး Area 1 နှင့် Area 2 ဟု ခွဲဆောက်မည်ဟုဆိုသည်။

အဆိုပါ မိုးထိမိုးမိရွှေဒေသ၌ စုစုပေါင်းလူဦးရေ ၈၈၁၁ ဦး နေထိုင်လျက်ရှိပြီး ယခုလတ်တလောမြို့ ဖွင့်ကာလတွင် အခွန်အခကင်း လွတ်နေထိုင်ခွင့်ပေး မည်ဖြစ်ကြောင်းနှင့် သတ္တုတွင်းမြို့မှာလည်း ၂၅ ရာခိုင်နှုန်း ပြီးစီးမှုရှိနေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# နိုင်ငံပိုင်မြေ ကျူးကျော်နေထိုင်သူများဟုဆိုကာ နေပြည်တော်တွင် လူ ၁၀၀ ကျော်ကို တရားစွဲ

ကျော်ဇေယျ

နေပြည်တော်၊ စက်တင်ဘာ - ၁၃

ယနေ့နံနက် ၁၀ နာရီ မိနစ် ၃၀ အချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တရားရုံးက ဒက္ခိဏသီရိမြို့နယ်မှ နိုင်ငံတော်ပိုင်လယ်၊ ယာမြေများပေါ် ကျူးကျော်နေထိုင်မှုဖြင့် ရွာသား ၆၃ ဦးအပါအဝင် အသက် ၁၈နှစ်ပြည့်ပြီးသူ မိသားစုဝင်များကို အမှုရင်ဆိုင်ရန် ဆင့်ခေါ်ထားကြောင်း သတင်းရရှိသည်။

ဆင့်ခေါ်စာပေးပို့ခံရသူ ရွာသား ၆၃ ဦးရှိပြီး ထိုဆင့်ခေါ်ခံရသော ရွာသားများနှင့်အတူ နေထိုင်ပြီး အသက် ၁၈ နှစ်ပြည့်ပြီးသူအပါအဝင်တရားစွဲဆိုခံရသော ဦးရေ ၁၂၅ ဦးရှိကြောင်း သတင်းရရှိသည်။

“တစ်အိမ်ထောင်ကို တစ်ယောက်နှုန်းနဲ့တရားစွဲတာမဟုတ်ဘူး။ တရားအစွဲခံရတဲ့ တစ်အိမ်ထောင်မှာ ၁၈ နှစ်ပြည့်ပြီးသူတိုင်းကို တရားစွဲတာ။ ကျွန်တော်တို့ မိသားစုဆိုရင် မမာကျန်းတဲ့အမေအိုကြီးတစ်ယောက်အပါအဝင် မိသားစုကိုးယောက်အနက် ရှစ်ဦးက ၁၈ နှစ်ပြည့်ပြီးပြီဆိုတော့ တစ်အိမ်လုံးလိုလိုတရားအစွဲခံရတယ်” ဟု မိသားစုလိုက် တရားစွဲခံရသူကပြောသည်။

“ကျွန်တော်တို့ တရားစွဲခံရသူတစ်ဦးကို အာမခံဖို့ဆိုပြီး လူနှစ်ဦးလိုက်ရတယ်။ ဒီတော့ တရားစွဲခံရတာက ၁၂၅ ဦး အာမခံလိုက်ရတာက ၂၅၀ ဦး စုစုပေါင်း ၃၇၅ ဦးလာရမှာဗျ။ လောလောဆယ်တော့ တတ်နိုင်သူတွေက ဘတ်စ်ကားနဲ့သွားတာရှိသလို ဘတ်စ်ကားခ မတတ်နိုင်လို့ ၁၅ မိုင်လောက်ခရီးကို လမ်းလျှောက်နေကြသူတွေလည်းရှိတယ်။ ဆန္ဒပြတာတော့မဟုတ်ပါဘူး။ သူတို့ဆင့်ခေါ်လို့ လာကြတာပါ” ဟုပြောသည်။

“ဘတ်စ်ကားခက ဒက္ခိဏသီရိမြို့နယ်ကနေ ဇမ္ဗူသီရိမြို့နယ် တရားရုံးကို တစ်ဦးအသွားအပြန် တစ်ထောင်နီးနီးရှိတယ်။ မိသားစုဝင်သုံးဦးလာရမယ်ဆိုရင် ကားခက သုံးထောင်ကျပ်၊ အာမခံပေးသူနှစ်ဦးစီရဲ့ လမ်းစရိတ်က ခြောက်ထောင်ကျပ်အပြင် အာမခံမယ့်သူအတွက် ရပ်ရွာထောက်ခံစာတွေပါ ပါသေးတယ်။ ဘယ်တတ်နိုင်မှာလဲ။ ဒါကြောင့် လမ်းလျှောက်လာကြသူတွေလည်းရှိပါတယ်။ ခုအချိန်ထိတော့ လူ ၆၀ လောက်ပဲ ရောက်သေးတယ်”ဟု ရွှေခဲအင်း ကျေးရွာအုပ်စုနေသူတစ်ဦးက ပြောသည်။

တရားစွဲခံရသော အဆိုပါ ရွာသားများအား ၂၀၁၂ ဇွန်လအတွင်းကလည်း တရားစွဲခဲ့ဖူးကြောင်း၊ ထိုအမှုကို ၂၀၁၂ ဩဂုတ်လအတွင်း ပလပ်အမှုအဖြစ် သတ်မှတ်ခဲ့သော်လည်း ဩဂုတ် ၃၁ ရက်တွင်မူ ပြန်လည်ဆင့်ခေါ်သဖြင့် စက်တင်ဘာ ၁၃ ရက်တွင် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။







## နွားထိုးကြီးမြို့နယ်တွင် ထန်းစရိတ် ထုတ်ချေးမည်

**ခင်ဇာမွန်မြင့်(ဥပဒေ)**
**နွားထိုးကြီး၊စက်တင်ဘာ-၁၀**

နွားထိုးကြီးမြို့နယ်တွင် ထန်းတောင်သူများအတွက် ချေးငွေကို ကျပ်တစ်သိန်းနှုန်းနှင့် ကုန်သွယ်လယ်ယာက ထုတ်ချေးပေးရန် စာရင်းဇယား ကောက်ယူမှုများပြုလုပ်နေကြောင်း သိရသည်။

ထန်းတောင်သူတစ်ဦး၏ ထန်းပင်ပိုင်ဆိုင်မှုပေါ် မူတည်၍ ချေးငွေထုတ်ပေးရန် ရှိသည်။ နွားထိုးကြီးနယ်တွင် ထန်းတောင်သူ ၈,၀၀၀ ကျော်ရှိပြီး ထန်းပင် လေးသိန်းကျော်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ထန်းစရိတ်ချေးငွေကို မကြာမီထုတ်ချေးရန် နွားထိုးကြီးမြို့နယ်ပြရာချောင်းအုပ်စု ထန်းတောင်သူများနှင့် တွေ့ဆုံကာ သဘောထားရယူနေကြောင်း သိရသည်။

ထန်းလျက်ဈေးမကောင်း၍ ထန်းတက်သူနည်းနေပြီဖြစ်သော်လည်း ယခုထန်းချေးငွေကိုမူ ထန်းတောင်သူများက လိုလိုချင်ချင် ရှိကြသည်ဟု ကွင်းဆင်းညှိနှိုင်းမှုတွင်ပါဝင်သူ ဦးအေးကျော်က ပြောသည်။

## မြင်းခြံ-မန္တလေးခရီးသည် သီးသန့်ယာဉ်ပြေးဆွဲ

**ငွေးမောင်မောင်**
**မြင်းခြံ၊စက်တင်ဘာ-၁၀**

မြင်းခြံ-မန္တလေး ပြေးဆွဲနေသော ပြည်တော်အေး မော်တော်ယာဉ်အသင်းက ခေတ်မီလေအိတ် အအေးခန်းကားငါးစီးဖြင့် လူစီးသီးသန့်အဖြစ် ဩဂုတ် ၂၄ ရက်မှစ၍ မြင်းခြံ-မန္တလေးခရီးစဉ် ပြေးဆွဲနေသည်။

ပြောင်းလဲလာသော သယ်ယူပို့ဆောင်ရေး အခြေအနေကြောင့် လူစီးသီးသန့်ယာဉ်သစ်များကို တစ်ဦးလျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲခြင်းဖြစ်ကြောင်း မြင်းခြံပြည်တော်အေး ဂိတ်မှူးက ပြောသည်။

မြင်းခြံပြည်တော်အေးတွင် အမြန်ယာဉ် ၂၄ စီးရှိရာ ၈ စီးခန့်မှာ မြင်းခြံသံမဏိစက်ရုံကို အပ်ရမည့်ကားများ ဖြစ်နေ၍ ကားသစ်များနှင့် အစားထိုးခြင်းလည်းဖြစ်ကြောင်း ၎င်းကဆက်ဆိုသည်။

မြင်းခြံ-မန္တလေးကားများကို ကုန်နှင့်ခရီးသည် ရောတင်ခဲ့ရာမှ ယခုအခါတွင် လူစီးသီးသန့်အဖြစ် မြင်းခြံရှိဝင်း၊ ပြည်တော်အေး၊ ရွှေမြန်မာ ကားအသင်းများက ပြင်ဆင်ပြေးဆွဲရန် စီစဉ်နေကြသည်။

## အောင်ပန်းမြို့တွင် ပထမဆုံးသော ပုဂ္ဂလိက အထက်တန်းကျောင်းဖွင့်လှစ်

**ဇော်ဝင်းမောင်(အောင်ပန်း)**
**အောင်ပန်း၊စက်တင်ဘာ-၁၃**

ရှမ်းပြည်နယ် တောင်ပိုင်းတွင် ပထမဆုံးဖြစ်လာမည့် ပုဂ္ဂလိက အထက်တန်းကျောင်း အဖြစ် အောင်ပန်းမြို့၌ 'ထူးချွန်' ကိုယ်ပိုင် အထက်တန်းကျောင်းကို တရားဝင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

'ထူးချွန်'ကိုယ်ပိုင်အထက်တန်းကျောင်းကိုကိုယ်ပိုင်ကျောင်း မှတ်ပုံတင် ဥပဒေနှင့်အညီ ဖွင့်လှစ်နိုင်ရန် ပညာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ခဲ့ပြီးနောက် ကိုယ်ပိုင်အမှတ် ကက-၁၄/၀၄/၀၀၁၊ ခွင့်ပြုမိန့်ရက်စွဲ 'ဩဂုတ်လ ၂၃ ရက်၊ ၂၀၁၂'ဖြင့် ဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

'ထူးချွန်'ကိုယ်ပိုင်အထက်တန်းကျောင်းကို အောင်ပန်းမြို့ က. ည. န ရုံးအနီးရှိ မြေဧက ၁၆ ဒသ မ ၅ ဧကပေါ်တွင် စာသင်ဆောင်များဆောက်လုပ်ထားပြီး ကျောင်းသားဦးရေ သုံးရာဝန်းကျင် စာသင်ကြားပေးနိုင်ကြောင်း သိရသည်။

## မုံရွာတွင် ဟိုတယ်ဇုန်များအကောင်အထည်ဖော်ရန် နေရာသုံးနေရာအဆိုပြု

**ရန်နိုင်ကျော်**
**မုံရွာ၊ စက်တင်ဘာ - ၁၅**

အထက်မြန်မာနိုင်ငံ၏ စီးပွားရေးမြို့ကြီးတစ်မြို့ဖြစ်သော မုံရွာမြို့တွင်ဟိုတယ်ဇုန်သုံးနေရာအကောင်အထည်ဖော်ရန် ချင်းတွင်းမြစ်ဆိပ်ကမ်းအနီးကို အဆိုပြုရွေးချယ်ထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာအိုးအိမ်ဖွံ့ဖြိုးဦးစီးဌာန၊ မြို့ပြနှင့် ဒေသစီမံကိန်းဌာနဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။



မုံရွာအနီးရှိ ခရီးသွားဆွဲဆောင်မှုနေရာဖြစ်သော ဖိုဝင်တောင်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"မုံရွာမြို့အဝင် ချင်းတွင်းမြစ်ဆိပ်ကမ်း၊ အိုးဘိုထောင်အင်းအနောက်ဘက် ချင်းတွင်းမြစ်ပတ်လမ်းဘေးနဲ့ အောင်ဇေယျအိမ်ရာစီမံကိန်းချင်းတွင်းမြစ်ကမ်းဘေးကိုရွေးချယ်အဆိုပြုထားပါတယ်" ဟုဒေါ်အေးအေးမြင့်က အလုပ်ရုံဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားခဲ့သည်။

"မုံရွာမြို့ဟာ တိုင်းမြို့တော်ဖြစ်တာနဲ့အညီ စီးပွားရေးလုပ်ငန်းရှင်တွေ ဝင်ထွက်သွားလာနေတဲ့နေရာဖြစ်ပါတယ်။ မုံရွာမြို့ပေါ်မှာ တည်းခိုခန်းတွေသာများတယ်။ ဟိုတယ်အဆင့်က သုံးလုံးလောက်ရှိတယ်ဆိုတော့ တည်းခိုတဲ့ နေရာမှာ အခက်အခဲရှိပါတယ်။ ဝန်ဆောင်မှုကောင်းတဲ့ ဟိုတယ်နဲ့ တည်းခိုခန်းတွေက အမြဲတမ်းလူပြည့်နေတာများတော့ ခရီးသည်တွေနားခိုဖို့ အခက်အခဲတွေရှိတယ်။ အခုလို ဟိုတယ်ဇုန်တည်ဆောက်ပေးဖို့ နေရာချထားပေးမယ်ဆိုရင်တည်းခိုသူတွေအတွက် အဆင်ပြေနိုင်ပါတယ်" ဟု မုံရွာဒေသခံ တည်းခိုခန်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဟိုတယ်ဇုန် တည်ဆောက်ရေးအဆိုပြုချက်တွင် ချင်းတွင်းမြစ်ကမ်းနားပတ်လမ်းနှင့် အိုးဘိုထောင်အင်းဘေးမြေနေရာ (၅၅) ဧကခန့်၊ မုံရွာမြို့အဝင် ချင်းတွင်းမြစ်ကမ်းဘေးနေရာ မြေနေရာ (၁၁၅) ဧကခန့်၊ အောင်ဇေယျမြို့သစ် စီမံကိန်း ဟိုတယ်တည်ဆောက်ရေးမြေနေရာ (၉၀) ဧကခန့်လျာထားကြောင်း သိရသည်။

## တရားမဝင် သယ်ဆောင်လာသော အမဲသားများဖမ်းမိ

**စိုင်းသာအောင်**
**မန္တလေး၊ စက်တင်ဘာ-၁၀**

မန္တလေးမြို့တော်စည်ပင်ဧရိယာအတွင်းသို့မိတ္ထီလာဘက်မှ တရားမဝင်အမဲသားများ မှောင်ခိုတင် သွင်းလျက်ရှိကြောင်း သတင်းအရမန္တလေးမြို့တော်စည်ပင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်မျိုးဆန်းပါ တပ်ဖွဲ့ဝင်ငါးဦးသည် စက်တင်ဘာ ၇ ရက် နံနက်က မန္တလေး-ရန်ကုန် လမ်းမကြီး ပြည်ကြီးတံခွန်မြို့နယ် သံလမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် အမဲသားနှင့် ဝမ်းတွင်းကလီစာများ တင်ဆောင်လာသော လိုက်ထရပ်အဖြူရောင် ကားတစ်စီးဖမ်းဆီးရမိခဲ့သည်။ မြို့တော်စည်ပင်ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက "ကျွန်တော်တို့ဆီကို စက်တင်ဘာ ၆ ရက်က တာဝန်သိပြည်သူတစ်ဦးဆိုပြီး တယ်လီဖုန်းသတင်းပို့ပါတယ်။ ဒါနဲ့ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေဟာ စက်တင်ဘာ ၇ ရက် နံနက် ၃ နာရီမှာ မှောင်ခိုအမဲသားတွေ ဖမ်းဆီးရမိတာပါ။ အမဲသား ၅၀၅ ပိဿာ၊ ကလီစာ ၇၇ ပိဿာပါ" ဟု ဆိုသည်။ ယင်းသို့ ဖမ်းဆီးရမိသည့် တရားမဝင် အမဲသားသယ်ဆောင်လာသူဦးမင်းအောင်(ခ)ဦးကောက်ရိုး၊ ဦးအောင်ကျော်မင်း(ခ)ပါဆ လူး၊ ဦးဇော်ဇော်လင်း(ခ)မန်ချက်နှင့် ဦးဇေယျာမောင်တို့ကို မြို့တော်စည်ပင်အက်ဥပဒေ ပုဒ်မ- ၂၆ ဖြင့်လည်းကောင်း၊ တရားမဝင် မှောင်ခိုအမဲသားသယ် ဆောင်လာသော လိုက်ထရပ်အဖြူရောင် ၁၈/××× နှင့် ယာဉ်မောင်းဖိုးခဲအားလည်းကောင်း မြို့တော်စည်ပင်အက်ဥပဒေ ပုဒ်မ- ၂၆ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

## ကြေးနီဒုတ္တာနွံနစ်မြေနှင့် အက်ဆစ်စက်ရုံများကြောင့် ကံကုန်းကျေးရွာတွင် ကျန်းမာရေးနှင့် ဂေဟစနစ်ပျက်စီးမှုကို စိုးရိမ်ဟုဆို

**မျိုးမင်းဦး**
**မုံရွာ၊ စက်တင်ဘာ - ၁၅**

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကြေးစင်တောင်နှင့် စံပယ်တောင် ကြေးနီသတ္တုတူးဖော်ရေးလုပ်ငန်း အနီး ကံကုန်းကျေးရွာတွင် ဒုတ္တာနွံနစ်များ ဖုံးလွှမ်းနေခြင်း၊ အနီးပတ်ဝန်းကျင်ရှိ အက်ဆစ်စက်ရုံမှထုတ်လွှင့်သော အက်ဆစ်ငွေ့များအကြားတွင် ကံကုန်းကျေးရွာ ဒေသခံများ၏ ကျန်းမာရေးနှင့် ဂေဟစနစ်ပျက်စီးဆုံးရှုံးမည်ကိုစိုးရိမ်မိကြောင်း ပုလဲမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန်းလှိုင်က စက်တင်ဘာ ၁၄ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

"မနေ့က ဆားလင်းကြီးမြို့နယ်အတွင်းက ကျေးရွာတွေကို သွားရောက်လေ့လာတဲ့အခါ အပြန်ခရီးကံကုန်းကျေးရွာအနီးမှာ ဒုတ္တာမြေရဲ့အနံ့တွေ၊ အက်ဆစ်စက်ရုံရဲ့အနံ့တွေရှုရှိုက်မိပါတယ်။ အက်ဆစ်စက်ရုံအနီးက စာသင်ကျောင်းက စာသင်နေတဲ့ကလေးတွေနဲ့ ကျေးရွာသားတွေရဲ့ကျန်းမာရေးကို စိုးရိမ်မိပါတယ်။ အက်ဆစ် စက်ရုံကထွက်တဲ့ မီးခိုးကိုကြည့်ပြီး ရွာဘက်လေသင့်တဲ့အချိန်မှာ အက်ဆစ်စက်ရုံရပ်နားထားတယ်တော့ပြောပါတယ်။ ဒီရွာအတွက်တော့ စိုးရိမ်မိပါတယ်လို့ပြန်ပြောခဲ့တယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကံကုန်းကျေးရွာပတ်သက်၍ ပြောကြားခဲ့သည်များကို ဒေါ်ခင်စန်းလှိုင်က သတင်းထောက်များအား ပြန်လည်ပြောကြားခဲ့သည်။

ကံကုန်းကျေးရွာ ဒုတ္တာနွံနစ်ဖုံးလွှမ်းခြင်းနှင့် ပတ်သက်၍ "အမြုပ်ထသန့်စင်စက်ရုံကြီးက စွန့်ပစ်တဲ့ရေတွေမှာအကုန်လုံးမသန့်စင်နိုင်တဲ့ ကြေးနီစွန့်ပစ်ရေတွေကြောင့် ကံကုန်းကျေးရွာတစ်ဝိုက်မှာ ဒုတ္တာနွံနစ်တွေလွှမ်းသွားဖူးတယ်။ စွန့်ပစ်ရေတွေနဲ့ပါလာတဲ့ ဒုတ္တာနွံနစ်တွေကိုတစ်ပိုင်တစ်နိုင်ကြေးနီချက်တဲ့ နည်းပညာရလိုက်တဲ့နောက်ပိုင်း ကံကုန်းကျေးရွာတစ်ဝိုက် လယ်ယာမြေတွေနဲ့ ရေတွင်းတွေက ရေတွေ ပျက်စီးကုန်တယ်။ ကံကုန်းကျေးရွာသောက်သုံးရေးအခက်အခဲ မရှိစေရေးအတွက် မြန်မာဝမ်ပေါင်ကုမ္ပဏီက သောက်ရေသန့်စက်တစ်လုံးနဲ့မြေအောက်အနက်ပေ (၂၀၀) ခန့်ရှိတဲ့ရေတွင်းတစ်တွင်းကို (FEC 6951.40) အကုန်အကျခံတူးဖော်ပေးခဲ့ပါတယ်" ဟုမြန်မာဝမ်ပေါင်ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောသည်။ ဒုတ္တာနွံနစ် ဖုံးလွှမ်းခဲ့သည့်နောက်ပိုင်း လယ်ယာမြေများ စိုက်ပျိုးနိုင်ခြင်း မရှိသည့်အတွက် စွန့်ပစ်မြေမှ ဒုတ္တာမြေများအား သယ်ယူ၍ တစ်ပိုင်တစ်နိုင်ကြေးနီချက်လုပ်သူများလွန်ခဲ့သည့် (၁၀) နှစ်ကျော်ကာလက အပြိုင်အဆိုင်ပေါ်ထွက်လာကြသည်။

**TRADEMARK CAUTION**

JAB Distributors, LLC DBA Protect-A-Bed, a Company incorporated in USA at 1500 S Wolf Road, Wheeling, Illinois 60090 is the Owner and Sole Proprietor of the following Trademark:-

**SECURE SEAL**

**Reg: 4/8701/2012**

In respect of : " Mattress covers; pillow covers; box spring covers."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990
20.Sept.2012

**TRADEMARK CAUTION**

JAB Distributors, LLC DBA Protect-A-Bed, a Company incorporated in USA at 1500 S Wolf Road, Wheeling, Illinois 60090 is the Owner and Sole Proprietor of the following Trademark:-

**LUXURY SLEEP STORY**

**Reg: 4/8702/2012**

In respect of : " Bed linen"

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990
20.Sept.2012

**လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရလူငယ်များအတွက်အခွင့်အလမ်းကောင်း**

လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရလူငယ်များအတွက်စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍B.E (Electrical Power)ဘွဲ့ရကျောင်းဆင်းများအားMyanma Power Spectrum Co.,Ltd မှလုပ်ငန်းခွင်လက်တွေ့သင်တန်း(On the Job Training) အမှတ်စဉ်(၁) အဖြစ်သင်တန်း(၆)လပေးသွားမည်ဖြစ်သည်။ Training ကာလအတွင်းသင့်တင့်သောလစာနှင့် Ferry စီစဉ်ပေးမည်။ Training ပြီးဆုံးပါကသင်တန်းဆင်းလက်မှတ်ထုတ်ပေးမည်။ ကုမ္ပဏီတွင်ဆက်လက်၍အလုပ်လုပ်လိုပါကညှိနှိုင်းခန့်ထားပေးမည်စိတ်ပါဝင်စားသူများကုမ္ပဏီသို့ ဆက်သွယ်စုံစမ်း၍လျှောက်ထားနိုင်သည်။သင်တန်းအမှတ်စဉ်(၁)အားအောက်တိုဘာလတွင် စတင်မည်ဖြစ်သည်။

လိုအပ်သည့်အရည်အချင်း
(၁) B.E (Electrical Power) ဘွဲ့ရ၊
ကျောင်းဆင်းခုံနံပါတ်(၁)မှ(၂၀)အတွင်းရှိသူများဖြစ်ရမည်။
(၂) အသက် (၂၂)နှစ်မှ (၂၆)နှစ်အတွင်း ဖြစ်ရမည်။
(၃) ရန်ကုန်တွင်နေထိုင်ရေးအတွက် မိမိအစီအစဉ်ဖြင့်နေထိုင်နိုင်သူ ဖြစ်ရမည်။
(အခက်အခဲရှိပါကကုမ္ပဏီမှညှိနှိုင်းကူညီပေးမည်။)

ဆက်သွယ်ရန် : **Myanma Power Spectrum Co., Ltd.**
အမှတ်(A-7)၊ အခန်း(၀၀၁/၂)၊ ရွှေကမ္ဘာအိမ်ယာ၊ မင်းဓမ္မလမ်း၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့
Tel: 01-655261, 655262, 655263

7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# ညောင်ဦးလေဆိပ်ကို နိုင်ငံတကာလေဆိပ်အဖြစ် ပြောင်းလဲရန် မရှိသေး

## ပခုက္ကူလေဆိပ်ကိုမူ နိုင်ငံတကာလေဆိပ်အဖြစ် အဆင့်မြှင့်ရန် စဉ်းစားနေ

**အိဖြူလွင်**

**ရန်ကုန်၊စက်တင်ဘာ-၁၁**

ပုဂံ-ညောင်ဦးလေဆိပ်ကိုနိုင်ငံတကာလေယာဉ်များ ဆင်းသက်ရန်အတွက် အဲအေးရှားလေကြောင်းလိုင်းက ကမ်းလှမ်းထားသော်လည်း နိုင်ငံတကာလေဆိပ်အဖြစ် ပြောင်းလဲရန် လတ်တလောအစီအစဉ် မရှိသေးကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ပြောကြားသည်။

နိုင်ငံတကာခရီးသွား ဝင်ထွက်မှုများပြားသော ပုဂံ-ညောင်ဦးလေဆိပ်အစား အနီးဆုံးဖြစ်သော တည်ဆောက်ပြီးဖြစ်သည့် ပခုက္ကူ လေဆိပ်ကိုသာ နိုင်ငံတကာလေဆိပ်အဖြစ်ပြုပြင်ပြောင်းလဲရန် စဉ်းစားနေသည်ဟု ဦးတင်နိုင်ထွန်းက ပြောသည်။

ပုဂံ-ညောင်ဦး ဒေသသည် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်သဖြင့် နိုင်ငံတကာ လေယာဉ်များကို ဆင်းသက်ခွင့်မပြုဘဲ ပြည်တွင်းလေဆိပ်အဖြစ်သာ ဆက်လက် အသုံးပြုမည်ဟု ၎င်းက ရှင်းပြသည်။

ပုဂံ-ညောင်ဦးလေဆိပ်ကိုနိုင်ငံတကာလေဆိပ်အဖြစ် ပြောင်းလဲရန် သင့်၊ မသင့်ကိုလည်း ယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အသေးစိတ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ငံတကာလေဆိပ်အဖြစ် ပြောင်းလဲရန် လျာထားသည့် ပခုက္ကူလေဆိပ်သည် ကမ္ဘာလှည့်ခရီးသည်များ အများဆုံး လာရောက်သော ယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံ-ညောင်ဦးဒေသမှ မိုင် ၂၀ ခန့်သာ ဝေးသည့်အတွက် ပခုက္ကူလေဆိပ်ကို စဉ်းစားခြင်းဖြစ်သည်ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

၂၀၀၉ ခုနှစ်မှစ၍ လျင်မြန်စွာ တိုးတက်လာခဲ့သည့် နိုင်ငံတကာ ခရီးသွားဝင်ရောက်မှုနှုန်းကြောင့် မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော နိုင်ငံတကာလေဆိပ်သုံးခုနှင့် မလုံလောက်တော့ဘဲ နိုင်ငံတကာလေဆိပ်များ တိုးချဲ့ဆောက်လုပ်ရန် လိုအပ်လာခြင်းဖြစ်ကြောင်း သိရသည်။

ပခုက္ကူလေဆိပ်ကို ပြည်တွင်းလေဆိပ်အဖြစ် အသုံးပြုရန် ဆောက်လုပ်ခဲ့သော်လည်း ယခုအချိန်ထိ လေယာဉ်ဆင်းသက်မှု မရှိသေးဘဲ အကယ်၍ နိုင်ငံတကာလေဆိပ်အဖြစ် ပြုပြင်ပါက တည်ဆောက်ဆဲ ဟံသာဝတီလေဆိပ်အပါအဝင် နိုင်ငံတကာလေဆိပ် ငါးခု ရှိလာမည်ဖြစ်သည်။

# နေ့ခင်းကြောင်တောင် ရွှေဆိုင်ဝင်ခိုးသူကို နာရီပိုင်းအတွင်း ဖမ်းမိ

**ခင်ဇာမွန်မြင့်(ဥပဒေ)**

**နွားထိုးကြီး၊ စက်တင်ဘာ-၁၃**

နွားထိုးကြီးမြို့ပေါ် အမှတ်(၄) ရပ်ကွက်၊ ကျော်ရတနာရွှေဆိုင်တွင် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ခန့်က ခိုးယူမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လူမြင်လျှင် မှတ်မိသော အမျိုးသားတစ်ဦးက ရွှေဝယ်လိုသည်ဟုဆိုသဖြင့် ရွှေဆိုင်ပိုင်ရှင် ဒေါ်တင်မာသန်းဦးက ကောင်တာမှ ထုတ်ပြစဉ် ၎င်းက ပိုက်လုံးဆောက်ဖြတ်ရွှေကြိုး ၈ ပဲတစ်ရွေး (ငါးမူးသား) ကာလတန်ဖိုး ကျပ်(၃၆၀,၀၀၀) ကို ခိုးယူပြီး စက်ဘီးနှင့် ထွက်ပြေးသွားခဲ့သည်ဟု ဆိုသည်။

ဒေါ်တင်မာသန်းဦးက ရပ်ကွက်နှင့် ရဲကိုအကြောင်းကြားရာမှ အမှတ်(၄)၊ အမှတ်(၅)ရပ်ကွက်နှင့် နယ်ထိန်းအဖွဲ့ စခန်းအဖွဲ့နှစ်ဖွဲ့ ခွဲ၍ ဖမ်းဆီးရာအမှတ်(၅) ဘူတာရပ်ကွက်တွင် တရားခံအား ဆွဲကြိုးနှင့်အတူဖမ်းမိခဲ့သည်။

တရားခံမှာ မြင်းခြံမြို့ အမှတ်(၁၀)ရပ်ကွက်မှ မုံကြီး(ခ) သက်စိုးထိုက် (၃၃ နှစ်)ဆိုသူဖြစ်ကာ နွားထိုးကြီးရဲစခန်းက (ပ) ၈၁/ ၂၀၁၂ ပုဒ်မ ၃၈၀ ဖြင့် ဖမ်းဆီးထားကြောင်း သိရသည်။

# မေတ္တာအခါတော်နေ့တွင် မြင်းခြံ၌ သွေးအလှူရှင် ၇၀၀ ဦး သွေးလှူဒါန်း

**ခင်ဇာမွန်မြင့်(ဥပဒေ)**

**မြင်းခြံ၊စက်တင်ဘာ-၁၀**

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် မြင်းခြံမြို့ရှိရောဝတီသွေးလှူရှင်အသင်းက ဦးဆောင်၍ ပထမအကြိမ် သွေးလှူဒါန်းပွဲကို ရွှေပြည်စိုးဓမ္မဗိမာန်၌ ကျင်းပသည်။

မြင်းခြံမြို့ပေါ်နှင့် ဝန်းကျင်ကျေးရွာများရှိ သွေးလှူရှင် ၈၀၀ ဦးက မှတ်တမ်းယူလှူဒါန်းပြီး အလှူရှင် ၃၀၀ က သွေးပုလင်း ၃၀၀ ကို လှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းပွဲတွင် မြင်းခြံသား မန္တလေးရောက် ဖြူစင်သွေးလှူရှင်အသင်း ဆရာတော်နှင့် ကျန်းမာရေးဌာန သွေးလှူဘဏ်မှ တာဝန်ရှိသူများက သွေးလှူဒါန်းရခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောခဲ့သည်။

သွေးလှူဒါန်းကြသော သွေးအလှူရှင် ၈၀၀ ကျော်အား ထမင်းထုပ်၊ ဆေးပစ္စည်း၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများကို မြင်းခြံအလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ကြသည်။

## စာ(၁၅) လက်ပန်းတောင်းတောင်ဒေသခံများ အချက်နှစ်ချက်တောင်းဆို မှ

တခြားအလုပ်တွေ မလုပ်တတ်ဘူး။ ဒုတိယအချက်က လက်ပန်းတောင်းတောင်လုပ်ငန်းအားလုံး ရပ်ဆိုင်းရေး။ ဒေသခံတွေကို ဒီတောဒီတောင်ကိုမှီခိုလုပ်ကိုင်စားသောက်နေတာလည်းဖြစ်တယ်။ ဘာသာရေးလည်း တန်ဖိုးထားတဲ့ နေရာတွေလည်း ရှိပါတယ်” ဟု ဒေါ်ခင်စန်းလှိုင်ကပြောသည်။

လက်ပန်းတောင်းတောင်ခြေ ကျေးရွာသစ်စီမံကိန်းသို့ သွားရောက်လေ့လာသောအခါ အိမ်ရာအဆောက်အအုံများ ဆောက်လုပ်ထားသည်မှာ မကြာသေးသော်လည်း ပျက်စီးမှုများရှိပြီးဖြစ်သလို ဆောက်လုပ်ထားသည်ကိုမြင်တွေ့ခဲ့ရသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန်းလှိုင်ကဆိုသည်။ ကျေးရွာဟောင်းတွင် နေထိုင်သူများ၌ စိတ်သောကပိုများပြီး ကျေးရွာနှင့် လယ်ယာမြေဆုံးရှုံးရမည်ကိုစိုးရိမ်နေသူပိုများကြောင်း သိရသည်။

လက်ပန်းတောင်းတောင်အရေး လှုပ်ရှားသူများ လွတ်မြောက်ရေး ဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ တာဝန်ရှိသူများနှင့်စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ဒုတိယအကြိမ်မြောက်တွေ့ဆုံပွဲကိုစက်တင်ဘာ ၁၄ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် စတင်ခဲ့ပြီး ဆွေးနွေးမှုမှာ ၁ နာရီခွဲခန့်ကြာမြင့်ခဲ့ကြောင်းသိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးချုပ် ဦးသာအေး၊ သတ္တု၊ စွမ်းအင်၊ သစ်တောရေးရာ တိုင်းဒေသကြီးဝန်ကြီး ဦးသန်းထိုက်၊ တိုင်းအတွင်းရေးမှူး ဦးယုလွင်၊ ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန်းလှိုင်၊ ဗဟိုညီလာခံကျင်းပရေးကော်မရှင် ဦးအောင်ရှင်တို့နှင့် တွေ့ဆုံပွဲအပြီး ဒုတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

INFORMATIONMATRIX
INNOVATING FOR THE FUTURE

ASP.NET (C#) Developer များအလိုရှိသည်

- ASP.NET (C#) နှင့် Microsoft SQL Database များ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ရမည်။
- HTML and CSS ကို ကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။
- Ajax and jQuery ကို သိရှိနားလည်ရမည်။
- ပေါင်းသင်းဆက်ဆံရေးပြေပြစ်ရမည်။
- Project အနေအထားပေါ်မူတည်၍ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ နှင့် အရည်အချင်းပေါ်မူတည်၍ ထိုက်တန်သော လခညှိနှိုင်းပေးမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ ၊ သန်ခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (၃၀.၉.၁၂)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

Room No. G-12, Ground Floor, Building (B), Diamond Center, Pyaya Road, Kamaryut Township, Yangon.
Tel: +95-1 512887, 513515~519, Fax: +95-1 513519

ဝန်ထမ်းအလိုရှိသည်

7Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

**ယာဉ်မောင်း ကျား (၂) ဦး**

- အသက် (၃၀) မှ (၄၅) နှစ်အတွင်း ရှိသူဖြစ်ရမည်။
- အနိမ့်ဆုံး အခြေခံပညာအထက်တန်း အဆင့်ရှိသူဖြစ်ရမည်။
- ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၅) နှစ် အထက်ရှိရမည်။
- ရန်ကုန်မြို့တွင်းအပြင် လိုအပ်ပါက နယ်ခရီးမောင်းနှင်ရမည်။
- ကျန်းမာသန်စွမ်း၍ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ရမည်။
- အကျင့်စာရိတ္တ အထူးကောင်းမွန်ရမည်။
- ယာဉ်မောင်းကျွမ်းကျင်မှု အပေါ်မူတည်၍ လခညှိနှိုင်းပေးမည်။
- လစာနှင့်အတူ ခရီးစရိတ်၊ ထမင်းစရိတ်နှင့် အချိန်ပိုကြေးများ ခံစားခွင့်ရှိသည်။
- ကုမ္ပဏီမှချမှတ်ထားသော စည်းကမ်းများအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရမည်။

အထက်ပါအချက်များနှင့် ပြည့်စုံသူများသည် ဓာတ်ပုံ(၁)ပုံနှင့်အတူ၊ ကိုယ်ရေးရာဇဝင်အကျဉ်း ၊ မှတ်ပုံတင်မိတ္တူ ၊ ယာဉ်မောင်းလိုင်စင်မူရင်း နှင့် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ ၊ သန်ခေါင်းစာရင်းမိတ္တူတို့နှင့်အတူ (၃၀.၉.၁၂) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက် (B)၊ Diamond Center ၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
Ph: 512887, 513515~519

AGDBANK
Asia Green Development Bank Limited.

ထမင်းချက်အမြန်အလိုရှိသည်

မြန်မာ/တရုတ်ထမင်းဟင်း လူဦးရေအယောက်(၅၀)စာ ကောင်းမွန်စွာ ချက်ပြုတ်နိုင်သောသူများလျှောက်ထားနိုင်ပါသည်။

**ထမင်းချက်** မ(၁)ဦး
(၁) အသက်(၄၀ မှ ၅၀)နှစ် အတွင်းဖြစ်ရမည်။
(၂) အလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
(၃) ဟိုတယ်၊ စားသောက်ဆိုင် အတွေ့အကြုံ ရှိသူများ ဦးစားပေးမည်။

**ထမင်းချက်အကူ** မ(၃)ဦး
(၁) အသက်(၂၀ မှ ၃၀)နှစ် အတွင်းဖြစ်ရမည်။
(၂) အလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
(၃) ဟိုတယ်၊ စားသောက်ဆိုင် အတွေ့အကြုံ ရှိသူများ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ (၆)လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓါတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်း၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ အိမ်ထောင်စုစာရင်း မိတ္တူနှင့်တကွ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ လူ့စွမ်းအားအရင်းအမြစ်စီမံရေးရာဌာန၊ အမှတ်-(၅၁၉)၊ အခန်း-(၄၁၀/၄လွှာ)၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ (၂၆-၉-၂၀၁၂) ရက်နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

# လူမှုဖူလုံရေးဥပဒေသစ် လက်တွေ့ကျင့်သုံးရန် အချိန်တစ်နှစ်ယူရမည်

**မြတ်စုမွန်**

**ရန်ကုန်၊**

**စက်တင်ဘာ-၁၂**

နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး အတည်ပြုလိုက်ပြီဖြစ်သည့် လူမှုဖူလုံရေးဥပဒေသစ်ပါအချက်များအားလက်တွေ့ကျင့်သုံးနိုင်ရန် အတွက်လတ်တလောအချိန်တွင် မဖြစ်နိုင်သေးဘဲ တစ်နှစ်ခန့်ထပ်မံအချိန်ယူရန် လိုအပ်ကြောင်းလူမှုဖူလုံရေးအဖွဲ့က သတင်းထုတ်ပြန်လိုက်သည်။

ဥပဒေစတင်ကျင့်သုံးနိုင်ရေးအတွက် နည်းဥပဒေရေးဆွဲခြင်း အပါအဝင်၊လက်ရှိအာမခံအလုပ်သမား ခြောက်သိန်းနီးပါးတို့၏ ကိုယ်ရေးအချက်အလက်များကို ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင်ခြင်းနှင့် လက်ရှိလူမှုဖူလုံရေးရုံး၏ ဝန်ထမ်းဖွဲ့စည်းပုံအား တိုးချဲ့၍ ဝန်ထမ်းသစ်များ စုဆောင်းကာ သင်တန်းပို့ချခြင်းများကို ပြုလုပ်ရဦးမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားသည်။

ထို့အပြင် အလုပ်ရှင်များသည် မိမိတို့ လုပ်ငန်းခွင်တွင် ခန့်ထားသည့် အလုပ်သမားဦးရေကို ထိန်ချန်ထားခြင်းများကြောင့် အလုပ်ရှင်နှင့် အလုပ်သမားများ နစ်နာမှုမရှိစေရေး၊ဥပဒေသစ်ကြောင့် တိုးတက်ရရှိလာမည့် အကျိုးခံစားခွင့်များကို ရှင်းလင်းစွာ နားလည်လက်ခံစေရေးတို့အတွက်လည်း အချိန်ယူဆွေးနွေးရဦးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် လူမှုဖူလုံရေးဥပဒေဟောင်းကို ၁၉၅၄ ခုနှစ် အောက်တိုဘာလတွင် ပြဋ္ဌာန်းခဲ့ပြီး ယခုနှစ်တွင် ထပ်မံဖြည့်စွက်ချက်များ ပါဝင်သည့် ဥပဒေသစ်ကို ဩဂုတ်လ ၃၁ ရက်က နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး အတည်ပြုလိုက်သည်။

ယခုပြဋ္ဌာန်းလိုက်သည့် လူမှုဖူလုံရေး ဥပဒေသစ်တွင် မူလအာမခံစနစ်နှစ်ရပ်အပြင်၊ အလုပ်လုပ်ကိုင်နိုင်စွမ်း မရှိမှု၊ သက်ပြည့်အငြိမ်းစားနှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် အာမခံစနစ်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့် အာမခံစနစ်နှင့် အခြားလူမှုဖူလုံရေးစနစ် (အိမ်ယာစီမံကိန်း)ဟူ၍ အသစ်သုံးမျိုး ထပ်မံတိုးလာသည့်အပြင်၊ အာမခံစနစ်များ၏ အကျိုးခံစားခွင့်များကိုနှစ်ကာလအပိုင်းအခြား သတ်မှတ်ခြင်း၊ အချို့ငွေများကို ပြန်လည်ထုတ်ပေးနိုင်ရန် သတ်မှတ်ထားရခြင်းများကြောင့် လက်ရှိ ရုံးလုပ်ငန်းစနစ်ဖြင့် အကောင်အထည်ဖော်ရာတွင် အခက်အခဲရှိနိုင်သဖြင့် ကွန်ပျူတာစနစ်သို့ ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်းသိရသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"အဘကတော့ လူမှုဖူလုံရေးနဲ့ ပတ်သက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုကို အလိုချင်ဆုံးပဲ။ ဆေးရုံစရိတ်ကြီးတဲ့အတွက် အသက်ကြီးတဲ့လူတွေ မဖြစ်မနေ ဆေးရုံတက်ရရင် မတတ်နိုင်ကြဘူး။ အသေခံရုံပဲရှိမယ်။ အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုလေး ရရင်တော့ အကောင်းဆုံးပါပဲ"ဟု မူလတန်းကျောင်းအုပ်ဆရာကြီး (ငြိမ်း) ဦးထွန်းကျော်က ပြောကြားသည်။

လူမှုဖူလုံရေးအဖွဲ့က လက်ရှိကောက်ခံနေသော စနစ်တစ်ခုဖြစ်သည့် အတန်းအစား ၁၅ မျိုးဖြင့်ထည့်ဝင်ကြေးကောက်ခံသောစနစ်မှ အလုပ်သမားများ အမှန်တကယ်ရရှိနေသည့် လုပ်ခလစာအပေါ် အခြေခံ၍ ထည့်ဝင်ကြေးကောက်ခံခြင်းများကို ပြောင်းလဲမည်ဖြစ်ကြောင်း၊ အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များ လွဲမှားပါက ကာယကံရှင် အလုပ်သမားနစ်နာနိုင်သဖြင့် မှန်ကန်သော အချက်အလက်များကိုသာ လူမှုဖူလုံရေးအဖွဲ့သို့ ပေးပို့နိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။


## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

အသောက်အစားကင်းရှင်း၍ ရန်ကုန်ဝန်းကျင်ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ (၂) ပုံ။ ညှိနှိုင်းလစာ။

**ဖုန်း-၂၀၁၃၃၆၊ ၀၉၄၃၀၉၇၉၇၃**

(နံနက် ၉ နာရီမှ နေ့လယ် ၃ နာရီအတွင်း)

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

သူနာပြုကြီး/သူနာပြု(၁)ဦး(ကျွမ်းကျင်သူဖြစ်ပါက လစာကောင်းကောင်းပေးမည်)

**ဖုန်း - ၀၁-၈၅၅၁၃၇၁**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကျားဝန်ထမ်း(၁)ဦး

(Photoshop ကျွမ်းကျင်ပြီး ဓာတ်ပုံရိုက်တတ်သူ ဦးစားပေးမည်)

မဝန်ထမ်း(၁)ဦး

(ရုပ်ရည်ချောမောပြေပြစ်၍ ဆက်ဆံရေးကောင်းရမည်။ အသက် ၂၅ နှစ်အောက်)

အမှတ် (၁၆၉)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။

**ဖုန်း - ၂၂၄၈၁၉**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်းကျွမ်းကျင် ကျား(၃)ဦး

ရုံးဝန်ထမ်း ကျား(၂)ဦး

(word, Excel ကျွမ်းကျင်)

အထွေထွေဝန်ထမ်း ကျား(၁၀)ဦး

အမှတ် (၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။ **ဖုန်း - ၀၉၇၃၀၂၇၇၃၃**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

အထွေထွေလုပ်သား ကျား/မ(၂)ဦး

ယာဉ်မောင်း ကျား(၂)ဦး

အမှတ် (၁၃၂)၊ မြေညီထပ်၊ မင်းရဲကျော်စွာ (၆) လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

စာပေလုပ်ငန်းအတွက်

DTP & Layout ကျွမ်းကျင်ဝန်ထမ်း (၂)ဦး

( Pagemaker, Photoshop တတ်ကျွမ်းရမည်။)

စာအုပ်ဖြန့်ချိရေးဝန်ထမ်း ကျား(၂)ဦး

(ရန်ကုန်မြို့တွင်း လမ်းများသိပြီး သွားလာတတ်ရမည်။)

**ဖုန်း - ၀၉-၇၃၀၄၃၈၇၃**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Press Aluminium Technology Manufacturing Co.,Ltd

၁။ Marketing Assistant ကျား/မ (၃)ဦး

၂။ Sale Executive ကျား/မ(၃)ဦး

၃။ Installation Assistant ကျား/မ (၁)ဦး

၄။ Glass Machine Operator & Helper ကျား(၁၀)ဦး

၅။ Marketing Executive ကျား/မ (၃)ဦး

၆။ Designer ကျား/မ(၁)ဦး

၇။ Site Engineer ကျား/မ(၃)ဦး

pressalutech@gmail.com

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Cutting ကျွမ်းကျင် (ညှပ်) မ(၂) ဦး

(လစာ ၂၅၀,၀၀၀ ကျပ်)

Sewing ကျွမ်းကျင် မ(၅)ဦး

(လစာ ၁၀၀,၀၀၀ ကျပ်)

အမျိုးသားဝတ်ကျွမ်းကျင် ကျား(၂)ဦး

လစာ(၂၀၀,၀၀၀ ကျပ်)

အလုပ်သင် - မ(၁၀)ဦး

(အမှတ်စဉ် (၁) (၂) နှင့် (၄) အတွက် လုပ်ငန်းခွင်စာချုပ်ရှိသည်။အစမ်းခန့်ကာလ တစ်ပတ်ရှိသည်။ အမျိုးသားများအတွက် နေထိုင်ရန်နှင့် စားသောက်ရန် မစီစဉ်ပေးပါ)

အမှတ် ၄၅၉ (အေ)၊ 2 C ပထမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။ ရန်ကုန်မြို့။

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Chinese- English Translator
2. Chinese-Myanmar Translator
3. Accountant (တရုတ်စာကျွမ်းကျင်)
4. Administration Executive (တရုတ်စာကျွမ်းကျင်)
5. PR Commission (တရုတ်-အင်္ဂလိပ်စာကျွမ်းကျင်)
6. Driver Chinese Speakers Preferred

email: winsandahtwe@gmail.com

**Ph: 09-43063506**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Apple Production Co.,Ltd

(၁) ယာဉ်မောင်း (အရောင်းကား) ကျား (၂)ဦး (အသက် ၃၀ မှ ၄၅ နှစ်ကြား)

(၂) အထွေထွေပစ္စည်းထိန်း မ (၂) ဦး (အသက် ၂၀ မှ ၃၀ နှစ်ကြား)

အမှတ် (၉၇၂၊ ခ) သံသုမာလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ (နှစ်ပတ်အတွင်း)

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

25th Group Co.,Ltd

General Manager M (1)

Dy General Manager M (2)

Manager M (3)

Accountant F (2)

Coordinator F (2)

Security M (80)

လှည်းတန်းမှတ်တိုင်၊ မေတ္တာဦးဆေးရုံအနီး။

**ဖုန်း - ၀၁-၅၂၆၆၄၈**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရွှေဆိုင်တွင် တာဝန်ထမ်းဆောင်ရန် ကွန်ပျူတာစာရင်းကိုင် (with Excel) ကျား/မ(၂)ဦး

( Microsoft Office Excel 2007 အထိကျွမ်းကျင်သူဖြစ်ရမည်။)

**ဖုန်း - ၀၉-၇၃၉၀၁၃၆၆**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

လက်သည်းပန်းချီ (ကျွမ်းကျင်) အမျိုးသမီး(၁)ဦး အမြန်အလိုရှိသည်။

ပြင်ဦးလွင်မြို့။

**ဖုန်း - ၀၈၅-၂၈၃၉၈၊**

**၀၉-၂၀၄၅၅၅၄**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Manager (1) M

Supervisor (2) M/F

Reception (2) M/F

Accountant (1) F

Driver (1) M

အမှတ်(၁၄)၊ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့ နယ်။

**ဖုန်း - ၂၁၁၁၂၅၊**

**၂၁၁၁၂၆**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဝန်ဆောင်မှု(Service)

၁။ Receptionist မ(၂)ဦး

(မျှော်မှန်းလစာ၊ Japanese Speaking, Listening a must skills၊ ၂ နှစ်စာ ချုပ်ချုပ်ရမည်။)

၂။ Programmer ကျား/မ(၁)ဦး

(မျှော်မှန်းလစာ၊ ဂျပန်စကားပြောတတ်သူ၊ PHP, Java (or) Objective-C ကျွမ်းကျင်သူ၊ နှစ်နှစ်စာချုပ်ချုပ်ရမည်)

၂၈-၀၉-၂၀၁၂ နေ့နောက်ဆုံးထားလျှောက်ထားရမည်။

No.145(A), Thirminigalar Street, 8 Mile, Mayangone Township, Yangon. **Ph: 01656890**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

SPEEDY AUTO SERVICES CO.,LTD

ယာဉ်မောင်း ကျား(၃)ဦး

(အတွေ့အကြုံ (၃) နှစ်အထက်ရှိသူ၊ အော်တိုဂီယာမောင်းနှင်နိုင်သူ)

အမှတ် (၁၃၈)၊ အထက်ပန်းဆိုးတန်းလမ်း။ **ဖုန်း - ၃၉၃၂၀၂**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Deluxe Formula Industrial Co.,LTD

(၁) စာရင်းကိုင် ကျွမ်းကျင် မ(၃)ဦး

(B.Com သို့ LCCI Level (II) အောင်မြင်ပြီးသူ၊ အတွေ့အကြုံ သုံးနှစ်အထက်)

(၂) ဂိုဒေါင်မှူး

(ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ သုံးနှစ်၊ ဂိုဒေါင်နှင့်ပတ်သက်၍ တာဝန်ယူစီမံခန့်ခွဲနိုင်ရမည်)

(၃)Injaction Moulding Machine ကျား/မ(၃)ဦး

(ပလတ်စတစ်ဆွဲစက် Injaction စက်ကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်သူ)

(၄) ယာဉ်မောင်း ကျား/မ(၃)ဦး

(လုပ်သက်(၂)နှစ်အထက်ရှိရမည်)

အမှတ် (၂၉)၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်။

**ဖုန်း - ၀၁-၆၈၅၅၂၆**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Engineering Person (60) M
2. Chinese-Myanmar-English (10) M/F
3. Admin Officer (5) F
4. Vehicle Supervise Staff (2) M
5. Accountant (3) M/F
6. Burma Cook (2) M
7. Driver (20) M
8. Plumbers and electricians (5) M
9. Security (5) M

Email: rita235163@gmail.com

**Ph: 09-73166383**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**

Sun Change Light interior decoration

Marketing (1) M/F

Auto Cad 2D,3D,3Ds Max (4) M/F

(interior design သီးသန့်)

Marketing Staff (4) M/F

Store Keeper (2) M/F

အထွေထွေစက်ရုံဝန်ထမ်း ကျား(၁၀)ဦး

အမှတ်-၂၆၊(ပ) လှော၊ နွယ်နီလမ်း၊ အလုံမြို့နယ်။

**ဖုန်း - ၀၉၇၃၂၆၃၃၈၈**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



နာကျင်ကိုက်ခဲ၊ ရောင်ယမ်းမှုများ သက်သာပျောက်ကင်းစေရန်
အကောင်းဆုံး
"ကျားဘမ်း" ပလာစတာ
WARM
COOL
TIGER BALM PLASTER
MARKETED & DISTRIBUTED BY
THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454, 2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165
TIGER BALM® PLASTER




TERUMO JAPAN
THUKHA DANA
Digital Blood Pressure Monitor
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
TERUMO ACTIVITY MONITOR
Check Total Calorie Consumption to Control Meals & Exercise
TERUMO
MEMORY SET MODE
Lightweight 22 grams
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
Memory
TERUMO Ear Thermometer
EM-30CP LB/R
Just 1 second
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

# Education

7DAY NEWS JOURNAL

Vol.11, No.28 • SEPTEMBER 20 , 2012



# နိုင်ငံတကာအစိုးရ ပညာသင်ဆုများ

**နေလင်းထွန်း**

အရပ်သား အစိုးရသစ်တက်လာပြီးနောက် နိုင်ငံခြားအစိုးရများသည် မြန်မာကျောင်းသားများအတွက်ပညာတော်သင်ဆု အခွင့်အလမ်းများ တိုးမြှင့်ပေးအပ်ရန် စီစဉ်လာကြသည်။

လက်ရှိအချိန်တွင် အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျ၊ ဂျာမနီ၊ နော်ဝေး၊ ဆွီဒင်၊ ကိုရီးယား၊ စင်ကာပူ၊ ဂျပန် စသည့်နိုင်ငံ အစိုးရများက မြန်မာကျောင်းသားများအတွက် ဘွဲ့လွန်သင်တန်းပညာသင်ဆုများကို ဦးစားပေး ချီးမြှင့်နေသည်။ စင်ကာပူနှင့် ဂျပန်အစိုးရတို့က မြန်မာကျောင်းသားများကို ပညာသင်ဆုပေးအပ်ရာတွင် မြန်မာအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး အခြားနိုင်ငံအစိုးရများကမူ အရည်အချင်းပြည့်မီသော မည်သည့်ကျောင်းသားမဆိုလျှောက်ထားနိုင်သည့် စနစ်ကို ကျင့်သုံးလျက်ရှိသည်။ ပြည်ပပညာသင်အခွင့်အလမ်း ကြိုးပမ်းနေကြသော မြန်မာကျောင်းသားများအတွက် နိုင်ငံခြားအစိုးရအချို့၏ ပညာသင်ဆု အစီအစဉ်များအကြောင်း စုစည်းဖော်ပြလိုက်ပါသည်။

**အမေရိကန်အစိုးရပညာသင်ဆု**

အမေရိကန်အစိုးရသည် မြန်မာကျောင်းသားများ အမေရိကန်နိုင်ငံတွင် ပညာလေ့လာနိုင်မည့် ဘွဲ့လွန်သင်တန်း ပညာသင်ဆု နှစ်ဆုနှင့် ဖဲလိုးရှစ်အစီအစဉ်တစ်ခုကို နှစ်စဉ်ရွေးချယ်ပေးအပ်လျက်ရှိသည်။ Fulbright Foreign Student Scholarships သည် ခေါင်းဆောင်မှုစွမ်းရည် အလားအလာ၊ အကယ်ဒမစ်ပညာရေးကောင်းမွန်မှု၊ အတွေ့အကြုံရင့်ကျက်မှု စသည့်အရည်အချင်းတို့ကို အခြေခံ၍ ရွေးချယ်ပေးအပ်နေသည်။ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုအနေဖြင့် TOEFL ရမှတ် ၅၇၅ (သို့မဟုတ်) IELTS ၆ ဒသမ ၅ အနည်းဆုံးရရှိထားရန် လိုအပ်ပြီး မေလကုန်နောက်ဆုံးထား၍ ပညာသင်လျှောက်ထားရမည်ဖြစ်သည်။ International Fulbright Science & Technology Award သည် သိပ္ပံနှင့် နည်းပညာဘာသာရပ်များအတွက် ပညာသင်ဆုပေးအပ်နေခြင်းဖြစ်ပြီး TOFEL ရမှတ် ၅၈၀ နှင့်အထက် ရရှိထားရမည်ဖြစ်ကာ ဖေဖော်ဝါရီလတွင် ပညာသင်ဆု လျှောက်လွှာခေါ်ယူလေ့ရှိသည်။ Hubert H. Humphery Fellowship သည် ပရော်ဖက်ရှင်နယ် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိထားပြီး အများအကျိုးဆောင်ရွက်မှု မှတ်တမ်းရှိထားသော ခေါင်းဆောင်မှု အရည်အသွေးရှိသူများကို ပေးအပ်နေခြင်း ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု TOEFL ရမှတ် ၅၂၅ အနည်းဆုံးရှိထားသူများကို မေလပထမ ပတ်နောက်ဆုံးထား၍ ပညာသင်ဆု လျှောက်လွှာခေါ်ယူလေ့ရှိသည်။ အမေရိကန်အစိုးရပညာသင်ဆုများအတွက်www.burma. usembassy.gov/scholarship တွင် အသေးစိတ်ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။

**ဗြိတိသျှအစိုးရပညာသင်ဆု**

Chevening ပညာသင်ဆုသည် ဗြိတိသျှအစိုးရက နှစ်စဉ်ပေးအပ်နေသောပညာသင်ဆုဖြစ်သော်လည်း ယခုနှစ်က စတင်၍ မီဒီယာများမှတစ်ဆင့် အများပြည်သူသိရှိရန် သတင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့သည်။ ဗြိတိန်တက္ကသိုလ်များတွင် တစ်နှစ်ကြာ ဘွဲ့လွန်ပညာသင်ယူနိုင်ရန် ယခုနှစ်အတွက် ကျောင်းသား ငါးဦးရွေးချယ်ခံထားရပြီး မကြာမီ လာမည့်နှစ်အတွက် ပညာသင်ဆု လျှောက်လွှာ ခေါ်ယူဖွယ်ရှိနေသည်။ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု IELTS ရမှတ် ၆ ဒသမ ၅ အနည်းဆုံးရရှိထားရန် လိုအပ်ပြီး မသန်စွမ်းများလည်း လျှောက်ထားနိုင်ကာ အသက်အရွယ်ကန့်သတ်ထားခြင်းမရှိကြောင်း သိရသည်။ ဗြိတိသျှအစိုးရပညာသင်ဆုကို ဖေဖော်ဝါရီလ ဒုတိယပတ်မတိုင်မီ နောက်ဆုံးလျှောက်ထားရန် လိုအပ်ပြီး အသေးစိတ်ကို www.chevening.foc/gov.uk တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည် ဖြစ်သည်။

**ဩစတြေးလျအစိုးရပညာသင်ဆု**

၂၀၁၁ ခုနှစ်တွင် မြန်မာကျောင်းသား ၁၀ ဦးကို ဘွဲ့လွန်သင်တန်းတက်ရောက်ရန် စတင်ပညာသင်ဆုပေးခဲ့သော ဩစတြေးလျအစိုးရသည် ၂၀၁၂ ခုနှစ်အတွက် ကျောင်းသား ၂၁ဦးကို ရွေးချယ်ထားပြီး ၂၀၁၃ အတွက် ကျောင်းသား ၃၀ ဦးထိ တိုးမြှင့်ခေါ်ယူရန်စီစဉ်ထားသည်။ ဘာသာစကားလိုအပ်ချက်အနေဖြင့် IELTS ရမှတ်ပျမ်းမျှ ၆ ဒသမ ၅ သို့မဟုတ် TOEFL ရမှတ် ၅၈၀ အနည်းဆုံး ရရှိထားရန် လိုအပ်ပြီး ဧပြီလ၌ ပညာသင်လျှောက်လွှာခေါ်ယူလေ့ရှိကာ http://www.ausaid.gov.au တွင် အသေးစိတ်လေ့လာကြည့်ရှုနိုင်သည်။

**ဂျာမနီအစိုးရပညာသင်ဆု**

German Academic Exchange Service အစီအစဉ်အနေဖြင့် ဂျာမနီသံရုံးက မြန်မာကျောင်းသားများကို ဘွဲ့လွန်သင်တန်းပညာသင်ဆုများပေးအပ်နေသည်။ ပညာသင်ဆု လျှောက်ထားသူသည် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် အလုပ်သင်နှစ်နှစ်ရှိထားရန်လိုအပ်ပြီး အင်္ဂလိပ်ဘာသာ စကားကျွမ်းကျင်မှုအနေဖြင့် TOEFL ရမှတ် ၅၅၀ (သို့မဟုတ်)IELTS ရမှတ် ၆ ဒသမ ၀ ရရှိထားရမည်ဖြစ်သည်။ ပညာသင်ဆုအတွက် ဇူလိုင်လတွင် လျှောက်လွှာ ခေါ်ယူလေ့ရှိပြီး www.daad.de တွင် အသေးစိတ်လေ့လာနိုင်မည် ဖြစ်သည်။

**ကိုရီးယားအစိုးရပညာသင်ဆု**

အခြားနိုင်ငံအစိုးရများနှင့် ကွဲပြားစွာ ဘွဲ့လွန်သင်တန်းသာမက ဘွဲ့ကြိုသင်တန်းအတွက် မြန်မာကျောင်းသားများကို ကိုရီးယားအစိုးရက ပညာသင်ဆုပေးအပ်လျက်ရှိသည်။

**စာ(၂၂)သို့**

## Women and Media ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ**

မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ၊ အခွင့်အရေးနှင့် တာဝန်များကို နားလည်နိုင်စေရန် ရည်ရွယ်၍ Women and Media ခေါင်းစဉ်ဖြင့် မသီတာ(စမ်းချောင်း)က ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။ အမျိုးသမီးငယ်များ၏ ခေါင်းဆောင်မှုစွမ်းရည်အစီအစဉ်အနေဖြင့် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီမှ ၃ နာရီခွဲထိ ပြည်လမ်း၊ မာလာမှတ်တိုင်အနီးရှိ ယုဒသန်ရိပ်သာတွင် ဆွေးနွေးဟောပြောမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။

## အင်္ဂလိပ်စကား သင်ကြားခြင်းဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်နိုင်

အင်္ဂလိပ်ဘာသာစကား သင်ကြားပို့ချနေသူများအတွက် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ ကမ်းနားလမ်းရှိဗြိတိသျှကောင်စီ(မြန်မာ)တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ စိတ်ဝင်စားသူများအနေဖြင့် မှတ်ပုံတင်ကတ်ပြားယူဆောင်လာ၍ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

## ဩစတြေးလျပညာရေးဟောပြောပွဲ

ဩစတြေးလျနိုင်ငံရှိUniversity of New South Wales၏ ပညာရေးဟောပြောပွဲကို စက်တင်ဘာ ၂၇ ရက်၊ နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင် သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများနှင့် မိဘများ တက်ရောက်လေ့လာနိုင်ကြောင်း Unique Study Abroad မှ သိရသည်။

## စင်ကာပူပညာရေးဟောပြောပွဲ ရန်ကုန်နှင့်မန္တလေးတွင်ပြုလုပ်မည်

စင်ကာပူနိုင်ငံရှိ MDIS ကျောင်း၏ ပညာရေးဟောပြောပွဲကို မန္တလေးမြို့၊ အမှတ် ၈၂၇၂ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်း ကြားတွင် စက်တင်ဘာ ၂၉ ရက်နှင့် ရန်ကုန်မြို့ ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် စက်တင်ဘာ ၃၀ ရက်တို့၌ မွန်းလွဲ ၁ နာရီမှ စတင်၍ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ MDIS ကျောင်းတွင် တက်ရောက်ပညာသင်ယူလိုသော ကျောင်းသားများအတွက် ကျောင်းဝင်ခွင့်၊ ကျောင်းလခနှင့် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း AT&S ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ သိရသည်။

## ၂၀၁၃အတွက် ဗြိတိန်ပညာရေး လမ်းညွှန်စာအုပ်များ အခမဲ့ရယူနိုင်

၂၀၁၃ ခုနှစ်အတွက် ထုတ်ဝေသည့် ဗြိတိန်ပညာရေးလမ်းညွှန်စာအုပ်များကို အွန်လိုင်းတွင် အခမဲ့ရယူနိုင်ပြီး ဗြိတိန်နိုင်ငံတွင် သွားရောက်ပညာသင်ယူမည့်ကျောင်းသားများအတွက်ကျောင်းလျှောက်ထားခြင်း၊ ဗီဇာ၊ ပညာသင်ဆုနှင့်ပတ်သက်သော အချက်အလက်များကို ဖတ်ရှုလေ့လာနိုင်သည်။

ထို့အပြင် ဗြိတိန်နိုင်ငံတွင်နေထိုင်ချိန်၌ ဂရုပြုရမည့်ကိစ္စများဖြစ်သော ဘဏ်ငွေစာရင်းဖွင့်ခြင်း၊ နေထိုင်ရန် အိမ်ရှာဖွေခြင်း၊ အလုပ်အကိုင်ရှာဖွေခြင်းစသည့်အချက်များကိုယူကေပညာရေးလမ်းညွှန်တွင် ဖော်ပြထားသည်။ အဆိုပါ ဗြိတိန်ပညာရေးလမ်းညွှန်စာအုပ်များကို ယခုနှစ်တွင် စတင်၍ အွန်လိုင်းမှတစ်ဆင့် ကျောင်းသားများဖတ်ရှုလေ့လာနိုင်ရန်စီစဉ်ထားခြင်းဖြစ်ပြီး www.myanmar-network.netတွင် ဝင်ရောက်ဒေါင်းလုပ်ဆွဲယူနိုင်သည်။

**ဝန်ထမ်းအလိုရှိသည်။**

★ **Marketing Executive** ကျား/မ (၅) ဦး

- ဂျာနယ်၊ မဂ္ဂဇင်း၊ လမ်းညွှန်စာအုပ်အတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်။
- Marketing Target ပြည့်မီအောင်စွမ်းဆောင်နိုင်ရမည်။

**(အခြေခံလစာ ၁၂၀၀၀၀ ကျပ် + ရာခိုင်နှုန်းခံစားခွင့်= ၂၃၅၀၀၀ ကျပ်)**

★ **Junior Marketing Executive** ကျား/မ (၇) ဦး

- ဂျာနယ်၊ မဂ္ဂဇင်း၊ လမ်းညွှန်စာအုပ်အတွေ့အကြုံ အနည်းဆုံး (၁) နှစ်ရှိရမည်။
- Marketing Target ပြည့်မီအောင်စွမ်းဆောင်နိုင်ရမည်။

**(အခြေခံလစာ ၇၀၀၀၀ ကျပ် + ရာခိုင်နှုန်းခံစားခွင့်= ၁၇၂၀၀၀ ကျပ်)**

စိတ်ပါဝင်စားသူများအနေဖြင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ တစ္ဆက်စာတမ်းအပြည့်အစုံ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ အမှတ်(၅၉)စီ၊ ဒုတိယထပ်၊ ပိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၇၅၂၉၅ သို့ (၅-၁၀-၂၀၁၂) နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

**KMD အထူးဈေးရောင်းပွဲ**
9:00 am to 5:00 pm
စက်တင်ဘာ(၂၃)၊ ၂၀၁၂။ (တနင်္ဂနွေနေ့)
Strand Hotel (မင်္ဂလာခန်းမ)

**Original Apple Products** များကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန် အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားပါမည်။

Notebook, Apple, Desktop ဝယ်ယူသူများအတွက် ကံစမ်းမဲအစီအစဉ်...

1st Lenovo Notebook | 2nd Sony Phone | 3rd 22" LED Monitor | 4th Tablet | 5th Camera

**လေလံအစီအစဉ်** (၁၂)နာရီ၊ (၃)နာရီ
i3 - Notebook(၁)လုံး (၅)သောင်းကျပ် ကြမ်းခင်းဈေး

ထပ်ဆင့် ဗလာမပါကံစမ်းမဲအစီအစဉ်...
ငွေသား(၅)သောင်း | ငွေသား(၂)သောင်း | ငွေသား(၁)သောင်း | +?+?+?

ဖုန်း – ၃၈၅၁၇၇၊ ၂၄၅၁၈၀၊ ၃၈၅၈၇၇၊ ၅၀၃၅၁၁၊ ၅၀၃၅၂၂

7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# ချို့တဲ့စာသင်ကျောင်းများကို ထောက်ပံ့ရန် မြန်မာနိုင်ငံပညာရေးဖောင်ဒေးရှင်းဖွဲ့မည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် နယ်စပ်ဒေသရှိ စာသင်ကျောင်းများ၏ လိုအပ်ချက်များအား ကူညီပံ့ပိုးနိုင်ရန် မြန်မာနိုင်ငံပညာရေးဖောင်ဒေးရှင်းကိုဖွဲ့စည်းတည်ထောင်မည်ဖြစ်ကြောင်း အဆိုပါဖောင်ဒေးရှင်းဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်းရှိ ပညာရေးအထောက်အပံ့ လိုအပ်နေသောဒေသများကို ငွေကြေးနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးကူညီနိုင်ရန် စီစဉ်ထားပြီး အခက်အခဲရှိနေသော အခြေခံပညာကျောင်းများနှင့် ကျောင်းသား၊ ကျောင်းသူများကိုဦးစားပေးကူညီမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"အောက်တိုဘာ၊ နိုဝင်ဘာလလောက်မှာ ဖောင်ဒေးရှင်းဖွဲ့နိုင်အောင် ကြိုးစားပါမယ်။ စိတ်ဝင်စားသူအားလုံးကိုဖိတ်မယ်။ အများသဘောတူတဲ့သူတွေနဲ့ ဗဟိုကော်မတီဖွဲ့မယ်။ ပြီးရင် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းသွားမယ်"ဟု မြန်မာနိုင်ငံပညာရေးဖောင်ဒေးရှင်းဖြစ်မြောက်ရေးစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဖြစ်သော ဦးသန်းမောင်က ပြောသည်။

ပညာရေးအထောက်အပံ့လိုအပ်နေသော စာသင်ကျောင်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကူညီပံ့ပိုးရန် အများပြည်သူ လှူဒါန်းငွေများ၊ ရန်ပုံငွေရှာဖွေပွဲများ၊ အဖွဲ့ဝင်များ၏ နှစ်စဉ်ထည့်ဝင်ငွေများမှတစ်ဆင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

ကျေးလက်နှင့် တောင်တန်းဒေသရှိချို့တဲ့သော အခြေခံပညာကျောင်းများနှင့် ဒေသအသီးသီးရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် သီလရှင်ပညာရေးကျောင်းများ၊ မြို့ပြတွင် တည်ရှိသော်လည်း အကူအညီလိုအပ်နေသော အခြေခံပညာကျောင်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပညာသင်ကြားရန် အခက်အခဲဖြစ်ပေါ်နေသောအခြေခံပညာကျောင်းများကို မြန်မာနိုင်ငံပညာရေးဖောင်ဒေးရှင်းမှ ပံ့ပိုးကူညီသွားရန် စီစဉ်ထားကြောင်း သိရသည်။

# ပြည်တွင်းကျောင်းသားများကို အွန်လိုင်းဘွဲ့သင်တန်း ပညာသင်ဆုပေးရန် Open University စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ - ၁၁**

ဩစတြေးလျနိုင်ငံ အခြေစိုက် Open University ၏ အွန်လိုင်းဘွဲ့သင်တန်းအတွက်ပြည်တွင်းရှိကျောင်းသားများကိုပညာသင်ဆုပေးအပ်သွားရန် စီစဉ်နေကြောင်း ယင်းတက္ကသိုလ်၏ မြန်မာနိုင်ငံပညာရေးဆိုင်ရာ တာဝန်ခံ ဦးသိန်းနိုင်ကပြောသည်။

Open University သည် ၂၀၀၇ ခုနှစ်မှစ၍ နယ်စပ်ဒေသမှ ကျောင်းသားများနှင့် ပြည်ပရောက်အဖွဲ့အစည်းများမှကျောင်းသားများအား အွန်လိုင်းဘွဲ့သင်တန်းများအတွက် ပညာသင်ဆုပေးအပ်လျက်ရှိပြီး ယခုအခါ



ပြည်တွင်းရှိ ကျောင်းသားများအား ပညာသင်ဆုတိုးချဲ့ပေးအပ်ရန်စီစဉ်နေခြင်းဖြစ်သည်။

"Online Base ပါ။ သင်ရိုးစာအုပ်တွေ ပို့ပါတယ်။ အွန်လိုင်းပေါ်မှာ ပါဝင်ဆွေးနွေးမှုတွေ ပြုလုပ်ရပါတယ်။ ဒီနှစ်ကုန်ပိုင်းမှာ ပေးနိုင်ဖို့ မျှော်လင့်ထားပါတယ်။ Open University (Australia) ပညာသင်ဆုပေါ့။ သုံးလတစ်ခါ စာမေးပွဲဖြေဖို့လိုတယ်။ နှစ်ပတ်တစ်ခါစာစဉ်တွေ ပို့ဖို့၊ နေ့တိုင်းမှာ စာဖတ်ဖို့လိုတယ်။ တကယ့်ကို စာဖတ်မှ ရတဲ့ဘွဲ့မျိုးဖြစ်ပါတယ်" ဟုဦးသိန်းနိုင်ကပြောသည်။

Open University တွင် အွန်လိုင်းမှတစ်ဆင့် ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများကို သင်ယူလေ့လာနိုင်မည်ဖြစ်ပြီး လက်ရှိအချိန်တွင် မြန်မာကျောင်းသား ၂၅ ဦးအား နှစ်စဉ်ပညာသင်ဆုပေးအပ်နေရာမှ ပြည်တွင်းကျောင်းသားများပါ အဆိုပါ ပညာသင်ဆုလျှောက်ထားနိုင်ရေးအတွက် လျှောက်လွှာများ အချိန်မီ ဖြန့်ဝေပေးသွားရန် စီစဉ်ထားကြောင်း ၎င်းကဆိုသည်။

# စာ- ၂၁၊ နိုင်ငံတကာအစိုးရ ပညာသင်ဆုများ မှ

ယခုနှစ်အတွက် ဘွဲ့ကြိုသင်တန်းတက်ရောက်ရန် မြန်မာကျောင်းသားနှစ်ဦးကို ပညာသင်ဆုပေးအပ်မည်ဖြစ်ပြီး စက်တင်ဘာလ ၂၈ ရက်နောက်ဆုံးထား၍ ကိုရီးယားသံရုံးတွင် လျှောက်ထားနိုင်မည်ဖြစ်သည်။ ဘွဲ့လွန်သင်တန်းအတွက် ယခုနှစ် မတ်လ ၆ ရက်နောက်ဆုံးထား၍ ပညာသင်ဆုလျှောက်ထားရန်နှင့် မြန်မာကျောင်းသားတစ်ဦးကို ရွေးချယ်ပညာသင်ဆုပေးအပ်ရန်ကြေညာထားသည်။ နှစ်စဉ်ပေးအပ်နေသော ကိုရီးယားပညာသင်ဆုအစီအစဉ်များကို www.niied.go.kr တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**နော်ဝေးနှင့် ဆွီဒင်အစိုးရပညာသင်ဆု**

ယခုနှစ်မှစတင်၍ နော်ဝေးနှင့် ဆွီဒင်အစိုးရတို့သည် မြန်မာကျောင်းသား ၅၀ ခန့်ကို ထိုင်းနိုင်ငံ၊ အာရှနည်းပညာ အင်စတီကျုဒ်(AIT)တွင် ဘွဲ့လွန်သင်တန်းများတက်ရောက်ရန် ပညာ သင်ဆုများပေးအပ်ခဲ့သည်။ အဆိုပါပညာသင်ဆုကို သုံးနှစ်ဆက်တိုက်ပေးအပ်သွားရန် စီစဉ်ထားပြီး နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ မြန်မာကျောင်းသားများအတွက် ပြည်ပပညာရေး အခွင့်အလမ်းကောင်း ဖြစ်သည်။ အင်္ဂလိပ်ဘာသာ စကားကျွမ်းကျင်မှုအနေဖြင့် IELTS ရမှတ် ၄ ဒသမ ၅ (သို့မဟုတ်) TOEFL ရမှတ် ၅၀၀ အနည်းဆုံးရရှိထားရန် လိုအပ်ပြီး ဘွဲ့ရပြီးစ ကျောင်းသားများလည်း လျှောက်ထားနိုင်မည်ဖြစ်သည်။ ပညာသင်ဆုလျှောက် ထားခြင်းအတွက် Network Activities Group က အခမဲ့တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ယခုနှစ် မတ်လကုန် နောက်ဆုံးထား၍ ပညာသင်ဆုလျှောက်လွှာများ ခေါ်ယူခဲ့သည်။ AIT ကျောင်းတွင် တက်ရောက်လိုသည့် အကြောင်းရင်း၊ မိမိ၏ ကာလတို၊ ကာလရှည် အနာဂတ်ရည်မှန်းချက်၊ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရေတို၊ ရေရှည်တွင် မည်သည့်အခန်းကဏ္ဍ၌ မည်သို့ပါဝင်ဆောင်ရွက်သွားမည်ကို မြန်မာဘာသာဖြင့် စာစီစာကုံး သုံးမျက်နှာရေးသား လျှောက်ထားရမည့် ပညာသင်ဆုအတွက် www.ait.asia/admissions/form.html တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

နိုင်ငံခြားအစိုးရများသည် မြန်မာ ကျောင်းသားများ၏ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု၊ ခေါင်းဆောင်မှု စွမ်းရည်၊ ဉာဏ် ရည်ထက်မြက်မှု၊ မိမိနိုင်ငံနှင့် လူ့အဖွဲ့အစည်းကို အကျိုးဖြစ်ထွန်းစေမှုစသည့်အချက်များပေါ်အခြေခံ၍ ပညာသင်ဆုပေးအပ်လေ့ရှိပြီး ပညာသင်ယူပြီးဆုံးချိန်တွင် မိမိနိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မည်ကိုပညာသင်ဆုလျှောက်ထားစဉ်နှင့် လူတွေ့စစ်ဆေးချိန်တွင် ထင်ရှားစွာ ဖော်ပြနိုင်ရမည်ဖြစ်သည်။

၈ မအေးအေးမော်ဦးစီးသောနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နီလာ

"ဖူးရာ ပွင့်ရာ စက်လည်ရာ စံရာဌာလေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပါယ်လေးဝမလာ၊ရလာ၊ရာလုနတ်ပြည်"
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတသုံးဌာန ( အိန္ဒိယ+နီပေါ) → ၈ သိန်း (စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ → ၉ သိန်း(စရိတ်ငြိမ်း)
တစ်ချိမဟာ၊ကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ

**မိခင်ကြီးဒေါ်နီလာ၏ အသက်(၇၀)ပြည့် မွေးနေ့ကုသိုလ်ယူအထူးအစီအစဉ်**

(၁၁.၈.၂၀၁၂)မှ (၃၀.၉.၂၀၁၂)အတွင်း၊ နီလာရုံးချုပ်နှင့်ရုံးခွဲရှိသောမြို့များတွင် မိမိတို့သွားလိုသည့် နေ့၊လ၊ရက်များကို ရွေးချယ်ပြီး
စရံငွေ (၁)သိန်းဖြင့် စာရင်းပေးသွင်းပါက တစ်ဦးလျှင် (၅)သောင်းကျပ်တိတိကို ထပ်မံလျှော့ပေးမည်။
အထူးအစီစဉ်အနေဖြင့် ဗုဒ္ဓဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်၊
အသင်းလိုက် အဖွဲ့လိုက်သီးသန့်သွားလိုသော သူများကိုလည်း အထူးအစီအစဉ်ဖြင့် ပို့ဆောင်ပေးနေပါသည်။
ဝန်ဆောင်မှုနှင့်ပတ်သက်၍ နေထိုင်စားသောက်ရေး စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ရန်အတွက် ကုမ္ပဏီမှ တာဝန်ယူပို့ဆောင်ပေးနေပါပြီ။
ပည်သည့်ခရီးစဉ်ပဲဖြစ်ဖြစ်(၁၀)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
(၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ (ရွှယ်တော်) + ဘန်ကောက် (မြဘုရား) → (၁၂)သိန်း၊ (စရိတ်ငြိမ်း) ၂၅.၉.၂၀၁၂ ထွက်မည်၊
အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မန္တလေးမှဂယာသို့ တိုက်ရိုက်ပို့ဆောင်ပေးနေပါသည်၊
မှတ်ချက်။ သက်မှတ်ရက်ကာလအတွင်းသာအကျုံးဝင်ပါသည်။နိုင်ငံကူးလက်မှတ် သက်တမ်း(၆)လအထက် လက်ဝယ်ရှိသူများကို(၄၀၀၀၀/-ကျပ်)ထပ်မံလျှော့ပေးပါမည်။
ထွက်ခွာမည့်ရက်များ- စက်တင်ဘာ - ၂၈၊၂၉။ အောက်တိုဘာ - ၁၊၁၀၊၁၂၊၁၇၊၁၉၊၂၄၊၂၆၊၂၉၊၃၁။ နိုဝင်ဘာ - ၇၊၉၊၁၄၊၂၁၊၂၃၊၂၈။
ဒီဇင်ဘာ - ၅၊၇၊၁၂၊၁၉၊၂၁၊၂၆။ ဇန်နဝါရီ - ၂၄၊၉၊၁၆၊၁၈၊၂၃၊၂၅၊၃၀။ ဖေဖော်ဝါရီ - ၁၆၊၁၃၊၁၅၊၂၀၊၂၇။
မတ်လ - ၁၆၊၁၃၊၁၅၊၂၀၊၂၇၊၂၉။ ဧပြီ - ၃၊၁၀၊၁၂၊၁၇၊၁၉၊၂၆။
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မန္တလေးရုံးခွဲ (၁) အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့
ရုံးခွဲ (၂)-မော်လမြိုင် ၊ ရုံးခွဲ(၃)-ပုသိမ် ၊ ရုံးခွဲ (၄)-တောင်ကြီး ၊ ရုံးခွဲ (၅)-လားရှိုး
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၁၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ - ၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၃ ၇၄၄၄၀၄၊ ၀၉-၄၂၈ ၂၁၇၂၅၁

**TRADEMARK CAUTION**

JAB Distributors, LLC DBA Protect-A-Bed, a Company incorporated in USA at 1500 S Wolf Road, Wheeling, Illinois 60090 is the Owner and Sole Proprietor of the following Trademarks:-

**HEALTHY SLEEP ZONE SOLUTIONS**

Reg: 4/8712/2012

HEALTHY SLEEP ZONE SOLUTIONS

Reg: 4/8713/2012

In respect of : " Mattresses; Pillows."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 20.Sept.2012

**TRADEMARK CAUTION**

JAB Distributors, LLC DBA Protect-A-Bed, a Company incorporated in USA at 1500 S Wolf Road, Wheeling, Illinois 60090 is the Owner and Sole Proprietor of the following Trademarks:-

**ALLERZIP**

Reg: 4/8710/2012

In respect of : " Mattress protectors in the nature of mattress covers, pillow covers."

**PROTECT-A-BED**

Reg: 4/8711/2012

In respect of : " Mattress protectors in the nature of mattress covers, pillow protectors in the nature of pillow cases; quilt protectors in the nature of quilt covers."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 20.Sept.2012

**TRADEMARK CAUTION**

JAB Distributors, LLC DBA Protect-A-Bed, a Company incorporated in USA at 1500 S Wolf Road, Wheeling, Illinois 60090 is the Owner and Sole Proprietor of the following Trademark:-

PROTECT-A-BED

Reg: 4/8703/2012

In respect of : " Mattress covers; mattress pads; pillow covers."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 20.Sept.2012

# Technology

7 DAY NEWS JOURNAL

Vol.11, No.28 • SEPTEMBER 20 , 2012


# ဆီးဂိမ်းနှင့် အာဆီယံအစည်းအဝေးများအတွက် ဆက်သွယ်ရေးအဆင်သင့်မဖြစ်သေး

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ - ၁၅**

၂၀၁၃ တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၄ အာဆီယံနိုင်ငံများ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူပြီးနောက်ပိုင်း ကျင်းပမည့် အစည်းအဝေးများအတွက် ဆက်သွယ်ရေးစနစ်များမှာ အဆင်သင့်မဖြစ်သေးကြောင်း ပြည်တွင်း၊ ပြည်ပရှိ ကွန်ပျူတာနယ်ပယ်အသီးသီးမှ ပညာရှင်နှင့် လုပ်ငန်းရှင်အချို့ကပြောသည်။

ပြည်တွင်း အင်တာနက်မြန်နှုန်းများ မကောင်းမွန်သေးခြင်း၊ မိုဘိုင်းဖုန်းနက်ဝ့ါခ်များမှာ သုံးစွဲသူအင်အားနှင့်မမျှတမှုဖြစ်နေခြင်း၊ ပုဂ္ဂလိကလက်သို့ သိသိသာသာလွှဲပြောင်းမှုမပြုလုပ်သေးဘဲ အစိုးရ၏ ထိန်းချုပ်မှုပါဝင်နေဆဲဖြစ်ခြင်း အစရှိသည့် အချက်များက မြန်မာနိုင်ငံ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်နှင့် ဆီးဂိမ်းကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်တာဝန်များအတွက် စိုးရိမ်စရာအနေအထားတစ်ရပ်တွင် ရှိနေဆဲဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်တို့ကပြောသည်။

“အလှည့်ကျအာဆီယံဥက္ကဋ္ဌကလာတော့မယ်။သူ့အရင်ဆီးဂိမ်းက လာတော့မယ်။ အဲဒီ့တာဝန်ယူထားရမှုတွေအတွက်ကို လက်ရှိအင်တာနက်မြန်နှုန်းလောက်၊ မိုဘိုင်းနက်ဝ့ါခ်တွေလောက်နဲ့ သွားလို့တော့ လုံးဝလုံးဝမရပါဘူး။ ဒီထက် ဘာလို့မတိုးတက်သေးရတာလဲဆိုတဲ့ အကြောင်းရင်းမှာ ဝန်ကြီးဌာနထဲမှာကိုက အင်ဂျင်နီယာအဆင့်လောက်မှာတင်အရမ်းရှုပ်နေကြတယ်။ ဝန်ကြီးက ပြုပြင်ပြောင်းလဲချင်သော်လည်းပဲ အခြေအနေအကြောင်းကြောင်းတွေ ရှိနေတာဖြစ်နိုင်တယ်။ သေချာတာကတော့ ဒီအတိုင်း ဆက်သွားရင် လုံးဝမရဘူးဆိုတာပဲ”ဟု ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူဦးရဲမြတ်သူကသုံးသပ်ပြောကြားသည်။

အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အချို့သော ဝန်ကြီးဌာနများက လိုက်ပါလာကြသော်လည်း သိသာသည့် ပြုပြင်ပြောင်းလဲမှုကိုမသွားနိုင်သေးသည့်ဝန်ကြီးဌာနများတွင် ဆက်သွယ်ရေးဝန်ကြီးဌာနလည်း ပါဝင်နေသည်ဟု ကွန်ပျူတာနယ်ပယ်အသီးသီးမှ စောင့်ကြည့်လေ့လာသူအချို့က ဆိုကြသည်။



ထို့အပြင် အရှိန်ယူဖွံ့ဖြိုးလာနေပြီဖြစ်သည့် ပြည်တွင်းဘဏ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကဲ့သို့သော နိုင်ငံတကာနှင့်ချိတ်ဆက်နေသည့် လုပ်ငန်းများတွင် ဆက်သွယ်ရေးကဏ္ဍ တိုးတက်မှုနှေးကွေးခြင်း၏ ဂယက်ကိုသက်ရောက်လာနိုင်ကြောင်း အဆိုပါလုပ်ငန်းကျွမ်းကျင်သူအချို့ကဆိုကြသည်။

“အခုဆို ဘဏ်လုပ်ငန်းက နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး လုပ်လာကြနေပြီ။ ဒီအခြေအနေမှာ မြန်မာနိုင်ငံက ဆက်သွယ်ရေးပိုင်းမှာ အင်တာနက်မြန်နှုန်းတွေ ဒီလိုဆက်ပြီး မကောင်းဖြစ်နေမယ်။ ဖုန်းလိုင်းတွေ ဒီအတိုင်းကျပ်နေမယ်ဆိုရင်တော့ လာမယ့်ဆီးဂိမ်းနဲ့ အာဆီယံဥက္ကဋ္ဌအတွက် အခက်အခဲတစ်ခုဖြစ်နိုင်တယ်။ အခုခေတ်အခြေအနေက ဆက်သွယ်ရေးနက်ဝ့ါခ်တွေကို အခြေခံပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်နေရတာဖြစ်လို့”ဟု ကမ္ဘောဇဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးညိုမြင့်ကဆိုသည်။

“ဖုန်းတွေ ဈေးကျတာလောက်နဲ့ကတော့ ပြုပြင်ပြောင်းလဲမှုကိုသွားနေတယ်၊ ကျွန်တော်တို့ပြုပြင်ပြောင်းလဲနေပါတယ်လို့ ပြောလို့မရဘူး။ အင်တာနက်လိုင်းတွေ မကောင်းသေးဘူး။ ဆက်သွယ်ရေးဝန်ဆောင်မှုတချို့ ချို့ယွင်းသွားလို့ ဝန်ကြီးဌာနနဲ့ ဘယ်ကွန်ပလိန်းဖုန်းကမှ အလုပ်မလုပ်ဘူး။ တစ်နေရာတည်း မပြီးဘူး။ ပြည်သူနဲ့ ဆက်ဆံရေး အားနည်းလွန်းတဲ့ ရှေးရိုးစွဲဝန်ထမ်းတွေ ရှိသေးတယ်။ ဒီလို ဝန်ဆောင်မှုမျိုးနဲ့ အာဆီယံဥက္ကဋ္ဌဘယ်လိုတာဝန်ယူမလဲ။ ဆီးဂိမ်းကို အိမ်ရှင်အဖြစ် ဘယ်လိုကျင်းပမလဲ”ဟု ထိုင်းနိုင်ငံတွင် နေထိုင်သည့် ကွန်ပျူတာပညာရှင် တစ်ဦးကလည်း ဆိုသည်။

ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်သည်ဟုဆိုရာတွင် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဥပမာအားဖြင့် ၎င်းတို့ လက်ထဲတွင်ရှိနေသည့် Backbone Resource များကို ထုတ်ဖော်ပြသပြီး စနစ်တကျ ဆောင်ရွက်သင့်ကြောင်းနှင့် ဆက်သွယ်ရေးဥပဒေသစ်ကိုလည်း အမြန်ဆုံး ထုတ်ပြန်နိုင်ရန်လိုနေပြီဖြစ်ကြောင်း ကွန်ပျူတာပညာရှင်အချို့က ထောက်ပြပြောဆိုသည်။

ထို့အပြင် ကောင်းမွန်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုတစ်ခုဖြစ်လာစေရန်အတွက် နည်းပညာပိုင်း အားကောင်းသည့် ဂျပန်နှင့် ကိုရီးယားကဲ့သို့ နိုင်ငံများနှင့် ဥရောပနိုင်ငံကြီးအချို့နှင့်သာ ပူးပေါင်းသင့်ပြီး တရုတ်နိုင်ငံနှင့်အကျိုးတူပူးပေါင်းမှုကိုမူ ယခုအချိန်တွင် စဉ်းစားရန်လိုအပ်ကြောင်း အထက်ပါပညာရှင်အချို့က သုံးသပ်ကြသည်။

“တရုတ်လို နိုင်ငံမျိုးနဲ့ ဆက်သွယ်ရေးကဏ္ဍကို ဆက်သွားနေရင် ဂျပန်လို နိုင်ငံမျိုး ဝင်လာမှာမဟုတ်တော့ဘူး”ဟု မန္တလေးမြို့တွင် နေထိုင်သူ ကွန်ပျူတာပညာရှင်တစ်ဦးက သုံးသပ်သည်။

မကြာသေးမီကမှ အရပ်ဘက်ပညာရှင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို ဆက်သွယ်ရေးဒုတိယဝန်ကြီးများခန့်အပ်လိုက်ခြင်းက ယခင်နှင့်မတူသော သိသာသည့်ပြောင်းလဲမှုကိုဖြစ်လာစေမည်ဟုလည်း ပြည်တွင်းကွန်ပျူတာနယ်ပယ်အသီးသီးမှကျွမ်းကျင်သူတို့က မျှော်လင့်နေကြသည်။

# အင်တာနက်လိုင်း ကောင်းအောင်လုပ်ပေးမည်ဟု ဒုဝန်ကြီး ဦးသောင်းတင်ပြောကြား

**နိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

အင်တာနက်လိုင်းများ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်ကပြောကြားသည်။

စက်တင်ဘာ ၁၄ ရက်တွင် ကျင်းပသော Developer Conference 2012 Yangon ဖွင့်ပွဲ၌ ဒုတိယဝန်ကြီးကပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဝန်ကြီးဌာနက အိုင်စီတီကဏ္ဍ၏ လိုအပ်ချက်များကို ပံ့ပိုးသွားမည်ဖြစ်ပြီး အဓိကအားဖြင့် အင်တာနက်လိုင်းပြတ်တောက်မှု မဖြစ်စေရန်နှင့် ပြတ်တောက်ပါက အချိန်မီ ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးမည်ဟု ဒုတိယဝန်ကြီး ဦးသောင်းတင်က ဆက်လက်ပြောကြားသည်။

“အရင်တုန်းက ဝန်ကြီးဌာနက လမ်းညွှန်မှုတွေပေးတာပါ။ လမ်းညွှန်မှုအတိုင်း လုပ်ငန်းတွေက လုပ်ဆောင်တာ။ အခုကတော့ Industry ကနေပြီး ဘာလိုချင်သလဲ။ လိုအပ်တာတွေကို ကျွန်တော်တို့ဘက်က ပံ့ပိုးပေးမှာပါ။ သေချာတာကတော့ ဝန်ကြီးဌာနက အင်တာနက်ပံ့ပိုးပေးနိုင်မှာပါ။ အင်တာနက်ကလည်း ဈေးမကြီးဖို့ပါ”ဟု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ပြည်တွင်း အိုင်စီတီကဏ္ဍ၏ လုပ်ထုံးလုပ်နည်းများကို လက်ရှိဆောင်ရွက်နေသည့် နည်းစနစ်နှင့် ပြောင်းပြန်ပြုလုပ်သွားမည်ဖြစ်ပြီး အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ဝန်ကြီးဌာနမှ တတ်နိုင်သမျှပံ့ပိုးသွားမည်ဟုလည်း ဆိုသည်။

မြန်မာနိုင်ငံ၏ အင်တာနက်ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက “ဘာနဲ့တူနေလဲဆိုရင် ကားတစ်စီးဝယ်ရင် ကားဘီး ၁၀ ဘီး အပိုဆောင်ထားတာနဲ့တူနေတယ်။ တစ်ဘီးပေါက်ရင် တစ်ဘီးဖြည့်မှာလား၊ တစ်ခါတည်း ကောင်းအောင်လုပ်သင့်တယ်။ အရည်အသွေးကို ကောင်းအောင် အမြဲထိန်းချုပ်ရမှာ။ အမြဲတမ်းမပြတ်ဘူးဆိုတာ ဖြစ်အောင်လုပ်သင့်တယ်”ဟု သုံးသပ်ပြောကြားသည်။

အင်တာနက်လိုင်း ပြတ်တောက်မှုများဖြစ်ပေါ်ပါက အရန်သင့်သုံးစွဲနိုင်ရန် အင်တာနက်လိုင်းများကို ပံ့ပိုးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၃ ဆီးဂိမ်းတွင်လည်း အင်တာနက်လိုင်းများ ကောင်းမွန်စွာသုံးစွဲနိုင်ရန် ဆောင်ရွက်မှုများပြုလုပ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။ သို့သော် အင်တာနက်သုံးစွဲသူများကမူ လတ်တလော အင်တာနက်မှာ နှေးကွေးနေဆဲဟုပြောသည်။





အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်

အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို INTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်းမှာ 01-703625, 09-73085653




Vivir
Cream
ရေယုန်လိမ်းဆေး
Vivir Cream
WHO-GMP
5g
Manufactured for
PACIFIC Pharmaceuticals Pte Ltd.


သင့် နှလုံး ကိုဂရုစိုက်ပါ..
သွေးပေါင်ချိန် မှန်မှန်တိုင်းပါ !
"သွေးတိုးရောဂါရှိသူများတွင် နှလုံးရောဂါဖြစ်နိုင်သည်။
သွေးတိုးရောဂါကို ဆရာဝန်နှင့်တိုင်ပင်၍ ထိရောက်စွာ ကုသသင့်သည်။"
British Hypertension Society နှင့် German Hypertension Society အသိအမှတ်ပြု
အဆင့်မြင့် သွေးပေါင်ချိန်တိုင်း ကိရိယာ
SWISS DESIGN
microlife®
pad
mam
Clinically Tested
BHS A/A-BHS Protocol
BHS
reddot


OXY MEN တို့ပေါ်လာပြီ
OXY
•OXY Perfect Wash က...
•OXY Deep Wash က...
•OXY Active Wash က...
ခန့်ပြီး သန့်သွားမယ်
OXY PERFECT WASH
OXY DEEP WASH
OXY ACTIVE WASH
ROHTO
OSAKA JAPAN
909(A), LEVEL 9, SHWEGONDAING YUZANA TOWER, SHWEGONDAING,
BAHAN TOWNSHIP, YANGON, MYANMAR. PHONE : 95 1 558417/ 95 1 558393



# ခံယူချက် အသစ်ဖြင့်

ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)

တစ်နေ့က ဂျာနယ်တစ်စောင်မှာ လုပ်ငန်းခွင် ပျော်ရွှင်ချမ်းမြေ့မှု အကောင်းဆုံးဆုကို ကမ္ဘာကျော် ဂူးဂဲလ်ကုမ္ပဏီက ၁၂ နှစ်ဆက်တိုက် ဆွတ်ခူးသွားကြောင်း ဖတ်လိုက်ရသည်။ ထိုသတင်းနှင့် ဆက်စပ်ကာ ကျွန်တော်သည် မိမိယခု တာဝန်ထမ်းဆောင်နေသည့် ရုံးနှင့် မိမိဆက်ဆံဝင်ထွက်ဖူးသော ရုံးများ၏ အခြေအနေကို တွေးကြည့်မိသည်။

ကျွန်တော်သည် စာသင်ဆရာဘဝမှ စစ်ဆေးရေးသို့ ပြောင်းခဲ့သည်က ၇ နှစ်ဝန်းကျင်ရှိခဲ့ပြီဖြစ်၏။ ထို့အပြင် အခြေအနေအရ အခြားရုံးများကိုလည်း ဝင်ထွက်သွားလာစစ်ဆေးခဲ့ဖူးသည်။ ဤတွင် ရုံးအားလုံး၏ တူညီချက်တစ်ခုကို သွားတွေ့မိသည်။ ထိုတူညီချက်က မည်သည့်ရုံးမှ ဝန်ထမ်းမဆို အားလုံးသည် မိမိတို့၏ အလုပ်ကိုခံယူချက်ဖြင့် လုပ်နေခြင်းမဟုတ်။ ကြောက်ရွံ့မှုဖြင့်သာ လုပ်နေခြင်းဖြစ်သည်ဆိုသော အချက်ပင်။

ရုံးစာရေးကို မိမိအထက်မှ ရုံးအုပ်ကဟောက်မည်၊ မကြည်မည်ကိုစိုး၍ ဖုတ်ပူမီးတိုက်လုပ်နေခြင်း ဖြစ်သည်။ ရုံးအုပ်ကလည်း မိမိအထက်မှ စီမံအရာရှိကို ကြောက်၍ လုပ်နေခြင်းဖြစ်သည်။ စီမံအရာရှိကလည်း ပြည်နယ်မှူးငြိုငြင်မည်စိုးသောကြောင့် လုပ်ပြခြင်းဖြစ်၏။ ပြည်နယ်မှူးကလည်းရုံးချုပ်က မိမိကိုကိုင်လိုက်မှာစိုးသောကြောင့်လုပ်နေခြင်းဖြစ်သည်။ ရုံးချုပ်ကလည်း ထိုနည်းအတူပင်။

သို့ဆိုလျှင်ရုံးဝန်ထမ်းအဆင့်ဆင့်သည် အဘယ်ကြောင့် ဤသို့ကြောက်ရွံ့နေကြပါသနည်း။ ရှင်းပါသည်။ မကြောက်ခြင်းကြောင့် မိမိရာထူးတိုးတက်ဖို့ အခွင့်အလမ်းမရနိုင်။ မကြောက်ခြင်းကြောင့် မိမိ၏ဘေးပေါက်၊ လုပ်ကိုင်ခွင့်ကို ထိခိုက်နိုင်သည်။ လက်ရှိအခြေအနေမှ နိမ့်ပါးလျော့ကျသွားနိုင်သည်။ ထို့ကြောင့် အဆင့်ဆင့် ကြောက်ခြင်းဖြစ်သည်။

တစ်ခါက စီမံဆရာမကြီး၏ အခန်းစားပွဲထောင့်မှာ“မှားမှားမှန်မှန်၊ ခွန်းတုံ့ပြန်သော်၊ မှန်သော်လည်း ရှုံး၊ လူကြီးမုန်း၏။ မှားမှားမှန်မှန်၊ ခေါင်းငုံ့ခံသော်၊ မှားသော်မရှုံး၊ လူကြီးပြုံး၏”ဆိုသော ကဗျာလေးကို ကွန်ပျူတာဖြင့်စီပြီး ကပ်ထားတာ ဖတ်ဖူးသည်။ ထိုကဗျာ၏ ဇစ်မြစ်ကို စုံစမ်းကြည့်သောအခါ ရုံးချုပ်က ရလာတာတဲ့။ ထိုဆရာမကြီးသည် ထိုကဗျာပါအကြောင်းအရာအတိုင်း အတိအကျလိုက်နာကာ“ဟုတ်ကဲ့” တစ်လုံးဆောင်ခေါင်းငုံနေခဲ့သောကြောင့် နောင်မှာ ငွေရေးကြေးရေး ပြဿနာအမှုအခင်း ဖြစ်သော်လည်း တိုင်ကြားသူသာ ပြုတ်သွား၍ ထိုဆရာမကြီးကတော့ ဘာအထိအခိုက်မှ မရှိဘဲ ပင်စင်ရသည်အထိ အေးချမ်းစွာနေရသည်ကို ကျွန်တော်မြင်ဖူးခဲ့၏။ အထက်အဆင့်ကို ကြောက်ခြင်းက မိမိတစ်ကိုယ်စာဘဝကို လုံခြုံနွေးထွေးစေပါတကား။

ထိုကဗျာပါအကြောင်းအရာသည် နှစ်မြို့ဖွယ်မဟုတ်သော်ငြား ယခင်ခေတ်တစ်ခေတ်လုံးမှာ (ယခုအချိန်ထိ ရှိနေဆဲ)“မှားမှားမှန်မှန်၊ ခေါင်းငုံခံ”သူတိုင်း ကိုယ့်အလုပ်ကို ဘယ်သို့တာဝန်မကျေသည်ရှိစေ၊ အချိန်တန်လျှင် ရာထူးတိုး သွားစမြဲဖြစ်ကြောင်းလည်း တွေ့မြင်ရပေသည်။

ဤသို့ ကြောက်ရွံ့မှုဖြင့် တာဝန်ကျေလုပ်တတ်သူတို့သည် မိမိတို့၏ တစ်ကိုယ်စာ ကြွယ်ဝချမ်းသာမှု၊ အာဏာအရှိန်အဝါရှိမှုတို့ကို ရရှိကြသော်လည်း တာဝန်ပိုင်းဆိုင်ရာ အရည်အသွေးမှာမူ ကျဆင်းလာတော့၏။ ခံယူချက်ဖြင့် လုပ်ကိုင်ခြင်းမဟုတ်သောကြောင့် အချက်အလက်မပြည့်စုံသော အစီရင်ခံစာများ၊ အရည်အသွေးမရှိသည့်ကိန်းဂဏန်းအချက်အလက်များ၊ မိမိကိုယ်ပိုင်အတွေးအခေါ်မဟုတ်သည့် ဖြတ်၊ ညှပ်၊ ကပ်တင်ပြချက်များဖြင့်သာ ပြည့်နေပြီး ရုံးပိုင်းဆိုင်ရာ အရည်အသွေးများ လျော့နည်းကျဆင်းလာရတော့၏။


တကယ်တမ်းကျ ရုံးတစ်ရုံး၏ ဦးစီးခေါင်းချုပ်ပုဂ္ဂိုလ်မှအစ ရုံးဝန်ထမ်းအလယ်၊ ညစောင့်၊ သန့်ရှင်းရေးအဆုံး အားလုံးသည်ပြည်သူ၏ဝန်ကို ထမ်းနေရသော ဝန်ထမ်းများပါတကားဟူသော မှန်ကန်သည့်အသိရှိကိုရှိရပေမည်။ ပြည်သူကပေးသော အခွန်အတုတ်၊ လစာကို စားနေသူများဖြစ်သောကြောင့်ပြည်သူကောင်းကျိုးကို ရည်မျှော်၍ မိမိအလုပ်ကို ကောင်းစွာကြိုးကုတ်အားထုတ်လုပ်ကိုင်မည်ဆိုသော ခံယူချက် ဝန်ထမ်းတိုင်းမှာ ရှိထား၊ စွဲမြဲထားရမည်ဖြစ်သည်။ ယခုတော့ “အရိုးကို အရွက်ဖုံး” သလို မိမိရထားသည့် ရာထူးသည် ပြည်သူကို အလုပ်အကျွေးပြုရန် ဖြစ်သည်ဆိုသော အရင်းခံအကြောင်းကို အမြင်။ ခွင်ထွင်စရာ၊ အကြံအဖန်လုပ်စရာ နေရာတစ်ခုဟု (ကိုယ့်ရှေ့ကလူ လုပ်ဆောင်ချက်ကို ကြည့်၍)ယူဆကာ မတရားလာဘ်ရဖို့ဘဲ ကြိုးစားနေသူတွေ များနေသောကြောင့် ပြည်သူကမကြည်ဖြူစရာ၊ နိုင်ငံအတွက် သိက္ခာကျစရာ ဝန်ထမ်းအဖွဲ့အစည်းကြီးဖြစ်နေရရှာသည်။

သို့ဆိုလျှင် ရုံးတိုင်းမှာ ခံယူချက်ထား၍ ကြိုးစားနေကြသူများကော မရှိတော့ဘူးလားဟု မေးစရာရှိသည်။ ရှိတော့ ရှိတယ်။ ရှားတယ်ဟုသာ ဖြေရပေမည်။ အမှန်ကန်သမားများ နေရာမရသည့်ခေတ်ကို ဖြတ်သန်းရင်း မိမိ၏စာရိတ္တ၊ ကိုယ်ကျင့်တရားတို့ကို ကြာရှည်မထိန်းသိမ်းနိုင်သူ အများစုက မိမိသိက္ခာကို လျှော့ဈေးဖြင့် ချရောင်းကြသောကြောင့် ခံယူချက်သမားက ရှိသော်လည်း ရှားနေပေပြီ။

ယခုအခါ နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ဝင်အချို့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အလေးထားကာ အားကြိုးမာန်တက်ကြိုးစားနေပြီဖြစ်သည။ သို့သော် အထက်ပိုင်း လှုပ်ရုံဖြင့် မရ။ အခြေခံကျသော အောက်ပိုင်းဝန်ထမ်းထုက အသိသစ်၊ အတွေးအခေါ်သစ်ဖြင့် အယူအဆဟောင်းများကို စွန့်ပစ်ကာ မိမိအလုပ်ကိုခံယူချက်ကောင်းကောင်းဖြင့် ကြိုးစားပြီး လုပ်ဆောင်ရန် အချိန်သင့်ပါပြီ။ ပြည်သူ့ဝန်ထမ်းဟူသော စကား၏ အဓိပ္ပာယ်ကို ကောင်းမွန်မှန်ကန်စွာ သဘောပေါက်ခံယူပြီး ခေတ်သစ်ကို ခံယူချက်အသစ်ဖြင့် ဦးထမ်း၊ ပွဲထမ်းကြိုးစားကြဖို့ အချိန်တန်ပါပြီဟု . . . . ။ ။

# ရေးလည်း ရေးကြပါ၏၊ အရေးလည်း ယူပြသင့်ပါ၏

စိမ်းစုစံ



လာဘ်ပေးလာဘ်ယူကိစ္စနှင့်ပတ်သက်ပြီး ‘ပေးသူရော ယူသူပါ အကျင့်ပျက်သည့်သိက္ခာမဲ့သည့်လုပ်ရပ်ဖြစ်သည့်အပြင် အစိုးရ၏ဂုဏ်သိက္ခာ၊ နိုင်ငံ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေသည့်အတွက် ထိထိရောက်ရောက် အပြစ်ပေးအရေးယူခြင်းများဖြင့် တားဆီးသွားကြရန် လိုအပ်ပါကြောင်း၊ ဖြူစင်သန့်ရှင်းသည့် အစိုးရတစ်ရပ်ဖြစ်ရေးအတွက်စွန်းထင်းနေသည့် ၎င်းအမည်းစက်ကိုမိမိတို့အစွမ်းကုန်ချေဖျက်သွားကြရန် တိုက်တွန်းပါကြောင်း၊ အောက်ခြေက မည်သို့ပင်လုပ်သည်ဖြစ်စေ လုပ်သမျှအားလုံးသည် အထက်အကြီးအကဲ၌သာ တာဝန်ရှိသည်ဟု ခံယူပြီး ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်သွားကြရန်’ နိုင်ငံတော်သမ္မတကြီးက ဩဂုတ်လ ၁၃ ရက်တွင် ပြုလုပ်သော စီမံကိန်းကော်မရှင်ဒုတိယအကြိမ်ဆွေးနွေးပွဲတွင် ပြောကြားသွားခဲ့ကြောင်း ဂျာနယ်များ၌ ဖော်ပြထားသည်ကိုဖတ်ခဲ့ရပါသည်။ ထိုမိန့်ခွန်းကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံကြောင်း ဦးစွာပြောကြားလိုပါသည်။ တစ်ဆက်တည်းမှာပဲ ကျွန်မတို့ ပညာရေးလောကနှင့် လူကြီးမင်းတို့၏ လက်မှတ် (Signature) များအကြောင်း လက်တို့ပြီး ပြောချင်စိတ်ဖြစ်လာမိပါသည်။

လက်မှတ်၊ ထိုးမြဲလက်မှတ်၊ လူတစ်ယောက်၏ ကိုယ်ကျင့်သိက္ခာနှင့်ဆိုင်သောအမှတ်အသား၊ သင်္ကေတ။ ထိုလက်မှတ်များကို ကိုယ်ကျိုးအတွက် တွင်တွင်ကျယ်ကျယ်ကြီး ထိုးခဲ့ကြပါသည်။ တစ်ခေတ်တစ်ခါက ထိုးခဲ့ကြသော လက်မှတ်များကို ခေတ်ပြောင်းကာလမှာလည်း ခေါက်ရိုးကျိုးပြီး ထိုးနေကြသေးသည်။ မပပျောက်သေးပေ။ ထို့ကြောင့် ဂျာနယ်များ၊ သတင်းစာများတွင် လာဘ်ပေးလာဘ်ယူမှုကိစ္စနှင့်ပတ်သက်၍ ဆောင်းပါးများ၊ ကာတွန်းများပလူပျံအောင် ပါနေခြင်းပင်ဖြစ်သည်။ ရေးသူများက ရေးလည်း ရေးကြပါ၏။ တွန့်ခြင်းရွံ့ခြင်းမရှိဘဲ ယူလည်း ယူနေကြပါ၏။ အဘယ့်ကြောင့်ပါနည်း။ ၎င်းတို့သည် ကြောက်ခြင်းကင်းလျက် ရှိကြကုန်၏။ တိုင်သူများက မည်မျှပင်တိုင်ကြားပါစေ။ မဖြုံကြပါတကား။ ရေးသူများ ကလောင်ကျိုး၍ မရေးနိုင်ဖြစ်အောင် အန်တုနိုင်ကြပါပေ၏။ အံ့ဖွယ်ကောင်းလှပါတကား။

ကျွန်မ သိသည်မှာ ကျွန်မတို့ ပညာရေးလောကဖြစ်ပါ၏။ ကျွန်မတို့လောကတွင် ပြောင်းရွှေ့ခွင့်အမိန့် (Transfer)ကို ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ ကျောင်းများတွင် နေကြသူများအားလုံးနီးပါးက အလွန်ကြောက်ရွံ့ကြ၏။ တုန်လှုပ်ကြ၏။ သွားရေး၊ လာရေး၊ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး အဆင်ပြေသောနေရာများသို့ လူတိုင်းက မျှော်လင့်ကြသည်။ သွားလိုကြသည်။ သွားစရိတ်လာစရိတ် ကြီးပြီး နေမှုထိုင်မှုခက်ခဲသော နယ်စပ်ကမ်းရိုးတန်းဒေသများသို့ မသွားလိုကြပေ။ သို့သော် . . သွားကြရသည်။ သွားကြပါသည်။ လွှတ်သည့် နေရာတွင် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြပါလျက် နောင်တစ်ခါ Transfer တွင် ထိုအရပ်များသို့ ထပ်မံပို့ဆောင်ခြင်း ခံရပြန်ပါသည်။ တချို့ကား ရန်ကုန်နှင့်နီးနီးနားနား ဒေသများရှိ ကျောင်းများသို့ ပြောင်းရွှေ့ခံရပြီး ထိုအရပ်ဒေသမှ ထပ်မံ၍ ပြောင်းရွှေ့ခွင့်မတင်သောအခါ သူတို့နေချင်သလောက် နှစ်ပေါင်းများစွာ နေခွင့်ရသွားကြပါသည်။ ကမ်းရိုးတန်းဒေသ၊ ရခိုင်ဒေသ စသည့် သွားစရိတ်လာစရိတ် အလွန်ကြီးသော နေရာများသို့ ရောက်ပြီးသားသူများက ထပ်မံသွားကြရပါတော့သည်။ တချို့ လူကြီးထောက်ခံချက်လက်မှတ်ဖြင့် အခွင့်ထူးခံကာ ရန်ကုန်သို့ပြန်ရောက်သည်လည်း ရှိပါသည်။ အလွန်ပင် မတရားလှပါ။ ပြန်လည်စိစစ်ကြည့်လျှင် အမှန်တရားကို တွေ့ရမည်ဖြစ်ပါသည်။

ယခုအခါ မိမိသားသမီး ကျောင်းပြောင်းလိုပါကလည်း နာမည်ကျော်ကျောင်းဆိုလျှင် လူကြီးလက်မှတ်က အဓိကဖြစ်နေသည်။ ကျောင်းသား၏ ကိုယ်ရေးရာဇဝင်က အရေးမကြီး။ မိဘများ မည်သူမည်ဝါဖြစ်ပါစေ။ လူကြီးလက်မှတ်က အဓိက။ လက်မှတ်ကိုကြည့်၍ ရွေးသည်။ ဖြစ်သင့်ပါ၏လော။ အချို့သောနာမည်ကျော်ကျောင်းများတွင် ခရိုနီများ၏ မျိုးဆက်များက ထိုလူကြီးတို့၏ လက်မှတ်များဖြင့် များစွာဝင်ခွင့်ရကြပါသည်။ ဘူးသီးတောင်၊ မောင်တောသို့ လူမျိုးခြားများ စိမ့်ဝင်သလို ခရိုနီများ စိမ့်ဝင်နေသော ကျောင်း ဖြစ်သွားကြပါသည်။ အခွင့်ထူးခံကျောင်းဟု ဆိုရလောက်အောင် အာဏာ၊ ပါဝါ၊ ငွေကြေးသံတို့ လွှမ်းနေကြပါတော့သည်။ ထိုအရာများဖြင့် မိမိအထက်က တာဝန်ရှိသူကိုပင် ဂါရဝ၊ နိဝါတတရားမထားတော့ဘဲ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် လုပ်ချင်လာကြသည့် သဘောကို ကြားနေရပါသည်။ ကျောထောက်နောက်ခံရှိသော မိဘများကလည်း ကျောင်းကိစ္စကိုဝင်စွက်ချင်လာကြသည်။ မည်သူမှန်သည် မှားသည်ကို အထက်လူကြီးမင်းများစစ်ဆေးသင့်ပါ၏။ ထိထိရောက်ရောက် အရေးယူပြသင့်ပါ၏။

အကျင့်ပျက်ခြစားမှုကို စစ်ဆေးတွေ့ရှိပါက ပြည်သူလူထုမြင်သာအောင် ထိထိရောက်ရောက် အရေးယူသင့်ပါကြောင်း သက်ဆိုင်သူများအား တိုက်တွန်းနိုးဆော်ချင်ပါသည်။ သမ္မတကြီး ပြောသကဲ့သို့ပင် လုပ်သမျှအားလုံးသည် အထက်အကြီးအကဲ၌သာ တာဝန်ရှိသည်။ အထက်အကြီးအကဲ၌သာတာဝန်ရှိသည်။ အထက်အကြီးအကဲ၌သာတာဝန်ရှိသည်. . ဟုထပ်ခါထပ်ခါဆိုချင်ပါတော့သည်။ ။

7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# အရင်းစစ်လျှင် အမြစ်မြေက

မြင့်မိုရ်ဆွေ

မြို့ တစ်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ အခြေခံအကျဆုံးနှင့် အရေးပါဆုံးသော ရုပ်ဝတ္ထုပစ္စည်းမှာ မြေကြီးပင်ဖြစ်၏။ မြေမရှိလျှင် လူတို့နေထိုင်ရန် အိမ်ရာ၊ သောက်သုံးရန်ရေ၊ စွမ်းအင်နှင့်အလင်းအတွက် လျှပ်စစ်ဓာတ်အား၊ ကျန်းမာရေးအတွက် ဆေးရုံ၊ ပညာရေးအတွက်ကျောင်း၊ ကုန်သွယ်ရေးအတွက် ဈေး၊ သန့်ရှင်းရေးအတွက် မိလ္လာစနစ်နှင့် မြောင်း၊ အပန်းဖြေရေးတွက် ဥယျာဉ်၊ လုံခြုံရေးအတွက် ရဲစခန်း၊ ပို့ဆောင်ရေးအတွက် လမ်းနှင့်ယာဉ်ရပ်နားစခန်း စသည့်အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် မြေမရှိလျှင် စီမံကိန်းမရှိနိုင် (No Land, No Plan) ဟု ဆိုရိုးပြုကြ၏။ မြို့ပြတွင် မြေသည် အဖိုးတန်းဆုံးပစ္စည်းတစ်ရပ်ဖြစ်ချေသည်။ အဘယ်ကြောင့်နည်း။ အဖြေကိုဆန်းစစ်လျှင် မြေကြီး၏ဝိသေသဂုဏ်သတ္တိ သုံးရပ်ကြောင့်ဖြစ်သည်ဟု ဆိုရပေမည်။



နိုင်ငံမြေယာစနစ်တကျစီမံခန့်ခွဲ၍ အကောင်အထည်ဖော်ထားသော စင်ကာပူမြို့ကိုတွေ့ရစဉ်

ပထမဂုဏ်သတ္တိမှာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ၌မဆို မြေသည်အကန့်အသတ်ရှိသော တိုးပွားမှုမရှိသော သယံဇာတဖြစ်ပါသည်။ မြေကြီးကမူ သတ်မှတ်ပိုင်းခြားသည့် နယ်နိမိတ်ထက် ကျော်လွန်ချဲ့ထွင်၍ မရနိုင်ပေ။ စင်ကာပူ၊ ဂျပန်၊ နယ်သာလင် အစရှိသည့်နိုင်ငံအချို့၌ကမ်းခြေနှင့် ဆက်စပ်လျက်ရှိသော ပင်လယ်ပြင်ကိုဖို့ပြီး မြေတိုးချဲ့မှုများပြုလုပ်ကြ၏။ သို့ရာတွင် ကုန်ကျစရိတ်အလွန်များပြားပြီး အကျိုးသက်ရောက်မှုမှာ မတွင်ကျယ်လှသေးကြောင်းတွေ့ရှိရပေသည်။

ဒုတိယဂုဏ်သတ္တိမှာမြေကြီးသည်အစားထိုးလဲလှယ်၍ မရနိုင်သောသယံဇာတဖြစ်ခြင်းပေတည်း။ ထုတ်ကုန်ပစ္စည်းတစ်ခုကို အရည်အသွေးတူညီသော အခြားထုတ်ကုန်တစ်ခုနှင့် အစားထိုးလဲလှယ်၍ ရနိုင်ပါသည်။ မြေကြီးမှာမူ ပထဝီဂုဏ်သတ္တိ၊ ဘူမိဂုဏ်သတ္တိနှင့်တည်နေရာဒေသ၏ အရေးပါမှုများ ကွဲပြားခြားနားသည့် အလျောက် တစ်နေရာနှင့်တစ်နေရာ ဧရိယာတူညီသော်လည်း အရည်အသွေးကို အစားထိုးလဲလှယ်၍ မရနိုင်ပါပေ။ အမေရိကန်နိုင်ငံမှ ကိုကာကိုလာအချိုရည်ကို မြန်မာနိုင်ငံတွင် လာရောက်ထုတ်လုပ်နိုင်သော်လည်း မြန်မာနိုင်ငံမှ မိုးကုတ်တွင်းထွက်ပတ္တမြားကို အမေရိကန်၌ တူးဖော်မရရှိနိုင်ပေ။

တတိယဂုဏ်သတ္တိမှာ မြေကြီးသည် မည်သည့်နိုင်ငံ၌မဆို စီးပွားရေးအရ ငွေကြေးဖောင်းပွမှုဒဏ်ကို အပြည့်အဝ ခံနိုင်ရည်ရှိခြင်းဖြစ်ပေသည်။ အထူးသဖြင့် မြို့ပြဒေသ၌ မြေယာဈေးသည် ငွေကြေးဖောင်းပွမှုနှုန်းထက် အစဉ်ကျော်လွန်မြင့်မားသော နှုန်းဖြင့် ခုန်တက်လျက်ရှိပေသည်။

ဖွံ့ဖြိုးပြီး နိုင်ငံများ၌သာမက ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပါ အဖိုးတန်လှသော မြို့ပြမြေယာအများစုကို ဥစ္စာဓနကြွယ်ဝသော ပုဂ္ဂိုလ်များကလက်ဝါးကြီးအုပ်ရယူထားလေ့ရှိကြ၏။ မြေချမ်းသာသောသူများသည်နိုင်ငံရေးနယ်ပယ်၌ပါ ဩဇာကြီးမားသူများဖြစ်ကြ၏။ အာဏာရအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၏ အရေးပေးခြင်းခံရသော ခရိုနီများလည်းဖြစ်လာကြ၏။ မြို့ပြ၌ မြေယာလက်ဝါးကြီးအုပ်မှုကိုတားဆီးရန်နှင့် မြို့ပြဖွံ့ဖြိုးရေးကိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားသည် မြို့ပြမြေယာမူဝါဒကို ချမှတ်၍ မြေအသုံးချမှုကို စနစ်တကျထိန်းချုပ်မှုပြုကြရပေသည်။ သာဓကအားဖြင့် သီရိလင်္ကာနိုင်ငံ၌ လူတစ်ဦးလျှင် အများဆုံးပိုင်ဆိုင်ခွင့်ရှိသော မြို့ပြဧရိယာကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားကြောင်း သိရှိရ၏။ မြေဧရိယာကျယ်ပြောလှသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြို့တော်ဘေဂျင်း၌ Second Home ခေါ် ဒုတိယအိမ်ပိုင်ဆိုင်မှုကို တားမြစ်ထားကြောင်း သိရှိရပေသည်။

မည်သည့်နိုင်ငံတွင်မဆို မြို့ပြမြေအသုံးချမှုကို ထိန်းချုပ်ပေးရသည့် အဓိကဦးတည်ချက်မှာ စီမံကိန်းထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် မြို့ပြမြေယာလက်ဝါးကြီးအုပ်မှုများကိုတားဆီးနိုင်ရန် ဖြစ်ပေသည်။ အသေးစိတ်အားဖြင့်မူ အောက်ပါရည်ရွယ်ချက်များ ထားရှိကြောင်း တွေ့ရှိရပေသည်။

(က) ပြည်သူများ၏ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် လုံခြုံရေးအတွက် အလွန်အမင်းလူနေထူထပ်သိပ်သည်းမှု၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု စသည်တို့ကို ကာကွယ်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောက်လုပ်နေထိုင်နိုင်ရေးကို အာမခံချက်ပေးရန်။

(ခ) ရေတို၊ ရေရှည် စီမံချက်များဖြင့် လူမှုဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှု စီမံကိန်းလုပ်ငန်းများကိုအကောင်အထည်ဖော်နိုင်ရန်။

(ဂ) မြို့ပြမြေယာကို ဆင်းရဲချမ်းသာဝင်ငွေအလွှာအသီးသီးအား စည်းမျဉ်းစည်းကမ်းနှင့်အညီမျှတစွာနေရာချထားပေးနိုင်ရန်နှင့် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန်။

(ဃ) အချိန်အခါအလျောက် ပြောင်းလဲလာသည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပုံသဏ္ဍာန်နှင့်လိုက်လျောညီစွာ မြို့၏ ဖွံ့ဖြိုးရေးကို မြှင့်တင်ပေးနိုင်ရန် (Urban Renewal)

(င) ပြည်သူတို့အချင်းချင်း မြေယာအငြင်းပွားမှု ပြဿနာများကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ရန်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ တူညီသော အချက်တစ်ရပ်မှာ မြို့ပြမြေယာသည်လာဘ်ပေးလာဘ်ယူစားကျက်(သို့မဟုတ်)ခေတ်စကားဖြင့်ဆိုရလျှင်"ခွင်" (ဂွင်) တစ်ရပ်ဖြစ်နေခြင်းပင်တည်း။ သာမန်လူကို မဆိုထားနှင့် မြတ်စွာဘုရားရှင်လက်ထက်က သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းသည်မြေချထားရာတွင်လာဘ်ယူခဲ့ကြောင်း မှတ်သားခဲ့ရဖူး၏။ မြတ်စွာဘုရားရှင်သည် အနာထပိဏ်သူဌေး လှူဒါန်းသော ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်က ဖြစ်၏။ ဒိဋ္ဌိများက သာသနာဖျက်ရန်အကြံဖြင့် ဇေတဝန်ကျောင်းနှင့် ကပ်လျက်ရှိသော မြေကွက်ကို ဘုရင်ကောသလအား လာဘ်ထိုး၍ ရယူခဲ့၏။ ထိုအကြောင်းကို မြတ်စွာဘုရားရှင်က ကြားသိတော်မူ၍ ကောသလမင်းကြီးအား တားမြစ်တော်မူခဲ့ရ၏။ ဘုရားရှင်၏ အဆုံးအမကို ခံယူ၍ မြေချထားပေးခြင်းကို ပြန်လည်ပယ်ဖျက်ခဲ့ကြောင်း မှတ်သားခဲ့ရဖူးပါသည်။

> မြေယာ စီမံခန့်ခွဲရေးလုပ်ပိုင်ခွင့်ရှိသူ
> တစ်ဦးအနေဖြင့် မိမိလုပ်ပိုင်ခွင့်ကို
> အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊
> ပွင့်လင်းမြင်သာမှုမရှိသော
> လုပ်ထုံးလုပ်နည်းများဖြင့်
> လက်သင့်ရာကိုနေရာချထားပေးခြင်း
> စသည့် လုပ်ရပ်များအား အထူး
> သတိထားရှောင်ရှားအပ်ပေသည်။

မြို့တစ်မြို့၏ မြို့ပြမြေယာအရင်းအနှီးကို ထိရောက်မှန်ကန်စွာအသုံးချရေးတွင် ရှေ့ဦးပထမတာဝန်ရှိသောပုဂ္ဂိုလ်များမှာ မြေယာစီမံခန့်ခွဲရေး လုပ်ပိုင်ခွင့်ရှိသူများပင်ဖြစ်ကြပေသည်။ မြေယာစီမံခန့်ခွဲရေး လုပ်ပိုင်ခွင့်ရှိသူတစ်ဦးအနေဖြင့် မိမိလုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ ပွင့်လင်းမြင်သာမှုမရှိသော လုပ်ထုံးလုပ်နည်းများဖြင့် လက်သင့်ရာကို နေရာချထားပေးခြင်းစသည့် လုပ်ရပ်များအား အထူးသတိထားရှောင်ရှားအပ်ပေသည်။ အထူးသဖြင့် မူလမြို့ပြပုံစံအရ အများပြည်သူနှင့် သက်ဆိုင်သော မီးတားကွက် (Fire escape) များ၊ ကစားကွင်းနှင့် ဥယျာဉ်ပန်းခြံအတွက် သတ်မှတ်သည့် မြေကွက်လပ်များတွင်ဆိုင်ခန်းများနှင့် အိမ်ရာများချထားခြင်းအမှုကို လုံးဝမပြုအပ်ပေ။ မူလမြို့ပြပုံစံကို ဆိုးရွားစွာပျက်ယွင်းစေသည့် သာဓကတစ်ရပ်ကိုသင်ခန်းစာယူနိုင်ရန်ဖော်ပြလိုပါသည်။ သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်အကြား မင်းနန္ဒာလမ်းမကြီး ရှိပါသည်။ မြို့ပြစီမံကိန်းအရမြို့သစ်ကို တည်ဆောက်ရာ၌ သာကေမြို့ဘက်ခြမ်း၌ မင်းနန္ဒာလမ်းနှင့်အပြိုင် ဝန်ဆောင်မှုလမ်း (Service Road) ဖောက်၍ အိမ်ရာကွက်များချထားခဲ့ပါသည်။ အဆိုပါအိမ်များသည် မိမိအိမ်ရှေ့ဝန်ဆောင်မှုလမ်းနှင့်တကွ မင်းနန္ဒာလမ်းမကြီးကို မျက်နှာမူ၍ တည်ဆောက်ထားကြပါသည်။ လွန်ခဲ့သော (၁၀) နှစ်ခန့်က အဆိုပါလမ်းမကြီးနှင့် ဝန်ဆောင်မှုလမ်းအကြား မြေကွက်လပ်၌ ဆိုင်ခန်းနှင့် အိမ်ရာများကို လမ်းမကြီးမေးတင်၍ ထပ်မံချထားခဲ့ရာ အဆောက်အဦသစ်များ၏ အိမ်သာများမှာ မူလဝန်ဆောင်မှုလမ်းပေါ်ရှိ အိမ်များ၏ မျက်နှာစာတည့်တည့်ကပ်လျက်တည်ရှိလေတော့သည်။ ယခင်မြို့သစ်စတည်ကာလမှပင် အစဉ်အဆက်လမ်းမကြီးကိုမျက်နှာမူနေထိုင်ကြသည့် အိမ်များအား နောက်ကျောပေး၍ နောက်ထပ် အိမ်ကွက်ချထားပေးခြင်းမှာအလွန်အကျည်းတန်လှပြီး မူလအိမ်ရှင်များမှာ မြင်ကွင်းပိတ်၊ လေအဝင်အထွက် ပိတ်ရုံမျှမက မိုးလင်းမှ မိုးချုပ်အထိ နေ့စဉ်အိမ်သာများကို အိမ်ရှေ့မျက်နှာစာ၌ မျက်နှာမူနေထိုင်ကြရသည့်ဘဝကိုကိုယ်ချင်းစာနာသင့်လှပေသည်။ ဒုတိယတာဝန်ရှိသောပုဂ္ဂိုလ်များမှာ ဥစ္စာရှင်လိုဥစ္စာရှင်ခဲဆိုသကဲ့ သို့ မြို့ပြနေပြည်သူများကိုယ်တိုင်ပင် ဖြစ်ပေသည်။ မြို့ပြပြည်သူများသည် စည်းကမ်းချိုးဖောက်၍ မြေကွက်များခွဲစိတ်ခြင်း၊ လမ်းမကြီးများ၌ပလက်ဖောင်းကို ပိတ်၍ ဆိုင်ခန်းဖွင့်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းတည်ဆောက်မှုမရှိခြင်း၊ အမှိုက်များကို လမ်းနယ်အတွင်း စည်းကမ်းမဲ့စုပုံခြင်း၊ စာသင်ကျောင်းဘေး၊ ကစားကွင်းဘေး မြေကွက်လပ်များမှ မြေကိုရေအိုင်ဖြစ်သည်အထိ တူးယူခြင်း၊ ဘာသာရေးအကြောင်းပြ၍ ဆွမ်းလောင်းအသင်း၊ ဓမ္မာရုံများ ဆောက်လုပ်ခြင်းစသော တာဝန်ယူစီမံခန့်ခွဲသည့် အဖွဲ့အစည်း၏ တရားဝင်ခွင့်ပြုချက် ကင်းမဲ့သော အသုံးပြုမှုမှန်သမျှကို လုံးဝရှောင်ရှားအပ်ပေသည်။ မြို့ပြမြေယာကိုစည်းကမ်းဥပဒေနှင့်အညီ အသုံးပြုခြင်းသည် မြို့ကြီးသားတို့၏ တာဝန် (Civic Duty) တစ်ရပ်လည်းဖြစ်ပေသည်။ မြို့ပြ၌မြေသည် တန်ဖိုးအကြီးမားဆုံးပစ္စည်း မဟုတ်ပါလော။ စည်းကမ်းမဲ့အသုံးချမှုတိုးပွားပြီး မြို့ကျက်သရေယုတ်လျော့ပျက်စီးစေခြင်းနှင့် အနာဂတ်လူဦးရေတိုးပွားမှုပုံသဏ္ဍာန်ကို တွက်စစ်၍ စီမံကိန်းဖြင့် အသုံးပြုခြင်းမှ သွေဖယ်ကြလျှင်ဤမြေကို ဆက်ခံသုံးစွဲကြရမည့်နောင်လာနောင်သားတို့က မိမိတို့အား အပြစ်ဆိုကြပေတော့မည်။

အချုပ်အားဖြင့်တင်ပြရလျှင် မြို့ပြတစ်ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းများသည်လူမှုစီးပွားတိုးတက်စည်ပင်မှုကို ဖြစ်ထွန်းစေပြီး တာဝန်ရှိသူများအပါအဝင် ပြည်သူတို့၏ စည်းကမ်းဥပဒေစောင့်ထိန်းလိုက်နာမှုသည် အဆိုပါဖွံ့ဖြိုးစည်ပင်မှုကို အရှည်သဖြင့် တိုးတက်ရှင်သန်စေမည်ဖြစ်ပါသည်။ မြို့ပြ ဖွံ့ဖြိုးရေးတွင် အခြေခံအကျဆုံးနှင့် အရေးပါဆုံးသော သယံဇာတမှာ မြေကြီးပင်ဖြစ်၍ အရင်းစစ်လျှင် ဖွံ့ဖြိုးရေးအမြစ်သည် မြေကဖြစ်သည်ဟုဆိုရပါမည်။ သို့ဖြစ်၍ မြို့ပြမြေယာစည်ပင်ဖွံ့ဖြိုးမှု သားသမင်ကိုစည်းကမ်းဖောက်ဖျက်မှုဟူသော ကျားဆိုး၏အန္တရာယ်မှ လွတ်ကင်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းလိုက်ရပါတော့သည်။

# ‘၂၀၀၇ တုန်းက လုံခြုံရေးကောင်စီမှာ အဆိုပြုချက် အောင်မြင်ခဲ့ရင် မြန်မာနိုင်ငံဟာ ဒီလိုအခြေအနေကောင်းမှာ မဟုတ်ဘူး’

**ငြိမ်းငြိမ်းနိုင်၊ အေးမြကျော်**


ဓာတ်ပုံ-ကျော်မျိုးဦး

နိုင်ငံအတွင်း အရပ်သား အစိုးရတက်လာပြီး လက်ရှိမြန်မာနိုင်ငံအပေါ် ထားရှိသည့် တရုတ်နိုင်ငံခြားရေးမူဝါဒများနှင့် ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာချန်းချန်နှင့် 7Day News ဂျာနယ်တို့တရုတ်နိုင်ငံဘေဂျင်းမြို့၌ ဩဂုတ် ၂၈ ရက်က တွေ့ဆုံခွင့်ရခဲ့သည်။

မစ္စတာချန်းက ဗမာစကားကို တက္ကသိုလ်တွင် မေဂျာယူ တက်ရောက်သင်ကြားခဲ့ပြီး ဗမာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်သူဖြစ်ကာ 7Day News ၏ မေးမြန်းသမျှကို မြန်မာဘာသာစကားဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ ၎င်း၏မြန်မာအမည်မှာ ဦးခင်စိန်ဖြစ်ပြီး မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်နိုင်ငံသံရုံးတွင် ပထမအတွင်းဝန် ရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်း ဖြစ်သည်။ ၎င်းနှင့်တွေ့ဆုံခိုက် 7Day News ဂျာနယ်မှ မေးမြန်းမှု အချို့ကို ဖော်ပြလိုက်ရပါသည်။

**ရှည်လျားတဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ကာလတစ်လျှောက်ကို ဘယ်လိုသုံးသပ်မိပါသလဲ။**

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ပြီးတဲ့နောက် တစ်လျှောက်လုံးကောင်းပါတယ်။ ကမ္ဘာပေါ်မှာလည်း ထင်ရှားတဲ့ ဆက်ဆံရေးတစ်ခုပါ။ ဆွေမျိုးပေါက်ဖော်ကြားဖူးလား။ ပေါက်ဖော်ဆက်ဆံရေးက ဒီနှစ်နိုင်ငံကြားမှာပဲရှိတယ်။ တရုတ်နိုင်ငံနဲ့ အခြားနိုင်ငံတွေ ဘယ်လောက်ဆက်ဆံရေးကောင်းကောင်း ပြည်သူလူထု ဆက်ဆံရေးမှာ မတူဘူး။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံက အပြန်အလှန်လေးစားမှုရှိပါတယ်။ တရုတ်နိုင်ငံရဲ့အကျိုးစီးပွားကို မြန်မာနိုင်ငံက လေးစားသလို မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားကိုလည်းတရုတ်က လေးစားပါတယ်။ တခြားနိုင်ငံနဲ့ ဆက်ဆံတာထက် မြန်မာနိုင်ငံနဲ့ ဆက်ဆံတာပိုချောမွေ့တယ်။ နောင်မှာလည်း အစိုးရချင်းသာမက ပြည်သူလူထုချင်းပါသားစဉ်မြေးဆက် ဆက်သွယ်ဖို့မျှော်လင့်ပါတယ်။ ဒါတရုတ်နိုင်ငံရဲ့ စိတ်ဆန္ဒပါ။

**မြန်မာနိုင်ငံရဲ့ လက်ရှိအပြောင်းအလဲကာလမှာ အနောက်နိုင်ငံတွေအထူးသဖြင့် အမေရိကန်နဲ့ နီးနီးကပ်ကပ် ဆက်ဆံလာတယ်။ အဲဒီအချိန်မှာပဲ တရုတ်နဲ့ ဆက်ဆံရေးက ခပ်တန်းတန်း ဖြစ်လာပြီလို့သုံးသပ်မှုတွေလည်းရှိပါတယ်။ လက်ရှိအရပ်သားအစိုးရနဲ့တရုတ်အစိုးရဆက်ဆံရေးဟာတကယ်ပဲ ခပ်တန်းတန်းဖြစ်နေပြီလား။**

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေက ပြောင်းလဲခဲ့ပါတယ်။ ဒီလိုပြောင်းလဲမှုက အရေးကြီးတဲ့ပြောင်းလဲမှုလား၊ မကောင်းတဲ့ ပြောင်းလဲမှုလားဆိုတာ ဘယ်လိုဆုံးဖြတ်မလဲ။ အရေးကြီးတာက မြန်မာ ပြည်သူပြည်သားတွေအတွက် အကျိုးကျေးဇူးရှိမလား။ ဒါက အရေးကြီးဆုံးဖြစ်ပါတယ်။ ခင်ဗျားတို့ကောင်းကောင်း သိပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းကနေ ဒီနေ့အထိ အနောက်နိုင်ငံကြီးတွေရဲ့ စီးပွားရေးပိတ်ဆို့မှု၊ နိုင်ငံရေး ဖိအားပေးမှုတွေ ခံနေခဲ့ရတယ်။ ဒီလို ဖိအားပေးတာက အထူးသဖြင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက်လည်း အကျိုးမရှိဘူး။ ဒါပေမဲ့ စီးပွားရေးတိုးတက်မှုနောက်ကျတဲ့အခါ ထိခိုက်တဲ့သူတွေဟာ ရိုးရိုးပြည်သူပြည်သားတွေပါပဲ။ ခင်ဗျားတို့နိုင်ငံမှာ ကျွန်တော်အကြာကြီးနေဖူးပါတယ်။ ပြည်သူလူထုက ရိုးသားပါတယ်။ စိတ်ရင်းကောင်းတယ်။ သဘောထားကောင်းတယ်။ ခုနမေးသလို အမေရိကန်နဲ့ ဆက်ဆံရေးနဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့လည်း ဒီကိစ္စကိုဘယ်လိုထင်သလဲဆိုတော့ အနောက်နိုင်ငံနဲ့ဆက်ဆံရေးကောင်းလာတဲ့အခါ မြန်မာနိုင်ငံရဲ့စီးပွားရေးတိုးတက်မှုမှာအကျိုးရှိပါတယ်။ အခုစီးပွားရေးပိတ်ဆို့မှုကလည်း နည်းနည်းလျော့သွားပြီ။ ဒါကတစ်ချက်။ နောက်တစ်ချက်က အနောက်နိုင်ငံနဲ့ဆက်ဆံတဲ့အခါမှာ များသောအားဖြင့် အမေရိကန်ကဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဒီမိုကရေစီအရေး အကူအညီပေးမယ်လို့ တွန်းအားပေးမယ်။ အဲဒီလိုပေးတဲ့အခါမှာ သတိမှတ်ချက်ရှိပါတယ်။ ဒီလိုအခြေအနေမှာ မြန်မာနိုင်ငံ ဆောင်ရွက်နေတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ တည်တည်ငြိမ်ငြိမ်နဲ့ တစ်ဆင့်ပြီးတစ်ဆင့် သွားဖို့အတွက် မြန်မာအစိုးရခေါင်းဆောင်တွေ ပထမဆုံး စဉ်းစားသင့်တဲ့ အရေးကြီးတဲ့ကိစ္စပါ။

**လက်ရှိ အရပ်သားအစိုးရနဲ့ အရင်စစ်အစိုးရ ဘယ်လိုကွာခြားမှုရှိတယ်လို့မြင်သလဲ။**

အစိုးရအသစ်က ပြည်သူလူထုရွေးချယ်ပြီး တက်လာတဲ့ အစိုးရပါ။ ပြည်သူလူထုသဘောကျတဲ့ အစိုးရသစ်ကို ကျွန်တော်တို့က ကောင်းကောင်းမွန်မွန် ဆက်ဆံတာပေါ့။ အစိုးရကွာခြားမှု ကျွန်တော်မပြောလိုဘူး။ ကျွန်တော် သိပ်လေ့လာမထားဘူး။ ဒါပေမဲ့ အရင်မြန်မာအစိုးရမှာလွှတ်တော်မရှိဘူး။ အခု ရှိပြီလေ။ အစိုးရကို ကြီးကြပ်နိုင်မယ့်၊ အစိုးရကို ဝေဖန်နိုင်မယ့် အရေးကြီးတဲ့လွှတ်တော် ရှိလာပြီလေ။ ဒါကကွာခြားမှုပဲ။

**မစ္စတာချန်းတို့ ကြားတဲ့အတိုင်းပဲ မြန်မာနိုင်ငံမှာ အခုစာပေစိစစ်မှု မရှိတော့ပါဘူး။ အဲဒီတော့ တရုတ်နိုင်ငံနဲ့ ပတ်သက်ပြီး ရေးသားမှုတွေကို အရင်ကလို အစိုးရရဲ့ ထိန်းချုပ်မှုမရှိတော့ဘူးပေါ့။ ဆိုတော့ လက်ရှိ ပြည်တွင်းမီဒီယာတွေမှာ တရုတ်နဲ့ပတ်သက်လို့တော်တော်လေးဝေဖန်ပြီး ရေးလာတာတွေ့ရတယ်။ တရုတ်-မြန်မာဆက်ဆံရေးကို အဲဒီမီဒီယာ စိစစ်ဖြတ်တောက်မှုရုပ်သိမ်းခြင်းက ထိခိုက်နိုင်မယ်ထင်လား။**

တရုတ်အစိုးရရဲ့ ရပ်တည်ချက်ကတော့ ရှင်းပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပတ်သက်လို့ ပြောင်းလဲမှုမရှိဘူး။ ပြောင်းလဲမှာလည်းမဟုတ်ဘူး။ အနောက်နိုင်ငံကပြောတာရှိတယ်။ တရုတ်နိုင်ငံကမြန်မာနိုင်ငံမှာ အကျိုးစီးပွားရှိတယ်လို့။ ရှိတာပေါ့။ ဒါပေမဲ့ အရေးကြီးဆုံး အကျိုးစီးပွားက မြန်မာနိုင်ငံ တည်ငြိမ်မှုရှိရမယ်။ တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်မှုရှိရမယ်။ အနောက်နိုင်ငံက ဘယ်လိုပြောပြော ဒါက ကျွန်တော်တို့ မြန်မာနိုင်ငံအပေါ်မှာရှိတဲ့ပေါ်လစီ။ ခင်ဗျားတို့ စဉ်းစားကြည့်ပါ။ တရုတ်နဲ့ မြန်မာက အိမ်နီးချင်းနှစ်နိုင်ငံကြားမှာကီလိုမီတာ ၂၀၀၀ ကျော် နယ်နိမိတ်ရှိတယ်။ မြန်မာနိုင်ငံက တစ်နေ့တခြား ဆင်းရဲသွားပြီး ဆူပူမှုရှိလာတယ်၊ နိုင်ငံရေးတည်ငြိမ်မှုမရှိဘူး၊ လူမျိုးစုအချင်းချင်း စစ်ပွဲရှိတယ်ဆိုရင် အိမ်နီးချင်းအတွက် အကျိုးမရှိဘူး။ ကျွန်တော်တို့ အကျိုးစီးပွားတကယ်ထိခိုက်တယ်။ ကျွန်တော်တို့ပေါ်လစီရည်ရွယ်ချက်က နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးပါတယ်။ စစ်အစိုးရ၊ အရပ်သားအစိုးရရယ်လို့ မဆိုင်ဘူး။ ဘယ်အစိုးရမဆိုမြန်မာပြည်သူလူထုအတွက် အကျိုးရှိရင် ကျွန်တော်တို့ ကူညီမယ်။

**ခုနအနောက်က ပိတ်ဆို့မှုတွေအကြောင်းပြောသွားတယ်။ မြန်မာပြည်သူတွေကို ထိခိုက်တယ်ပေါ့။ ပြည်သူတွေရဲ့ အမြင်မှာလည်း တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကို ဝေဖန်မှုတွေရှိတယ်။ ကုလသမဂ္ဂမှာ တရုတ်နိုင်ငံက စစ်အစိုးရဘက်က ရပ်တည်ပေးခဲ့တဲ့အတွက် တရုတ်အစိုးရကြောင့် မြန်မာစစ်အစိုးရသက်ဆိုးရှည်ခဲ့တယ်လို့မြင်ကြတယ်။ အဲဒီအပေါ်မှာ ဘယ်လိုသုံးသပ်ပါသလဲ။**

အခု အီဂျစ်နိုင်ငံ၊ လစ်ဗျားနိုင်ငံ၊ ဆီးရီးယားနိုင်ငံတို့မှာ စစ်ပွဲတွေဖြစ်နေကြတယ်။ အဲဒီနိုင်ငံတွေဘာလို့ စစ်ပွဲတွေဖြစ်ရလဲ။ ဘယ်နိုင်ငံမှာမဆို အစိုးရကို မကြိုက်တဲ့ အင်အားစုရှိပါတယ်။ နိုင်ငံရေးတိုက်ခိုက်မှုရှိပါတယ်။ ဒါကို ဒီပြင်နိုင်ငံက ကိုယ့်နိုင်ငံအကျိုးစီးပွားရှေ့ရှုပြီး ခင်ဗျားနိုင်ငံရဲ့ နိုင်ငံရေးအငြင်းပွားမှုကို ဝင်ရောက်စွက်ဖက်တဲ့အခါ၊ အထူးသဖြင့် အမေရိကန် စတဲ့ အင်အားကြီးနိုင်ငံတွေ ဝင်ရောက်စွက်ဖက်တဲ့အခါ တစ်ခုခုဖြစ်ရင် ဖြစ်သွားနိုင်တယ်။ ကျွန်တော်တို့ တရုတ်နိုင်ငံက ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံမှာ ဒီလို အခြေအနေတွေ မမြင်ချင်ပါဘူး။ ၂၀၀၇ ခုနှစ်တုန်းက လုံခြုံရေး ကောင်စီကိစ္စ တရုတ်၊ တောင်အာဖရိကနဲ့ ရုရှားတို့ ဗီတိုအာဏာသုံးပယ်ချခဲ့တယ်။ တကယ်လို့သာ လုံခြုံရေးကောင်စီမှာ အဲဒီအချိန်က အဆိုပြုချက် အောင်မြင်ခဲ့ရင် မြန်မာနိုင်ငံ ဒီလိုအခြေအနေကောင်းတဲ့ဟာမျိုး ရှိမှာမဟုတ်ဘူး။

(၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံ အရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တင်သွင်းမည့်ကိစ္စကို တရုတ်နိုင်ငံက ဗီတိုအာဏာသုံးကာပယ်ချခဲ့ခြင်းကို ရည်ညွှန်းလိုခြင်းဖြစ်သည်)

**တရုတ်ရဲ့ရပ်တည်မှုကြောင့် မြန်မာနိုင်ငံ အခြေအနေ ဆိုးဆိုးဝါးဝါးဖြစ်မသွားစေဘူးလို့ ပြောလိုက်တာပါလား။**

ခုနကကျွန်တော်ပြောတယ်။ အခြားနိုင်ငံတွေမှာ အနောက်နိုင်ငံတွေက ဝင်တယ်။ တပ်မတော်လည်းဝင်တယ်။ ခင်ဗျားတို့ နိုင်ငံမှာလည်း လူမျိုးစုပြဿနာတွေကရှိတယ်။ မြောက်ပိုင်းမှာ ပြဿနာတွေရှိတယ်။ အခြားနိုင်ငံက ဝင်ရောက်စွက်ဖက်တဲ့အခါက အခြေအနေ ရှုပ်လာမယ်။ ပိုဆိုးမယ်။ ဒီလို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဒီမိုကရေစီ လမ်းကြောင်းကိုသွားတဲ့ အခြေအနေမျိုးရှိမှာ မဟုတ်ဘူး။

**အခု လတ်တလော ကိစ္စလေး မေးချင်ပါတယ်။ တရုတ်နိုင်ငံက ကချင်ပြည်နယ်ကနေ တိမ်းရှောင်လာတဲ့ စစ်ဘေးဒုက္ခသည်တွေကိုလက်မခံဘဲ အတင်းအကျပ်ပြန်ပို့နေတယ်ဆိုတဲ့ သတင်းတွေ၊ သတင်းဓာတ်ပုံတွေ ပြည်တွင်းမီဒီယာမှာ ထွက်ပေါ်လာပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး တရုတ်အစိုးရအနေနဲ့ ဘယ်လိုရှင်းပြနိုင်ပါလဲ။**

ကျွန်တော်တို့ အတတ်နိုင်ဆုံးအကောင်းဆုံး ကြိုးစားပေးနေပါတယ်။ ပိုက်ဆံလည်းအများကြီးကုန်ပါတယ်။ သူတို့စားဝတ်နေရေးအတွက်ကျွန်တော်တို့ကတော့ နိုင်ငံတကာရှေ့မှာဆို အမြဲပြောတယ်။ သူတို့က ဒုက္ခသည်မဟုတ်ပါဘူးဆိုတာကို။

**ဒုက္ခသည်မဟုတ်ဘူးဆိုတော့။**

သူတို့ဒုက္ခသည်ဆိုရင် ပထမ မြန်မာလူမျိုးတွေ ဂုဏ်သိက္ခာကျဆင်းမယ်။ မဟုတ်ဘူးလား။ ကျွန်တော်တို့က သူတို့ကို ဒုက္ခသည်မဟုတ်ဘူးလို့ သတ်မှတ်ပါတယ်။

**ဒါဆိုရင် အဲဒီသူတွေကို တရုတ်အစိုးရက ဘယ်လိုအမည်တပ်မလဲ။**

သူတို့က မြန်မာပြည်ဘက်ကလာတဲ့ နယ်စပ်ပြည်သူပြည်သားတွေပါ။ ဟိုဘက်မှာ စစ်ပွဲ၊ အကြီးအကျယ် စစ်ပွဲတော့မဟုတ်ဘူး။ ပြည်သူလူထုကကြောက်လို့ တရုတ်ဘက်ကို တိမ်းရှောင်လာတယ်။ ကချင်လူမျိုးက ကျွန်တော်တို့ဘက်မှာလည်း ဂျင်းဖော (လူမျိုး) ရှိတယ်။ သူတို့ အတူတူပါပဲ။ ဥပမာ ဟိုဘက်ကနေ မူဆယ်ကဝင်လာရင် နှစ်ယောက်၊ သုံးယောက်ပျောက်သွားတယ်။ သူတို့ဆွေမျိုးတွေဆီရောက်သွားတာ။ ဟိုဘက်(မြန်မာ)မှာ အခြေအနေကောင်းတာနဲ့ ပြန်တယ်။ အခု နည်းနည်းကျန်သေးတယ်။ ယူနန်အစိုးရကလည်း အစားအစာပေးတယ်။ နေစရာပေးတယ်။ ယာယီအနေနဲ့ကျန်းမာရေးပြုစုပေးတယ်။

**ဒုက္ခသည်မရှိဘူးဆိုတဲ့ သဘောထားကိုစွဲကိုင်ထားတဲ့ တရုတ်နိုင်ငံအနေနဲ့ အခု ကချင်စစ်ပြေးဒုက္ခသည်တွေနဲ့ပတ်သက်ပြီးတော့မူဝါဒ ဘယ်လိုရှိပါသလဲ။**

ဒီကိစ္စကို ကျွန်တော်တို့ ဗဟိုအစိုးရက တော်တော်အလေးထားပါတယ်။ ရက်စက်တဲ့စိတ်နဲ့ ကချင်လူမျိုးတွေကို စစ်ပွဲဖြစ်နေတဲ့ဘက်ကိုပြည်နယ်(ယူနန်)အစိုးရကပြန်ပို့ရင် ကျွန်တော်တို့လည်း ခွင့်ပြုမှာမဟုတ်ဘူး။

**တရုတ်နိုင်ငံနဲ့ပတ်သက်ရင်ပြည်တွင်းမှာ ပြောတာတစ်ခုရှိတယ်။ တရုတ်နိုင်ငံက မြန်မာပြည်က မိန်းမတွေတောင် Import လုပ်တယ်လို့။ နှစ်နိုင်ငံကြားက လူကုန်ကူးမှုပြဿနာကို တရုတ်အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်နေပါသလဲ။**

နှစ်နိုင်ငံ ဆက်ဆံရေးမှာ ကောင်းတာလည်းရှိသလိုမကောင်းတာလည်းရှိပါတယ်။ ခင်ဗျားပြောတဲ့ကိစ္စ ကျွန်တော်လည်း ကြားဖူးပါတယ်။ ဒါဟာ ဗီယက်နမ်နဲ့ လာအို နိုင်ငံတို့ကြားမှာလည်း ရှိပါတယ်။ ဒါပေမဲ့ အမေရိကန်၊ ဥရောပနိုင်ငံတွေကပိုဆိုးပါတယ်။ ကျွန်တော်တို့ဆီမှာ လယ်သမားတွေကဆင်းရဲတော့ မိန်းမယူဖို့ အခက်အခဲရှိပါတယ်။ နယ်စပ်ဒေသမှာ ဗီယက်နမ်၊ မြန်မာ ကောင်မလေးတွေကို ပိုက်ဆံနဲ့ဝယ်တယ်။ ဒါဥပဒေချိုးဖောက်တာပေါ့။ ကျွန်တော်တို့တွေ့ရင် သိရင်ထောင်ကျမယ်။ ဒီကိစ္စကို မြန်မာအစိုးရရော၊ တရုတ်အစိုးရပါ အလေးထားဆောင်ရွက်နေတယ်။ ဖြည်းဖြည်းချင်းကျဆင်းနေတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးမှာ ဒါဟာအရေးကြီးတဲ့ကိစ္စမဟုတ်ဘူး။

**ကျေးဇူးတင်ပါတယ်။** ။

## ‘မြန်မာအစိုးရက ပြောပါတယ် ဆည်ကိစ္စ ရပ်ဆိုင်းနေတာပါ။ ပယ်ဖျက်တာမဟုတ်ပါဘူး’

**ငြိမ်းငြိမ်းနိုင်၊ အေးမြကျော်**

မြစ်ဆုံဆည်စီမံကိန်း ရင်းနှီးမြှုပ်နှံသည့် တရုတ်နိုင်ငံတော်ပိုင်ကုမ္ပဏီတစ်ခုဖြစ်သော CPI ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌမစ္စတာ Xia Zhong နှင့် CPI လက်အောက်ခံ ရောဝတီမြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာမစ္စတာ Li Guanghua တို့နှင့် 7Day News က ဘေဂျင်းမြို့ CPI ရုံးချုပ်တွင် စက်တင်ဘာ ပထမပတ်အတွင်းက တွေ့ဆုံခဲ့သည်။

မြစ်ဆုံစီမံကိန်းရပ်ဆိုင်းခံရပြီး ငွေကြေးအကျပ်အတည်းများနှင့် ကြုံတွေ့နေရကာ စီမံကိန်းပြန်လည်စတင်နိုင်ရေး ကြိုးပမ်းနေသည်ဆိုသော CPI နှင့် မြစ်ဆုံစီမံကိန်းရပ်ဆိုင်းထားပြီး တစ်နှစ်နီးပါးအကြာ လတ်တလော အခြေအနေ များကို 7 Day News က မေးမြန်းထားသည်။ စာ(၃၀)

7DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# မျက်နှာဖုံး-တရုတ်စီမံကိန်းများ စိန်ခေါ်မှုအမြင့်ဆုံးအချိန်လား မှ

ယခု သမ္မတဦးသိန်းစိန်၏ ခရီးစဉ်က တရုတ်နိုင်ငံပိုင် ကုမ္ပဏီ၏ ကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ခုဖြစ်သော ဧရာဝတီမြစ်ဆုံ ဆည်စီမံကိန်းအား နိုင်ငံတော် သမ္မတက ရပ်ဆိုင်းလိုက်ပြီး တစ်နှစ်ပြည့်လုနီးချိန်နှင့်လည်း တိုက်ဆိုင်နေသည်။

"တရုတ်နဲ့ကနယ်ချင်းထိစပ်နေတော့ ဘယ်အစိုးရမဆို တရုတ်နဲ့တည့်အောင်ပေါင်းရမှာပဲ။ ဆက်ဆံရေးပျက်လို့ မရဘူး။ စိတ်ချပါ နောင်ကြီးတို့ရယ်ပေါ့။ ဒါလုပ်သင့်လို့ လုပ်တာပဲ။ မြန်မာ-တရုတ်-အမေရိကန်ပေါ့။ သုံးပွင့်ဆိုင် စီးပွားရေးကို နှစ်ဖက်မျှအောင် တိုင်းပြည်အတွက် ကစားရမှာပဲ" ဟု မြန်မာ့အရေးလေ့လာစောင့်ကြည့်သူ ဦးဘိုဘိုကျော်ငြိမ်းက ပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ သမ္မတ သက်တမ်းအတွင်း တရုတ်နိုင်ငံသို့ ဒုတိယမြောက် ယခုခရီးစဉ်မှာ မြစ်ဆုံ ဆုံးဖြတ်ချက်ချခဲ့သည့် တစ်နှစ်ပြည့်ရန် ၁၂ ရက်အလိုတွင်ဖြစ်ကာ ရက်ပိုင်းအတွင်းမှာပင် အမေရိကန်ပြည်ထောင်စုသို့လည်း သွားရောက်ရန် ရှိနေသည်။

၂၀၁၁ စက်တင်ဘာ ၃၀ရက်က နိုင်ငံတော်သမ္မတသည် မြစ်ဆုံစီမံကိန်းကိုပြည်သူလူထုတောင်းဆိုမှုကြောင့် ရပ်ဆိုင်းခဲ့ပြီးနောက် နိုင်ငံအတွင်း တရုတ်စီမံကိန်းကြီးများဖြစ်သော လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်း၊ နိုင်ငံကိုဖြတ်သန်းသွားမည့် ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတို့နှင့်ပတ်သက်၍ တောင်းဆိုလှုပ်ရှားမှုများ တစ်စထက်တစ်စ ကျယ်ပြန့်လာခဲ့ခြင်းဖြစ်သည်။

"အခုမြစ်ဆုံနံပါတ် ၁ ရှိတယ်။ နောက် ၂ တွေ၊ ၃ တွေ ရှိလာရင် ဒုက္ခ" ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများရေးရာ ညွှန်ကြားရေးမှူးဖြစ်သော မစ္စတာချန်းချန်ကစိုးရိမ်မှုအပြည့်နှင့် ပြောသည်။

မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများကနေပြည်သူလူထု၏အားကို တရုတ်လုပ်ငန်းရှင်တို့နားလည်ကာ ဒေသခံပြည်သူကိုမြင်လာအောင် သတိပေးလိုက်သလို ရင်းနှီးမြှုပ်နှံမှုများအပေါ် အငြင်းပွားမှုများက နောက်လာမည့်လုပ်ငန်းရှင်များအား တပ်လှန့်လိုက်သလိုဖြစ်ကြောင်း သုံးသပ်သူတို့က ဆိုသည်။

တရုတ်နိုင်ငံ ဘေဂျင်းမြို့အခြေစိုက် Global Environmental Institute မှ စီမံကိန်းအရာရှိ မစ္စဝေါင်ဖူက တရုတ်ရင်းနှီးမြှုပ်နှံမှုများအပေါ် ဝေဖန်မှုများနှင့်ပတ်သက်၍ ယခုကဲ့သို့ထောက်ပြပြောဆိုသည်။

"ပြည်ပကိုသွားတဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေ ဝေဖန်ခံရတယ်ဆိုတာ အဓိကတော့ တရုတ်ကုမ္ပဏီတွေက စီမံကိန်းကြီးတွေလုပ်တဲ့အခါ တိုင်းဒေသခံပြည်သူတွေနဲ့ တိုက်ရိုက်ဆက်ဆံပြောဆိုရေးမှာ အားနည်းလို့ဖြစ်တယ်လို့ ကျွန်မတို့ ယူဆတယ်။ ပုံမှန်အားဖြင့် အစိုးရအဆင့်မြင့် အရာရှိချင်းတွေ စကားပြောတယ်။ ကုမ္ပဏီကြီးတွေ အချင်းချင်း စကားပြောတယ်။ ဒါပေမဲ့ ဒေသခံပြည်သူတွေရဲ့ အသံကိုတော့ နားမထောင်ကြဘူး"

လက်ရှိ မြန်မာနိုင်ငံတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုများမှာ ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၆ ဘီလီယံရှိခဲ့ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

ကုန်သွယ်ရေးမှာလည်း တဖြည်းဖြည်း နှစ်စဉ်တိုးတက်လာခဲ့ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်က ကန်ဒေါ်လာ ၆ ဒသမ ၅ သန်းရှိခဲ့ကာ နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၄၆ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ကြောင်း တရုတ်အစိုးရ၏စာရင်းဇယားများတွင် ဖော်ပြထားသည်။

ယခု စက်တင်ဘာလအတွင်း တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံသို့ပထမဆုံးခရီးစဉ်နှင့် စက်တင်ဘာ ၁၆ ရက်တွင်သွားရောက်မည့်သမ္မတဦးသိန်းစိန်၏ တရုတ်နိုင်ငံ ခရီးစဉ်တို့မှာလည်း ရှေ့ဆင့်နောက်ဆင့် ဆိုသလိုဖြစ်ပြီး ဥက္ကဋ္ဌမစ္စတာ ဝူဘန်းကိုက ၎င်းခရီးစဉ်အတွင်း တရုတ်ရင်းနှီးမြှုပ်နှံမှုတို့နှင့်ပတ်သက်၍လည်း သမ္မတကို တွန်းအားပေးပြောဆိုခဲ့သည်။

မစ္စတာဝူဘန်းကိုက နှစ်နိုင်ငံကြား သဘောတူပြီးသော အချို့စီမံကိန်းများ ရှေ့ဆက်သွားနိုင်ရေး တွန်းအားပေးရန် အရေးတကြီးလိုအပ်နေကြောင်း သမ္မတနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်ဟု တရုတ်နိုင်ငံတွင် ထုတ်ဝေသော China Daily သတင်းစာက ရေးသားသည်။

လက်ရှိ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် တည်ငြိမ်သော အာမခံချက်ရှိရေးအပြင် ရင်းနှီးမြှုပ်နှံမှုများအား ထိန်းချုပ်ကန့်သတ်နိုင်မည့် ဥပဒေများ အဆင်သင့်ဖြစ်ရေးမှာလည်း အရေးကြီးကြောင်း သုံးသပ်သူတို့က ဆိုသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေတို့ ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသည်ကလည်း ကျင့်ဝတ်လိုက်နာမှု အားနည်းသည့် ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်သလို ဖြစ်နေသည်။

"နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေအတွက်ရော ကုန်သွယ်မှုအတွက်ရော FDI ဥပဒေမရှိသေးတာက အဟန့်အတားဖြစ်စေပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေအတွက် မြန်မြန်ဆန်ဆန်လုပ်ပေးဖို့ မျှော်လင့်ပါတယ်" ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူ မစ္စတာချန်းချန်က သုံးသပ်ပြောကြားသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေမှာမူကြမ်းအဆင့်ပြီးသွားပြီဖြစ်သလို သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေမှာလည်း မူကြမ်းပြီး၍ ယခုနှစ် ကုန်ပိုင်းတွင်ထွက်ရှိဖွယ်ရှိသည်ဟု ခန့်မှန်းနေကြသည်။

သို့သော်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေတွင် အားနည်းချက်များရှိနေကြောင်း မြစ်ဆုံစီမံကိန်းပေါ် အစဉ်တစိုက်ထောက်ပြဝေဖန်ခဲ့သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်တစ်ဦးဖြစ်သော ဦးဝင်းမျိုးသူက ထောက်ပြပြောဆိုသည်။ စာ(၂၉)သို့



အိုင်ဗင်ဟိုးကုမ္ပဏီထံမှ တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ မြန်မာဝမ်ပေါင်က လွှဲပြောင်းလုပ်ကိုင်ခွင့်ရခဲ့သော ကြေးစင်တောင်နှင့် စံပယ်တောင် ကြေးနီတူးဖော်ရေး စီမံကိန်းမြင်ကွင်း



# မြစ်ဆုံစီမံကိန်းရပ်ဆိုင်းခြင်းတစ်နှစ်ပြည့်သော်လည်း ပြောင်းရွှေ့ဒေသခံများ နေထိုင်စားသောက်ရေး အဆင်မပြေသေး

**မောင်တာ**

**မြစ်ကြီးနား၊စက်တင်ဘာ-၁၅**

မြစ်ဆုံဆည်တည်ဆောက်မှု စီမံကိန်းကြောင့် အောင်မြင်သာရွာသို့ ပြောင်းရွှေ့နေထိုင်ကြရသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီး မြစ်ဆုံဒေသ တန်ဖဲရွာ၊ မြစ်ဆုံရွာ၊ ပဒန်ကွင်းရွာများမှ ဒေသခံများမှာ ယနေ့အထိတိုင် နေထိုင်ရေး အဆင်မပြေသေးသလို သီးနှံစိုက်ပျိုးရန် မြေဩဇာကောင်းမွန်သော လယ်ယာမြေမရှိ၍ စားဝတ်နေရေးအတွက်ပါ အခက်အခဲဖြစ်နေကြောင်း အောင်မြင်သာရွာတွင် နေထိုင်သူများက စက်တင်ဘာ ၁၅ ရက်တွင်ပြောသည်။

အောင်မြင်သာရွာသို့ မရွှေ့ပြောင်းမီ တန်ဖဲရွာ၊ ရပ်ကွက်(၃) တွင် နေထိုင်သော ဒေါ်ဂျာခေါန်က "အရင် တန်ဖဲရွာမှာ နေတုန်းက ဟင်းသီးဟင်းရွက်၊ ဆေးမြစ်ဆုံတွေထွက်တယ်။ တစ်နေ့ဝင်ငွေ အနည်းငယ်သာရှိပေမယ့်မိသားစု စားဝတ်နေရေး အဆင်ပြေတယ်။ မြစ်ကြီးနား-ပူတာအိုလမ်းပေါ်မှာ အိမ်ဆိုင်လေးဖွင့်ပြီး ဈေးရောင်းလို့ရတဲ့ငွေနဲ့ သားသမီးရှစ်ယောက်ကို ကျောင်းထားနိုင်တယ်။ အခု အောင်မြင်သာရွာမှာ အိမ်ဆိုင်ဖွင့်ဖို့ ခက်ခဲပါတယ်။ တစ်ပိုင်မွေးမြူရေးအတွက် စရိတ်စက ကြီးပါတယ်။ တစ်နေ့ဝင်ငွေ ၅၀၀ ကျပ်၊ ၁၀၀၀ ကျပ်ရဖို့ ခက်ခဲပါတယ်။ အဆင်မပြေပါဘူး"ဟုပြောသည်။

ဆေးရုံ၊အထက်တန်းကျောင်း ပါသော အောင်မြင်သာစံပြကျေးရွာကို ဆောက်လုပ်ကာ မြစ်ဆုံဆည်စီမံကိန်းနှင့် မလွတ်ကင်းသော ရွာများမှ ဒေသခံများကို ၂၀၁၁ ခုနှစ် မတ်လမှစ၍ ရွှေ့ပြောင်းခါစတွင် တစ်အိမ် ထောင်လျှင် ထောက်ပံ့ကြေး ကျပ်တစ်သိန်း၊ တီဗီ၊ တစ်နှစ်စာဆန်များနှင့်စိုက်ပျိုးမြေနေရာများ သတ်မှတ်ပေးခဲ့သော်လည်း ပြောင်းရွှေ့နေထိုင်သူများ ယနေ့တိုင် အဆင်မပြေနိုင်သေးပေ။

ပဒန်ကွင်းရွာတွင် နေထိုင်ခဲ့သော ဒေါ်အင်ဂိုလုအောန်က "အရင်က လယ်စိုက်တယ်။ အခုရတဲ့ လယ်မြေတွေက ကျောက်တုံး၊ ကျောက်ခဲတွေနဲ့ စိုက်လို့မရဘူး။ ဘာအလုပ်လုပ်ရမှန်းကို မသိတော့ဘူး။ နေ့စားခေါ်တာရှိရင် စိုက်တယ်။ ကလေးတွေ ကျောင်းထားဖို့လည်း အဆင်မပြေဘူး။ ဆယ်တန်းကျောင်းသူ သမီးကို သူ့ဦးလေးကို ကျောင်းထားပေးဖို့ အကူအညီ တောင်းထားတယ်"ဟု ပြောသည်။

တစ်အိမ်ထောင် မြေနှစ်ဧကနှုန်း တောခုတ်၍ လယ်ယာလုပ်ခွင့်ပေးသော်လည်း မြေဩဇာမကောင်းဘဲ ကျောက်တုံး၊ ကျောက်ခဲများ ပေါများ၍ စိုက်ပျိုးရန် အဆင်မပြေဟု ပဒန်ကွင်းရွာတွင် နေထိုင်ခဲ့ပြီး အောင်မြင်သာရွာသို့ ပြောင်းရွှေ့ခဲ့ရသည်မှာ တစ်နှစ်ကျော်ကြာပြီဖြစ်သော မဂျာမိုင်က ပြောသည်။

ပြောင်းရွှေ့နေထိုင်ရန် အောင်မြင်သာရွာတွင် အိမ်ရသော်လည်း စီမံကိန်းအတွင်း ပါဝင်သွားသည့် မြေဧက ၂၀ ကျော်အတွက် ယနေ့အထိ လျော်ကြေးမရသေးကြောင်း၊ အခြားသူများရသလို ၎င်းအနေဖြင့်လည်း လျော်ကြေး ရလိုကြောင်း ယခင် ပဒန်ကွင်းရွာမှ မဂျာမိုင်ကပြောသည်။

စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများရှိနေ၍ မြစ်ဆုံဒေသရှိ မပျက်စီးသေးသော တောင်ယာစိုက်ခင်းများသို့ ခိုးကြောင်ခိုးဝှက်သွားရောက်ကာ တောင်ယာစိုက်ပျိုးသူများလည်း ရှိသည်ဟု အောင်မြင်သာရွာသားများက ဆိုသည်။

မြစ်ဆုံစီမံကိန်းလုပ်ကိုင်သော တရုတ်ကုမ္ပဏီ CPI ကုမ္ပဏီက အောင်မြင်သာရွာသို့ ရွှေ့ပြောင်းလာသူများအတွက် ဆန်ထောက်ပံ့မှုများမှာမူ ယနေ့အချိန်ထိရှိနေကြောင်း ဒေသခံများထံမှ သိရသည်။ မြစ်ဆုံဆည်တည်ဆောက်မှု စီမံကိန်းများ ရပ်ဆိုင်းထားပြီးဖြစ်ရာ ၎င်းတို့၏ နေရာဟောင်းသို့ ပြန်လည်ရွှေ့ပြောင်း နေထိုင်လိုသည်ဟု အောင်မြင်သာရွာတွင် နေထိုင်နေသူများက ပြောသည်။

အောင်မြင်သာရွာတွင် အိမ်ခြေ ၃၂၇ အိမ်၊ လူဦးရေ ၂၀၅၄ ဦး နေထိုင်နေကြောင်း သိရသည်။

စာ(၂၈)မှအဆက် ...

"ဥပဒေမှာပတ်ဝန်းကျင်ရေးရာပြဿနာတွေရှိလာရင် သတင်းထုတ်ပြန်ပေးဖို့ မပါဘူး။ ပတ်ဝန်းကျင်ညစ်ညမ်းစေခဲ့ရင်အလျော်ပေးဖို့ကိစ္စကလည်း လျော်ကြေးက ၁၀ သန်းလားပဲရှိတယ်။ စီမံကိန်းကြောင့် တစ်ခုခု ပျက်သွားရင် ပျက်သွားတာကို နဂိုအတိုင်း ပြန်လုပ်ပေးဖို့ တာဝန်ရှိတယ်။ ဒါကို ဥပဒေထဲမှာကွဲကွဲပြားပြားပေါ်အောင် ထည့်ရေးသင့်တယ်"ဟု ဦးဝင်းမျိုးသူကဆိုသည်။

ယင်းကဲ့သို့ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် အဆင့်သင့်မဖြစ်သေးချိန်တွင် ဝင်ရောက်ခဲ့သည့်၊ ဝင်ရောက်လာနေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် တရုတ်ရင်းနှီးမြှုပ်နှံမှုများနှင့် ထိပ်တိုက်ကြုံတွေ့လာရခြင်း အဓိကအချက်မှာ အစိုးရနှင့် သို့မဟုတ် ခရိုနီများနှင့်သာ စကားပြောကာ ဒေသခံပြည်သူကို ထည့်သွင်းမစဉ်းစားခြင်း အချက်ဖြစ်ကြောင်းလည်း သုံးသပ်ကြသည်။

ထို့အပြင် မြန်မာပြည်သူများအနေဖြင့် တရုတ်စီမံကိန်းများနှင့်ပတ်သက်ပြီး ဆတ်ဆတ်ထိမခံဖြစ်ရခြင်းမှာ အကြောင်းများစွာရှိပြီးယင်းအနက်စစ်အစိုးရလက်ထက် အနှစ် ၂၀လုံးလုံး တိုင်းပြည်အတွင်းက ရနိုင်သမျှကို ဈေးအပေါဆုံးဖြင့် ရအောင်ယူသွားခြင်းမှာလည်းနောက်အကြောင်းရင်းတစ်ခုဖြစ်ကြောင်း တရုတ်-မြန်မာအရေးကျွမ်းကျင်သူ ဦးအောင်ကျော်ဇောက သုံးသပ်ပြောကြားသည်။

တရုတ်ရင်းနှီးမြှုပ်နှံမှုတို့အပေါ် မြန်မာပြည်သူတို့ ယုံကြည်ချက်ကင်းမဲ့ရခြင်း၏ အကြောင်းတစ်ချက်ကိုလည်း ဦးဘိုဘိုကျော်ငြိမ်းက ယခုကဲ့သို့ထောက်ပြသည်။

"တရုတ် စီးပွားရေးသမားတွေဟာ အမေရိကန်နည်းတူပဲ၊ Arrogant (လူပါးဝ)တာပဲ။ ပြီးတော့ စီးပွားရေးပိတ်ဆို့မှုကြောင့် (အမြတ်) ရနိုင်တာ သိကြတယ်။ ရင်းနှီးတဲ့ နေရာမှာ မညင်သာဘူး။ မညှာဘူး။ နည်းပညာကူးလူးပေးတာ သိပ်မရှိဘူး။ အလေးမထားဘူး"

ထို့အပြင် နှစ်ဆယ်ရာစု နှစ်ခုကျော်ကြာ ဈေးကွက်အတွင်း အုပ်စီးမှုရထားသည့် တရုတ်ရင်းနှီးမြှုပ်နှံမှုများကြောင့် လူမျိုးရေးအရစိုးရိမ်မှု ရှိနေခြင်းကြောင့်လည်း ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောသည်။

ပြည်တွင်းတွင်လည်း ယခုလတ်တလော လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်ပြီး တောင်းဆိုနေမှုများနှင့် အတူ အချို့သော ပြည်သူတို့က ဒုတိယမြစ်ဆုံအဖြစ် ကြေးနီစီမံကိန်းကို သမ္မတက ရပ်ဆိုင်းပေးလိမ့်မည်ဟုလည်း မျှော်လင့်မှုများလည်း ရှိနေသည်။

ဦးဝင်းမျိုးသူကမူ "ရပ်ပစ်ဖို့ မဖြစ်နိုင်ဘူးထင်တယ်။ တစ်အချက်က စီးပွားရေးအရပမာဏကအရမ်းများတယ်။ နောက် နှစ်အချက်က နိုင်ငံရေးအရ ရှုပ်ထွေးမှုတွေ ရှိနေတယ်။ ရပ်လို့မရနိုင်ပေမယ့် စည်းမဲ့ကမ်းမဲ့ မဖြစ်ဖို့တော့ အစိုးရက သေချာဆောင်ရွက်သင့်တယ်"ဟုဆိုသည်။



7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# စာ- ၂၇၊ 'မြန်မာအစိုးရက ပြောပါတယ်။ ဆည်ကိစ္စ ရပ်ဆိုင်းနေတာပါ။ ပယ်ဖျက်တာမဟုတ်ပါဘူး' မှ

**■ မြစ်ဆုံအပါအဝင် ဧရာဝတီမြစ်ညာမြစ်ဝှမ်းဒေသမှာ ကျန်စီမံကိန်းတွေ တဖြည်းဖြည်းချင်း ဆက်လုပ်သွားမယ်လို့ ပြောတော့ မြစ်ဆုံစီမံကိန်းကို ဆက်လုပ်သွားဖို့ CPI က စိတ်ဆုံးဖြတ်ထားတယ်ပေါ့။**

ဒီစီမံကိန်းက ပြည်သူလူထုအတွက် နိုင်ငံတော်အတွက် အကျိုးရှိနိုင်ပါတယ်။ လက်ရှိတော့ ပြည်သူလူထုက ကောင်းကျိုးတွေ မမြင်နိုင်သေးပေမယ့် နောင် ကောင်းကျိုးတွေ မြင်လာရင် သူတို့နားလည်မှာပါ။

**■ ဒါပေမဲ့ပြည်တွင်းမှာ ဒါကိုတော်တော်လေး ပြောဆိုရေးသားဆွေးနွေးတာတွေရှိနေတော့ အဲဒီမျှော်လင့်ချက်က ရှိပါဦးမလား။ မျှော်လင့်ချက်ဖြစ်မလာရင် CPI အနေနဲ့ ဘာလုပ်မယ်စိတ်ကူးလဲ။**

စာအုပ်ထုတ်ထားတယ်။ အဲဒီစာအုပ်ထဲမှာ ပြောထားပါတယ်။ လူအားလုံးကို ဒီစီမံကိန်းကကောင်းတယ်လို့ နားလည်စေချင်ပါတယ်။ နောက်ပြီး တစ်ခုမျှော်လင့်တာက နိုင်ငံတကာမှာရှိတဲ့ အဖွဲ့အစည်းတွေ၊ ပညာရှင်တွေ၊ မြန်မာပြည်မှာရှိတဲ့ အင်န်ဂျီအို အဖွဲ့အစည်းနဲ့ မြန်မာပညာရှင်တွေနဲ့ အတူတူ ညှိနှိုင်းလုပ်ဆောင်ချင်ပါတယ်။

**■ ဟိုတလောက တရုတ်ရေအားလျှပ်စစ်အင်ဂျင်နီယာအဖွဲ့က ထုတ်ပြန်တဲ့ မြစ်ဆုံနဲ့ပတ်သက်တဲ့ သဘောထားကြေညာချက်က CPI နဲ့ ပတ်သက်မှုရှိလား။**

အဲဒါရေးတာက တရုတ်ရေအားလျှပ်စစ်ကော်မတီက မစ္စတာဇန်ဝေါ်တင် ဖြစ်ပါတယ်။ သူ့ကိုလည်း သိပါတယ်။ ဒါပေမဲ့လည်း အလုပ်ကဏ္ဍ ဆက်စပ်မှုမရှိပါဘူး။

**■ မြစ်ဆုံကတော့ သမ္မတသက်တမ်းမှာ နားသွားပြီ။ ကျန်တဲ့ ဧရာဝတီမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းခြောက်ခု ကျန်သေးတော့ မြစ်ဆုံရပ်သွားပြီး နောက်ပိုင်း ကျန်အလုပ်တွေ ဆက်လုပ်ဖို့ ယုံကြည်ချက်ရော ရှိသေးလား။ မြန်မာအစိုးရက ဒီစီမံကိန်းတွေကို မြစ်ဆုံလိုမျိုး ရပ်ပစ်နိုင်တယ်ဆိုတဲ့ စိုးရိမ်ပူပန်မှုမျိုးပေါ့။**

ယုံကြည်စိတ်ရှိမလား မေးတော့ အဓိက ရင်းနှီးမြှုပ်နှံဖူးတဲ့ ကုမ္ပဏီနဲ့ တရုတ်အစိုးရ ဒီကိစ္စအတွက် ယုံကြည်မှုရှိမှ ရမယ်။ အခု ဒီကိစ္စမှာ ကျွန်တော်တို့ ယုံကြည်လား၊ မယုံကြည်လားထက် မြန်မာအစိုးရအခြေအနေ မြန်မာလူမျိုးတွေရဲ့ အခြေအနေကိုကြည့်နေတာ။

**■ အခုနောက်ပိုင်းမှာ ပြည်တွင်းမီဒီယာတွေ ဆင်ဆာမရှိတော့ဘူးဆိုတော့ အရင်ကလို တရုတ်ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်ပြီး အကာအကွယ် မရှိတော့ဘူး။ ပွင့်လင်းလာတယ်။ အဲဒီအပေါ်မှာရော စိုးရိမ်မိလား။**

အခု မြန်မာပြည် မီဒီယာနဲ့ ပတ်သက်ပြီး မကောင်းတာ တစ်ချက်တွေ့ရှိထားတယ်။ အားလုံးက မကောင်းတာဘဲ ပြောနေတယ်။ ကောင်းတာပြောတာနည်းနေတယ်။ အဓိက မီဒီယာက ဘက်မလိုက်ဘဲ အဲဒီကိစ္စအပေါ် ရေးသင့်ပါတယ်။ အရေးကြီးကိစ္စဖြစ်ပေါ်ရင် ဆွေးနွေးဖလှယ်ပြီး ရေးရမှာပေါ့။ နောက်ပြီး တရုတ်ပြည်မှာ အကြီးစားရေအားလျှပ်စစ်စက်ရုံကြီးတွေ တည်ဆောက်နေတယ်။ မီဒီယာတွေကလည်း မကောင်းတာတွေလည်း ထောက်ပြရေးသလို ကောင်းတာရေးတာလည်း ရှိတယ်။

**■ ဒီစီမံကိန်းက အရင်စစ်အစိုးရလက်ထက်မှာ လက်မှတ်ထိုးခဲ့တယ်။ အခုအစိုးရသစ်လက်ထက်ရောက်နေပြီ။ အရင်တုန်းက ဒီကိစ္စမှာ လက်မှတ်ထိုးခဲ့တုန်းက သူတွေ သီဟသူရဦးတင်အောင်မြင့်ဦးတို့၊ ဝန်ကြီးဦးဇော်မင်းတို့က အစိုးရဌာနမှာမရှိတော့တာမို့ CPI ရှေ့လုပ်ငန်းစဉ်တွေမှာ အခက်အခဲဖြစ်စေမလား။**

ဦးတင်အောင်မြင့်ဦးတို့ အဲဒီတုန်းက လက်မှတ်ထိုးခဲ့တာက နိုင်ငံကို ကိုယ်စားပြုထိုးခဲ့တာပါ။ အဲဒါကြောင့် ဒီစီမံကိန်းဆက်သွားဖို့ ခက်မယ်မထင်ပါဘူး။ အဲဒါကြောင့် အရင်စစ်အစိုးရ လက်ထက်ကနေ အခုအထိ တရားဝင်နေပါတယ်။

**■ CPI က ဒီမြစ်ဆုံစီမံကိန်းရဖို့ အဲဒီအချိန်က အဖွဲ့အစည်းကြီး တစ်ခုက (အခုတော့ အဖွဲ့အစည်းအဖြစ် မရှိတော့ဘူး) ကြားကနေဆောင်ရွက်ပေးခဲ့တယ်လို့ ကြားရပါတယ်။ အဲဒါ ဟုတ်ပါသလား။**

အဲလိုမျိုး မရှိပါဘူး။ သတင်းမမှန်ပါဘူး။ နောက်ပြီး အဲဒီတုန်းက လျှပ်စစ်ဝန်ကြီး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့လာပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ တိုက်တွန်းပါတယ်။ မျှော်လည်း မျှော်လင့်ခဲ့ပါတယ်။ အဲဒီတုန်းက လာရင်းနှီးမြှုပ်နှံတာ CPI တင်မကပါဘူး။ ချင်းတွင်းမြစ်မှာလည်း ထိုင်းနဲ့ အခြားနိုင်ငံကလာတဲ့ ကုမ္ပဏီတွေလည်း ရှိပါတယ်။ နောက်ပြီး MOU, MOA ထိုးတဲ့ အခါမှာလည်း အတွင်းရေးမှူး တစ်ယောက်အနေနဲ့ ဝန်ကြီးတစ်ယောက်အနေနဲ့ ဆုံးဖြတ်လို့ မရဘူး။ MOU, MOA လက်မှတ်ထိုးဖို့ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ရဲ့ ခွင့်ပြုချက်လည်း လိုတယ်။ အစိုးရအဖွဲ့အစည်း ခွင့်ပြုရမယ်။ အဲဒါမှ လက်မှတ်ထိုးလို့ ရတယ်။ လက်မှတ်ထိုးခဲ့တာတော့ ဦးမောင်အေး၊ ဦးတင်အောင်မြင့်ဦးတို့နဲ့ပေါ့။ နှစ်ဖက်နိုင်ငံရဲ့ အကြီးအကဲတွေရှေ့မှာ လက်မှတ်ထိုးထားတဲ့ဟာပါ။ ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ ဆုံးဖြတ်လို့ မရပါဘူး။ နောက်ပြီး CPI က လူကြီးတွေကို လာဘ်ထိုးလို့၊ ပစ္စည်းဥစ္စာပေးလို့ ခွင့်ပြုချက်ရတာလို့ ပြောနေတာတွေ ကြားပါတယ်။ အဲဒီလိုမျိုး လုံးဝမရှိပါဘူး။

**■ အခု CPI အနေနဲ့လည်း ဆုံးရှုံးမှုတွေ အများကြီးရှိတယ် ပြောတယ်။ ဒီဘက်ကနေ ဆုံးရှုံးမှုတွေအတွက်တောင်းဆိုမှု တစ်ခုခုလုပ်ဖို့ ရှိလား။**

အခု တခြားညှိနှိုင်းမှုလုပ်ဖို့ မရှိသေးပါဘူး။ မြန်မာအစိုးရကလည်း ပြောတယ်။ ဒီစီမံကိန်းက ရပ်ဆိုင်းနေတာပါ။ နောက်ပြီး ပယ်ဖျက်တာ မဟုတ်ပါဘူးလို့။ အဲဒါကြောင့် အသေးစိတ်ညှိနှိုင်းစရာ မရှိသေးဘူး။

**■ ဒါဆို ဦးသိန်းစိန် သမ္မတသက်တမ်းပြီးမှ ဒီကိစ္စတွေက ဆက်ပြောရမှာလား။ ၂၀၁၅ ကျမှ ဆွေးနွေးမှုတွေဆက်လုပ်မှာလား။ အဲဒီကျမှ ဆုံးရှုံးမှုတွေအတွက် ဆွေးနွေးမှုလုပ်မှာလား။**

အခုကတော့ အသေးစိတ်မသိသေးဘူး။ လက်ရှိကတော့ ရပ်ဆိုင်းနေပြီးသား။ ရပ်ဆိုင်းတဲ့ကာလလည်း အစိုးရကပြောထားတယ်။ အဲဒီစီမံကိန်းက ပြည်သူလူထုကို စိတ်ချအောင် ဆည်တမံဘယ်လောက်စိတ်ချမှု ရှိသလဲဆိုတဲ့ အဖြေကို ဖြေပြီးမှ ဆက်ပြီး ဘယ်လိုလုပ်မလဲဆိုတာ အဲဒီအချိန်ကျမှ သိနိုင်ပါတယ်။

**■ CPI အနေနဲ့ မြစ်ဆုံကိစ္စမှာ ဆုံးရှုံးရတဲ့ ငွေပမာဏ အခုထိ ဘယ်လောက်ရှိမယ်ဆိုတာ ပြောပြနိုင်မလား။**

အမေရိကန်ဒေါ်လာတစ်ဘီလီယံလောက်ရှိပါပြီ။

**■ ကျွန်မတို့ ကြားထားတာက အစိုးရနဲ့ ညှိနှိုင်းနေဆဲဖြစ်လို့ CPI ရဲ့ စက်ပစ္စည်းတွေ မြစ်ဆုံက သယ်လို့မရဖြစ်နေတယ်လို့။ မြစ်ဆုံစီမံကိန်းကနေစက်ပစ္စည်းတွေတရုတ်ပြည်ကို ပြန်သယ်ဖို့ ဘယ်လိုအခြေအနေရှိပါသလဲ။**

လက်ရှိကတော့ အစိုးရဘက်က ပစ္စည်းတွေ ပြန်သယ်ဖို့ ခွင့်ပြုပြီးပြီ။ ဒါပေမဲ့ တံတားကျိုးနေတော့ အဆင်မပြေဘူး။ ကေအိုင်အေက တံတားကို ပြန်ဆောက်ဖို့ ခွင့်မပြုသေးဘူး။ တံတားနာမည်က ခုနစ်ရောင်ခြယ်တံတားပေါ့။ ဝါရှောင်နဲ့နီးတယ်။

**■ မြစ်ဆုံအပြင် အခြား စီမံကိန်းတွေလည်း နယ်မြေမတည်ငြိမ်လို့ ရပ်ထားရတဲ့ အတွက် ဘယ်လောက်နစ်နာမှုရှိသလဲ။**

ခုနက ပြောထားတဲ့ အမေရိကန်ဒေါ်လာ ၁ ဘီလီယံက အားလုံးကိုပြောတာပါ။ တစ်နှစ်အတွင်း ပစ္စည်းဖိုး၊ ဘဏ်ကနေယူထားတဲ့ ချေးငွေရဲ့ အတိုးပေးရမယ်။ နောက်ပြီး ဒီဇိုင်းကုမ္ပဏီတွေ၊ ဝန်ထမ်းတွေရဲ့ လုပ်အားခတွေ စက်ယန္တရားဖိုးတွေလည်း ပေးရမယ်။ တွက်လိုက်ရင် တစ်နှစ်ဆိုရင် ဝ ဒသမ ၁ ဘီလီယံရှိနေတယ်။ ဆုံးရှုံးမှု များပြားလာရင် ရင်းနှီးမြှုပ်နှံမှုလည်း များပြားလာပါမယ်။ လျှပ်စစ်ဓာတ်အားရဲ့ ဈေးနှုန်းလည်း မြင့်တက်လာပါတယ်။

**■ အထက်ပိုင်းက စီမံကိန်းခြောက်ခုက ကေအိုင်အို နယ်မြေထဲမှာ ဖြစ်နေတယ်။ အစိုးရဆီက အဲဒီအချိန်တုန်းက ကေအိုင်အို နယ်မြေမှာလုပ်တဲ့အတွက် သူတို့ ဘယ်လိုတာဝန်ယူပေးမယ်ဆိုတဲ့ အာမခံချက်မျိုးပေးခဲ့လို့ ပြည်တွင်းစစ်ရှိတဲ့နေရာမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့တာလဲ။**

အဲဒီအချိန်က အစိုးရက စေလွှတ်ထားတဲ့တပ်ဖွဲ့ ရှိပါတယ်။ ချီဖွေငယ်လည်း ရှိတယ်။ ချီဖွေမှာလည်း ရှိတယ်။ လုံခြုံမှုအတွက် စေလွှတ်ပေးနေတာပါ။ အဲဒီတုန်းကတော့ မြန်မာအစိုးရက အာမခံပေးခဲ့ပါတယ်။ တည်ဆောက်ရေးကာလမှာ လုံခြုံဖို့။

**■ မြစ်ညာမြစ်ဝှမ်းခြောက်ခု စီမံကိန်းထဲက တစ်ခုဖြစ်တဲ့ ချီဖွေငယ်စီမံကိန်းကလည်းပတ်လို့ရနေပြီလို့ပြောတော့ ထွက်လာတဲ့ဓာတ်အားတွေကို ဘယ်လိုလုပ်မယ်စိတ်ကူးထားလဲ။**

လက်ရှိကတော့ အဲဒီ ဓာတ်အားကို ဘယ်လိုလုပ်မလဲလို့ လျှပ်စစ်(၁)၊(၂) ဝန်ကြီးဌာနနှစ်ခုနဲ့ ညှိနှိုင်းနေတုန်းပဲ။ မြစ်ကြီးနားဆီကို ပို့ဖို့စီစဉ်ထားပါတယ်။ ဓာတ်အားလိုင်းလည်း မြစ်ကြီးနားကို ဆွဲထားပါတယ်။ လျှပ်စစ် (၂)အနေနဲ့လည်း ဝိုင်းမော်မှာ ထပ်ဆင့်စက်ရုံ တည်ဆောက်ပြီး ဓာတ်အားလိုင်း သွယ်ထားတယ်။

**■ ကျေးဇူးတင်ပါတယ်။**

**TRADEMARK CAUTION**

JAB Distributors, LLC DBA Protect-A-Bed, a Company incorporated in USA at 1500 S Wolf Road, Wheeling, Illinois 60090 is the Owner and Sole Proprietor of the following Trademarks:-

**BUG LOCK**

**Reg: 4/8708/2012**

In respect of : " Zipper systems sold as an integral component of mattress protectors in the nature of mattress covers."

BUG LOCK

**Reg: 4/8707/2012**

In respect of : " Zipper system sold as an integral component of mattress covers."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 20.Sept.2012

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်များစွာကို မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်းကျောင်း
အမှတ်(၂၄၉)၊ 2B,5B,6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
အမှတ်(၂၅၁)၊ (6B,7Bထပ်)၊ ဗားဂရာလမ်းမကြီး၊ ] ကပ်လျက်တိုက်
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း၊-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉
(Open 7:00 am To 7:00 pm) ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့်ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာမလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာ အသိအမှတ်ပြုအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။
- တန်းခွဲတစ်ခုလျှင် (၂၀)ဦး ကန့်သတ်ထားပါသည်။

"တည်ထောင်ခြင်းကိုးနှစ်ပြည့်အဖြစ် (၃၀-၉-၂၀၁၂)နေ့အထိ 50%Discount သတ်မှတ်ပါသည်"

**"အောင်"** ပြီး **"ချမ်းမြေ့"** မှုတွေရရှိရန် **"အောင်ချမ်းမြေ့"** ကိုလာခဲ့ပါ။

**(I)**

**တစ်လပြတ်အထူး (တစ်ပတ်ငါးရက်)**

**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ( တနင်္လာ မှ သောကြာနေ့အထိ)**

| | | | |
|---|---|---|---|
| စဉ် (၂၃၀၉) | ၂၄. ၉. ၁၂ | စဉ် (၂၃၁၃) | ၁. ၁၀. ၁၂ |
| စဉ် (၂၃၁၀) | ၂၅. ၉. ၁၂ | စဉ် (၂၃၁၄) | ၂. ၁၀. ၁၂ |
| စဉ် (၂၃၁၁) | ၂၆. ၉. ၁၂ | စဉ် (၂၃၁၅) | ၃. ၁၀. ၁၂ |
| စဉ် (၂၃၁၂) | ၂၇. ၉. ၁၂ | စဉ် (၂၃၁၆) | ၄. ၁၀. ၁၂ |

**နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်)**

**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

| | | | |
|---|---|---|---|
| စဉ်(၂၃၁၇) | ၂၂. ၉. ၁၂ (Sat & Sun) | စဉ်(၂၃၂၀) | ၂၉. ၉. ၁၂ (Sat & Sun) |
| စဉ်(၂၃၁၈) | ၂၅. ၉. ၁၂ (Tue & Wed) | စဉ်(၂၃၂၁) | ၂. ၁၀. ၁၂ (Tue & Wed) |
| စဉ်(၂၃၁၉) | ၂၇. ၉. ၁၂ (Thur & Fri) | စဉ်(၂၃၂၂) | ၄. ၁၀. ၁၂ (Thur & Fri) |

**သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

| | | | |
|---|---|---|---|
| စဉ်(၂၃၂၃) | ၂၂. ၉. ၁၂ (Sat) | စဉ်(၂၃၂၅) | ၂၉. ၉. ၁၂ (Sat) |
| စဉ်(၂၃၂၄) | ၂၃. ၉. ၁၂ (Sun) | စဉ်(၂၃၂၆) | ၃၀. ၉. ၁၂ (Sun) |

**(II) နိုင်ငံတကာအဆင့်မီ ဒီပလိုမာ သင်တန်းများ**
**(တနင်္လာ မှ သောကြာနေ့အထိ)**

(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ်၊ (V) သုံးနှစ်၊

| | | | |
|---|---|---|---|
| စဉ် (၂၃၂၇) | ၂၄. ၉. ၁၂ | စဉ် (၂၃၃၀) | ၁. ၁၀. ၁၂ |
| စဉ် (၂၃၂၈) | ၂၅. ၉. ၁၂ | စဉ် (၂၃၃၁) | ၂. ၁၀. ၁၂ |
| စဉ် (၂၃၂၉) | ၂၇. ၉. ၁၂ | စဉ် (၂၃၃၂) | ၄. ၁၀. ၁၂ |

**(III) သားဖွားမီးယပ် (၃)လ ဒီပလိုမာ (Fri, Sat, Sun, Mon, Tue)**

| | | | |
|---|---|---|---|
| စဉ် (၂၃၃၃) | ၂၁. ၉. ၁၂ | စဉ် (၂၃၃၄) | ၂၈. ၉. ၁၂ |

**သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ**

(I) 07:00 am to 09:00 am (IV) 11:00 am to 02:00 pm
(II) 08:00 am to 11:00 am (V) 01:00 pm to 04:00 pm
(III) 09:00 am to 12:00 pm (VI) 05:30 pm to 07:30 pm



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# လက်ဖြောင့်ပါစ မြားနတ်မောင်

**မောင်သာချို**

**(တစ်)**

မြန်မာမှုနယ်ပယ်၌မင်္ဂလာတရားနှင့် ပတ်သက်၍ နှစ်မျိုးနှစ်စားကွဲပြားခြားနားရာ တစ်မျိုးက လောကုတ္တရာမင်္ဂလာဖြစ်ပြီး တစ်မျိုးက လောကီရေးရာ မင်္ဂလာဖြစ်ပါသည်။ အမျိုးအမည်အားဖြင့် မထင်ရှားသူ နတ်သားတစ်ပါးက လျှောက်ထားမေးမြန်းလာသဖြင့် မင်္ဂလာတရားဆိုတာဘာဟု ဂေါတမဘုရားရှင်က မိန့်ကြားသော မင်္ဂလာရှိသည့် အခြားအရာတို့မှာ စုစုပေါင်း ၃၈ ခုရှိရာ ယင်းတို့သည် ၃၈ ဖြာ မင်္ဂလာအဖြစ် ထင်ရှားပါသည်။ နောက်တစ်မျိုးကမူ နိစ္စဓူဝ-လူမှုလောကထဲ၌လုပ်ကိုင်ဆောင်ရွက်နေကြသည့် မင်္ဂလာများဖြစ်ပြီး လောကီရေးရာမင်္ဂလာ ၁၂ ပါးအဖြစ် ထင်ရှားပါသည်။ ဤတွင် လောကီရေးရာ မင်္ဂလာ ၁၂ ပါးထဲ၌ အာဝါဟဝိဝါဟဟူ၍လည်း မင်္ဂလာတစ်ပါးက တစ်မင်္ဂလာကိုပင်လျှင် ပါဝင်၍ နေပါလေသည်။

သတို့သားအတွက် သတို့သမီးကို ဆောင်ယူကာ သတို့သားအိမ်၌ဆောင်နှင်းသောမင်္ဂလာကို အာဝါဟမင်္ဂလာတဲ့။ သတို့သမီးအတွက် သတို့သားကို ဆောင်ယူကာ သတို့သမီးအိမ်၌ ဆောင်နှင့်သော မင်္ဂလာကို ဝိဝါဟမင်္ဂလာတဲ့။ လူ့အမျိုးအနွယ်ကြီး အဆက်မပြတ် အဓွန့်ရှည်စီးဆင်းနေသမျှ ကာလပတ်လုံး လုလင်နှင့် လုံမတို့၏ အာဝါဟ ဝိဝါဟမင်္ဂလာပွဲတို့က ဆင်နွှဲမြဲ ဆင်နွှဲနေကြမည်သာ ဖြစ်ပါသည်။

နှစ်ယောက်တစ်ဘဝတည်ဆောက်ကြရမည့် မိမိတို့၏ ဘဝကြင်ဖော်ကို မည်သို့သော နည်းလမ်း၊မည်သို့သော နှုန်းစံများဖြင့် ရွေးချယ်ကြမလဲဆိုသည်ကတော့ ဖြင့်ရှုပ်လည်း ရှုပ်ထွေးကာစိတ်ဝင်စားဖို့လည်း ကောင်းလှပါသည်။

အသူရာ နတ်မင်းကတော့ သူ၏ သမီးတော်နှင့် လက်ဆက်ရမည့် သူအား ပန်းကုံးကိုလေတွင် မြှောက်ကာ စွပ်စေခြင်းဖြင့် ဖူးစာရှင်ရှာဖွေခဲ့ရာ အဘိုးကြီးအိုယောင်ဆောင်လာသော သိကြားမင်း၏ လည်ပင်းကို စွပ်မိရာက သမီးတော်အတွက် ဖူးစာရှင်ကို ရှာဖွေတွေ့ရှိသွားခဲ့ပါလေသည်။ ဇနကမင်းကြီးကမူ သမုဒ္ဒရာကမ်းစပ်တစ်နေရာက ကောက်ယူရရှိလာသည့် သမီးတော် သီတာဒေဝီ အတွက် ခင်ပွန်းလောင်းကို ဗိုလ်ခြေတစ်ထောင်တင်မှရသည့်လေးကို တင်နိုင်သူနှင့်မှဟုဆိုသည့်အတွက် ယင်းကိုစွမ်းသော ရာမမင်းသားက သီတာဒေဝီ၏ ကြင်ဖော်အဖြစ် နေရာရရှိသွားခဲ့ပါလေ၏။ ဒီသာပါမောက္ခ ဆရာကြီးကမူ တပည့်အပေါင်းတို့ကို ကိုယ့်အိမ်က ပစ္စည်းကိုယ်ပြန်ခိုးခိုင်းခဲ့ပြီး မခိုးဘဲ ပြန်လာသည့် တပည့်နှင့် မိမိ၏သမီးကို လက်ဆက်ပေးခဲ့ပါသည်။

ထိုသို့ ဘဝကြင်ဖော်ကို ကံဖြင့်ရွေးတာ၊ ဘုန်းလက်ရုံး တန်ခိုး စွမ်းအားဖြင့် ရွေးတာ၊ ကိုယ်ကျင့်တရားဖြင့် ရွေးတာစသည် စသည်တို့အပြင် ပညာကိုအခြေခံ၍၊ စိတ်သဘောထားကို အခြေခံ၍၊ မျိုးရိုးအစဉ်အလာကို အခြေခံ၍၊ ဥစ္စာဓနကို အခြေခံ၍၊ ထင်ပေါ်ကျော်ကြားမှုကို အခြေခံ၍၊ ရုပ်ဆင်းအင်္ဂါကို အခြေခံ၍၊ စသည်ဖြင့် အမျိုးမျိုးသော ပေတံများ အထွေထွေသော စံချိန်စံညွှန်းများဖြင့် သူရွေးကိုယ်ရွေး ရွေးချယ်ကြလေ့ရှိသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ မျက်ရည်ခံမှဲ့ပါလို့ ငြင်းကြ၊ နေ့ချင်းနံချင်း ရန်ဘက်ဖြစ်လို့ ငြင်းကြ၊ တစ်ဦးတည်းသော သားသမီးမဟုတ်လို့ ငြင်းကြ စသည့် ဟင့်အင်းဇာတ်လမ်းတွေကလည်း ထွေပြားလှပါဘိ။

တစ်ယောက်အကြောင်းကို တစ်ယောက်က အူမချေးခါးက မကျန်အလွယ်တကူသိရှိနိုင်သော ရွာများ၊ မြို့ငယ်ကလေးများ၌ မိမိ၏ ဘဝကြင်ဖော်မည်သူဖြစ်သင့်သလဲ ဆိုသည်ကို အကဲဖြတ်ရသည်မှာ အခက်အခဲ တစ်စုံတစ်ရာ မရှိလှသော်လည်း မြို့ပြလူနေမှုဘဝများ ထွန်းကားလာကာ ရောမမြို့ကြီးများအထိ ကျယ်ပြန့်လာသော ခေတ်၌ သူဘာလဲ၊ ကိုယ်ဘာလဲဆိုတာ မသေချာမရေရာသော အနေအထားတွင် ဘဝအတွက် လူတစ်ယောက်ယောက်ကို ရွေးချယ်ရသည်မှာ တော်တော့ကို မလွယ်ကူသော ကိစ္စဖြစ်ပါသည်။

**(နှစ်)**

မြန်မာ့လူမှုဘဝ၌ အောင်သွယ်ခြင်းဟူ၍ ရှိပါသည်။ လုလင်ပျိုနှင့် လုံမပျိုတို့ကို အချင်းချင်း စပ်ဟပ်နားချကာ ဘဝကြင်ဖော်အဖြစ် လက်တွဲကြဖို့ အကျိုးဆောင်ပေးသည့်အလုပ်ပင်ဖြစ်ပါသည်။ ကောင်ကလေးက အဘယ်သို့ ကောင်မကလေးက အဘယ်သို့ စသည်ဖြင့် အပြန်ပြန် အလှန်လှန် လွန်းထိုးသွားရောက်ကာ သတင်းထုတ်ပြန်ပေးရသည့် အလုပ်။ သည်သတင်းထုတ်ပြန်မှုကို အခြေခံကာ တကယ်ဟုတ်မဟုတ်ဆိုသည်ကို ကာယကံရှင်က အကဲခတ်ပြီး အင်း၊ ဟင့်အင်းလုပ်ဖို့ပဲ ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင်ကား အောင်သွယ်ခြင်းကိုသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအနေဖြင့်ပင် လုပ်ကိုင်နေကြကြောင်း တွေ့နိုင်ပါ၏။

အင်္ဂလန်၌ လန်ဒန်မြို့အခြေစိုက်သတင်းစာ တစ်စောင်ရှိခဲ့ဖူးပါသည်။ The Matrimonial Post တဲ့။ အောင်သွယ်သတင်းစာသက်သက်။ ၁၈၆၀ ပြည့်နှစ်က စထုတ်ကာ နှစ်ပေါင်း ၉၀ ကျော်၊ ၁၀၀ အထိ ထုတ်ဝေခဲ့သည့် သတင်းစာဖြစ်ပါသည်။ သတို့သား၊ သတို့သမီးအလိုရှိကြောင်း သတင်းထုတ်ပြန်ပေးသည့် သတင်းစာ။

အိန္ဒိယ၌ ကိုလ်းကတ္တားမြို့တွင် ထုတ်ဝေသော "အမရိတဘဇာ ပက်ထရိက"ကဲ့သို့သော အင်္ဂလိပ်ဘာသာ သတင်းစာကြီးမျိုးတွင် တနင်္ဂနွေအထူးထုတ်များ၌ လင်လိုချင်သည်။ မယားလိုချင်သည်။ သမက်လိုချင်သည်။ ချွေးမဆိုချင်သည် စသည့် ကြော်ငြာများမှာ သုံးလေးဆယ်ခန့်ပါလေ့ရှိခဲ့ကြောင်း ဆိုပါ၏။

တရုတ်ပြည်ကဲ့သို့သော နိုင်ငံများ၌ အချို့လမ်းဆုံလမ်းခွရှိ ကြော်ငြာဘုတ်ကြီးများတွင် မိမိ၏ ကိုယ်ရေးအကျဉ်းနှင့် စိတ်သဘောထားများကို ဖော်ပြကာ ချစ်သူကြင်သူအလိုရှိကြောင်း ကြော်ငြာသည့်လုပ်ငန်းများကိုပင် လုပ်ကိုင်လာကြရာ အားလုံးအသိပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ပင်လွန်ခဲ့သော အနှစ် ၉၀ ၊ ၁၀၀ တစ်ဝိုက်က သတင်းစာများ၌ အောင်သွယ်ကုမ္ပဏီဟု ကြော်ငြာများ ပါဝင်ခဲ့ဖူးကြောင်း အမှတ်အသားရှိပါသည်။

အခုတော့ရော . . . ။

**(သုံး)**

ယခုအခါ ရန်ကုန်လို မြို့ကြီးများ၌ လုလင်တို့၊ လုံမတို့ တွေ့ဆုံရင်းနှီးကာ တစ်ဦးကိုတစ်ဦး အကဲခတ်ဖို့ ဆုံးဖြတ်ဖို့ ကိုယ့်နည်းနှင့်ကိုယ် အကျိုးဆောင်ပေးသော လုပ်ငန်းတို့ရှိနေကြပြီဆိုသောအခါ ကျွန်တော်အံ့ဩရပါသည်။

သူတို့အခေါ် One Section ခေါ် သုံးနာရီစာလောက်ကို ငွေ ၅,၀၀၀ မှသည် ၁၀,၀၀၀ အထိ ယူကာ လူငယ်နှစ်ဦး တွေ့ဆုံဖို့ အခန်းပေးသော လုပ်ငန်းတွေ ရှိနေကြလေသတဲ့။ နာမည်ကျော် ဟိုတယ်ကြီးအချို့၌ နိုက်ကလပ်များတွင် သောက်ကြ၊ စားကြ၊ ကကြ၊ ခုန်ကြပြီးနောက် အချင်းချင်း မိတ်ဆက်ကြ ချစ်စကားဆိုကြကာ သင့်ရာ တော်ရာ တစ်နေရာရာဆီသို့ ကိုယ့်ကားနှင့်ကိုယ် ထွက်ခွာသွားနိုင်ကြစေရန် ဖန်တီးပေးသော အကျိုးဆောင်လုပ်ငန်းတို့လည်း ရှိနေကြလေပြီတဲ့။ သီချင်းသံ ဒုန်းဒုန်းဒိုင်းဒိုင်းတွေ၏ကြား၊ စီးကရက်မီးခိုးနံ့တွေ၏ကြား၊ ယမကာ ရနံ့ရီဝေရီဝေ၏ကြား၌ ကခုန်မြူးတူးရင်း ဘဝကြင်ဖော်ကိုရှာဖွေကြသည့် အစီအစဉ်တဲ့။ အန္တရာယ်မများလွန်းဘူးလားဟု အတွေးဝင်မိပါသည်။

> ကျွန်တော် အံ့ဩသွားမိပါသည်
> ခရီးဆောင်လက်ဆွဲအိတ်ကို
> ပြန်ချုပ်သလို လူကိုပြန်ချုပ်လိုက်ရုံမျှနှင့်
> အပျိုစင်ဖြစ်သွားလေရော့သတဲ့လား
> ပျက်ပြိုသွားသည့်စိတ်ဓာတ်နှင့်
> ကိုယ်ကျင့်တရားကို
> ဘာနဲ့များ ပြန်၍ ချုပ်လုပ်ရမှာပါလိမ့်

မျက်နှာကို အဝတ်စည်းနှောင်ကာ လေးနှင့်မြားကို ကိုင်ဆောင်ရင်း အတောင်ပံကလေးနှစ်ဖက်ကို ခတ်နေသည့် ရောမအချစ်နတ်သား မြားနတ်မောင်(Cupid)၊ ရောမအလှနတ်သမီး ဗီးနပ်စ်(Venus)၏ သားတော် မြားနတ်မောင်(Cupid)၊ သူ့မြားနှင့် ပစ်ခတ်ထိမှန်သူတို့ အချစ်နယ်အတွင်း သက်ဆင်းသွားကြရလေ့ရှိသည်ဟုဆိုသော မြားနတ်မောင်(Cupid)၊ ဂရိအချစ်နတ် Eros နှင့်တူညီသည်ဆိုသည့်မြားနတ်မောင်(Cupid)၊ လက်တင်စကားကျူပီဒို(Cupido)က ဆင်းသက်လာသည်ဆိုသော မြားနတ်မောင်(Cupid) ယနေ့လူငယ်လူရွယ်တို့ကို အညစ်အထေးအစွန်းအထင်း ဘေးအန္တရာယ်တစ်စုံတစ်ရာ မကျရောက်စေဘဲ သူ့အချစ်မြားနှင့် မှန်မှန်ကန်ကန် ပစ်ခတ်နိုင်ဖို့ကတော့ တော်တော့ကို ခက်သွားပြီဟု ထင်ပါသည်။

**(လေး)**

ဗြိတိန်နိုင်ငံထုတ် Daily Mail သတင်းစာကြီး၌ Virginity Repair ဟူသည့် သတင်းတစ်ပုဒ် ပါဝင်သွားခဲ့ဖူးပါသည်။ အပျိုစင်ဖြစ်အောင် ပြန်ပြင်ပေးသော လုပ်ငန်းဟု ဆိုကြပါစို့။ ဆေးပညာ၌ Hymenoplasty ဟုခေါ်ပါသည်။ လန်ဒန်မြို့ Harley Street ရှိ အထူးကုစင်တာတွင် ခွဲစိတ်ချိန် မိနစ် ၃၀ ကို ပေါင် ၁,၈၅၀ ယူကာ အပျိုဖြစ်အောင် ပြန်လုပ်ပေးနေသည်မှာ တစ်ရက်ကို သုံးဦးခန့် ရှိလေသတဲ့။

လန်ဒန်မြို့ Regency ဆေးရုံက အတိုင်ပင်ခံ သားဖွားမီးယပ်ပါရဂူကြီး ဒေါက်တာမင်ဒီဟန်းကမူ တစ်ဦးကိုပေါင် ၄,၀၀၀ (မြန်မာငွေသိန်း ၆၀ ဝန်းကျင်) ယူကာ အပျိုစင်ဖြစ်အောင်ခွဲစိပ်ဖြတ်တောက်ချုပ် လုပ်ဆောင်ရွက်ပေးနေပါလေသတဲ့။

ကျွန်တော် အံ့ဩသွားမိပါသည်။ ခရီးဆောင်လက်ဆွဲအိတ်ကို ပြန်ချုပ်သလို လူကိုပြန်ချုပ်လိုက်ရုံမျှနှင့် အပျိုစင်ဖြစ်သွားလေရော့သတဲ့လား။ ပျက်ပြိုသွားသည့် စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကို ဘာနဲ့များ ပြန်၍ ချုပ်လုပ်ရမှာပါလိမ့်။

**(ငါး)**

အာဝါဟ ဝိဝါဟ မင်္ဂလာမဆောင်နှင်းမီ အကြိုကာလ၌ မည်သူမဆိုဘဝကြင်ဖော်လောင်းကို ရှာဖွေကြစမြဲ ဖြစ်ပါသည်။ တက္ကသိုလ်ကျောင်းမှာ အကဲခတ်၊ ကုမ္ပဏီရုံးခန်းမှာ အကဲခတ်၊ လုပ်ငန်းခွင်ထဲမှာ အကဲခတ်၊ ရပ်ထဲရွာထဲမှာ အကဲခတ်နှင့် အလွဲကြီးလွဲသော ဇာတ်ထုပ်ကို မကမိရလေအောင် အကဲခတ်ကြရစမြဲ ဖြစ်ပါသည်။

သို့သော် နိုက်ကလပ်ခန်းမထဲက သီချင်းသံတွေကြားထဲ၊ စီးကရက်မီးခိုးငွေ့တွေ ကြားထဲ၊ ယမကာနံ့တွေကြားထဲ၊ အချိန်ပိုင်းတည်းခိုခန်းတွေကြားထဲဖြင့် တွေ့မှ တွေ့နိုင်ပါ့မလားဟု သံသယကြီးကြီး ဝင်မိပါသည်။

ရောမ အချစ်နတ်ဘုရား ကျူပစ်(Cupid)ခေါ် မြားနတ်မောင်ကလေး မှန်မှန်ကန်ကန်မှ ပစ်နိုင်ပါ့မလားမသိ။ တစ်ကြိမ်လွဲ၊ နှစ်ကြိမ်လွဲ ရုံမျှမက အကြိမ်ကြိမ် အခါခါလွဲခဲ့သော်ဟူသည့်နောက်မှာ ကျွန်တော်ဆက်ပြီး မစဉ်းစားချင်ပါလေတော့။ ။

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ အေးမြတ်သူ၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချို့နွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဒ္ဓိပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
**Hotline : 0973032006**


# ပြော ... ကို ... မပြောချင်ဘူး



**ဂျေလှသင်**

ဟိုးတုန်းက ရုပ်ရှင်ဇာတ်ကားတွေထဲမှာ ဇာတ်ပို့ဇာတ်ရံနေရာမှာ ပါတဲ့ 'မမြလေး'ဆိုတဲ့ သရုပ်ဆောင်တစ်ယောက်ရဲ့ လက်သုံးစကားကြားဖူးကြမှာပါ။ သူပါတဲ့ ကားတိုင်းမှာ အဲဒီစကားကို အမြဲသုံးတယ်။ အဲဒီစကားက အရပ်ထဲမှာလည်း နေရာအနှံ့ရောက်တယ်။ ကိုယ်မတတ်နိုင်တဲ့ကိစ္စမကျေမနပ်နဲ့ အောင့်အည်းပြီးမသက်သာခံလိုက်ရရင် 'ပြော. . . ကို. . . မပြောချင်ဘူး'အစချီပြီး ငေါ့ပြောပြောတတ်ကြတယ်။

ကျွန်မလည်း ဒီရက်ပိုင်း အဲဒီစကားကို ထပ်တလဲလဲ ပြောဖြစ်နေတယ်။ အားလုံးသိပြီးသားပါ။ အစိုးရသစ်လက်ထက်မှာ နိုင်ငံနဲ့ အဝန်းပြုပြင်ပြောင်းလဲရေးတွေ လုပ်နေတာ။ နိုင်ငံရေးအပြောင်းအလဲတွေကတော့ ထင်သာမြင်သာရှိပါတယ်။ လတ်တလောမှာကိုပဲ ဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေပြောင်းပစ်နေတာ ရင်သပ်ရှုမောကြားရပါတယ်။ ပိုပြီးစွမ်းရည်ထက်မြက်သန့်ရှင်းသွက်လက်တဲ့ အစိုးရဖြစ်ဖို့ ဦးတည်နေတာ ကြိုဆိုပါတယ်။

စီးပွားရေးကတော့ မထူးခြားသေးလို့ ပြောရမယ်။ ကိစ္စမရှိပါဘူး။ ပြောင်းတော့ ပြောင်းလာမှာပဲ။ စောင့်ရုံပေါ့။ ကျွန်မတို့ မြန်မာပြည်သူတွေ ထမင်းမငတ်ပေမယ့် ဟင်းငတ်တဲ့ ဘဝတွေနဲ့ နှစ်ပေါင်းများစွာ စောင့်ခဲ့ရပြီးပြီပဲ နိုင်ငံသားတစ်ယောက် တစ်နှစ်ဝင်ငွေဒေါ်လာ၃,၀၀၀ဖြစ်အောင် ၂၀၁၅မတိုင်ခင်လုပ်မယ်လို့သမ္မတကြီး ပြောပြီးပြီပဲ။ သန်းခေါင်ထက်တော့ ညဥ့်မနက်တော့ပါဘူး။ သမ္မတကြီးကို ယုံတယ်။ စောင့်နိုင်ပါတယ်။

ပညာရေးမှာတော့ အစိုးရကရော၊ ဒေါ်အောင်ဆန်းစုကြည်ရော၊ ပြည်တွင်းပြည်ပ ပညာရှင်တွေကရော ပညာရေးစနစ်ကို ပြောင်းလဲရမယ်၊ ပြောင်းမှဖြစ်တော့မယ်ဆိုတဲ့ အသံတွေ ကျယ်ကျယ်လောင်လောင်ထွက်နေတာ ဝမ်းသာစရာပါ။ ကျွန်မတို့လို ၈၈ မျိုးဆက်တွေ ပညာရေးမှာ ဘယ်လိုပဲ လူညွန့်တုံးခဲ့တုံးခဲ့ ကိုယ့်သားသမီးတွေကိုတော့ ကောင်းမွန်တဲ့ ပညာရေးစနစ်နဲ့ တွေ့စေချင်တယ်။ စံချိန်မီ ပညာရှင်တွေ ဖြစ်စေချင်တယ်။ ဒါကြောင့် နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်မယ့် ပညာရေးစနစ်ကို မျှော်ခဲ့မိတယ်။

၂၀၁၂ မတ်လက စာမေးပွဲစစ်ခဲ့တဲ့ ဆယ်တန်းအောင်စာရင်းကို ဇွန်လဆန်းမှာ ထုတ်ပြန်ပါတယ်။ မနှစ်ကအောင်ချက်ကို မမီဘူးလို့ ပညာရေးဌာနက ကိန်းဂဏန်းတွေနဲ့ ပြောခဲ့ပေမယ့် ရန်ကုန်မြို့ကြီးက ကလေးတွေ တော်ကြပါပေတယ်။ ခြောက်ဘာသာ၊ ငါးဘာသာ ဂုဏ်ထူးရှင်တွေကို အောတိုက်နေတာပဲ။ ကျွန်မတို့တွေခေတ်က မြို့ကလည်း နယ်မြို့လေး၊ အဲဒီမြို့ကျဉ်းလေးထဲမှာ ဆယ်တန်းအောင်တဲ့ သူဆိုတာ လက်ချိုးရေလို့ရတယ်။ ဘာသာစုံဂုဏ်ထူးရှင်ဆိုတာ မရှိသလောက်ကိုရှားပါတယ်။ အခုခေတ်ကလေးတွေက ကျွန်မတို့ထက် တော်တယ်လို့ ပြောရမယ်။

ဒီနှစ်မှာ ကျွန်မသမီးက ငါးဘာသာဂုဏ်ထူးနဲ့ အောင်တယ်။ တစ်မိသားစုလုံး ပျော်လိုက်တာ။ ဒီလို သမီးမျိုးမွေးတဲ့ ကျွန်မ၊ ငါလိုလူ ဇမ္ဗူမှာ ရှိသေးလားလို့တောင် မြောက်ကြွကြွ ဖြစ်သွားတယ်။ သမီးရဲ့ အောင်မြင်မှုကို ဂုဏ်ပြုတဲ့အနေနဲ့ အိမ်မှာ အလှူလုပ်ပြီး 'အမျိုးနဲ့ ရပ်ကွက်ပတ်သာကြွား'ဆိုတဲ့ အရိုးသီချင်းထဲကလို ကြွားပစ်လိုက်တယ်။

ဂုဏ်ထူးငါးခုဆိုတော့ အမှတ်ကလည်း ကောင်းမှာ၊ ကိုယ်ကြိုက်တဲ့လိုင်း ခေါင်းခေါက်ရွေးရုံပ၊ အဲဒီလိုနဲ့ အမှတ်စာရင်းမျှော်တက္ကသိုလ်လမ်းညွှန်မျှော်နဲ့ အေးဆေးပဲပေါ့။ သိရပါပြီ အမှတ်စာရင်း ၅၀၀ ပြည့်ဖို့ ၁၀ မှတ် လိုတယ်။ အမှတ်မြင့်တဲ့ ဆေးတက္ကသိုလ်တော့ မသေချာဘူး။ ကိစ္စမရှိဘူး။ သမီးက ဆရာဝန်ဝါသနာမပါဘူး။ မျက်စိရှေ့ ခိုကလေး၊ ခွေးကလေး ကားကြိတ်လို့ သွေးထွက်သံယိုမြင်ရင်တောင် လန့်တတ်၊ ရွံတတ်တဲ့ ကလေးကို ကျွန်မ ဘယ်လို လုပ်ဆေးကျောင်းပို့ရက်ပါ့မလဲ။ မလျှောက်နဲ့ပေါ့။

တက္ကသိုလ်လမ်းညွှန်ထွက်မလာခင်ကိုဘဲ ဂျာနယ်တွေထဲမှာ ရန်ကုန်နည်းပညာတက္ကသိုလ်(ယခင်အခေါ် - RIT) ကို ပြန်ဖွင့်ဖို့ ပြင်ဆင်နေပြီတဲ့။ သမီးကလည်း အင်ဂျင်နီယာ လုပ်ချင်တဲ့သူဆိုတော့ ဒီနှစ်ဖွင့်ရင် ကောင်းမှာပဲလို့ မျှော်မိတယ်။ ထွက်လာပါပြီ တက္ကသိုလ်လမ်းညွှန်စာအုပ်ကိုယ့်သမီးက အမှတ်မြင့်တော့ အမြင့်တက္ကသိုလ်တွေကို အရင်ကြည့်မိတယ်။ ကိုယ်မလျှောက်ပေမယ့် ဆေးတက္ကသိုလ်ဝင်ခွင့်ကို စပ်စုကြည့်တော့ အမှတ်ဘယ်လောက်ရမှ ဝင်ခွင့်ရမယ်ဆိုတာ ရေးမထားပေမယ့် ကျောင်းပြီးလို့ သုံးနှစ်တာဝန် မထမ်းဆောင်ရင် လျော်ကြေးငွေ ဆယ်သိန်းဆိုတာတော့ ထင်ထင်ရှားရှား ရေးထားလေရဲ့။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကတော့ အမှတ် ၄၆၀ အထက်ဆိုရင် လျှောက်ခွင့်ရှိတယ်တဲ့။ အဲဒီစာအုပ်ထဲမှာ စာရွက်ခေါက်လေးတစ်ခုက သီးခြားပါလာတယ်။ ကြည့်လိုက်တော့ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU)၊ မန္တလေးနည်းပညာတက္ကသိုလ် (MTU) ဝင်ခွင့်ဆိုင်ရာ အချက်များတဲ့၊ လမ်းညွှန်စာအုပ်ကို ပုံနှိပ်စဉ်က အဲဒီတက္ကသိုလ်တွေဖွင့်ဖို့ အစီအစဉ်မရှိဘဲ စာအုပ်ဖြန့်ဝေခါနီးမှ ဖွင့်မယ်စိတ်ကူးရလို့ သီးခြားစာရွက်နဲ့ရိုက်ပြီး လမ်းညွှန်စာအုပ်ထဲ ညှပ်ထည့်ပေးလိုက်တယ်ထင်ပါရဲ့၊ ထားပါလေ ဘယ်လိုပဲဖြစ်ဖြစ် ရွေးချယ်စရာတစ်ခုတိုးတာပေ့ါ။ အမှတ်လိုအပ်ချက်ကလည်း ၄၅၀ အထက်ပဲ။

အိုကေပေ့ါ။ အိမ်ကသမီးက အမှတ် ၄၅၀ အထက်ကို အမှတ်လေးဆယ်တောင် ကျော်ထားတာ အဲဒီတော့ ရန်ကုန် နည်းပညာတက္ကသိုလ် (YTU)ကို ဦးစားပေးတစ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကို ဦးစားပေးနှစ်၊ ပြီးမှ မြို့ပြင်သွားစရာမလိုတဲ့ အိမ်နဲ့အနီးအနား တက္ကသိုလ်တွေကို အောက်မှာ တန်းစီလျှောက်လိုက်တယ်။ အမှတ် ၄၅၀ အထက်ဆိုတဲ့ တက္ကသိုလ်နှစ်ခုမှာ တစ်ခုတော့ သေချာတယ်လေ။ ဒါက ကိုယ့်အထင်ကိုယ့်အတွေး။

ဝင်ခွင့်လျှောက်လွှာပိတ်ရက် မတိုင်ခင် အစောကြီးကို သူများထက်ဦးအောင် သွားလျှောက်ထားလိုက်တယ်။ ဒါပေမဲ့ လမ်းညွှန်စာအုပ်နဲ့ ကွဲပြားတဲ့ အမှတ်ကန့်သတ်ချက်တွေ အရပ်ထဲမှာ သတင်းထွက်လာပြီ။ RIT ကို အမှတ်အများဆုံးသူတွေ စုံပြုံလျှောက်နေကြပြီ။ ရေကြောင်းက ၅၂၀၊ ဆေးက ၅၁၀ အထက်တဲ့ စုံနေတာပဲ။ အရပ်ထဲကစကား၊ ကောလာဟလဆိုပြီး အလေးမထားလို့လည်းမဖြစ် အဲဒီအရပ်စကားတွေပဲ အတည်ဖြစ်သွားတာ ကြုံဖူးပေါင်းများပြီ။ ကျွန်မတို့ ငါးဘာသာဂုဏ်ထူးရှင်ကြီး ခေါင်းကိုက်စပြုလာပြီ။

အခုတစ်ခါ ကွန်ပျူတာတက္ကသိုလ်ကိုလည်း (RIT)လိုပဲ အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်လုပ်မယ်။ သင်ရိုးညွှန်းတန်းနဲ့ သင်ထောက်ကူပစ္စည်းတွေပြင်ဆင်နေပြန်ပြီတဲ့ ဂျာနယ်ထဲပါလာတယ်။ မကြာပါဘူး။ ဩဂုတ်လ ၂၀ ရက်သတင်းစာမှာ 'အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များသို့ ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း' ဆိုတဲ့ ကြော်ငြာပါလာတယ်။ အမှတ်ကလည်း ၄၅၀ အထက်ပဲကွန်ပျူတာ တက္ကသိုလ်ဆိုတာက မြို့ပြင်မှာမို့လို့ ကျွန်မပယ်ထားတဲ့ တက္ကသိုလ်၊ ဘာလုပ်ရမှန်းကိုမသိတော့ဘူး။ စုံစမ်းရပြန်ပြီ။

ကိုယ်က တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ထဲကအတိုင်း ဦးစားပေးတွေ တန်းစီလျှောက်ထားပြီးသား၊ အခု အဆင့်မြင့်ကွန်ပျူတာဆိုတာက စာအုပ်ထဲမှာ မပါတဲ့ဟာ အမှတ်ကလည်းမြင့်၊ သူ့ကိုလျှောက်ရင် ဦးစားပေး တစ်ထားလျှောက်ရမယ်ဆိုတော့ ဒါလျှောက်ရင် ကျန်တာ ပယ်သလိုဖြစ်မှာလည်း စဉ်းစားရသေး၊ စိတ်မောလိုက်တာ ကိုယ်ဝါသနာပါတဲ့ တက္ကသိုလ်ကို ဝင်ခွင့်ဖြေပြီး တက်ခွင့်ရရင် ဘယ်လောက်များကောင်းလိုက်လေမလဲ။

ဒွိဟဖြစ်နေတဲ့ ကာလမှာ ဩဂုတ်လ ၃၀ ရက်ထုတ် IN-DENPENDENT ဂျာနယ်ထဲမှာ (RIT)အငြိမ်းစားပါမောက္ခချုပ် ဦးညီလှငယ်ရဲ့ အင်တာဗျူးကို ဖတ်အပြီးမှာတော့ ကျွန်မတို့သားအမိ လျှောက်လွှာယူရမယ့် ကွန်ပျူတာတက္ကသိုလ်ရှိရာကို ချီတက်ခဲ့ပါတော့တယ်။ အင်တာဗျူးမှာ ဆရာကြီးက (RIT)ဝင်ခွင့်အမှတ်အနေနဲ့ ၅၀၀ အထက်မှာ ရှိမယ်ဆိုတော့ ကျွန်မတို့ကြားထားတာနဲ့ ကွက်တိပဲ။

**စာ(၄၀) သို့**

Business 7DAY NEWS JOURNAL

Vol.11, No.28 • SEPTEMBER 20 , 2012

# အမျိုးသားယဉ်ကျေးမှု အမွေအနှစ်လေးခုကို အမျိုးသားဥယျာဉ်အဖြစ် လုပ်ကိုင်ရန် တင်ဒါလျှောက်ထားသူ ၁၅ ဦးရှိ

**အိဖြူမွန်**

**ရန်ကုန်၊စက်တင်ဘာ-၉**

ရှေးဟောင်းအမျိုးသားယဉ်ကျေးမှု အမွေအနှစ်လေးခုကို အမျိုးသားဥယျာဉ်အဖြစ် လုပ်ကိုင်လို၍ တင်ဒါတင်ထားသော ပုဂ္ဂလိကလုပ်ငန်းရှင် ၁၅ ဦးရှိကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်ကပြောသည်။

ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပေးမည့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်လေးခုမှာ မြနန်းစံကျော်ရွှေနန်းတော် နန်းမြို့ရိုးနှင့်ကျုံး၊ တံတားဦး ဆင်ကျုံးခံတပ်နှင့် သပြေတန်းခံတပ်၊ ရွှေဘိုနယ် ရွှေဘုံရတနာမင်္ဂလာနန်းတော်၊ ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်တို့ဖြစ်သည်။ ယင်းအမျိုးသားယဉ်ကျေးမှု အမွေအနှစ်လေးခုကို အမျိုးသားဥယျာဉ်အဖြစ် လုပ်ကိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကို တင်ဒါခေါ်ယူခဲ့သည်။

"ဒီလကုန်ရင်တော့ တင်ဒါပိတ်တော့မယ်။ စိတ်ဝင်စားပြီး တင်ဒါလာဝယ်တဲ့လုပ်ငန်းရှင် ၁၅ ဦးရှိတယ်။ အဆိုပြုလွှာကိုတော့ ဒီလကုန်မှ တင်ပြီးရွေးမယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။



မြို့တည်နှစ် နှစ်ပေါင်း၁၅၀ကျော်လာသည့် မန္တလေးရှိ နန်းမြို့ရိုးနှင့် ကျုံးသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံရသည် ဓာတ်ပုံ - ArnisD

အမျိုးသားဥယျာဉ်အဖြစ် ပုဂ္ဂလိကကို ချထားပေးရာတွင် လုပ်ကိုင်ခွင့်ရသောလုပ်ငန်းရှင်က စည်းကမ်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီးရန် ပြုပြင်ထိန်းသိမ်းခြင်းများ၊ ယင်းဒေသတစ်ဝိုက်တွင် ဥယျာဉ်၊ လှပသောသစ်ပင်ပန်းပင်များ စိုက်ပျိုးပြီး ပုံဖော်ခြင်းများကို လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ လုပ်ကိုင်ခွင့်ရသော ဒေသသို့ခရီးသွားများ လာရောက်ပါက မူလကောက်ခံသော နှုန်းထားအတိုင်း လုပ်ငန်းရှင်ကခံစားခွင့်ရမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းဒေသလေးခုကို အမျိုးသားဥယျာဉ်အဖြစ် လုပ်ကိုင်ရန် ပထမဆုံးတင်ဒါ ခေါ်ယူခြင်းဖြစ်ပြီး ကျန်နေရာများကိုလည်း ခေါ်ယူရန် အစီစဉ်ရှိကြောင်း၊ လုပ်ငန်းရှင်များကို ယခုလကုန်တွင် မန္တလေးမြို့၌ ကျင်းပပြုလုပ်မည့် အစည်းအဝေးတွင် ရွေးချယ်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၆၀ | ၈၇၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၀ | ၈၇၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၀၂ | ၇၁၄ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၁၇ | ၁၁၃၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂ | ၂၇. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၂ | ၁၃၄ | ကျပ် |

၂၀၁၂ စက်တင်ဘာ ၁၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၆၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၁၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၃၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၁၄၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၃၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၁၉၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၆. ၆၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၃၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၉၈. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၄၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၃၇ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၄၇၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၇၁၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၄၈၉ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၇၂. ၇၀၀ |
| ရေနံစိမ်း | စည် | ၁၁၆. ၆၆၀ |
| ငွေ | ၁ အောင်စ | ၃၄. ၆၅၆ |
| ကြေးနီ | ပေါင် | ၃၈၃. ၂၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၉၄၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ စက်တင်ဘာ ၁၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# နော်ဝေးက မြန်မာပို့ကုန်များကို အခွန်ကင်းလွတ်ခွင့်ပြု

**အောင်သူရ**

**ရန်ကုန်၊**

**စက်တင်ဘာ - ၁၀**

မြန်မာနိုင်ငံမှ နော်ဝေးနိုင်ငံသို့ တင်ပို့မည့် ပို့ကုန်အားလုံး ယေဘုယျအခွန်ကင်းလွတ်ခွင့်(Generalized System of Preferences (GSP))ကိုစက်တင်ဘာ၇ရက်တွင် စတင်ခွင့်ပြုလိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ GSP ပေးအပ်ရန် ဆွေးနွေးပွဲကို စက်တင်ဘာ ၇ ရက်က ပဲ့ခ်ရှိုင်ရယ်ဟိုတယ်တွင် နှစ်ဖက် တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြပြီးနောက် ပေးအပ်ခဲ့ခြင်းဖြစ်သည်ဟု စီးပွား/ကူးသန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်ကပြောကြားသည်။

ထိုကဲ့သို့ GSP ရရှိသည့်အတွက် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့်ပစ္စည်းများ ဝယ်ယူရာတွင် နော်ဝေးနိုင်ငံမှပေးဆောင်ရသည့် ၁၃ ဒသမ ၇ ရာခိုင်နှုန်းအား ပေးဆောင်စရာမလိုတော့ပေ။

"လက်ရှိမှာ ရေထွက်ပစ္စည်းက နော်ဝေးကိုပို့တာမရှိသလောက်ပဲ။ GSP ရပြီဆိုတော့ နောက်ပိုင်းမှာ သူတို့လိုချင်တဲ့ဈေးကွက်ကို တည့်ပေးရမယ့် သဘောရှိလာတယ်။ နော်ဝေးကတော့ Seafood (ပင်လယ်စာ)စားတာများတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောကြားသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အလုပ်သမားအခွင့်အရေးများ မရရှိသဖြင့် ဥရောပနိုင်ငံအချို့နှင့်ဥရောပသမဂ္ဂတို့က မြန်မာနိုင်ငံကို GSP ပေးမထားသောကြောင့် ရေထွက်ပစ္စည်းနှင့်အဝတ်အထည်များမှာ ဒေသတွင်း အခြားနိုင်ငံများနှင့် ဈေးကွက်မယှဉ်နိုင်ဖြစ်ခဲ့သည်။

နော်ဝေးနိုင်ငံက GSP စတင်ပေးသဖြင့် အီးယူ(ဥရောပသမဂ္ဂ)ကလည်း GSP ပေးလာနိုင်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးနှင်းဦးကသုံးသပ်သည်။

နှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့မှု လုပ်ထားသော နော်ဝေးနိုင်ငံက သမ္မတဦးသိန်းစိန်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာသဖြင့် ၂၀၁၂ ဧပြီ ၁၅ ရက်မှစ၍ စစ်လက်နက်တင်ပို့ရောင်းချခြင်းမှလွဲ၍ ကျန်အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့သည်။



# ၂၀၁၆ တွင် မြန်မာနိုင်ငံက စက်မှုလုပ်ငန်းသုံးယာဉ်နှင့် ယန္တရားကြီးများတင်သွင်းမှု စီးရေတစ်သောင်းကျော်မည်ဟု အမေရိကန်ကုမ္ပဏီခန့်မှန်း

**တိုကျို၊ စက်တင်ဘာ - ၁၃**

မြန်မာနိုင်ငံတွင်း၌တစ်ဟုန်ထိုးတိုးတက်လာနေသော သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံ လမ်းတံတားဆိုင်ရာစီမံကိန်းကြီးများ တိုးတက်လာမှုကြောင့် လာမည့် ၂၀၁၆ ခုနှစ်တွင်စက်မှုလုပ်ငန်းသုံး အကြီးစားစက်ယန္တရားကြီးများ၊ ကုန်တင်ယာဉ်ကြီးများတင်သွင်းမှု စီးရေတစ်သောင်းကျော်အထိ ပိုမိုများပြားလာနိုင်ကြောင်း အမေရိကန်နိုင်ငံမှ Frost & Sullivan ကုမ္ပဏီက ပြောကြားလိုက်သည်။

ယင်းကုမ္ပဏီ၏ မော်တော်ယာဉ်နှင့် ပို့ဆောင်ရေးဆိုင်ရာ အာရှပစိဖိတ်ဒေသ၏ အကြံပေးပညာရှင်မစ္စတာမာဆာကီဟွန်ဒါက မြန်မာနိုင်ငံတွင် ၂၀၁၆ ၌ စက်မှုလုပ်ငန်းသုံး အကြီးစားယန္တရားယာဉ်ကြီးများ တင်သွင်းမှုမှာ စီးရေ၁၂,၇၀၀ အထိရှိလာနိုင်ကြောင်းဆိုသည်။ ၎င်းက နိုင်ငံတွင်း၌ မှတ်ပုံတင်ထားသော ထရပ်ကားကြီးများအရေအတွက်မှာ ပြည်တွင်း၌ တပ်ဆင်မှုနှင့် ပြည်ပမှ တင်သွင်းမှုအပါအဝင် ၂၀၁၆ တွင် လက်ရှိစီးရေ ၄,၀၀၀ မှ ၁၀,၁၀၀ အထိ တိုးလာနိုင်ကြောင်းပြောသည်။

၎င်းက "ဒီတိုးတက်မှုဟာ မြေသယ်ထရပ်ကားကြီးတွေနဲ့ တခြားလုပ်ငန်းသုံး စက်ယန္တရားကြီးတွေ သုံးစွဲမှုက သတ္တုတွင်းလုပ်ငန်းနဲ့ အခြေခံအဆောက်အအုံလုပ်ငန်းတွေမှာ တိုးတက်လာလို့ ဖြစ်ပါတယ်"ဟုပြောသည်။

မစ္စတာဟွန်ဒါက မြန်မာနိုင်ငံတွင် ၂၀၁၁ က မှတ်ပုံတင်ထားသော ဘတ်စ်ကားအသစ် စီးရေ ၇၀၀ ခန့်ရှိပြီး ယင်းအရေအတွက်မှာ နိုင်ငံတွင်း ခရီးသည်များနှင့် အိမ်နီးချင်းနိုင်ငံများမှ ခရီးသည်များသွားလာမှု တိုးပွားလာသောကြောင့် ၂၀၁၆ ခုနှစ်တွင် စီးရေ ၂,၆၀၀ အထိ ရှိလာနိုင်ကြောင်း ခန့်မှန်းပြောကြားသည်။



Frost & Sullivan ကုမ္ပဏီသည် ဈေးကွက်သုတေသန၊ ဖွံ့ဖြိုးရေးနှင့် ဈေးကွက်မဟာဗျူဟာဆိုင်ရာ အကြံပေးကုမ္ပဏီတစ်ခုဖြစ်ပြီး ကယ်လီဖိုးနီးယားပြည်နယ် မောင်တိန်ဗြူးတွင် အခြေစိုက်ကာ နိုင်ငံပေါင်း ၄၀ ကျော်၌ ရုံးခွဲများဖွင့်လှစ်ထားသည်။

*—Ref: The Sacramento Bee*




## သား၊ ငါးမွေးမြူရေး လုပ်ငန်းရှင်များ အခက်တွေ့နေ

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ - ၁၁**

သား၊ငါးမွေးမြူရေးလုပ်ငန်းရှင်များ ကုန်ကျစရိတ်မြင့်တက်လာသော်လည်း ရောင်းဈေးနှုန်းတက်မလာသောကြောင့် ဆက်လက်မွေးမြူနိုင်ရေး အခက်အခဲများကြုံတွေ့နေရကြောင်းသတင်းရရှိသည်။

"ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းရှင်တွေဟာ မွေးမြူနိုင်တဲ့အင်အားရှိပေမယ့် ကုန်ကျစရိတ်မြင့်နေပြီး ရောင်းဈေးနှုန်းက ကွာနေတဲ့အတွက် မွေးမြူရေးသမားတွေ တိုးတက်ပြီး မလုပ်နိုင်တဲ့အနေအထားဖြစ်နေတယ်"ဟု မြန်မာနိုင်ငံ ပုစွန် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနှင်းဦးကပြောသည်။

ပုစွန်မွေးမြူထုတ်လုပ်သူများအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်းနှင့် အပိုကုန်ကျစရိတ်များခြင်းဒဏ်ကြောင့် ဈေးကွက်တွင် တွက်ခြေမကိုက်ဖြစ်ကာ လုပ်ငန်းရှင်များ အခက်အခဲကြုံတွေ့နေရကြောင်း၎င်းကဆိုသည်။

အလားတူ ပြည်တွင်း စားသုံးသူဈေးကွက်ကို အဓိကထားကာ ငါးတန်နှင့်ငါးမုတ်ဦးစားပေးမွေးမြူထားသည့် လုပ်ငန်းရှင်များလည်း အကျိုးအမြတ်မရသည့်အပြင် အရှုံးနှင့်ရင်ဆိုင်နေရကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်ကပြောသည်။ "ပြည်ပမတင်ပို့နိုင်တဲ့ ပြည်တွင်းစားသုံးမှု အားကိုးနေရတဲ့ ငါးမွေးမြူရေးသမားတွေအတွက်ကတော့ ရေကြီးရေလျှံလို့ သဘာဝက ငါးသေးလေးတွေ ပေါပေါများများထွက်လာတဲ့အတွက် ငါးတန်နဲ့ငါးမုတ်မွေးမြူထားသူတွေရဲ့ လက်ရှိအခြေအနေမှာ အခက်အခဲနဲ့ကြုံတွေ့နေရပါတယ်"ဟု၎င်းကပြောသည်။

"ကြက်မွေးမြူသူတွေအနေနဲ့က တွက်ခြေမကိုက်တော့ဘူး။ နှစ်လလောက် ရင်းနှီးပြီးတော့မှ အကျိုးအမြတ်လည်း မရှိဘူးဆိုရင် လုပ်ငန်းတစ်ခုအနေနဲ့ ကြက်ပေါက်ဈေးကြီးနေတဲ့အတွက် မွေးမြူသူတွေအနေနဲ့ အများကြီးနစ်နာဆုံးရှုံးနေပါတယ်"ဟုမြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်ကပြောသည်။

ထို့ကြောင့် ယခုကာလအတွင်း ပြည်ပတင်ပို့ခြင်းနှင့် ပြည်တွင်းဖြန့်ချိရန် နှစ်မျိုးလုံးအတွက် ရည်ရွယ်မွေးမြူသော လုပ်ငန်းရှင်တိုင်း အခက်အခဲကြုံတွေ့နေကြသည်။ ဈေးကွက်သေချာရေရာသော ပြည်ပရင်းနှီးမြှုပ်နှံသူများဝင်ရောက်လာပြီး တိုင်းရင်းသားမွေးမြူရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ကြမှသာ အသက်ရှုချောင်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရေချိုငါးမွေးမြူတင်ပို့မှုတွင် အများဆုံးဖြစ်နေသော ငါးမြစ်ချင်းငါးမွေးမြူထုတ်လုပ်သူများသည် ၂၀၁၀ ပြည့်နှစ် နှစ်ကုန်ပိုင်းမှစတင်၍ ၂၀၁၂နှစ်လယ်ပိုင်းအထိ လုပ်ငန်းများအရှုံးပေါ်ခဲ့သည်။ ထိုစဉ်က ဖော်ခဲ့သော ငါးများမှာ ထုတ်လုပ်မှုစရိတ်များခဲ့ပြီး ရောင်းသည့်အချိန်တွင် ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုးကျပြီး ဝယ်လိုအားလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့နောက် ၂၀၁၁ ခုနှစ်တွင်လည်း နိုင်ငံခြားငွေဈေးမှာ သိသိသာသာတက်မလာဘဲ လွန်ခဲ့သည့်ဇွန်လတွင် ဈေးပြုတ်ကျခဲ့ပြီး ဆုံးရှုံးမှုများခဲ့ခြင်းဖြစ်သည်။ ဒေါ်လာနှင့် ပို့ကုန်ရငွေပြန်တက်အလာကိုမျှော်၍ ဆက်လက်မွေးမြူထားသူများမှာ တွက်ကိန်းမှားပြီး စရိတ်သာတက်လာခြင်းကြောင့် ပိုမိုရှုံးခဲ့သည်။ သို့သော် ငါးမြစ်ချင်းပြည်ပသို့ ပုံမှန်ပြန်တင်ပို့လာနိုင်ပြီး ဈေးအနည်းငယ်တက်ခဲ့၍ ငါးမြစ်ချင်း မွေးမြူသူများ အရှုံးသက်သာလာပြီဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# အရစ်ကျကား ကာလပေါက်ဈေးထက် ဈေးပို

**မိုးညို**

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

ပြည်တွင်းရှိပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်ပြီး အရစ်ကျစနစ်ဖြင့် ရောင်းချသည့် မော်တော်ယာဉ်အများစုမှာ ကာလပေါက်ဈေးထက် ဈေးနှုန်းအနည်းငယ်မြှင့်တင်၍ရယူထားကြောင်း အရစ်ကျစနစ်ဖြင့် ရောင်းချသည့် ကုမ္ပဏီများက ပြောသည်။

မော်တော်ယာဉ်များအား ၂ နှစ်မှ ၃ နှစ်အတွင်း အရစ်ကျစနစ်ဖြင့် ရောင်းချသည့်နှုန်းမှာ ပျမ်းမျှအားဖြင့် ကာလပေါက်ဈေးထက် ကျပ် ၁၀ သိန်းမှ သိန်း ၂၀ အထိ တိုးမြှင့်ရောင်းချနေသည်ဟု ဟံသာဝတီကားပွဲစားဝင်းမှ ကားပွဲစားတစ်ဦးက ပြောသည်။

မော်တော်ယာဉ်အား အရစ်ကျရောင်းချပေးရာ၌ ယာဉ်၏တန်ဖိုးအတိုင်း ကုမ္ပဏီနှင့် ချိတ်ဆက်ထားသည့်ဘဏ်တွင် ပမာဏပြသရမည်ဆိုခြင်း၊ သက်ဆိုင်ရာ ဌာနကုမ္ပဏီတစ်ခုခု ထောက်ခံချက်များ ရယူနေခြင်းတို့က ဝယ်ယူသူများအတွက် အဓိက အဟန့်အတားဖြစ်စေကြောင်း အရစ်ကျစနစ်ဖြင့်ကားဝယ်ယူလိုသူတက္ကစီယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသည့် ကုမ္ပဏီအများစုမှာ ကမ္ဘောဇဘဏ်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်၊ ရောဝတီဘဏ်တို့နှင့် ချိတ်ဆက်ကာ ရောင်းချပေးလျက်ရှိသည်။

သို့သော် ယင်းဘဏ်များက သက်တမ်းနှင့် မော်တော်ယာဉ်တန်ဖိုးပေါ်မူတည်၍ ရာခိုင်နှုန်းအလိုက်ငှားရမ်းခနှင့် ဝန်ဆောင်ခများကို ကားကုမ္ပဏီနှင့် ဝယ်ယူသူထံမှပါ အနည်းဆုံးတစ်လလျှင် ကျပ်နှစ်သိန်းမှလေးသိန်းအထိ ရယူထားကြောင်း ရွှေယမုံကားကုမ္ပဏီမှအရောင်းမန်နေဂျာတစ်ဦးက ပြောသည်။

ထို့ကြောင့် ကားကုမ္ပဏီများက အရစ်ကျစနစ်ဖြင့် ရောင်းချသည့် ကားများအတွက် ကာလပေါက်ဈေးနှုန်းထက် ပိုမိုရယူခြင်း၊ ဘဏ်တိုးနှုန်းပေးသွင်းရခြင်း၊ ငှားရမ်းခနှင့် ဝန်ဆောင်ခများပေးသွင်းနေရခြင်းက အမှန်တကယ် မော်တော်ယာဉ်ဝယ်ယူသုံးစွဲလိုသူများအတွက်အခက်အခဲရှိကြောင်း ပြည်ပမှ ကားတင်သွင်းသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

“ကာလ ပေါက်ဈေးထက် ၁၀ သိန်းကျော် ဝန်းကျင်လောက် ယူထားရတာကတော့ ဒီလိုအရစ်ကျစနစ်အတွက် ဝန်ဆောင်မှုစရိတ်ကို ရယူထားရတာပါ” ဟု Best Auto ကားကုမ္ပဏီမှ အထွေထွေမန်နေဂျာဦးမောင်မောင်မြင့်က ပြောသည်။

အရစ်ကျစနစ်အတွက် ရောင်းချသည့် ကားအများစုတွင် မော်ဒယ်မြင့်တန်ဖိုးကြီး ကားများထက် အနိမ့်ကားအချို့ဖြစ်သော Probox, Caldina နှင့်လုပ်ငန်းသုံး Light Truck အချို့အား အစီးရေအများဆုံးအဖြစ် ရောင်းချရကြောင်း ဩဂုတ်လလယ်က ပြုလုပ်ခဲ့သည့် MCC ကားပြပွဲတွင် ဝင်ရောက်ပြသခဲ့သည့် ဂါမဏိကားဝန်ဆောင်မှုကုမ္ပဏီမှ ဈေးကွက်မန်နေဂျာမနှင်းဝါဝါခိုင်က ပြောသည်။

အရစ်ကျစနစ်ဖြင့် ရောင်းချသည့် ကားအမျိုးအစားများမှာ ၁၉၉၆ မော်ဒယ်မှ ၂၀၁၂ မော်ဒယ်ယာဉ်များအထိဖြစ်ပြီး ဂျပန်နိုင်ငံမှ လေလံကားများအပါအဝင် ကိုရီးယားနှင့် အနောက်နိုင်ငံအချို့မှ ယာဉ်များလည်း ပါဝင်လာခဲ့သည်။

## ရွှေဈေးကောင်းသော်လည်း အရောင်းအဝယ်မကောင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၁၂**

ပြည်တွင်း ရွှေဈေးကွက်တွင် ဈေးကောင်းနေသော်လည်း အရောင်းအဝယ်လုပ်သူနည်းနေသေးကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

“ရွှေဈေးကို အတက်မှန်းကြတယ်ထင်တယ်။ အရပ်ဘက်က ပြန်ထုတ်တာ နည်းသွားတယ်။ တရုတ်ကလည်း မဆွဲ၊ အရပ်ဘက်က အထုတ်လည်း နည်းတော့ ဈေးကွက်မှာ အရောင်းအဝယ်လုပ်တာနည်းတယ်” ဟု အပိုင်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသော ကုန်သည်ဦးလှအုန်းက ဈေးကွက်အခြေအနေကို ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ယခုရက်ပိုင်းတွင် တစ်အောင်စလျှင် ၁,၇၄၀ ဒေါ်လာဝန်းကျင်ထိ မြင့်တက်နေမှုကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှလည်း ယခုနှစ်၏ အမြင့်ဆုံးဈေးကို မြင့်တက်နေပြီဖြစ်သည်။

ပြည်တွင်း ရွှေဈေးနှုန်းများမှာ ယခုရက်ပိုင်းတွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၈၅,၀၀၀ ကျပ်ထိ မြင့်တက်နေသကဲ့သို့ ၁၅ ပဲရည်ဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၇၃၅,၀၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်နေပြီဖြစ်သည်။ လက်ရှိ ဖြစ်ပေါ်နေသော ရွှေဈေးကွက်အနေအထားအရ ဈေးနှုန်းအတက်အကျမှာ ခန့်မှန်းရခက်နေပြီး ဈေးဆက်တက်ပါက အတက်ကြမ်းနိုင်သည့် အနေအထားတွင် ရှိနေပြီး ဈေးကျပါက ဈေးနှုန်းများစွာ ကျဆင်းမှုမဖြစ်နိုင်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ရွှေဈေးနှုန်းများမှာ အမြင့်ဆုံး ရွှေဈေးနှုန်းထိ မြင့်တက်နေပြီဖြစ်၍ ရွှေဆိုင်များ၏ အရောင်းအဝယ်မှာ အပိုင်းဈေးကွက်တွင် ပြန်ရောင်းအားသာရှိပြီး ဝယ်လိုအားမှာလုံးဝရပ်တန့်သွားကြောင်း သိရသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Note | 470,000 |
| Galaxy S3 | 520,000 |
| Galaxy S2 | 370,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace | 172,000 |
| Galaxy Ace II | 225,000 |
| Galaxy Gio | 142,000 |
| Galaxy Mini | 113,000 |
| Galaxy Fit | 136,000 |

Today's Mobile, Do Co Mo ဆိုင်မှ ဈေးနှုန်းများ ဖြစ်သည်။

### Sony Ericsson

| Model | Price |
|---|---|
| Sony Xperia S | 358,000 |
| Sony Xperia Arc S | 248,000 |
| Xperia Ray | 179,000 |

### iPhone

| Model | Price |
|---|---|
| iPhone 4S (16 GB) | 590,000 |
| iPhone 4S (32 GB) | 680,000 |
| iPhone 4S (64 GB) | 780,000 |
| iPhone 4 (16 GB) | 515,000 |
| iPhone 4 (32 GB) | 555,000 |

### Huawei

| Model | Price |
|---|---|
| U 8828 (GSM) | 139,000 |
| U 8860 (GSM) | 223,000 |
| U 8612 (GSM) | 145,000 |
| U 8661 (GSM) | 90,000 |
| U 8818 (GSM) | 135,000 |
| U 8150 (GSM) | 72,000 |
| U 8500 (GSM) | 75,000 |
| T 8300 (GSM) | 88,000 |

စက်တင်ဘာ(၁၅)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 90,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| LG | DV808 | 21,000 |
| EVD (AEK) | 8TMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 160,000 |
| Samsung | WT10J | 165,000 |
| **Aircon** | | |
| Chigo | 1.0HP | 195,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 205,000 |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၁၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၂၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၈၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၉၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၈၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၈၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၂၆၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၂၅ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၁၅) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၁၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၉၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၇၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၃၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၅,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၅၀-၇၅၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၇,၅၀-၉,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၄၅၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၅၀၀-၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၇,၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၂,၂၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၈၅၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၀၀၀-၃၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၉၀၀ |

စက်တင်ဘာ(၁၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက် ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Sep(9) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(10) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(11) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(12) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(13) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(14) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(15) | 3,550 | 3,950 | 4,100 | 4,100 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1384,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6″ | 632,100 |
| Intel Core i3-M2367, 4GB DDR3,500 HDD, HD,14" | 518,700 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 388,800 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,100 |
| **msi** | |
| Intel Core i7 2.3GHz, 8GB DDR3, 750HDD,2GB VGA,15.6" | 1030,500 |
| Intel Core i5 2.5GHz, 4GB DDR3, 500HDD,2GB VGA, 14" | 588,300 |
| Intel Core i3 2.1GHz, 2GB DDR3, 640 HDD,1GB VGA, 14" | 518,700 |
| Intel Pentium 2.1GHz, 2GB DDR3, 500 HDD,1GBVGA, 14" | 423,400 |
| **hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1056,500 |
| Intel Core i5 2.4GHz 8GB DDR3,750HDD,1GB VGA,14.5" | 788,000 |
| Intel Core i3 2.3GHz 4GB DDR3,500 HDD, HD, 15.6" | 437,300 |

7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012



# ထိုင်းနိုင်ငံနှင့် ရေကြီးမှု

**ကြည်နေဝင်းမင်း**

၂၀၁၁ အောက်တိုဘာလက ဘန်ကောက်မြို့ဆင်ခြေဖုံး ရမ်းသစ်ခရိုင်အတွင်း ရေထဲစမ်းတဝါးဝါးဖြင့် လမ်းဖြတ်ကူးနေသူတစ်ဦး။ ဓာတ်ပုံ - AFP

ဒတ်ချ်လူမျိုး ရေလွှမ်းမိုးမှုဆိုင်ရာ ကျွမ်းကျင်သူ အင်ဒရီဗာရီတစ်ယောက်ပြီးခဲ့သည့်နှစ်အောက်တိုဘာလအစောပိုင်းကထိုင်းနိုင်ငံသို့ရောက်ရှိလာချိန်တွင် ထိုင်းနိုင်ငံမှာနိုင်ငံတောင်ဘက်ဘန်ကောက်မြို့တော်ဆီသို့ ဒလဟောစီးဆင်းလာသော ရေလုံးကြီးများကို ကာကွယ်ရန်ရှုန်းကန်နေခဲ့ရသည်။ အစိုးရအတွင်းမှာပင် ရှုန်းကန်မှုများရှိနေခဲ့သည်။

အစိုးရဌာနများမှာ သီးခြားစီအလုပ်လုပ်နေသည်။ လုပ်ဆောင်နေသော ကိစ္စများမှာ တစ်ခါတစ်ရံဆန့်ကျင်ဘက်များဖြစ်နေသည်။ ယင်းလုပ်ငန်းများကိုဦးဆောင်နေသူမှာ အတန်အသင့် လူသိနည်းနေသေးသော ဝန်ကြီးချုပ်ယင်လပ်ခ်ရှင်နာဝါထရာဖြစ်ပြီး ၎င်းကအတိုက်အခံများ အုပ်ချုပ်နေသောဘန်ကောက်မြို့ကိုကာကွယ်နေခဲ့ရသည်။

"နိုင်ငံရေးပြဿနာတွေရှိခဲ့တယ်" ဟုရေကြီးမှုပြဿနာများကိုအဖြေရှာပေးနေသော ဒယ်လ်တာရက်ဒတ်ချ်အင်စတီကျုဒ်မှ အတိုင်ပင်ခံပညာရှင်ဗာရီကပြောပါသည်။

ဘန်ကောက်မြို့တွင်ရှိသော ဒတ်ချ်သံရုံးမှတစ်ဆင့်ထိုင်းအာဏာပိုင်များက ဆက်သွယ်ခဲ့သူဗာရီမှာထိုင်းနိုင်ငံသို့ရောက်ရှိလာပြီး မျှားမကြာမီမှာပင် ဝန်ကြီးချုပ်သစ်၊ စစ်ဘက်နှင့် ဝန်ကြီးဌာနအများအပြားမှ တာဝန်ရှိသူများနှင့် အရေးပေါ်အခြေအနေ အစည်းအဝေးများကို ဦးဆောင်ရတော့သည်။ ထိုင်းအာဏာပိုင်များကလည်း ထိုအချိန်တွင်ရေတံခါးယိုစိမ့်မှုကို ပိတ်ဆို့ရန် ကြိုးစားပြီး စနစ်တကျထိန်းသိမ်းမထားသော ရေလျှံပေါက်များမှနေ၍ ပင်လယ်ထဲသို့ ရေများဖောက်ချရန်ကြိုးစားနေကြသည်။

"Master Plan ကောင်းကောင်းသာရှိရင်ဒီအန္တရာယ်တွေကိုကြိုမြင်နိုင်ပြီးကြိုတင်ကာကွယ်နိုင်ပါတယ်" ဟုဒတ်ချ်ကျွမ်းကျင်သူကပြောရင်း "ဒါကတော့ လူတွေရဲ့ သဘာဝပါပဲ။ တစ်ခုခုဖြစ်တော့မှပဲ အရေးတယူလုပ်ကြတော့တယ်"ဟုမှတ်ချက်ပြုသည်။ ကောင်းပြီ။ ထိုင်းနိုင်ငံအနေဖြင့် နောက်တစ်ကြိမ်အတွက် ဘယ်လောက်များ ကောင်းကောင်းမွန်မွန် ပြင်ဆင်ထားပြီလဲ။

ထိုင်းနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံး ရေဘေးဒုက္ခနှင့် ခန့်မှန်းခြေကန်ဒေါ်လာ ၄၅ ဘီလီယံ ခန့်ဆုံးရှုံးခဲ့သော ကမ္ဘာပေါ်တွင် စတုတ္ထအကုန်အကျအများဆုံးရေကြီးမှုဖြစ်ပေါ်ပြီး တစ်နှစ်နီးပါးအကြာ၌ တိုးတက်မှု အများအပြားရှိလာခဲ့ပြီဟု ဗာရီအပါအဝင်ရေကြီးမှုကျွမ်းကျင်သူများက ပြောပါသည်။ သို့သော် လုပ်ဆောင်စရာအများအပြားလည်း ကျန်ရှိနေပါသေးသည်။

အရေးပါသော လုပ်ရပ်တစ်ခု၌ ထိုင်းအစိုးရက သိပ္ပံနှင့်နည်းပညာဝန်ကြီးဦးဆောင်သော စူပါကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ရေကြီးမှုစီမံခန့်ခွဲရေးနှင့် အခြားအဖွဲ့အစည်းအားလုံးကို ကွပ်ကဲကြီးကြပ်နိုင်ရန် ယင်းအဖွဲ့ကိုပုံဖော်ထားသည်။ ယင်းပြဿနာများမှာ ယမန်နှစ်အတွင်း နိုင်ငံ၏အကြီးဆုံးရေကာတာကြီးနှစ်ခုမှာ ၉၀ ရာခိုင်နှုန်းအထိ ရေပြည့်နေပြီးအပူပိုင်းမုန်တိုင်းမိုးများ ဆက်တိုက်ရွာသွန်းချိန်၌အဓိကကြုံတွေ့ခဲ့ရသော ပြဿနာများဖြစ်သည်။

ဩဂုတ်လကုန်တွင် ထိုင်းအစိုးရက ရေစီမံခန့်ခွဲရေးအတွက် ကန်ဒေါ်လာ ၂၀ ဘီလီယံ ချထားပေးခဲ့သည်။ ယခုနှစ်စောစောပိုင်းက အတည်ပြုပေးခဲ့သော ရန်ပုံငွေတွင် ထပ်မံပေါင်းထည့်ပေးခြင်းဖြစ်သည်။ ယင်းငွေကြေးများထဲမှ အချို့ကို ဒတ်ချ်ကုမ္ပဏီတစ်ခုဖြစ်သော AGT International ၏အကူအညီဖြင့် အမျိုးသားရေကြီးမှုစောင့်ကြည့်ရေးနှင့် ကွပ်ကဲရေးစင်တာတစ်ခု ထူထောင်သွားမည်ဖြစ်သည်။ အဆိုပါကုမ္ပဏီက တရုတ်နိုင်ငံ မြစ်ဝါမြစ်ပေါ်တွင်လည်း အလားတူ စနစ်တစ်ရပ် ဒီဇိုင်းထုတ်ပေးခဲ့သည်။

ထိုင်းစစ်ဘက်ကလည်း ဘန်ကောက်မြို့၏ တူးမြောင်းအရှည် ၅၀၀ ကီလိုမီတာကို နုန်းဖော်ခဲ့သည်။ ထိုင်းအစိုးရဝန်ထမ်း ၂,၀၀၀ ကို တောင်ကိုရီးယားနိုင်ငံသို့ ပို့လွှတ်၍ တောင်ကိုရီးယားကျွမ်းကျင်ပညာရှင်များထံမှ သင်ယူလေ့လာစေခဲ့သည်။ ဘန်ကောက်မြို့သို့လည်း တရုတ်နိုင်ငံမှ ကျွမ်းကျင်သူများ လာရောက်ပို့ချမှုရရှိခဲ့သည်။

အချို့အစီအစဉ်များမှာ ရေတိုအတွက်ဖြစ်ပြီး ကွန်ပျူတာစနစ်သုံး ရေကြီးမှုကွပ်ကဲရေးစင်တာများကဲ့သို့ လုပ်ငန်းများမှာလည်းပတ်နိုင်ဖို့ရာ အချိန်ပိုကြာပါလိမ့်မည်။ ထိုအတောအတွင်းထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းအချက်အခြာကျရာ ဘန်ကောက်မြို့တော်မြောက်ပိုင်း စက်မှုဇုန်မှစက်ရုံများကမိမိတို့ကိုယ်ပိုင်အစီအစဉ်များ လုပ်ဆောင်ကြသည်။

ချောင်ဖရာမြစ် ရေလျှံဒေသမှ ကီလိုမီတာ အနည်းငယ်သာ အကွာတွင် နေရာချထားသော အဆိုပါ စက်မှုဇုန်များမှာ ယမန်နှစ်အောက်တိုဘာလကရေလွှမ်းမိုးမှုဖြစ်ပေါ် ချိန်၌တစ်ခုပြီးတစ်ခုရေမြုပ်သွားခဲ့သော နေရာများဖြစ်သည်။ ရေကြီးမှုမှာ အချို့နေရာများတွင် ၄ မီတာအထက်နက်ပြီး ဟီတာချီ၊ နီကွန်၊ ဆိုနီနှင့် ဟွန်ဒါကဲ့သို့ စက်ရုံကြီးများ၏ ကုန်ထုတ်လုပ်ရေးကို ပြတ်တောက်သွားစေခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် High-Tech Industrial Estate ပတ်ပတ်လည်တွင် အားဖြည့် ကွန်ကရစ်နံရံများ တည်ဆောက်ပြီးစီးခဲ့သည်။ အခြားကုန်ထုတ်လုပ်ရေးဇုန်များ အနီးတွင်လည်းအလားတူ ရေတားနံရံများတည်ဆောက်နေကြပြီး အားလုံးနီးပါးမှာလည်း ပြီးစီးလုနီးပြီဖြစ်သည်။ ယင်းမှ မြောက်ပိုင်းကျသော နေရာတွင်လည်း ထိုင်းစီးပွားရေးအတွက် အရေးပါသော အယုဒ္ဓယမြို့အား ကာကွယ်ရေးကို စက်တင်ဘာလလယ်တွင် ပြီးစီးရန်လျာထားပါသည်။

"ကျွန်တော်တို့ရဲ့ အဓိက အခြေခံအဆောက်အအုံတွေ အားလုံးအခြေအနေကောင်းပါတယ်" ဟုထိုင်းနိုင်ငံ၏ ရေနှင့်စိုက်ပျိုးရေး Imformatics အင်စတီကျူဒ်မှ ဒါရိုက်တာဖြစ်သူ ရိုယိုလ်ချီထရာဒွန်က ပြောပါသည်။

၂၀၁၁ ခုနှစ် ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ရေဝေရေလဲဧရိယာကို တိုးချဲ့ခြင်း၊ ချဲ့ထွင်ခြင်း၊ အင်အားဖြည့်တင်းခြင်း၊ ပြန်လည်ထူထောင်ခြင်းများ လုပ်ဆောင်ခဲ့ပြီး လူဦးရေထူထပ်သော ဒေသများ၌ ရေများအလျင်အမြန်စုပ်ထုတ်နိုင်ရန် ရေပန့်များ ထပ်မံတပ်ဆင်ခြင်းများ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း မစ္စတာချီထရာဒွန်ကပြောကြားပါသည်။ ထို့အပြင် ဆည်များထဲမှ ရေကိုလည်း ယခုနှစ်မေလ မိုးရာသီမတိုင်မီ ပုံမှန်လျှော့ချခဲ့သည်။

ထိုင်းနိုင်ငံတွင် ၂၀၁၁နှစ်ကဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေမှာ နှစ်ပေါင်း ၁၀၀ တွင်မှ တစ်ကြိမ်ဖြစ်ပေါ်သော အခြေအနေဟု ကျွမ်းကျင်သူများက ဆိုသည်။ ယင်းကဲ့သို့သော ကမောက်ကမ ရာသီဥတုမှာနှစ်ပေါင်း ၂၅၀ အတွင်းမှ တစ်ကြိမ်ဖြစ်ပေါ်သည်ဟုလည်းအချို့အစီရင်ခံစာများကဆိုသည်။ သို့သော်ပြဿနာမှာထိုင်းနိုင်ငံအပါအဝင် အခြားနိုင်ငံအများအပြား၌ ယခုနောက်ပိုင်းတွင်ယင်းသို့သော ကမောက်ကမရာသီဥတုပုံစံများ မကြာခဏပိုမိုဖြစ်ပေါ်လာနိုင်သည်ဆိုသော အချက်ဖြစ်သည်။

မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တွင် တောင်စဉ်တောင်တန်း အနိမ့်များဖြင့် ဝန်းရံနေသော နိုင်ငံ၏ မြေနိမ့်ပိုင်းနေရာတွင် တည်ရှိသည့် ဘန်ကောက်မြို့မှာရေကြီးရေလျှံမှုဖြစ်ပေါ်ရန်အကောင်းဆုံးအနေအထားတွင် ရှိနေသည်မဟုတ်လျှင်သော်မှတဖြည်းဖြည်းနိမ့်ဆင်းနေသည်။ အဆိုးဆုံးခန့်မှန်းချက်များအရဆိုလျှင် ၂၀၃၀ ပြည့်နှစ်တွင်ဘန်ကောက်မြို့မှာ ရေအောက် နစ်မြုပ်သွားနိုင်သည်ဟု ဆိုသည်။ အကြောင်းမှာ တိုးပွားလာသောလူဦးရေကြောင့် မြေအောက်ရေထုတ်ယူမှု များပြားလာပြီး အခြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကြောင်းခြင်းရာများ၏ပါဝင်ပတ်သက်မှုကြောင့်လည်း ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၇၀ အတွင်း သစ်တောဖုံးလွှမ်းမှုထက်ဝက်ဆုံးရှုံးခဲ့ပြီဆိုသော အချက်နှင့် အထက်ပါအကြောင်းအရာများကိုပေါင်းစပ်လိုက်ပါက ထိုင်းနိုင်ငံမှာ ခေတ်သစ်အတ္တလန်တစ်ဒေသဖြစ်လာရန် အချက်များပေါင်းဆုံနေကြောင်း၊ယင်းအနေအထားမျိုးကို ဖိလစ်ပိုင်မှ မနီလာမြို့နှင့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တို့လည်း ရင်ဆိုင်နေရကြောင်း ကမ္ဘာဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့က ယမန်နှစ်အတွင်းက ပူးပေါင်းထုတ်ပြန်ခဲ့သည့် အစီရင်ခံစာက ဆိုထားသည်။

*—Ref: Can Thailand Avoid Becoming a Modern Day Atlantics?*

## စာ(၄၆) - ကမ္ဘာ့ဘဏ်ဒုဥက္ကဋ္ဌဟောင်း နိုဗယ်ဆုရ စီးပွားရေးပညာရှင် စတစ်ဂလစ်နှင့် တွေ့ဆုံခြင်း မှ

**ကွဲပြားခြားနားမှုအကြောင်း ရေးခဲ့တယ်နော်။ ဒါဟာအိုဘားမားကိုလည်း ဝေဖန်ရေးလုပ်တာလား။**

ဟုတ်ပါတယ်။ ကံမကောင်းစွာနဲ့ဘဲပေါ့။ ခင်ဗျားသိတဲ့အတိုင်း နိုင်ငံရေးသမားတိုင်းမှာ အကန့်အသတ်တွေ ရှိပါတယ်။ ဘယ်အရာမှန်လဲဆိုတာ ကျွန်တော်သိကောင်းသိပေမယ့် တခြားလူတွေမှာတော့ ကွဲပြားတဲ့ အမြင်တွေ ရှိနေတာပါပဲ။ နိုင်ငံရေးဖြစ်စဉ်ရဲ့ အလုပ်က ကွဲပြားခြားနားတဲ့ အမြင်တွေကို ချိန်ကြည့်ဖို့ ကွဲပြားခြားနားတဲ့ အကျိုးစီးပွားတွေအကြားမှာ ပြေလည်မှုရအောင် ဖန်တီးပေးဖို့ပါ။ ဒါ့ကြောင့် ကျွန်တော်နားလည်တာကတော့ နိုင်ငံရေးသမားရဲ့ အခန်းကဏ္ဍဟာ အဲဒီစွမ်းအားအားလုံးကို ရယူဖို့ပဲလို့။ ဒါပေမဲ့ အဆုံးသတ်မှာတော့ သူတို့ဟာ အဲဒီစွမ်းအား အားလုံးရဲ့ အပေါ်မှာ ရပ်တည်နိုင်တယ်လို့ ယူဆပြီး ဖြစ်တဲ့အရာကို ဆုံးဖြတ်ချက်ချရပါတယ်။ ကံမကောင်းစွာနဲ့ နိုင်ငံရေးသမားတွေဟာ အကျိုးစီးပွားတစ်ခုရဲ့ အသံကိုပဲ နားထောင်လွန်းနေခဲ့တယ်။ ဘဏ်တွေရဲ့ အသံကိုပဲပေါ့။

*—Ref: Stiglitz warns Europe: don't mimic US*


သင့်ခရီးစဉ်အတွက် ကမ္ဘာ့အကောင်းဆုံး
လေကြောင်းလိုင်းနဲ့ ပျံသန်းလိုက်ကြပါစို့။
၂၀၁၂ အောက်တိုဘာလ (၃)ရက်မှ စတင်၍ တစ်ပတ်လျှင် (၃)ကြိမ် ပျံသန်းပါတော့မယ်။
ကာတာလေကြောင်းက ရန်ကုန်မြို့မှ ကမ္ဘာအနှံ့ နေရာပေါင်း ၁၀၀ကျော်သို့ ပျံသန်းပို့ဆောင်ပေးပါမယ်။
(Skytrax World Airline Awards - Airline of the Year 2011 & 2012).
AIRLINE OF THE YEAR SKYTRAX 2011
AIRLINE OF THE YEAR SKYTRAX 2012
qatarairways.com
QATAR AIRWAYS القطرية


Panasonic
eco ideas
ကျန်းမာရေးအတွက် သွေးလည်ပတ်မှုကောင်းစေပြီး
စိတ်ဖိစီးမှုကင်းဝေးစေသော
ရေပူ–ရေအေး ရေချိုးစက်အသစ်
ကျန်းမာရေး
- e.Cycle-သွေးလည်ပတ်မှုကောင်းစေသော ရေပူ/အေးတစ်လှည့်စီထုတ်လွှတ်သော ရေပန်းစနစ်
- e.Hybrid-Negative Ion ထုတ်လွှတ်ပေးသည့် စနစ်ပါဝင်ပြီး ရေမှုန်နှင့်လေပေါင်းစပ်ထုတ်လွှတ်သည့်စနစ်
ECO
- လျှပ်စစ်သုံးစွဲမှု ၄၂% လျှော့ချ
- ရေသုံးစွဲမှု ၂၀% ချွေတာ
- ရေပန်းထုတ်လွှတ်မှု ၂၀% ပိုမို
အန္တရာယ်ကင်းဝေးစေမည့်အချက်(၃)ချက်ပါဝင်
- လျှပ်ကူးမှုမရှိသော ကာဗာအခွံ ဖုံးအုပ်ထားခြင်း
- တစ်ချက်နှိပ်ရုံဖြင့် လေပုတ် အဖွင့်/ပိတ် လွယ်ကူခြင်း
- Thermostat & ELB ပါဝင်ခြင်း
ရရှိနိုင်သော မော်ဒယ်လ်များ
DH-3KD1
• e-Cycle - Hot & Cold Shower
• e-Hybrid - Mixture Water & Air Bubbles
• Eco - save energy 42%, save water 20%
DH-3KP1
• 3-Ways shower head
• High performance DC pump
• Low energy consumption
DH-3HS2
• 3-Ways shower
• Head increase 20% of water force
• Ag crystal Anti-Bacterical mechanism
DH-3JP2
• High Performance DC pump
• Low energy consumption
• High safety & reliable product
Infinity Investment Co.,Ltd.
Email : infiniti@myanmar.com.mm, infinity.myanmar@gmail.com
Capital

7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012


## 7DAY BOOK REVIEW

### The Real Lives Real Stories (VoL-10)




ဘဝခရီးလမ်းကို ပုံစံအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖြတ်သန်းလျှောက်လှမ်းနေကြသော မြန်မာပြည်ရှိလူများ ဘဝကို ပုံမှန်တင်ဆက်လေ့ရှိသည့် အမှတ်စဉ်ဖြင့်ထွက်ရှိသော ယခုစာအုပ်တွင် စိတ်ကူးချိုချိုစာပေမှ ကိုစန်းဦး၊ လန်ဒန်မြို့ ဘီဘီစီသတင်းဌာနမှ ဦးနေဝင်း၊ ဗေဒင်ပညာရှင်ဆရာ ဒဂုန်၊ ရုပ်သေးပညာရှင်မနိုင်၊ ဒါရိုက်တာ မိုက်တီး၊ တေးရေးကေအေတီ၊ ကွယ်လွန်သူ အဥ္ဇလီ မောင်မောင်တို့၏ အကြောင်းကို ဖတ်ရှုရပါမည်။ ထို့အပြင် ရသပုံစံဖြင့် ရေးသားသော အေအိုင်ဒီအက်စ်ဝေဒနာရှင် မိသားစု၊ အကြိမ်တစ်ရာကျော် ထီပေါက်ဖူးသူ ဦးသောင်းဇော်၊ ပန်းခြံခါတ်ပုံဆရာ မိုးလွင်ဟန်၊ ကဗျာဆရာ မိုးဇော်၊ လူကြီးမင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းဆိုင်မှ ကိုရန်နိုင်၊လက်တွဲဖော်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင် ကိုအောင်မျိုးဆွေစသဖြင့်လက်ရှိဘဝတွင် ရှင်သန်လှုပ်ရှားနေသူများအကြောင်း ဖတ်ရှုရပါမည်။ စိတ်ဝင်စားဖွယ်စာအုပ်ဖြစ်ပြီး the bookhouse စာအုပ်တိုက်က တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။


### ပြည်သူ့ခေတ်ဆောင်းပါးများ




ပြည်သူ့ခေတ်ဂျာနယ်မှ ဆောင်းပါးများကိုစုစည်း၍ ပထမအုပ်အဖြစ်ထွက်ရှိဖူးသလို ယခုတွင်လည်း ဂျာနယ်အမှတ် (၅၉ မှ ၁၀၄) အတွင်း ဖော်ပြခဲ့သော ဆောင်းပါးများအနက်စိတ်ကြိုက်၉၃ပုဒ်ကိုရွေးချယ်၍ ပြည်သူ့ခေတ်ဆောင်းပါးများ စာအုပ်ထွက်ရှိလာသည်။ ဒေါ် အောင်ဆန်းစုကြည်၊ ဒဂုန်တာရာ၊ ဒေါက်တာမြင့်မြင့်ခင်၊ မောင်ဝံသ၊ အောင်သင်း၊ လူထုစိန်ဝင်း၊ ဘဘ၊ မောင်းဆက်၊ ဒေါက်တာမောင်သင်း၊ ဒေါက်တာကျော်လတ်၊ ကိုတာ၊ ကျော်စောမင်း၊ ဒေါက်တာအောင်ကြီး၊ ဖေမြင့်၊ ဦးဟန်ထွန်း (အခွန်)၊ ဦးသက်ထွန်း (အငြိမ်းစားသံအမတ်ကြီး)၊ မင်းကိုနိုင်၊ ဂျင်မီ အစရှိသည့် ကလောင်ရှင်များ၏ ဆောင်းပါးများကို ရွေးချယ်စုစည်းဖော်ပြထားသည့် စာအုပ်ဖြစ်သည်။ နိုင်ငံရေးစိတ်ပါဝင်စားသူ များ၊ နိုင်ငံရေးလေ့လာလိုသူများ အတွက်တစ်ပေါင်းတစ်စည်းတည်း ဖတ်ရှုနိုင်သော ဆောင်းပါးစုစည်းမှုစာအုပ်လည်းဖြစ်သည်။

နန်းဒေဝီစာပေက တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

### ကျေးတစ်ရာရသစာစုများ (ခင်ခင်ထူး)




အညာသူ၊ အညာသားများအကြောင်း၊ အညာရေမြေတောတောင် သဘာဝများအကြောင်း၊ အညာဒေသ အသက်မွေးဝမ်းကျောင်းမှုများ အကြောင်း ဝတ္ထုတိုနှင့် ဆောင်းပါးများ ဆက်တိုက်ရေးသားနေသူ ခင်ခင်ထူး၏ စာနယ်ဇင်းများတွင် ဖော်ပြခဲ့သော ရသစာစု ၂၅ ပုဒ်ကို စုစည်းထုတ်ဝေသည့် စာအုပ်ဖြစ်သည်။ စာအုပ်တွင် ရွာခလေ့၊ စာခလေ့၊ ခရီးသွား၊ ရသစာစုဟူ၍ အပိုင်းကဏ္ဍများ ခွဲခြားထားသည်။

ယောနယ်ထွက် တိုင်းရင်းဖြစ်ပုဆိုးလည်းဖြစ်၊ ဗြိတိသျှလက်ထက်က ဝံသာနုခေတ်တွင် အမျိုး၊ ဘာသာ၊ သာသနာထိန်းသိမ်းစောင့်ရှောက်ရန်လှုံ့ဆော်သည့်အနေဖြင့်ဝတ်ဆင်ခဲ့သော ကျေးရုပ်ကလေးများပါရှိသည့်ကျေးတစ်ရာ ပုဆိုးဆင်ကို ပမာပြု၍ စာရေးသူက ယခုစာအုပ်ကို ခေါင်းစဉ်ပေးထားသည်။ ရသစာပေစစ်စစ်များ ရှားပါးနေချိန်တွင် ရသစာပေကောင်းဖတ်လိုသူများ၏ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်သော စာအုပ်မျိုးဖြစ်သည်။ ဥဒယကျေးရွာစာပေက တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### သန်းခေါင်ယံအချိန်မှာ ပြိုင်တဲ့ ထူးထူးခြားခြားစက်ဘီးစီးပြိုင်ပွဲ

သန်းခေါင်ယံစက်ဘီးပြိုင်ပွဲဟု ခေါ် ဆိုရမည့် Midnight Classic ပြိုင်ပွဲသည် နှစ်စဉ်ကျင်းပသော ဆုပေးသည့်ပြိုင်ပွဲမဟုတ် သောစက်ဘီးစီးပွဲတော်တစ်ခုဖြစ်ကာ အမေရိကန်တင်နက်ဆီပြည်နယ်၊မန်းဖစ်မြို့တွင် ပုံမှန်ကျင်းပလေ့ရှိသည်။ ပြိုင်ပွဲလမ်းကြောင်း အရှည် ၁၇ မိုင် (၂၇ ကီလိုမီတာ) ရှိပြီးပြိုင်ပွဲစတင်ချိန်မှာ သန်းခေါင်ယံတွင်ဖြစ်ပြီး ပြိုင်ပွဲဝင်သူများသည်အရှေ့မန်းဖစ်မှစင်ထရယ်ဂါးဒင်းစ်အရပ်သို့ စီးနင်းရမည် ဖြစ်သည်။

၎င်းပြိုင်ပွဲမှာလက်ရှိတွင် ၁၃ နှစ်မြောက်ကျင်းပခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၂၅ ရက်စတင်ခဲ့သော ၂၀၁၂ ပွဲတွင်စက်ဘီးသမား ၁,၀၀၀ ကျော်ပါဝင်ခဲ့ပြီး ပြိုင်ပွဲဝင်ကြေးမှာ ဒေါ်လာ ၂၀ မှ ၄၀ အတွင်း ပေးသွင်းရသည်။ ယင်းတွင်ပြိုင်ပွဲအပြီး ဘူဖေးအဖြစ် တည်ခင်းဧည့်ခံကျွေးမွေးမည့် မန်းဖစ်ဒေသရိုးရာအစားအစာများလည်း ပါဝင်သည်။ ဒေသခံလပြည့်ပွဲတော်နှင့် အတူကျင်းပသော စက်ဘီးပြိုင်ပွဲကို ည ၁၀ နာရီတွင် စတင်ပြီး ပွဲတော်၌ ဈေးဆိုင်တန်းများ ဖွင့်လှစ်ရောင်းချခြင်း၊ ဒေသခံအနုပညာရှင်များ၏ ဂီတဖျော်ဖြေမှုများဖြင့် တင်ဆက်လေ့ရှိသည်။ စက်ဘီးပွဲတော်တွင် ချီးမြှင့်သည့်ဆုဖလားများမှာ "အကြီးမားဆုံးပြိုင်ပွဲဝင်အုပ်စု" အတွက်ဆု၊ "အကောင်းဆုံးဝတ်စားဆင်ယင်သူဆု" နှင့် "အကောင်းဆုံးစက်ဘီးအလှဆင်ဆု" တို့ဖြစ်ကြသည်။

—Ref: Midnight Classicbike tour.org//wiki

## တစ်ပတ်တာကံကြမ္မာ

စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက် အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

ကျန်းမာရေးဂရုစိုက်ပါ။ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်အစရှိသည့် ယာဉ်စီးနင်းရင်း အန္တရာယ်ကြုံတတ်သည်။ အဖိုးတန်ပစ္စည်းများ ခန္ဓာကိုယ်တွင် မဝတ်သင့်။ ခါးပိုက်နှိုက်ခံရခြင်း၊ ပျောက်ရှခြင်းကြုံမည်။ ကိုယ့်ပစ္စည်းနှင့် ကိုယ်အန္တရာယ်အား ဖိတ်ခေါ် သလိုကြုံမည်။ မောက်မောက်မာမာရန်လို ပြောဆိုခြင်းများ လုံးဝမပြုရ။ အခိုက်မသင့်က သွေးထွက်သံယိုအန္တရာယ် ဖြစ်နိုင်သည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

အခက်အခဲများကို ကျော်လွှား၍ တိုးတက်မှု အဆင့်ဆင့်ရရှိမည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စတိုးတက်မည်။ သူတစ်ပါးကြောင့် ကြန့်ကြာနေသော လုပ်ငန်းများပြန်လည်အဆင်ပြေမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ အလုပ်ဝင်ငွေအဆင့်တိုးတက်မည်။ ပညာအတတ်နှင့် ပတ်သက်၍ ကံကောင်းမှုများရမည်။ အချစ်ရေး၊ မေတ္တာရေးကံကောင်းမည်။ ဝေးကွာနေသူများနှင့် ပြန်ဆုံမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ဆိုင်းငံ့ရပ်တန့်ထားသည့်ကိစ္စမှန်သမျှ ရှေ့တိုးဆောင်ရွက်ပါ။ ပိတ်နေသောလမ်းကြောင်းများပြန်ပွင့်မည်။ အရပ်ဝေးနှင့် ဆက်သွယ်လုပ်ကိုင်သော လုပ်ငန်းမှ ကောင်းသောအကျိုးရမည်။ လူမျိုးခြားနှင့်ပတ်သက်၍ လုပ်ကိုင်သော အလုပ်များအောင်မြင်မည်။ နိုင်ငံခြားခရီးစဉ်ရှိမည်။ လက်လွှတ်ထားသောငွေကြေးများ ပြန်လည်ရရှိမည်။ ခြံ၊ ကား၊ အခန်းအစရှိသည့် တနလ်ာန်ပစ္စည်းများ ပြန်လည်ရရှိမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အကြံအစည်အောင်မြင်မည်။ ဘဝတိုးတက်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ကြိုးပမ်းဆောင်ရွက်ထားသည့်ကိစ္စများမှကောင်းသောအကျိုးရရှိမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ ဝင်ငွေ၊ အလုပ်တိုးတက်မည်။ စုပေါင်းတွဲဖက်လုပ်သောကိစ္စမှ ကောင်းသော အကျိုးရမည်။ လွန်ခဲ့သော ရက်ပိုင်းအတွင်း ရေပန်းစားအရောင်းအဝယ်များနေသော ကိစ္စများကိုလက်ရှောင်၍ ကိုယ့်စိတ်ကူးနှင့်ကိုယ် လုပ်ပါ။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

အနှောင်အဖွဲ့များမှ လွတ်ကင်းမည်။ ဆန္ဒရှိသည်များကိုလွတ်လပ်စွာလုပ်ကိုင်ပါ။ တစ်ပါးသူမှမတော်တရားအနိုင်ယူဆောင်ရွက်ထားသည့် ကိစ္စများသမာသမတ်ကျကျ အဆင်ပြေသွားပြီးစိတ်ချမ်းသာမည်။ မိသားစုဆွေမျိုးအတွင်း အမှုအခင်းရှိသူများ လွတ်ငြိမ်းအေးချမ်းမည်။ ပတ်ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ အရွေးရခက်အောင် အခွင့်အရေးနှစ်မျိုးကြုံမည်။ ချစ်သူနှင့်ခေတ္တခွဲနေရမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

ပေါ့ပေါ့တန်တန်နေ၍ ဆေးရုံဆေးခန်းရောက်မည်။ မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။ ချော်လဲ၍ အရိုးအကြောထိခိုက်တတ်သည်။ အိမ်ပူမည်။ အလုပ်တွင်ဆုံးရှုံးနစ်နာမှုများရှိမည်။ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံများ အကြောင်းပြု၍ စိတ်သောကရောက်မည်။ အရှိန်ရနေဆဲလုပ်ငန်းများ ရုတ်တရက်ရပ်တန့်သွားမည်။ အလေအလွင့်အပျောက်အရှမ်းများမည်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

အပြောင်းအလဲရှိမည်။ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရမည်။ လုပ်ကိုင်ရင်းနှောင့်နှေးနေသည့်ကိစ္စများကိုဆက်လက်လုပ်မည့်အစား ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်ခြင်းဖြင့် အလုံးစုံအဆင်ပြေသွားမည်။ အရာရာကိုယ်တိုင်ဆုံးဖြတ်ပါ။ တစ်ပါးသူစကား ယုံစားမိ၍ စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ စာရွက်စာတမ်းငွေကြေးကိစ္စမှန်သမျှကို သတိနှင့်ပေးခြင်း၊ ယူခြင်း၊ လက်မှတ်ထိုးခြင်းပြုပါ။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

ခါးပိုက်နှိုက်ခံရတတ်သည်။ ခရီးသွားစဉ်မေ့လျော့ကျန်ခဲ့ရာမှ ဆုံးရှုံးပျောက်ရှတတ်သည်။ ငွေချေးကဆုံးမည်။ လိမ်လည်လှည့်ဖျားသူ စကားယုံမိ၍ ငွေကုန်စိတ်ပန်းလူပန်းဖြစ်သည်။ ကိုယ့်ကိစ္စမဟုတ်ဘဲ သူတစ်ပါးကိစ္စများ ဆောင်ရွက်ပေးရင်း လူမုန်းခံရခြင်း၊ အိမ်မှသူများ၏ အငြိုအငြင်ခံရတတ်သည်။ အပေါင်းအသင်းမိတ်ဆွေကို အကြောင်းပြု၍ အိမ်တွင်စကားများရတတ်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

အလိုပြည့်စုံခြင်းနှင့် ရည်ရွယ်ချက်အောင်မြင်ခြင်းများ ဖြစ်ထွန်းမည်။ ကြိုးစားဆောင်ရွက်ထားသမျှ အရာထင်ပြီးအနာဂတ်တွင် ကောင်းသောအကျိုးဆက်များ ခံစားရမည်။ ရှေ့ဆက်ရန်ခက်၍တစ်ပိုင်းတစ်စ ရပ်တန့်ထားသည့်ကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းရှိမည်။ နာမည်ကောင်းရမည်။ အလုပ်ပိုကိစ္စပိုများကြုံမည်။ တစ်ပါးသူကိစ္စကို တာဝန်ယူဆောင်ရွက်ရခြင်း ရှိမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

ရပ်တန့်ထားသည့် လုပ်ငန်းများပြန်လည်စတင်နိုင်မည်။ အတိုက်အခံကြားမှ တိုးတက်မှုများရရှိမည်။ ဆေးစား၊ ဆေးကုသရကိန်းကြုံမည်။ အရဲစွန့်၍ ရှေ့တိုးဆောင်ရွက်လိုက်သည်များမှ ထူးထူးခြားခြား အောင်မြင်မည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှားနိုင်မည်။ မူလစီစဉ်ထားသည်ကတစ်မျိုး၊ လက်တွေ့တစ်မျိုးကြုံလင့်ကစား ဆောင်ရွက်သမျှအောင်မြင်မည်။ မိဘအကြီးအကဲ ကျန်းမာရေးချူချာမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

ရတနာပွဲစား၊ အိမ်ပွဲစား အမည်တွင်း (အ၊ ဉ၊ သ၊ ဟ) ပါသောအမျိုးသမီးတစ်ဦး၏ လိမ်လည်လှည့်ဖျားမှုကြောင့်ငွေအလုံးလိုက်ကုန်ခြင်းရှိမည်။ ဈေးသက်သာသည်ဟု ထင်ပြီးဝယ်ယူလိုက်သောကိစ္စများမှ ကြီးစွာဒုက္ခတွေ့တတ်သည်။ အဝင်မတော်ခိုက်တတ်သည်။ အိမ်ပူ၊ ငွေကုန်၊ လူမမာပွားဒုက္ခများကြုံရမည်။ အကြောင်းမသိဘဲ ကြားဝင်၍ အာမခံပေးလိုက်သော ကိစ္စမှ ပြဿနာဖြစ်တတ်သည်။




### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

မိတ်ဆွေကောင်း၊ မိမိအပေါ် နားလည်သဘောပေါက်သူများနှင့်တွေ့မည်။ အခက်အခဲများပြေလည်ပြီး မြောက်သွားမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်းအလုပ်အောင်မြင်ခြင်း၊ ငွေကြေးကံကောင်းခြင်းကြုံမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အလှူမင်္ဂလာကိစ္စကြုံမည်။ အိမ်ထောင်မရှိသူအိမ်ထောင်ကျမည်။ အိမ်ထောင်ရှင်များ သားသမီးကံပေါ် မည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၀၀)



### အလျားလိုက်

၁။ အမည်မည်းစာရင်းဝင် အနုပညာရှင်တစ်ဦး
၆။ မန္တလေးဈေးဝယ်စင်တာတစ်ခုတွင် လုပ်မည့်ပွဲ
၉။ MEC က လွှဲပေးရမည့်စက်ရုံ
၁၀။ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရုန်းကန်နေရသော ကွန်မြူနစ်နိုင်ငံ
၁၁။ ကျန်းမာရေးပြဿနာရှိနိုင်သည့် အဝတ်အစားများ
၁၂။ အာဟာရပိုမရသော အစားအစာ

### ဒေါင်လိုက်

၂။ မြောက်ပိုင်းကိစ္စ ကြေညာချက်ထုတ်သောအဖွဲ့
၃။ ရေနံဈေးနှုန်းဆက်စပ်နေသော ပစ္စည်းဈေးနှုန်းတစ်မျိုး
၄။ ရန်ကုန်လမ်းမများတွင် အတွေ့ရများလာသောအရာများ
၅။ စစ်ကိုင်းတွင် တည်ဆောက်မည့်ဖုန်
၇။ ရစ်ချက်ဂီရီ၏ ရုံတင်ဇာတ်ကားသစ်
၈။ 7day ပြင်ပကလောင်ရှင်များ မကြာခဏ ရေးသားသောကိစ္စ


## Smart Dictionary ကံထူးသူ

၁။ နေလင်းထက်၊ ၁၂/မရက(နိုင်)၁၃၆၄၅၁ တိုက်(၂၂)၊ အခန်း(၁၀၄)၊ တညင်းကုန်းအိမ်ရာ။

### ကျန်အဖြေမှန်သူများ

၂။ ဒေါ်မြင့်မြင့်၊ ၁၃/တကန(နိုင်)၀၄၅၇၁၃
၃။ ဦးအောင်စိုး၊ ၅/မရန(နိုင်)၀၃၉၂၉၀
၄။ စိုင်းကျော်ကိုလင်း၊ ၁၂/ကမတ(နိုင်)၀၇၀၆၅၀
၅။ မောင်စိုးတင့်၊ ၉/မရတ(နိုင်)၁၂၉၂၄၇
၆။ Dr.ခင်ရည်မွန်ထွန်း၊ ၁၂/တမန(နိုင်)၁၀၇၁၂၈
၇။ တင်အောင်ဝင်း၊ ၁၂/ဒဂဆ(နိုင်)၀၁၀၁၃၅

ပဟေဠိ အမှတ်စဉ်(၁၉၉)အဖြေမှန်




အမည် .................................... မှတ်ပုံတင်အမှတ် ....................................

နေရပ်လိပ်စာ ....................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၉)ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၁-၉-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး

# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **ဖုန်း- ၀၉-၇၃၀၃၇၇၇၆**
**၀၉-၇၃၂၀၄၃၇၄**

**တိုက်ခန်းရောင်းမည်**

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ်(၁၁၁)၊ မြေညီထပ်နှင့်ပထမထပ်(ဟောင်ကောင်တိုက်ခန်း)၊ ပေ(၁၆×၅၀)၊ ဖုန်း၊ ရေ မော်တာ၊ ကိုယ်ပိုင်မီတာပါ၊ (ဈေး- သိန်း ၁၅၀၀)၊(ပွဲစားမလိုပါ)
**ဖုန်း- ၅၆၁၀၀၁၊ ၅၁၄၆၃၄**

**ဆန်းသစ်**

ရေခဲသေတ္တာ၊ အဲယားကွန်း၊ အဝတ်လျှော်စက် ပြုပြင်ရောင်း/ဝယ်၊ ဆေးကြောရေးနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ရောင်း/ဝယ်ရေး။
**ဖုန်း- ၀၉ ၄၂၀၈၇၉၁၃**

**ကားရောင်းမည်**

TOYOTA RAV 4, 2002 MODEL BLACK, 60000 + KM
**Ph: 09 73151464**

**စီးပွားရေးအကြံပေး**

သင့်အတွက် မဖြစ်သင့်တာတွေ မဖြစ်ရအောင်၊ ဖြစ်ချင်တာတွေ ဖြစ်ရအောင်။
ဦးတင်ထွန်း **B.Com(A.A), C.P.A**
**ဖုန်း- ၀၉ ၈၃၀၀၄၈၁**

**Special Teaching**

၉၊ ၁၀ တန်း ဘာသာစုံ (သို့) တစ်ဘာသာချင်း သင်ကြားလိုသော ဘာသာရပ်များကို အထူးသင်ကြားပေးသည်။
**ဖုန်း- ၀၉ ၇၃၀၈၄၆၈၆**

**ဝန်ဆောင်မှု**

ကွန်ပျူတာအိမ်တိုင်ရာရောက် တပ်ဆင်ပြုပြင်ခြင်း။ PC - 4500 Ks
**Ph: 09 73630129**

**Knowledge Bank**

**Library & Education Services**
Business Management, Marketing Management, Human Resource Management.
**Ph: 386693**

**Super Racing Car Rental Services**

အိမ်သုံး၊ ရုံးသုံး၊ လချုပ်၊ နှစ်ချုပ်၊ ဇိမ်ခံကားများ ငှားရမ်းခြင်း၊ အလုပ်ခရီး၊ အပျော်ခရီး၊ မြို့တွင်း/နယ်ဝေး ဇိမ်ခံကားများ ရက်ပိုင်းငှားရမ်းခြင်းများကို ပြုလုပ်ပေးသည်။
**ဖုန်း- ၀၉ ၄၂၀၀၄၃၃၃၉**

**မြေကွက်ရောင်းမည်**

ပေ(၂၀၀×၂၀၀)မြေကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေဥမင်တောရကျောင်းတိုက်အနီး။ **ဖုန်း- ၀၉ ၄၂၁၁၉၅၈၁**

**ယိုးဒယား**

စပန့်ချုပ်ထည်မျိုးစုံ(ပင်ရင်း) လက္ကားဖြန့်သည်။ **ဖုန်း- ၀၉ ၄၃၁၄၃၅၂၆**

**သင်ကြားသည်**

၉၊ ၁၀ တန်းများအတွက် Study Guide ဘာသာစုံ(သို့)တစ်ဘာသာချင်းစီ MBBS ဘွဲ့ရဆရာမကိုယ်တိုင် သင်ကြားပေးသည်။
**ဖုန်း- ၀၉ ၇၃၀၅၁၈၆၀**

**ရောင်းမည်**

-ဝေဇယန္တာလမ်းမပေါ်၊ 1 F 450 ls၊ ပေ(၁၅×၅၀) အခန်း(၁)၊ ပြင်ဆင်ပြီး
- F.M.I (နေရာကောင်း)၊ ပေ(၈၀×၁၅၀)၊ မြေ 3800 ls
**ဖုန်း- ၀၉ ၄၂၀၀၆၃၈၅၈**

**Training Centre**

Engineering ဘာသာရပ် သင်ယူနေသူများအတွက် ဘာသာစုံ Guide လုပ်ပေးသည်။
**ဖုန်း- ၀၉ ၄၃၀၂၆၈၂၉**

**Saya Dennis**

Special- English Four skills (Intro-Advanced), IELTS (Foundation & Preparation), Communicative Skill in English, English for Grade 11
**Ph: 09 401604365**

**ရွှေတော်ဝင်(နဝဒေး)**

Beauty Saloon ရဲ့ မိုးရာသီအထူးအလှပြုပြင်ရေး သင်တန်းတွေကို တက်ကြွရအောင် (နေ/စား စီစဉ်ပေးမယ်) ကျပ် ၂၀၀,၀၀၀ အပြတ်။
**ဖုန်း- ၄၃၀၃၀၄၂၂**

**Student Guide**

၉၊ ၁၀ တန်း ဂုဏ်ထူးရည်မှန်းသော ကလေးများအတွက် အမှတ်ပြည့်နီးပါး ရရှိအောင် အိမ်အရောက်အထူး သင်ကြားပေးနေပါသည်။
**ဖုန်း- ၀၉ ၄၂၀၂၈၈၃၀**

**ရောင်းမည်**

iPhone, 3GS, 16GB, white singapore factory unlock 95% brand new, version 5.1.1 untethered jailbreak. Price - 300,000 Ks.
**Ph: 09 5170781**

**ရောင်းမည်**

Singapore Made- 220 V Ice-cream Freezer Cabinet နှင့် Cake Freezer Cabinet နှစ်လုံး ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
**ဖုန်း- ၀၉ ၇၃၂၀၅၇၄၅**

**Horoscoper**

ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေးနှင့် ပညာရေး အဆင်မပြေမှုများကို အစွမ်းထက်သော လောကီအစီရင်များဖြင့် ဆောင်ရွက်ပေးသည်။
**ဖုန်း- ၀၉ ၄၃၀၃၂၁၀၉**

**Seong Gong (Korean Language)**

Basic 4 skills, EPS-TOPIK (မေးခွန်း ၂၀၀၀)**ဖုန်း- ၀၉ ၄၂၀၁၄၀၅၇**

**အိမ်ရောင်းမည်**

၁၃ ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ ရန်ကင်း၊ 2BN ၊ 2AC ၊ ရေချိုးခန်း(၂) ခန်း၊ ဘိုထိုင်(၂)လုံး၊ ကြွေပြားခင်း၊ ပေ(၂၀×၆၀)၊ ညှိနှိုင်းဈေး။
**ဖုန်း- ၀၉ ၅၀၆၂၈၅၂**

**Equalink Travel & Tours**

ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ်များ ရောင်းချခြင်း၊ ED Form နှင့် Visa တင်ခြင်း၊ Hotel Booking တင်ခြင်း၊ မြို့တွင်း၊ မြို့ပြင် ကားငှားပေးခြင်းကို ဆောင်ရွက်ပေးသည်။
**ဖုန်း- ၀၁ ၅၀၄၃၅၁**

**အမြန်ရောင်းမည်/ငှားမည်**

- No.(D-5B) ဟံသာရိပ်မွန်အိမ်ရာ၊ ပေ(၄၀×၇၀)၊ RC နှစ်ထပ်၊ (ရောင်း- သိန်း ၃၀၀၀/ ငှား ၇ သိန်း)
- တိုက်နံပါတ်(၁၈၁) ပထမထပ်၊ အကျယ် ပေ (၁၂. ၅×၅၀) အဆင့်မြင့်ပြင်ဆင်ပြီး၊ (အငှား-၂. ၅ သိန်း)။
**ဖုန်း- ၀၁ ၃၉၈၂၉၉**

**Miss English**

International ကျောင်းသား/သူများအတွက် Guide နှင့် ကျူရှင်ကို ဝါရင့်ဆရာမကိုယ်တိုင် သင်ကြားပေးသည်။ **ဖုန်း- ၀၉ ၄၉၃၃၆၀၄၈**

**New Future**

သူငယ်တန်းမှ ဆယ်တန်း၊ International Schools ၊ ဆယ်တန်း ဘာသာစုံ/တစ်ဘာသာချင်း အိမ်အရောက်သင်အထူးပညာရေးဝန်ဆောင်ပေးနေပါသည်။
**ဖုန်း- ၀၉ ၇၃၀၇၇၃၀၁**

**ဦးနေလင်းဦး B.Com, English(YUFL)**

တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ အိမ်လိုက်သင်သည်။
**ဖုန်း- ၀၉ ၄၂၀၁၂၃၅၉၃**

**ရောင်းရန်ရှိသည်**

အရှေ့ရန်ကင်း၊ တိုက်ခန်း၊ မြေညီထပ်၊ ဖုန်းပါ၊ AC(၁)လုံး၊ (ကျပ်သိန်း-၈၄၀) **ဖုန်း- ၅၃၆၂၅၂**

**သင်တန်း**

ကွန်ပျူတာအခြေခံကို ပိုင်နိုင်စွာ အသုံးပြုတတ်စေရန်နှင့် လုပ်ငန်းခွင်တွင် အခက်အခဲမရှိ အသုံးပြုတတ်စေရန်၊ Internet & Email ကိုလည်း အထူးသင်ကြားပေးသည်။
**ဖုန်း- ၀၉ ၄၅၀၀၁၂၃၉၅**

**ရောင်းမည်**

Internet ဆိုင်သုံး ငွေရှင်းကောင်တာ အကျယ် ၃ ပေ × အရှည် ၇ ပေ တစ်လုံးနှင့် လက်တန်းပါ နောက်မှီ Stainless Steel ထိုင်ခုံနှစ်လုံး ရောင်းရန်ရှိသည်။
**ဖုန်း- ၀၁ ၅၁၂၈၄၄**

**ငှားမည်**

လှိုင်ဗဟိုလမ်းမ၊ ဘာတာဈေး၊ သီရိမြိုင်ဘူတာမှတ်တိုင် မျက်စောင်းထိုး၊ ပေ(၁၂ခွဲ × ၅၀)၊ မြေညီ၊ စီးပွားရေးလုပ်ငန်းစုံလက်ခံသည်။
(တစ်လ ၁၆၀,၀၀၀ ကျပ်သာ)
**ဖုန်း- ၀၉ ၇၃၀၄၉၅၄၃**

**DynamicWin Computer Services**

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။
**ဖုန်း-၀၉-၇၃၀၁၂၄၆၉၊ ၂၅၄၅၀၃**

**တရုတ်စာ စကားပြော**

ထိုင်ဝမ်ပြန်ဘွဲ့ရ အတွေ့အကြုံရှိ ဆရာမ'လင်း'ကိုယ်တိုင် Mandarin တရုတ်စကားပြောအိမ်တိုင်ရာရောက် သင်ပေးသည်။
**ဖုန်း- ၀၉ ၇၃၀၄၉၅၄၃**

**UCS ပြည်တွင်းအမြန်ချောစာပို့**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တရားဝင် မှတ်ပုံတင်ရ၊ မြို့တွင်း/မြို့ပြင် နေ့ချင်းရောက်၊ နောက်နေ့ရောက် အိမ်/ရုံးအရောက် ယူ/ပို့စနစ်။
**ဖုန်း- ၀၉ ၇၃၀၇၃၀၉၉**

7DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

## သတ္တုတွင်းနှစ်တွင်းနှင့် သတ္တုထုတ်လုပ်ရေး စက်ရုံနှစ်ရုံကို ပုဂ္ဂလိက ပါဝင်လုပ်ကိုင်ခွင့်ပြု

**မိုးညို**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

ရှမ်းပြည်နယ်ရှိနိုင်ငံပိုင်သတ္တုတွင်း နှစ်တွင်း အပါအဝင် မန္တလေးတိုင်း နှင့် ရှမ်းပြည်နယ်ရှိ သတ္တုထုတ်လုပ်ရေး စက်ရုံနှစ်ရုံအား ပုဂ္ဂလိကနှင့် တွဲဖက်လုပ်ကိုင်နိုင်ရေးအတွက် တင်ဒါများ ခေါ်ယူထားကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးဝင်းထိန်က ပြောသည်။

"ပြည်တွင်း ပြည်ပကတကယ်လုပ်နိုင်တဲ့ လုပ်ငန်းရှင်တွေကို ပေးသွားမှာပါ" ဟု ဦးဝင်းထိန်က ပြောသည်။ တင်ဒါစနစ်ဖြင့် ခေါ်ယူထားသည့် လုပ်ငန်းများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရှိ ဂေါဒန်ကျောက်သတ္တုတွင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟဲဟိုးမြို့နယ်ရှိ ဘရိုက်တီကျောက်သတ္တုတွင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်ရှိ ဒိုလိုမိုဒ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် မန္တလေးတိုင်း သာစည်မြို့နယ်ရှိ ဘရိုက်တီ ကျောက်အမှုန့်ကြိတ်စက်ရုံတို့အား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွဲဖက်လုပ်ကိုင်နိုင်ရန် ခေါ်ယူထားခြင်း ဖြစ်သည်။

အထက်ပါလုပ်ငန်းများအား အစိုးရနှင့် အကျိုးတူပူးပေါင်းသောစနစ်ဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါ ဈေးပြိုင်စနစ်ဖြင့် ခေါ်ယူခြင်းဖြစ်သည်။ယင်းကဲ့သို့ဒေသတွင်း သတ္တုတွင်းများအား လုပ်ငန်းရှင်များနှင့် တွဲဖက်လုပ်ကိုင်ရာတွင် ဒေသအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်စေမည့် လုပ်ငန်းမျိုးကို စိစစ်ကန့်သတ်စေလိုကြောင်း၊ ရှိပြီးသား တစ်ပိုင်တစ်နိုင်လုပ်ကွက်ငယ်များကို တရားဝင်လိုင်စင်ထုတ်ပေး၍ စုစုစည်းစည်း လုပ်ကိုင်ခွင့်ပေးစေလိုကြောင်း ကယားပြည်နယ်မှ သတ္တုတူးဖော်သည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိလုပ်ကိုင်ခွင့်ပြုလိုက်သော သတ္တုတွင်းနှင့် စက်ရုံအချို့မှာ အသေးစားလုပ်ငန်းများသာဖြစ်ပြီး ၂၀၁၂မတ်လကလည်းပြင်ဦးလွင်နှင့် ကျောက်ပန်းတောင်းမြို့နယ်များတွင် ပုဂ္ဂလိကနှင့် တွဲဖက်လုပ်ကိုင်ရန် ခေါ်ယူထားကြောင်း၊ထပ်မံ၍ခေါ်ယူမည့်လုပ်ကွက်များလည်းရှိသေးကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ ခေါ်ယူလိုက်သည့် လုပ်ငန်းများအား စက်တင်ဘာ ၂၁ ရက် နောက်ဆုံးထား၍ အမှတ်-၃ သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာနသို့ အဆိုပြုလွှာများ တင်သွင်းနိုင်ကြောင်း အဆိုပါဌာနက ထုတ်ပြန်ထားသည်။

## JOKE

### ရောဂါရှာဖွေခြင်း

စိတ်ရောဂါဆေးခန်းသို့ ရောက်လာသော လူငယ်တစ်ဦးအား ဆရာဝန်ကလာရောက်စမ်းသပ်သောအခါလူငယ်မှာ ခုတင်ပေါ်တွင် ငူငူကြီးထိုင်နေသည်။ မိခင်ဖြစ်သူမှာ ခုတင်ဘေးတွင်ထိုင်းရင် အေးအေးလူလူ သိုးမွေးထိုးနေပါသည်။

ဆရာဝန်က လူငယ်ရှေ့သို့ရောက်လာစဉ်မှာပင် လူငယ်က ဆရာဝန်အား စူးစူးစိုက်စိုက်ကြည့်ရင်း "ဘာမှမမြင်ရဘူး။ ဘာမှမမြင်ရဘူး" ဟုစူးစူးဝါးဝါးအော်ဟစ်ပါတော့သည်။

"ဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ" ဟုဆရာဝန်က မိခင်ဖြစ်သူကို မေးလိုက်ရာ မိခင်က ဆရာဝန်အား မော့ပင်မကြည့်ဘဲ "ရှင်သူ့တယ်လီဗေးရှင်းရှေ့မှာ ရပ်လိုက်တဲ့ အချိန်ကစပြီးအဲလိုဖြစ်တာပေါ့" ဟု ဆိုလိုက်ပါသည်။

### သမိုင်း

လူတစ်ယောက်ဘဏ်တစ်ခုထဲဝင်လာပြီး စာရေးမအား သေနတ်ဖြင့်ထိုးချိန်ကာ "မင်းစားပွဲအောက်ကပိုက်ဆံတွေအကုန်လုံးထုတ်ပေး။မပေးဘူးဆိုရင်တော့မင်းဟာပထဝီဖြစ်သွားမယ်" ဟုပြောရာ စာရေးမက "သမိုင်းဖြစ်သွားမယ်လို့ပြောတာမဟုတ်ဘူးလားရှင်" ဟုပြန်မေးရာ "စကားကြောမရှည်ပါနဲ့ အမျိုးသမီး၊ အကြောင်းအရာကို ပြောင်းမပစ်ပါနဲ့" ဟု ပြန်ပြောပါတော့သည်။

## စာ(၃၂) ပြော ... ကို ... မပြောချင်ဘူး မှ

ဝေးလိုက်တာကားနှစ်ဆင့်ပြောင်းစီးလာခဲ့ရတယ်။ ကြာချိန် တစ်နာရီခွဲ၊ လမ်းမှာ မြင်ကွင်းတွေကြည့်ပြီး တက္ကသိုလ်မတည်အပ်တဲ့ အရပ်လို့ တွေးမိပါတယ်။ ရွှေပြည်သာအထိ လူမပြတ်ပေမယ့် စက်မှုဇုန်ထဲမှာ မတော်တဆကားပျက်လို့ လမ်းဆင်းလျှောက်ရရင် ကျောင်းသူ၊ ကျောင်းသားတွေအတွက် မသင့်တော်တဲ့အရပ်လို့၊ ရောက်ပါပြီ ရန်ကုန်မြို့အပြင် ရွှေပြည်သာမြို့အစွန် ရွှေပြည်သာ စက်မှုဇုန်အလွန်၊ ပန်းရောင်ကွန်ပျူတာတက္ကသိုလ်ကြီးကို ကွင်းပြင်ထဲမှာ ထီးထီးကြီးမြင်လိုက်ရပါတယ်။ ကျောင်းတံခါးဝမှာ လုံခြုံရေး ဂိတ်ရုံလေးနဲ့ အဲဒီမှာ စတွေ့တာပဲဂျင်းဘောင်းဘီရှည်နဲ့ကျွန်မသမီးကို ကျောင်းထဲမဝင်ရဘူးတဲ့။ စာလည်းကပ်မထားပါဘူး။ဝင်ချင်ရင် လုံချည်လဲဝတ်သွားတဲ့။ ဟောတော်၊ ကျွန်မတို့ သားအမိ ရှွေတိုက်ဂုံဘုရားနဲ့များ မှားလာမိသလားလို့။ နှစ်ခါပြန်ကြည့်မိတယ်။ ဘုရားမှာတောင် ဘောင်းဘီတို၊ စကပ်တိုဆိုတာ သေချာရေးထားတာ အခုဝတ်လာတာက အရှည်၊ သရုပ်ပျက်ခြင်းနဲ့ ခေတ်မီခြင်းကိုတော့ ခွဲခြားမြင်တတ်ဖို့လိုပြီ ထင်တယ်။ ကျွန်မ အသေအချာ ရှင်းပြတယ်။ ကျောင်းတက်နေတဲ့သူမဟုတ်ဘူး။ အခုမှ ဝင်ခွင့်အတွက်ဖောင်လာတင်တာဆိုလည်း မရဘူး။ ဂိတ်စောင့်က ပြောသေးတယ်။ ကျောင်းအပြင်ဘက်ကတဲတွေဆီ လက်ညှိုးထိုးပြီး အဲဒီမှာ ထမီငှားလို့ ရတယ်။ ဝင်ချင်ရင် ငှားဝတ်သွားတဲ့။ ခက်တော့တာပဲ သူများထမီစွပ်စရာလား။ သမီးကလည်း ခေါင်းခါတယ်။ အဲဒါနဲ့ပဲ တက္ကသိုလ်ဝင်ခွင့် လာလျှောက်သူကို ခြံစည်းရိုးဝမှာ ထားခဲ့ပြီး ကျွန်မ ကယ်ရီလုပ်ပြီး ဖောင်တင်ခဲ့ရပါတယ်။

မကျေနပ်လိုက်တာ မပြောပါနဲ့တော့။ သမီးလိုပဲ ဘောင်းဘီနဲ့ ကလေးတစ်ယောက် ကျောင်းထဲရောက်တော့ ထမီလေးနဲ့ ဖြစ်နေတာတွေ့လို့မေးကြည့်မိတယ်။ ဂိတ်စောင့်ညွှန်တဲ့ဆီက ၂၀၀ ကျပ်ပေးပြီး ငှားဝတ်လာတာတဲ့။ ခရိုနီဆိုတာ ဂိတ်စောင့်လည်း အလွတ်မပေးဘူး။ ပိုဆိုးတာက ကျောင်းသားရေးရာ အခန်းထဲမှာ ဘောင်းဘီအတိုနဲ့ ဖောင်လာတင်တဲ့ ကလေးတစ်ယောက်ကို တွေ့လိုက်ရတာပါပဲ။ ကျွန်မမှာတော့ ကလေးကို အပြင်မှာထားပြီး ဖောင်ဝင်ယူ၊ ပြန်ထွက်၊ ဖောင်ဖြည့်၊ ပြန်တင်နဲ့ အခေါက်ခေါက်အခါခါ၊ လွယ်တဲ့သူတွေကျတော့လည်း ဘာမှမဟုတ်ဘူးပဲ။ ကျွန်မ ယူနီဖောင်းဝတ်ဌာနက ထွက်ထားတဲ့ ဝန်ထမ်းပါ။ ယူနီဖောင်းစည်းကမ်းကို ကောင်းကောင်းသိပါတယ်။ ယူနီဖောင်းဆိုတာ ညှော့သည်နဲ့ မဆိုင်ပါဘူး။ ညှော့သည်အတွက် ညှော့ကတ်လိုအမှတ်အသားတပ်ပေးရင် ရတာပဲ။ အခုဟာက မြန်မာ့ယဉ်ကျေးမှုကို ထိန်းချင်တာလား။ ကျောင်းသားကို စည်းကမ်းရှိစေချင်တာလား မသိပေမယ့် တစ်ပြေးညီမဖြစ်တဲ့စည်းကမ်း၊ လုံချည်ငှားစားသူ အလုပ်ဖြစ်စေမယ့် စည်းကမ်း၊ ညှော့သည်ကိုစိတ်ညစ်အောင်လုပ်တဲ့ မတရားစည်းကမ်းလို့ပဲ မြင်မိပါတယ်။

ကျွန်မတို့သားအမိ စိတ်မောလူမောဖြစ်ခဲ့ရတဲ့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ရဲ့ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာကြီးကတော့ အောင်မြင်စွာ နှစ်စုံတွဲတင်ခဲ့ပြီးပါပြီ။ ရင်တမမနဲ့ အဆင့်မြင့်တက္ကသိုလ်ဆိုတာတွေ ဒီလထဲ ထပ်ပေါ်မလာပါစေနဲ့ ဆုတောင်းပါတယ်။ အောင်စာရင်းထွက်ခါစက အပျော်မျက်နှာနဲ့ အမျိုးနဲ့ရပ်ကွက်ပတ်ကြွားထားတဲ့ ကျွန်မ၊ အခုသမီးဘယ်တက္ကသိုလ်လျှောက်လည်းလို့ မေးသူတိုင်းကို မပြလေးစတိုင်နဲ့ 'ပြောကို မပြောချင်တော့ပါဘူး' အစချီပြီး ဖြစ်ကြောင်းကုန်စင် နတ်သံနှောပြောမိပါတော့တယ်။အနာဂတ်ကိုဦးဆောင်မယ့် ကျွန်မတို့ရဲ့ မျိုးဆက်သစ်တွေ ခဏ၊ ခဏစမ်းသပ်နေတဲ့ ပညာရေး စနစ်ကြီးအောက်က အစမ်းသပ်ခံ စာသင်သားတွေ ဘဝမှ အမြန်ဆုံး လွတ်မြောက်ပါစေလို့ ဆုတောင်းမိပါတယ်။ ။

SHINE Construction Co.,Ltd.
(Member of Shine Group of Companies)

၁။ Shine Construction Company Ltd., မှ အောက်ဖော်ပြပါလုပ်ငန်းများအတွက်ကျွမ်းကျင်Sub ကန်ထရိုက်တာနှင့်အလုပ်သမားကန်ထရိုက်တာများ အလိုရှိသည်-
(က) သံချည်၊ သံကွေးလုပ်ငန်း
(ခ) လက်သမားလုပ်ငန်း
(ဂ) ပန်းရံလုပ်ငန်း
၂။ လျှောက်လွှာများကို၂၂- ၉- ၂၀၁၂ရက်နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။
အထက်ဖော်ပြပါလုပ်ငန်းများအား လုပ်ကိုင်ရန်လျှောက်ထားလိုသူများသည် မိမိတို့လုပ်ငန်းနှင့်ပတ်သက်ပြီး ပစ္စည်း၊ လက်ခဈေးနှုန်း(သို့)လက်ခဈေးနှုန်းများကိုဖော်ပြပါအချက်များနှင့်အတူ ဓါတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ထောက်ခံစာနှင့်တကွလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-အမှတ်( ၂၉ )၊ မြေညီထပ်၊ ဂျိုးဖြူကွန်ဒို၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
(အောင်ဆန်းကွင်း အထူးတန်းရှေ့)
Tel: 01-385340 ~ 4, Ext;225,235

အင်ကြင်းဖြူ
အထူးကုဆေးခန်း
အဆင့်မြင့် ပြင်ပလူနာဌာန
➤နလုံး၊ ဆီးချို/သွေးချို၊ ကင်ဆာ၊ သွေးရောဂါ၊
➤ဦးနှောက်အာရုံကြော၊အရိုးအကြော၊ သားဖွားမီးယပ်
➤ဆီးနှင့် ကျောက်ကပ်
အဆင့်မြင့် ကျန်းမာရေးစစ်ဆေးခြင်း
➤Lab Service-Certificate of enrolment from Australia RCPA quality assurance program
➤Digital X-ray,
➤Digital Ultrasound
➤3D/4D Ultrasound
2012 Latest Model 3D/4D Ultrasound
စက်သစ်ကြီးဖြင့် ပေမေ့ဗိုက်ထဲက
သားသားမီးမီးကလေးများကို ပုံဖော် ကြည့်ရှုပေးနေပါပြီ။
3D/4D Ultrasound
Special Promotion Sep 1 to Oct 31
အမှတ်(၇၃)၊ ၂၈လမ်း၊ ၇၃ လမ်း×၇၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၂-၃၉၈၁၀၊ ၀၂-၆၆၁၃၄၈

Shine Construction Company Ltd.,
(Member of Shine Group of Companies)

၁။ Shine Construction Company Ltd.,မှတာဝန်ယူတည်ဆောက်လျက်ရှိသော Condominium များအတွက် အောက်ဖော်ပြပါ Tower Crane နှင့်ပတ်သက်၍ ဝယ်ယူရန်ရှိပါသဖြင့် အဖွဲ့အစည်း၊ကုမ္ပဏီများမှ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
Tower Crane
(၁) 12 Ton
(၂) 8 Ton
(၃) 6 Ton
(၄) 4 Ton
၂။ အဆိုပေးသွင်းမှုကို ၂၂- ၉- ၂၀၁၂ရက်နေ့၊ ညနေ(၃း၀၀)နာရီ နောက်ဆုံးထား တင်သွင်းရပါမည်။
၃။ အဆိုပြုပုံစံများအားကြော်ငြာပါသည့်နေ့မှစ၍ အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။
Shine Construction Company Ltd.,
(Member of Shine Group of Companies)
No.29, Ground Floor, Gyo Phyu Street,
Mingalar Taung Nyunt Township, Yangon.
Tel: 951 385341~2, Ext:202,207

Environment
7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# မုတ်သုံအဝင်နောက်ကျ၍ သန္တာကျောက်တန်းအချို့ ပျက်စီး

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၁**

တနင်္သာရီကမ်းရိုးတန်းရှိ အချို့သော ကမ်းခြေနေရာများတွင် မုတ်သုံအဝင်နောက်ကျမှုကြောင့် သန္တာကျောက်တန်းများ ပျက်စီးသည်ကို တွေ့ရှိရကြောင်း ကွင်းဆင်းလေ့လာခဲ့သူမြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ပါမောက္ခချုပ် ဒေါ်နန်း မြဟန်က ပြောသည်။

သန္တာကျောက်တန်းတွင် နေထိုင်သော အစိမ်းရောင်ရှိ အကောင်လေးများသည် မုတ်သုံအဝင်နောက်ကျခြင်းကြောင့် ပင်လယ်ပြင် ရေအပူချိန် မြင့်တက်လာသဖြင့် သန္တာကျောက်တန်းများတွင် နေထိုင်မှုမရှိသောအခါ အဆိုပါ အကောင်များကို မှီခိုပြီး အစာစုပ်ယူ စားသုံးနေသော သန္တာကောင်များ သေဆုံးပြီး အချို့နေရာများတွင် အဖြူကွက်များကို မြင်တွေ့ရကြောင်း ၎င်းက ပြောသည်။ ပမာဏများသည်ကို မမြင်တွေ့ရသော်လည်း ၂၀၀၂-၂၀၀၃ နောက်ပိုင်းမှစပြီး ယင်းသို့ အဖြစ်အပျက်များ တွေ့ရသည်မှာ သုံးကြိမ်ရှိပြီဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။



*မြန်မာ့ရေပိုင်နက်တွင်တွေ့ရသော သန္တာကျောက်တန်းများ*

"အချို့ သန္တာကောင်တွေနဲ့ အစိမ်းရောင်ရှိတဲ့ အကောင်လေးတွေက အပူချိန် ၃၀-၃၃ ဒီဂရီဆဲလ်စီးယပ်အထိ နေနိုင်ကြတယ်။ ဘယ်အပူချိန်ကြောင့် သေတယ်ဆိုတာကို ပြောလို့ရတယ်။ ၂၀၁၀ တုန်းက တစ်ခါထပ်ဖြစ်တယ်။ နောက် ၂၀၁၂ မှာ တစ်ခါထပ်ဖြစ်တယ်။ ဆိုးဆိုးရွားရွား ပျက်စီးသွားတာတော့ မရှိပါဘူး။ ဟိုတစ်ကွက် ဒီတစ်ကွက်တော့တွေ့ရတာပေါ့"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

မုတ်သုံအဝင်နောက်ကျခြင်းနှင့် စောခြင်းကြောင့် အဏ္ဏဝါဂေဟစနစ် လေ့လာခြင်းများကို ယခင်က မပြုလုပ်ခဲ့သော်လည်း ယခုအခါ ဒေသတွင်း နိုင်ငံများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ တရုတ်နိုင်ငံတို့နှင့် ပူးပေါင်းကာ ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယခုတွေ့ရှိချက်ကို မေးမြန်းရာတွင် ဖြေကြားသည်။

## မျိုးသုဥ်းပျောက်ကွယ်မည့် အန္တရာယ်ရှိသော သတ္တဝါ၊ အပင်မျိုးစိတ် ၁၀၀ စာရင်းထုတ်ပြန်

**လန်ဒန်၊စက်တင်ဘာ-၁၄**

ကြံ့၊ ငှက်၊ ဒေါင်း၊ မျောက်နှင့် မြေအောက်ပန်းများ အပါအဝင် ကမ္ဘာပေါ်တွင် မျိုးသုဥ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော သတ္တဝါနှင့် အပင်မျိုးနွယ်များစာရင်းကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ယင်းအန္တရာယ်ရှိမျိုးစိတ် ၁၀၀ စာရင်းတွင် နိုင်ငံပေါင်း ၄၈ နိုင်ငံမှ မျိုးစိတ်များပါဝင်ပြီး ထိန်းသိမ်းစောင့်ရှောက်မှု မလုပ်ဆောင်ပါက ဦးစွာပျောက်ကွယ်သွားမည့် မျိုးစိတ်များဖြစ်သည်ဟု ကျွမ်းကျင်သူများက ခံယူထားကြသည်။ အန္တရာယ်ရှိမျိုးစိတ်များ စာရင်းကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး နိုင်ငံတကာသမဂ္ဂ (IUCN)နှင့် လန်ဒန်ဇီဝဗေဒ အသင်းကြီးတို့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ IUCN ၏ သဘာဝထိန်းသိမ်းစောင့်ရှောက်ရေး ကွန်ဂရက်အား တောင်ကိုရီးယားနိုင်ငံဂျီဂျူးမြို့တွင် ကျင်းပလျက်ရှိသည်။ အဆိုပါစာရင်းကို သိပ္ပံပညာရှင်ပေါင်း ၈၀၀၀ က ပြုစုခဲ့ခြင်းဖြစ်သည်။

အဆိုပါ စာရင်း၏ ထိပ်ဆုံးတွင် ရုရှားနိုင်ငံ၌ ပေါက်ဖွားပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်သို့ ရွှေ့ပြောင်းနေထိုင်လေ့ရှိသော ရေညှောင့်နှုတ်ဝိုင်းငှက် (Spoon-billed sandpiper) ငှက်မျိုးစိတ်လည်း ပါဝင်ပြီး သဘာဝတောတောင်များအတွင်း ယင်းငှက်မောင်နှံစုံတွဲ ၁၀၀ ခန့်သာကျန်ရှိကြောင်း သိရသည်။

*-Ref: The Independent*

# မိုး/ဇလက ယူနက်စကို - အိုင်အိုစီနှင့် ပူးပေါင်း၍ မုတ်သုံဝင်ရောက်မှု လေ့လာမည်

**အိဖြူမွန်**

**ရန်ကုန်၊စက်တင်ဘာ - ၈**

အာရှဒေသ မုတ်သုံဝင်ရောက်ခြင်းနှင့်ဆက်စပ်၍ အဏ္ဏဝါဗေဒဆိုင်ရာ ပျက်စီးယိုယွင်းမှုနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များ လေ့လာသုတေသနပြုခြင်းကို ယူနက်စကို-အိုင်အိုစီ(အစိုးရအချင်းချင်းဆိုင်ရာပင်လယ်သမုဒ္ဒရာကော်မရှင်-အနောက်ပစိဖိတ်ဒေသ)နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံက ဒေသတွင်း နိုင်ငံများဖြစ်သော မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် ပထမဆုံး ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းတစ်ခုဖြစ်သည်။

ယင်းနိုင်ငံ လေးနိုင်ငံမှာ ၂၀၀၉ ခုနှစ်ကတည်းကစ၍ ယူနက်စကို-အိုင်အိုစီနှင့်မုတ်သုံလေဝင်ရောက်မှုနောက်ကျခြင်း၊ စောခြင်းကြောင့်အဏ္ဏဝါဗေဒစနစ်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို လေ့လာနေပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်ဒေသတွင်း နိုင်ငံလေးနိုင်ငံအဖွဲ့သို့ ဝင်ရောက်ပြီးနောက် ယခုနှစ်မှ ပထမဆုံး ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေ့လာသုတေသနပြုလုပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ယခုနှစ်မှ စတင်ပြီး ယင်းယူနက်စကို-အိုင်အိုစီ ဦးဆောင်သော လေးနိုင်ငံနှင့် ပူးပေါင်းပြီး နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အဏ္ဏဝါမိုးလေဝသပညာ ရပ်ဖလှယ်ခြင်းများ၊ သုတေသနလုပ်ငန်းများ၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာကြိုတင်သတိပေးချက် ထုတ်ပြန်ခြင်းများကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"နောက်နှစ်လောက်ကျရင် ကပ္ပလီပင်လယ်နဲ့ ဘင်္ဂလားပင်လယ်အော်တို့ကို သုတေသန သင်္ဘောနဲ့ လေ့လာဖို့ ဖိတ်ခေါ်ထားပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့တွင်းကျင်းပခဲ့သော မုတ်သုံလေဝင်ရောက်မှု လေ့လာစောင့်ကြည့်ခြင်းနှင့် လူမှုစီးပွားနှင့် ဂေဟစနစ်များအား သက်ရောက်မှုဆိုင်ရာ (၆)ကြိမ်မြောက်အစည်းအဝေးတွင် ဒေသတွင်းနိုင်ငံများက ယခင်က နွေရာသီမုတ်သုံကို လေ့လာခဲ့ရာမှ ဆောင်းမုတ်သုံ စတင်ဝင်ရောက်သည့်အခြေအနေများကိုလည်း တိုးချဲ့လေ့လာသွားရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် လူငယ်မျိုးဆက်သစ် ပညာရှင်များကိုလည်း လေ့ကျင့်သင်တန်းပေးသွားရန်၊ မုတ်သုံလေ ဝင်ရောက်မှုတွင် ပင်လယ်ရေမျက်နှာပြင် အပူချိန်၏ အရေးပါမှုကိုလည်း ဆက်လက်လေ့လာသွားမည်ဖြစ်သည်။ အဖွဲ့ဝင်လေးနိုင်ငံက တစ်နှစ်တစ်ကြိမ် သုတေသနလေ့လာမှုအား ပြန်လည်ဆန်းစစ်ခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းကို နိုင်ငံအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပကြသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး လာမည့်နှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။






Tourism
7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# သုံးနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၂၅ သန်းခန့်ဝင်ရောက်ရေး ပူးပေါင်းဆောင်ရွက်ရန် မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို သဘောတူ

**ဟိုချီမင်း၊**
**စက်တင်ဘာ-၁၃**

အရှေ့တောင်အာရှ ဒေသတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပသော ကွန်ဖရင့်၌ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့်ဗီယက်နမ် လေးနိုင်ငံမှ ခရီးသွားလုပ်ငန်း ဝန်ကြီးများသည် ၂၀၁၃ မှ ၂၀၁၅ အတွင်း ဒေသတွင်းသို့ ကမ္ဘာလှည့်ခရီးသည် ၂၅ သန်းခန့် ဝင်ရောက်အောင် ဆွဲဆောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီခဲ့သည်။

အဆိုပါလေးနိုင်ငံပူးတွဲကွန်ဖရင့်ကို ဗီယက်နမ်ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် အားကစားဝန်ကြီး ဟောင်တန်ဆန်က ကြီးမှူးကျင်းပခဲ့ပြီး နိုင်ငံတကာမီဒီယာများ တက်ရောက်ခဲ့ကြသည်။ ဝန်ကြီးများသည် ကွန်ဖရင့်တွင် ၂၀၁၀ ပြည့်နှစ်က စတင်သတ်မှတ်ခဲ့သော လေးနိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအဆင့် ပူးတွဲကြေညာချက်ကို သုံးသပ်ခဲ့ကြသည်။ ကွန်ဖရင့်သို့ လာအိုနှင့် ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ မြန်မာနိုင်ငံမှ ဗီယက်နမ်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသက်ဦးတို့ တက်ရောက်ခဲ့ကြသည်။



ခရီးသွားဆွဲဆောင်မှုတစ်နေရာဖြစ်သော စလေရုပ်စုံကျောင်း

ဓာတ်ပုံ-ဖျော့မောင်မောင်(အေပီ)

ဗီယက်နမ်ဝန်ကြီး ဟောင်တန်အန်က "ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ လေးနိုင်ငံဟာ နိုင်ငံတကာခရီးသည် ၁၂ ဒသမ ၃ သန်းကို ဆွဲဆောင်နိုင်ခဲ့ပြီး ၂၀၁၀ ကထက် ခရီးသည်ဝင်ရောက်မှု ၁၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ဒီထဲမှာ လေးနိုင်ငံအကြား အပြန်အလှန် လည်ပတ်တဲ့ ခရီးသည်ဦးရေ ၂ ဒသမ ၁ သန်းအထိ ရှိခဲ့ပါတယ်"ဟု ပြောသည်။

CLMV ဟု အတိုကောက်ခေါ်ဝေါ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံတို့သည် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အာဆီယံ-ဂျပန် (AJC) အဖွဲ့၊ အာဆီယံ-ကိုရီးယား (AKC) အဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အပါအဝင် ဒေသတွင်း ခရီးသွားလုပ်ငန်း အေဂျင်စီများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

အဆိုပါလေးနိုင်ငံသည် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးအဆင့် ကွန်ဖရင့်ကို နှစ်စဉ်ကျင်းပရန် သဘောတူညီခဲ့ပြီး လာမည့်နှစ်တွင် ကွန်ဖရင့်၏ အလှည့်ကျအိမ်ရှင်မှာ ကမ္ဘောဒီးယားနိုင်ငံဖြစ်သည်ဟု သိရသည်။

-Ref: Saigon-gpdaily




## လေဆိပ်များတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံနိုင်ရန် စီစဉ်နေ

**အိဖြူလွင်**
**နေပြည်တော်၊စက်တင်ဘာ - ၁၁**

နိုင်ငံတကာလေဆိပ်များအပါအဝင် ခရီးသွားလာမှုများပြားသောနယ်လေဆိပ်များကိုပါ ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်နိုင်ထွန်းကပြောကြားသည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ပါဝင်ရန် ခွင့်ပြုသွားမည့် လေဆိပ်များကို နိုင်ငံတကာခရီးသွားများ တိုက်ရိုက်ဝင်ရောက်နိုင်သည့် မန္တလေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး အလားအလာကောင်းသောလေဆိပ်များဖြစ်သည့် ပုဂံ-ညောင်ဦး လေဆိပ်၊ ဟဲဟိုးလေဆိပ်နှင့် သံတွဲ လေဆိပ်များကိုပါ အဆင့်လိုက်စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ခရီးသွားများအတွက် ပိုမိုအကျိုးရှိစေရန် ပုဂ္ဂလိက ကဏ္ဍတွင်ရှိသော အရင်းအနှီး၊ ဈေးကွက်နှင့် နည်းပညာများကိုပေါင်းစပ်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေသောအခြေအနေဖြစ်ရန်ဆောင်ရွက်ခြင်းဖြစ်သည်ဟုညွှန်ကြားရေးမှူးချုပ်က ပြောသည်။

လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက တာဝန်ယူထားသော မူဝါဒချမှတ်ရေးအပိုင်းနှင့်ဝန်ဆောင်မှုပေးသောအပိုင်း နှစ်ခုတွင် မူဝါဒချမှတ်သော အပိုင်းကိုသာ ဦးစီးဌာနက ဆောင်ရွက်တော့မည်ဖြစ်၍ ဝန်ဆောင်မှုကဏ္ဍများကိုပုဂ္ဂလိကပါဝင်ရန်သီးခြားဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်ဟုဆိုသည်။

ပထမအဆင့်အနေဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပုဂ္ဂလိကပါဝင်ဆောင်ရွက်နိုင်ရန်စတင်နေပြီဖြစ်ပြီး လက်ရှိကာလတန်ဖိုးသတ်မှတ်ခြင်းကိုဆောင်ရွက်နေကြောင်းသတင်းရရှိသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန်နှင့် လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရန် သတ်မှတ်အဆင့်များအတိုင်း လုပ်ဆောင်ပြီးပါက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နယ်လေဆိပ်များကိုလည်း ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ပထမဦးဆုံး အနေဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံခွင့်ပြုမည့် မန္တလေးလေဆိပ်ကိုတည်ဆောက်ရန် ကုမ္ပဏီများအား အကြိုအရည်အချင်းစစ်ခေါ်ယူနေပြီဖြစ်ပြီး အရည်အချင်း စစ်ဆေးပြီးသောကုမ္ပဏီနှင့်လာမည့် ၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် MOU ရေးထိုးနိုင်ရန်၊ ဧပြီလတွင် လုပ်ငန်းအကောင်အထည်ဖော်ရန်ရည်ရွယ်ထားကြောင်း သတင်းရရှိသည်။

ယခု ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံရန်ဆောင်ရွက်မည့် လေဆိပ်များသည် ၂၀၀၉ ခုနှစ်မှစ၍ ခရီးသည်ဝင်ထွက်မှုရာခိုင်နှုန်းမှာ ၂၃ ရာခိုင်နှုန်းခန့် ပိုမိုတိုးတက်လာနေသော လေဆိပ်များဖြစ်သည်ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်သောစာရင်းများအရ သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# Cartoon


The Cartoon Logo




























7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# တရုတ်ရေယာဉ်ခြောက်စီး ဂျပန်နှင့် အငြင်းပွားနေသော ကျွန်းစုများအနီး ချဉ်းကပ်ခဲ့

**တိုကျို၊ စက်တင်ဘာ - ၁၅**

တရုတ်ပြည်၏ နိုင်ငံတော် ပင်လယ်ပြင်အုပ်ချုပ်ရေးအဖွဲ့မှ ကမ်းခြေစောင့် ရေယာဉ်ခြောက်စီးသည် အိုကီနာဝါစီရင်စုနယ် အီရှိဂါကီမှ ဆင်ကာကူ ကျွန်းစုအနီး ရေပြင်သို့ ယမန်နေ့က ဝင်ရောက်လာခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

တရုတ်ရေယာဉ်များသည် ယခင်က ဆင်ကာကူကျွန်းများအနီးဂျပန်ပိုင်ရေနက်ထဲ ချဉ်းကပ်လာဖူးသော်လည်း ယခုကဲ့သို့ တရုတ်အာဏာပိုင်များ၏ သင်္ဘောခြောက်စင်းဝင်ရောက်လာခဲ့မှုမှာ မထင်မှတ်သော ကိစ္စဖြစ်ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ တရုတ်အစိုးရဘက်မှ ယခုကဲ့သို့ လုပ်ဆောင်မှုမှာ ဂျပန်ဘက်မှ ယူအိုဆူရီဂျီးမားကျွန်း အပါအဝင် ဆင်ကာကူကျွန်းစုများမှကျွန်းငယ်သုံးခုကို အပိုင်သိမ်းယူရန် ကြိုးပမ်းခြင်းအား ဆန့်ကျင်မှုဟုဂျပန်အစိုးရသတင်းရင်းမြစ်များကယုံကြည်နေသည်။

ဂျပန်ကမ်းခြေစောင့်တပ်၏ အစီရင်ခံစာများအရတရုတ်ဘက်မှ ဟိုင်းကျန်အမှတ် ၅၁ နှင့်အမှတ် ၆၆ ရေယာဉ်နှစ်စီးသည် တိုင်ရှိုတိုကျွန်းအနီးသို့ နံနက် ၆ နာရီ ၁၈ မိနစ်တွင် ချဉ်းကပ်လာခဲ့ကြောင်း၊ အခြားသင်္ဘောလေးစင်းမှာ ကူဘားရှီးမားကျွန်းအနီး ဂျပန်ရေပိုင်နက်ထဲသို့ ဝင်ရောက်ခဲ့ကြောင်းဆိုသည်။ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့မှ ကင်းလှည့်မော်တော်များသည် တရုတ်သင်္ဘောများအား သောကြာနေ့ညနေပိုင်းအထိ ခြေရာခံလိုက်ခဲ့ ကာဂျပန်



**တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ခရိုင် လျူရန်းမြို့၌ တရုတ်နိုင်ငံတွင် ဒိုင်အိုယု ကျွန်းများဟု ခေါ်၍ ဂျပန်နိုင်ငံတွင် ဆင်ကာကူ ကျွန်းများဟုခေါ်သော အငြင်းပွားနေသည့် ကျွန်းများကို ဂျပန်နိုင်ငံက 'အမျိုးသားပိုင်'ပြုလုပ်ခြင်းအပေါ် ဆန့်ကျင်ကြွေးကျော်နေသော တရုတ်နိုင်ငံသားများကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ ၎င်းကျွန်းများကို ဝယ်ယူလိုက်ကြောင်း ဂျပန်အစိုးရက ယခုရက်သတ္တပတ်တွင် ကြေညာခဲ့ပြီးနောက် တရုတ်နိုင်ငံတစ်ဝန်း ကန့်ကွက်ဆန္ဒပြမှုအများအပြား ဖြစ်ပေါ်ခဲ့သည်။ ဓာတ်ပုံ - AFP**

ရေပိုင်နက်မှ ထွက်ခွာရန်ညွှန်ကြားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၄ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ဂျပန် အစိုးရအတွင်းရေးမှူး အိုဆာမူဖူဂျီမူရာက ယခုကဲ့သို့ တရုတ်ရေယာဉ်များကျူးကျော်ဝင်ရောက်ခြင်းသည်အလွန်အမင်းဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း ဂျပန်အစိုးရသည် ထိုရေယာဉ်များ အမြန်ဆုံးထွက်ခွာရန်တရုတ်အစိုးရ သို့ပြင်းထန်စွာတောင်းဆိုခဲ့ကြောင်း ပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လကလည်း တရုတ်အစိုးရ၏ ရေယာဉ်သုံးစင်းသည် ဂျပန်မှ ဆင်ကာကူဟုခေါ်ပြီးတရုတ်မှ ဒိုင်အိုယုဟုခေါ်သော ယင်းကျွန်းစုများအနီး ဝင်ရောက်ခဲ့ဖူးသည်။

*—Ref: AFP*




## အငြင်းပွားဖွယ်ရာ ရုပ်ရှင်ကားကို မလေးရှားမွတ်ဆလင်များ ဆန့်ကျင်ဆန္ဒပြ

**ကွာလာလမ်ပူ၊ စက်တင်ဘာ - ၁၅**

မလေးရှားနိုင်ငံမှ မွတ်ဆလင်လူမျိုးများသည် မွတ်ဆလင်ဆန့်ကျင်ရေး ရုပ်ရှင်ကားတစ်ကားဖြစ်သည့် အမေရိကန်ရုပ်ရှင် Innocence of Muslims ဇာတ်ကား ဖြန့်ချိခြင်းကို ဆန့်ကျင်သည့်အနေဖြင့်ဆန္ဒပြခဲ့ကြသည်။

အပျော်တမ်းအနေဖြင့် ပုဂ္ဂလိကပိုင်ရိုက်ကူးထုတ်လုပ်ထားသော အဆိုပါ ရုပ်ရှင်ကားကို လစ်ဗျားနှင့် အီဂျစ်နိုင်ငံတို့၌ စက်တင်ဘာ ၁၁ ရက်က အပြင်းအထန်ဆန္ဒပြခဲ့ပြီး အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသမှ အခြားမွတ်ဆလင်နိုင်ငံများသို့လည်းဆန္ဒပြမှုများ ကူးစက်ဖြစ်ပေါ်ခဲ့သည်။

မလေးရှားနိုင်ငံတွင် အစ္စလာမ်မစ်အဖွဲ့အစည်းပေါင်းစုံကို ကိုယ်စားပြုထားသောလူသုံးဆယ်ခန့်မှာ မြို့တော်ကွာလာလမ်ပူရှိအမေရိကန်သံရုံးသို့ ချီတက်ဆန္ဒပြခဲ့ကြပြီး အဆိုပါရုပ်ရှင်ကို YouTube ဗီဒီယိုဝက်ဘ်ဆိုက်မှ ဖယ်ရှားပေးရန်၊ ရုပ်ရှင်ရိုက်ကူးသူများကို လူ့အခွင့်အရေးအပေါ် ဖောက်ဖျက်ကျူးလွန်မှု၊ မွတ်ဆလင်များအား စော်ကားမှုတို့ဖြင့် တရားစွဲရန် တောင်းဆိုခဲ့ကြသည်။

မြို့တော် ကွာလာလမ်ပူအပြင် နိုင်ငံမြောက်ပိုင်းမြို့တော် အီပို၌လည်း ဆန္ဒပြမှုများရှိခဲ့သည်။ မလေးအတိုက်အခံပါတီဖြစ်သော မလေးရှားနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်မစ်ပါတီကလည်း ဆန္ဒပြမှုများကို အခြားမြို့ကြီးများတွင်ပါဆက်လက်လုပ်သွားမည်ဟုပြောသည်။

အဆိုပါ အငြင်းပွားဖွယ်ရာ ရုပ်ရှင်ကားကြောင့် ဒေါသထွက်နေသော ဆန္ဒပြသူများသည်ယီမင်ရှိ အမေရိကန်သံရုံးသို့ ဝင်ရောက်စီးနင်းခဲ့ကြပြီး ကိုင်ရိုရှိ ဝါရှင်တန်မစ်ရှင်ရုံးကိုလည်း ခဲဖြင့်ပေါက်ခဲ့ကြောင်း သိရသည်။

*—Ref: AFP*

## နောက်ကျောဖုံး - လေကြောင်းမှ နေတိုးတိုက်ခိုက်မှုများကြောင့် အမျိုးသမီးရှစ်ဦးသေဆုံးဟု အာဖဂန်အရာရှိများ ပြောကြား မှ

“သူတို့ကတိုက်ခိုက်မှုကိုရှုတ်ချပြီး အမေရိကန်ကျဆုံးပါစေလို့ အော်ဟစ်နေကြတယ်”ဟု၎င်းကပြောသည်။

ဒဏ်ရာရရှိခဲ့သူ အမျိုးသမီးနှင့်ကလေးခုနစ်ဦးကိုလည်း ဆေးကုသမှု ခံယူရန် ခရိုင်ဒေသဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း ခရိုင်ကျန်းမာရေး ဒါရိုက်တာ လာတစ်ကာယူမီက ပြောကြားသည်။

နေတိုးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် သူပုန် ၄၅ ဦးသေဆုံးခဲ့ပြီး အရပ်သားများ သေဆုံးမှုမရှိဟု နေတိုးတပ်ဖွဲ့က စောစောပိုင်းက ပြောကြားခဲ့သော်လည်း နောက်ပိုင်းတွင် နေတိုးပြောခွင့်ရပုဂ္ဂိုလ် ဂျေမီဂရေးဘီလ်က စွပ်စွဲချက်များကို အလေးအနက်ထားကြောင်း ပြောကြားပြီး ယင်းစွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေသည်ဟုဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် လေကြောင်းမှတိုက်ခိုက်မှုများမှာ ဆတ်ဆတ်ထိမခံသောအကြောင်းအရာဖြစ်ပြီး ယင်းတိုက်ခိုက်မှုများကြောင့် သူပုန်များအစား အရပ်သားများ သေဆုံးရသည်ဟု အာဖဂန်ပြည်သူများက ပြောကြားလေ့ရှိကာ နေတိုးတပ်ဖွဲ့ကလည်းသူပုန်ခေါင်းဆောင်များအား တိုက်ခိုက်ရာတွင် လေကြောင်းမှ တိုက်ခိုက်ခြင်းမှာ အကောင်းဆုံးနည်းလမ်းဟုဆိုသည်။—*Ref: AP*

## နောက်ကျောဖုံး - တရုတ်-ဂျပန် အငြင်းပွားကျွန်းများအရေး ကမ္ဘာ့စီးပွားရေးအား ထိုးနှက်ချက်ဖြစ်လာ မှ

တရုတ်နိုင်ငံ၌ ခေါင်းဆောင်ပိုင်းအပြောင်းအလဲအတွက် ပြင်ဆင်နေချိန်တွင် ယခုအငြင်းပွားမှုများပေါ်ထွက်လာခြင်းဖြစ်သည်။

“ဒါဟာကမ္ဘာ့စီးပွားရေးအတွက် နောက်ထပ်ထိုးနှက်ချက်တစ်ရပ်ပါပဲ” ဟု Morgan Stanley စတော့ရှယ်ယာနှင့် ငွေကြေးလုပ်ငန်းမှ အာရှဆိုင်ရာ စီးပွားရေးပညာရှင်ချုပ်ဟောင်း အန်ဒီဆီက ပြောကြားသည်။

“တရုတ်နိုင်ငံအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) လျော့ပါးသွားနိုင်သလို ဂျပန်နိုင်ငံအတွက်လည်း ပိုဆိုးနိုင်ပါတယ်။ ဂျပန်အတွက် အလားအလာကောင်းက ကားလုပ်ငန်းမှာရှိနေတာပါ” ဟု၎င်းကဆက်ပြောသည်။

တရုတ်နိုင်ငံတွင် ဩဂုတ်လအတွင်း ဂျပန်အမှတ်တံဆိပ်ကားများအရောင်းကျဆင်းခဲ့သည်။ ဂျာမနီ၊ အမေရိကန်နှင့်တောင်ကိုရီးယားအမှတ်တံဆိပ်ကားများမှာမူ ၁၀ ရာခိုင်နှုန်း ပိုမိုရောင်းချခဲ့ရသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံးကားဈေးကွက်တစ်ခုဖြစ်သည်။ —*Ref: Bloomberg*

## နောက်ကျောဖုံး - မည်သည့်တိုက်ခိုက်မှုမျိုးမဆို လက်တုံ့ပြန်သွားမည့် အစီအစဉ်များ အီရန်ဗိုလ်ချုပ်ကြီး ထုတ်ဖော်ပြောကြား မှ

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ထိပ်တန်းတပ်မှူးတစ်ဦးက စက်တင်ဘာလ ၁၆ ရက် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

လောလောဆယ်တွင် ကမ္ဘာ့ရေနံ ၂၀ ရာခိုင်နှုန်း ဖြတ်သန်းလျက်ရှိသော ဟောမုဒ်စ်ရေလက်ကြားကိုပိတ်ပစ်နိုင်သည်ဟုလည်း ၎င်းကပြောကြားသည်။ အကယ်၍အစ္စရေးတစ်နိုင်ငံတည်းကသာ တိုက်ခိုက်ခဲ့ပါကလည်း အဆိုပါဂျူးနိုင်ငံတွင် ဘာတစ်ခုမှ မကျန်အောင် အီရန်ဒုံးကျည်များကလက်စွမ်းပြသွားလိမ့်မည်ဟု ဗိုလ်ချုပ်ကြီးမိုဟာမက်အလီဂျက်ဖရီက ပြောသည်။

အစ္စရေးနိုင်ငံ၏ နယ်မြေကျဉ်းမြောင်းမှုနှင့် အီရန်မှ ပစ်လွှတ်မည့် ဒုံးကျည်အရေအတွက်အပေါ် ခံနိုင်ရည်လျော့နည်းနိုင်သည့်အနေအထားကို ထည့်တွက်ပါက အစ္စရေးနိုင်ငံအနေဖြင့် မည်သည့်နေရာမှ ဘေးကင်းလုံခြုံမည်မဟုတ်ကြောင်း အီရန်ဗိုလ်ချုပ်ကြီးက ပြောကြားသည်။

တန်ပြန်တိုက်ခိုက်မှုများမှာ အစ္စရေးနယ်စပ်တွင် စတင်လိမ့်မည်ဖြစ်ကြောင်း ဂါဇာနှင့်လက်ဘနွန်မှ စစ်သွေးကြွအုပ်စုများကို ရည်ညွှန်း၍အလီဂျက်ဖရီက ဆက်လက်ပြောသည်။ ယင်းအုပ်စုများတွင်လည်းအစ္စရေးကို လက်လှမ်းမီသည့်ဒုံးကျည်စနစ်များ ပိုင်ဆိုင်ထားသည်။

ထိုအတောအတွင်း အမေရိကန်နိုင်ငံကလည်း အနောက်နှင့်အရှေ့အလယ်ပိုင်း မဟာမိတ်များနှင့်အတူ ပါရှန်ပင်လယ်ကွေ့တွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန်ပြင်ဆင်လျက်ရှိသည်။

—*Ref: RiaNovosti*



# Leader's Profile

## အီသီယိုပီးယား ဝန်ကြီးချုပ် ဟေလီမာရီယန် ဒီဆယ်လင်

ရဲမင်း

ဟေလီမာရီယန်ဒီဆယ်လင်သည် အီသီယိုပီးယားနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၁၀ပြည့်နှစ်မှစ၍ အီသီယိုပီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် လက်ရှိဝန်ကြီးချုပ် မီလက်စ်ဇီနာဝီသေဆုံးသွားချိန်၌ အီသီယိုပီးယားနိုင်ငံ၏ ယာယီဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခံရပြီး ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲအသစ်များကျင်းပချိန်အထိ အီသီယိုပီးယားအစိုးရအကြီးအကဲအဖြစ် ဆက်လက်တာဝန်ယူရမည်ဖြစ်သည်။

ဟေလီမာရီယန်ကို ၁၉၆၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် နိုင်ငံတောင်ပိုင်း ဘိုလိုဆိုဆိုရီဒေသ၌ မွေးဖွားခဲ့သည်။ အခြေခံပညာရေးကို ၎င်းမွေးဖွားရာဒေသတွင်သာ သင်ယူခဲ့ပြီး လူငယ်ဘဝကိုလည်း ယင်းဒေသ၌ပင် ဖြတ်သန်းခဲ့သည်။

ဟေလီမာရီယန်သည်၁၉၈၈ ခုနှစ်တွင် အဒစ်အဘာဘာ တက္ကသိုလ်မှ ဆောက်လုပ်ရေးအင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ ယင်းနောက် အဘာမင့်ချ်တက္ကသိုလ်တွင် လက်ထောက်နည်းပြဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထိုမှ ၂ နှစ်အကြာတွင် ဟေလီမာရီယန်သည်ဖင်လန်နိုင်ငံ တမ်ပီရာနည်းပညာတက္ကသိုလ်တွင်စကောလားရှစ်ရရှိ၍ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး အင်ဂျင်နီယာမဟာဘွဲ့ရရှိခဲ့သည်။

ဟေလီမာရီယန်သည် အီသီယိုပီးယားနိုင်ငံသို့ ပြန်လာခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းတက္ကသိုလ်များတွင် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးရာထူးအဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ရေသယံဇာတနည်းပညာအင်စတီကျူဒ်၏ ပါမောက္ခချုပ် အဖြစ်လည်း ၁၃ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းနှစ်များအတွင်း အမေရိကန်ကယ်လီဖိုးနီးယားပြည်နယ်၊ အဇူဆာပစိဖိတ်တက္ကသိုလ်တွင် အဖွဲ့အစည်းခေါင်းဆောင်ဆိုင်ရာ မဟာဘွဲ့လည်း တက်ရောက်ခဲ့သည်။

ဟေလီမာရီယန်သည် အီသီယိုပီးယားနိုင်ငံတောင်ပိုင်း ဝိုလေတာမျိုးနွယ်စုမှ ဖြစ်ပြီး ယင်းလူမျိုးစု၏ အဓိကပါတီဖြစ်သော အီသီယိုပီးယားတောင်ပိုင်းသားများဒီမိုကရက်တစ်လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်ရင်း နိုင်ငံရေးလှုပ်ရှားမှုများ၌ ပါဝင်ခဲ့သည်။ ၁၉၉၀ ကျော်နှစ်များနှင့် ၂၀၀၀ပြည့်နှစ်အစောပိုင်းကာလများတွင် နိုင်ငံရေးတွင် ထဲထဲဝင်ဝင် ပါဝင်လာခဲ့ပြီးတောင်ပိုင်းသားများပါတီ၏ ဒုတိယဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ထိုမှတစ်ဆင့် ဟေလီသည်တောင်ပိုင်းသားများပါတီဥက္ကဋ္ဌနှင့်လက်ရှိအာဏာရပါတီဖြစ်သော EPRDF ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။

မစ္စတာဟေလီမာရီယန်သည်နိုင်ငံရေးတွင် ပါဝင်ပတ်သက်ရင်း အစိုးရအဖွဲ့တွင်လည်း ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရာ ၂၀၀၅ ခုနှစ်မှ ယခုအချိန်အထိ အောက်လွှတ်တော်အမတ်အဖြစ်အကြိမ်ကြိမ်ရွေးချယ်ခံရပြီး လူမှုရေးရာကိစ္စများဝန်ကြီးချုပ်၏ အထူးအကြံပေး၊ လူထုလှုံ့ဆော်ရေးနှင့် စည်းရုံးရေးဝန်ကြီးချုပ်၏ အထူးအကြံပေး၊ အစိုးရအဖွဲ့ကြီးကြပ်သူဝန်ကြီး တာဝန်များထမ်းဆောင်ခဲ့သည်။ လူမှုရေးရာ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အတွက်လည်း ဝန်ကြီးချုပ်၏ အကြံပေးအဖြစ် လုပ်ကိုင်ခဲ့သည်။ နိုင်ငံတကာ အင်န်ဂျီအိုများ နိုင်ငံတွင်းပါတီလှုပ်ရှားမှုများ၌ ပါဝင်ပတ်သက်မှုကို ကန့်သတ်သည့် ဥပဒေကိုဦးဆောင်ပြဋ္ဌာန်းခဲ့သည်။ ဟေလီမာရီယန်သည် ၂၀၁၀ တွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်ရပ်စလုံးကို တစ်ပြိုင်နက်ရယူခဲ့ပြီး ၂၀၁၂ ခုနှစ်တွင်ဝန်ကြီးချုပ် မီလက်စ်ဇီနာဝီ သေဆုံးချိန်၌ အီသီယိုပီးယားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဖြစ်လာသည်။

—*Ref: Wikipedia*

## စင်ကာပူအီလက်ထရွန်နစ် ပစ္စည်းများ နိုင်ငံခြားတင်ပို့မှုလျော့ကျလာ



**စင်ကာပူ၊ စက်တင်ဘာ - ၁၇**

စင်ကာပူနိုင်ငံ၏ အီလက်ထရွန်နစ်ပစ္စည်းများ ပြည်ပသို့တင်ပို့မှုမှာ ဩဂုတ်လအတွင်း စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည်ထက်ပိုမိုလျော့ကျခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါကရေနံလုပ်ငန်းနှင့် မဆက်စပ်သောကုန်ပစ္စည်းများတင်ပို့မှု ၁၀ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းလာခဲ့ကြောင်း စင်ကာပူကုန်သွယ်ရေးမြှင့်တင်မှု အေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယင်းမှာ ဘလွန်းဘာ့ဂ်စီးပွားရေးဝက်ဘ်ဆိုက်မှ ကောက်ယူထားသောစစ်တမ်း ၁၅ ခုထက်ကျော်လွန်ခဲ့သည်။

ဥရောပတွင် ကြွေးမြီအကျပ်အတည်း တာရှည်နေမှု၊ အမေရိကန်အလုပ်လက်မဲ့နှုန်း ၈ ရာခိုင်နှုန်း ကျော်လွန်နေမှုနှင့် တရုတ်စီးပွားရေးနှေးကွေးလာမှုများကအာရှဒေသထုတ်ကုန်များနှင့်ကုန်ပစ္စည်းများ အပေါ်လိုအပ်ချက်များ လျော့နည်းလာစေခဲ့သည်။

၂၀၁၂ ခုနှစ်အတွက် စင်ကာပူ၏ နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ ၄ ဒသမ ၂ ရာခိုင်နှုန်းသာရှိနိုင်သည်ဟုယခင်ရက်သတ္တပတ်အတွင်းဗဟိုဘဏ်စီးပွားရေးပညာရှင်များကခန့်မှန်းထားပြီး ယင်းမှာဇွန်လခန့်မှန်းချက် ၅ ဒသမ ၆ ရာခိုင်နှုန်းကို ပြင်ဆင်ခန့်မှန်းထားခြင်းဖြစ်သည်။

အီလက်ထရွန်နစ်ပို့ကုန်များမှာ ဩဂုတ်လအတွင်း ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဆေးပစ္စည်းများတင်ပို့မှုမှာ ၃ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

—Ref: Bloomberg

7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# မညီမျှမှုရဲ့ နည်းလမ်းတိုင်းဟာ ဝေဒနာကိုပိုဆိုးစေတာချည်းပဲ

## ကမ္ဘာ့ဘဏ်ဒုဥက္ကဋ္ဌဟောင်း နိုဗယ်ဆုရ စီးပွားရေးပညာရှင် စတစ်ဂလစ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး



ကိုလံဘီယာတက္ကသိုလ်မှ ပါမောက္ခဂျိုးဆက်စတစ်ဂလစ်ဟာကမ္ဘာကျော်စီးပွားရေးပညာရှင်၊ နိုဗယ်ဆုရ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ၎င်းဟာ စာအုပ်တွေ ရေးသားပြုစုခဲ့ပြီး နောက်ဆုံးထွက်စာအုပ်အနေနဲ့ "မညီမျှမှုရဲ့တန်ဖိုး" The Price of Inequality ကို ရေးသားထုတ်ဝေထားပါတယ်။ ဒီစာအုပ်ဟာ အမေရိကန်လူ့အဖွဲ့အစည်းမှာ မညီမျှမှုတွေ ကြီးထွားလာနေတဲ့အတွက် နိုင်ငံရေးအရပါ အန္တရာယ်ရှိနေတဲ့အကြောင်း ထောက်ပြထားတာပါလို့၎င်းကဆိုပါတယ်။ ဒါ့ကြောင့် ယူရိုသတင်းဌာနဟာ ပါရီကို ရောက်ရှိလာတဲ့ ယခင်ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌဟောင်း၊ စီးပွားရေးပညာရှင် အကြီးအကဲဟောင်း စတစ်ဂလစ်နဲ့ စီးပွားရေးမညီမျှမှု၊ အခွင့်အရေးမညီမျှမှုတွေဖြစ်လာနေတဲ့ အမေရိကန်နဲ့ဥရောပလူ့အဖွဲ့အစည်းတွေအကြောင်းဆွေးနွေးမေးမြန်းခဲ့ပါတယ်။ မေးမြန်းသူက ဂီယန်နီမာဂီဖြစ်ပါတယ်။

**လူကြီးမင်းရဲ့စာအုပ်ထဲမှာ အမေရိကန်လူ့အဖွဲ့အစည်းအတွက်မညီမျှမှုဟာ ဘယ်လောက်တန်ဖိုးကြီးတယ်ဆိုတာ ပြသထားပါတယ်။ ဒီလိုမျိုး မညီမျှမှုတိုးပွားလာခြင်းဟာ မရပ်တန့်တော့ဘူးဆိုရင် ဘာများဖြစ်နိုင်ပါသလဲ။**

ကျွန်တော်တို့ဟာ ပိုပြီးကွဲပြားလာနေတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်နဲ့အတူတကယ်ပဲကြောက်စရာကောင်းလာနေပါတယ်။ ထုတ်လုပ်မှုအားနည်းတဲ့ စီးပွားရေးတစ်ရပ် ဖြစ်လာမှာကိုလည်း ကျွန်တော်တို့ ကြောက်နေရပါဦးမယ်။ ဘာဖြစ်လို့လဲဆိုတော့ ယနေ့ခေတ်အမေရိကမှာမညီမျှမှုနည်းလမ်းတွေထဲက အရေးအကြီးဆုံးတစ်ခုက အခွင့်အလမ်းမညီမျှမှုဖြစ်နေတာပါ။ ဆိုလိုတာက လူငယ်တွေဟာ ဆင်းရဲတဲ့ မိဘကသာမွေးလာတယ်ဆိုရင် သူတို့ဘဝရဲ့ (တိုးတက်ဖို့) အလားအလာအထိ ရှင်သန်ခွင့်ရဖို့ ဘာအခွင့်အရေးမှ မရှိကြလို့ပါ။ ဒါ့ကြောင့် ကျွန်တော်တို့ဟာ တန်ဖိုးအရှိဆုံး (လူသား) ရင်းမြစ်တွေကိုဖြုန်းတီးပစ်နေတာပါပဲ။

ခင်ဗျားတို့မှာ အလွန်အဆင့်အတန်းကွဲပြားတဲ့ လူ့အဖွဲ့အစည်းတစ်ခုက အမေရိကန်ပြည်ထောင်စုမှာ ယနေ့ကျွန်တော်တို့ရှိနေသလိုမျိုး ရှိနေပြီဆိုရင် ဒါဟာ နိုင်ငံရေးအရ တူညီတဲ့သဘောထားရဖို့ သိပ်ခက်သွားပြီလို့ ဆိုလိုတာပဲ။ ဒါဆိုနိုင်ငံရေးပြိုကွဲခြင်း၊ ဒီမိုကရေစီဖြစ်စဉ် ပြိုကွဲခြင်းပဲ။ အဲဒါကဆိုလိုတာကတော့ ခင်ဗျားတို့ဟာ ရင်းနှီးမြှုပ်နှံမှုတွေရဲ့နောက်ကွယ်က သဘောထားတူညီမှုတွေကို ရနိုင်တော့မှာ မဟုတ်ဘူးပဲ။ ဒီလိုရင်းနှီးမြှုပ်နှံမှုတွေကပညာရေးမှာ၊နည်းပညာပိုင်းမှာ၊အခြေခံအဆောက်အအုံပိုင်းမှာဖြစ်ပြီး ထုတ်လုပ်မှုအားကောင်းတဲ့စီးပွားရေးတစ်ရပ်အတွက် မရှိမဖြစ်လိုအပ်တဲ့အရာတွေပါ။

**မညီမျှမှုအကြောင်း ဒီရှုထောင့်ကမြင်ကြည့်ရင် ဥရောပဟာလည်း အမေရိကလိုပဲတစ်ပုံစံတည်းအနေအထားမှာရှိနေတယ်လို့ထင်ပါသလား။**

ဟင့်အင်း။ ဥရောပက ပိုကောင်းပါတယ်။ ကျွန်တော့်စာအုပ်ထဲမှာ ထောက်ပြထားတဲ့ အထူးအလေးထားစရာက အမေရိကန်ပြည်ထောင်စုဟာ စျေးကွက်ဝင်ငွေအရ မညီမျှမှု အကြီးမားဆုံးတိုင်းပြည်တစ်ခုဖြစ်ပါတယ်။ အခွန်နဲ့ငွေကြေးလွှဲပြောင်းမှုကိစ္စလိုမညီမျှမှုမျိုးတွေကို ကုစားမှုနည်းတယ်။ သူ့မှာ ရှိတဲ့မညီမျှမှုကတခြားစက်မှုဖွံ့ဖြိုးပြီး နိုင်ငံတွေထက်ပိုကြီးတယ်။ အမေရိကဟာ ဘယ်ဖွံ့ဖြိုးပြီး နိုင်ငံနဲ့မဆို ယှဉ်ကြည့်ရင် အခွင့်အလမ်းသာတူညီမျှမှု အနည်းဆုံးနိုင်ငံဖြစ်နေတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုစိုးရိမ်မိစေတဲ့အချက်က တချို့ဥရောပနိုင်ငံတွေကလည်း အမေရိကန်လမ်းစဉ်ကို တုပမှုတိုးပွားလာနေတာပါပဲ။

ဒါ့ကြောင့် အဲဒီလိုများ ဗြိတိန်မှာ ဖြစ်သွားပြီ။ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်တုန်းကတော့ ဗြိတိန်မှာ မညီမျှမှု အတိုင်းအတာက ဖွံ့ဖြိုးပြီးနိုင်ငံတွေကြားထဲမှာ ပျမ်းမျှအဆင့်ပဲရှိသေးတယ်။ ယနေ့မှာတော့ အမေရိကန်ပြည်ထောင်စုနောက်မှာ နံပါတ်နှစ်ဖြစ်နေပြီ။ ခင်ဗျားတို့မှာ စကင်ဒီနေးဗီးယန်းနဲ့နောဒစ်ဒေသနိုင်ငံတွေလိုမျိုး ခိုင်မာတဲ့စီးပွားရေးရှိရုံသာမက သာတူညီမျှရှိတဲ့လူ့အဖွဲ့အစည်းတွေ ပိုပြီးအခွင့်အလမ်းညီညီမျှမျှရှိတဲ့လူ့အဖွဲ့အစည်းတွေ ရှိနေဆဲပါပဲ။ ဒါပေမဲ့ဥရောပတိုက်ပေါ်က နိုင်ငံတွေဟာ အမေရိကန်စတိုင်ဆီ ပိုပြီးဦးတည်လာနေကြတယ်။ ဒါကတော့ စိတ်ပူစရာလို့ ကျွန်တော်ထင်ပါတယ်။

**ဥရောပနိုင်ငံတချို့မှာ ကျင့်သုံးနေတဲ့ ခြိုးခြံချွေတာရေး ပေါ်လစီတွေကရော လူမှုမညီမျှမှုကို တိုးပွားစေပါသလား။**

အများကြီးဖြစ်စေတာပေ့ါ။ လက်ရှိအနေအထားမှာ ခြိုးခြံချွေတာရေးတို့၊ မညီမျှမှုတို့ဟာ ဆိုးဝါးရတဲ့အကြောင်းရင်းအောက်ခြေမှာ မြုပ်နေတဲ့ ပြဿနာက ဝယ်လိုအားမရှိတော့တာပဲ။ စုစုပေါင်းဝယ်လိုအား နည်းသွားတာပဲ။

ဒါ့ကြောင့် ခင်ဗျားတို့ခြိုးခြံချွေတာမှုလုပ်တာနဲ့ ဝယ်လိုအားတွေကျသွားတာပဲ။ ဝယ်လိုအားကျတော့ စီးပွားရေးတိုးတက်မှုနိမ့်သွားမယ်။ အလုပ်လက်မဲ့တိုးလာမယ်။ အလုပ်လက်မဲ့တိုးလာတော့ လူတွေက အလုပ်ရဖို့ပြိုင်ကြရတော့ လုပ်ခတွေကျဆင်းသွားမယ်။ လူမှုဖူလုံရေး ဝန်ဆောင်မှုတွေလည်း ဖြတ်တောက်ခံရမယ်။ ဒီတော့မညီမျှမှုရဲ့နည်းလမ်းတိုင်းဟာဝေဒနာကိုပိုဆိုးစေတာချည်းပါပဲ။

**ဥရောပအစိုးရတွေဟာ ယူရိုငွေအကျပ်အတည်းကို ဘယ်လိုကိုင်တွယ်သင့်ပါသလဲ။**

အရင်ဆုံးအနေနဲ့ လိုငွေပြမှုအဓိကအကြောင်းရင်းဟာ အားနည်းတဲ့ စီးပွားရေးကြောင့်ပဲဖြစ်တယ်။ တခြားဟာတွေနဲ့ မဆိုင်ဘူးဆိုတာ မှတ်သားနေရပါမယ်။ အားနည်းတဲ့စီးပွားရေးကို ဖန်တီးတာလိုငွေပြမှု မဟုတ်ဘူးဗျ။ အားနည်းတဲ့ စီးပွားရေးကသာ လိုငွေပြမှုကို ဖန်တီးတာဖြစ်ပါတယ်။ ဒါ့ကြောင့်အရင်ဆုံး အာရုံပြုသင့်တာကတော့ စီးပွားရေးတိုးတက်မှုပြန်ရအောင် ကျွန်တော်တို့ဘယ်လိုလုပ်နိုင်မလဲပဲ။ လုပ်နိုင်တာတွေတော့အများကြီးရှိတယ်။ အခြေခံအဆောက်အအုံကဏ္ဍမှာ၊ နည်းပညာမှာ၊ ပညာရေးမှာ အစိုးရရင်းနှီးမြှုပ်နှံမှုတွေကို ချဲ့ထွင်တာမျိုးအပါအဝင် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်ကို ချဲ့ထွင်တာ၊ ကြွေးမြီတွေအပြန်အလှန် ချေပေးတာတွေလုပ်ရပါမယ်။ ဒါမှသာ အတိုးနှုန်းတွေ ကျနိုင်မယ်။ ဘဏ်လုပ်ငန်းရှင်တွေကို ချက်လက်မှတ်ကြီးတွေပို့ပေးနေရတာထက်ပိုပြီး ကုန်ထုတ်လုပ်ရေးနည်းလမ်းတွေမှာ ငွေပိုသုံးနိုင်လာပါလိမ့်မယ်။

**ဒါဆို ယူရိုဇုန် အကျပ်အတည်းကို စီမံခန့်ခွဲရေးမှာ ဥရောပဗဟိုဘဏ်ရဲ့ အခန်းကဏ္ဍကို ပိုတိုးမြှင့်ပေးဖို့ လူကြီးမင်းပိုကြိုက်တယ်ပေ့ါ။**

ဟုတ်ပါတယ်။ ဒီဘဏ်ဟာ စွမ်းဆောင်ရည်ရှိပြီးသား အဖွဲ့အစည်းတွေထဲက တစ်ခုပါပဲ။ ဒါပေမဲ့ ဒီဘဏ်ဟာ မှန်ကန်တဲ့ ပေါ်လစီတွေ လိုက်နာဖို့တော့ သေချာလုပ်ရပါမယ်။ မကြာမီကတော့သူတို့ဟာ ငွေတိုက်စာချုပ်တွေအကန့်အသတ်မရှိဝယ်ယူဖို့ ဆန္ဒရှိကြောင်း ပြောခဲ့တယ်။ ဒါပေမဲ့ကျွန်တော်တို့သတ်မှတ်ချက်တွေ ပြဋ္ဌာန်းမယ်လို့ သူတို့ပြောခဲ့ပြန်တယ်။ သတ်မှတ်ချက်အခြေအနေတွေကတော့ ဘာတွေလဲလို့ မပြောကြဘူး။ ဒါပေမဲ့ အတိတ်တုန်းက သူတို့ချမှတ်ခဲ့တဲ့ သတ်မှတ်ချက်တွေကို ကြိုက်နေတယ်ဆိုရင်တော့ အဲဒါတွေက ခြိုးခြံချွေတာရေးသတ်မှတ်ချက်တွေပဲဖြစ်မှာပဲ။

ဒါ့ကြောင့် လက်တစ်ဖက်နဲ့တော့ခင်ဗျားဟာ အသက်ကယ်လှေကို ကိုင်ထားတာပဲ။ သူတို့ကို ကူညီနိုင်တဲ့ဆေးကို ကိုင်ထားပြီးမှ အဝေးလွှင့်ပစ်လိုက်တာပဲ။ အဆိပ်ကျွေးတာပဲ။ သူတို့ကိုပြောနေတဲ့ပုံက "ခင်ဗျားစီးပွားရေးကျဆင်းမှုကြုံရတော့မယ်။ ခင်ဗျားကို ကယ်ဖို့ဆိုရင် ခင်ဗျားကို သတ်ရပါမယ်" လို့ပြောနေတာပဲ။ ဒါဟာ အဓိပ္ပာယ်မရှိပါဘူး။ ဒါ့ကြောင့် ECB ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်ဟာ ကူညီနိုင်တဲ့ စွမ်းရည်ရှိပါတယ်။ မေးခွန်းက ကူညီမှာလားဆိုတာပဲ။

**စီးပွားရေးအတွက်နိုင်ငံရေးသမားတွေလုပ်သင့်တာနဲ့ သူတို့တကယ်လုပ်နေတာတို့ကြားက**

စာ(၃၆)သို့

**TRADEMARK CAUTION**

JAB Distributors, LLC DBA Protect-A-Bed, a Company incorporated in USA at 1500 S Wolf Road, Wheeling, Illinois 60090 is the Owner and Sole Proprietor of the following Trademark:-

**MIRACLE MEMBRANE**

Reg: 4/8709/2012

In respect of : " Fabric mattress cover laminated with a polyurethane membrane for mattresses."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

20.Sept.2012

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၀ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

7DAY NEWS JOURNAL

# Entertainment

Vol.11, No.28 • SEPTEMBER 20 , 2012

## တွမ်ခရုစ်၏ မွေးစားသားက မိသားစု ပျော်ရွှင်နေခဲ့ပုံကို တွစ်တာတွင် ဖော်ပြ

**လန်ဒန်၊ စက်တင်ဘာ - ၁၅**

Mission: Impossible မင်းသားတွမ်ခရုဇ်သည် လက်ရှိအချိန်တွင် ဇနီးသည် ကေတီဟုမ်းစ်နှင့် လမ်းခွဲခဲ့ပြီဖြစ်၍ မီဒီယာများမှာ ၎င်းတို့၏ သမီးငယ် ဆူရီခရုဇ်ကို စောင့်ကြည့်နေစဉ်တွမ်၏ အကြီးဆုံးသားကွန်နာခရုစ်(၁၇နှစ်)က ၎င်းနှင့်အစ်မဖြစ်သူ အစ္စဘယ်လာ တို့၏ဖခင်နှင့် ငယ်ဘဝက ပျော် ရွှင်ခဲ့ပုံ အဖြူအမည်းဓာတ်ပုံကို တွစ်တာဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ယခုအခါဒီဂျေတစ်ဦးလုပ်နေသောကွန်နာသည် တွစ်ခရုစ်နှင့် ဇနီးဟောင်း နစ်ကိုးကစ်ဒ်မင်းတို့ အိမ်ထောင်ကျစဉ် မွေးစားခံခဲ့ရသူ မွေးစားသားတစ်ဦးဖြစ်ကာ ၂၀၀၁ တွင်ခရုစ်နှင့် ကစ်ဒ်မင်းတို့ အိမ်ထောင်ကွဲစဉ် ဖခင်နှင့်အတူနေရန်ရွေးချယ်ခဲ့သူဖြစ်သည်။ ထို့ကြောင့်ကွန်နာ၏ ယခုဓာတ်ပုံသည်၎င်း၏နာမည်ကျော်ဖခင် တွမ်ခရုစ် (၅၀နှစ်)နှင့် ၎င်းတို့အတူ နီးကပ်စွာရှိနေသေးကြောင်း သက်သေဖြစ်သည်။ ကွန်နာသည် ဓာတ်ပုံအောက်ခြေတွင်လည်း “အမြဲတမ်းမိသားစု။ သူငယ်ချင်းတွေလာပြီး ထွက်သွားကြတယ်။ ဒါပေမဲ့မိသားစုဆိုတာ အမြဲထာဝရရှိနေတာပါ” ဟု ရေးသားထားသည်။ —Ref: The Insider


ဓာတ်ပုံ-People

**ကော်နာ၊ အစ္စဘယ်လာ၊ သမီးငယ်ဆူရီတို့နှင့်အတူတွေ့ရသည့် တွမ်ခရုဇ်**

## အဝတ်ဗလာပုံများ ဖော်ပြမှုဖြင့် ပြင်သစ်မဂ္ဂဇင်းတစ်စောင်ကို တရားစွဲရန်ပြင်နေသည့် ဝီလီယံဇနီးမောင်နှံ

**လန်ဒန်၊ စက်တင်ဘာ - ၁၅**

ဗြိတိန်တော်ဝင်မင်းသား ဝီလီယံ နှင့် ကြင်ယာတော် ကိတ်မစ်ဒယ်တန်တို့သည် ကိတ်၏ အဝတ်မပါ ကိုယ်ဗလာပုံများကို ပြင်သစ်နိုင်ငံထုတ် Closer မဂ္ဂဇင်းက ဖော်ပြခဲ့၍ ဥပဒေကြောင်းအရ အရေးယူသွားရန် စဉ်းစားနေကြောင်း သိရသည်။ မင်းသားဝီလီယံနှင့်ကိတ်တို့ဇနီးမောင်နှံသည် ယခုအခါအာရှခရီးစဉ် လည်ပတ်နေပြီး ၎င်းတို့ဓာတ်ပုံပါဝင်နေသော သတင်းများမှာ မလေးရှားနိုင်ငံအရောက်တွင်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ပြင်သစ် Closer မဂ္ဂဇင်း၏ဓာတ်ပုံများနှင့်ပတ်သက်၍ ဗြိတိန်ဘက်ကင်ဟမ်တော်ဝင်မိသားစုနှင့် နီးစပ်သူတစ်ဦးက “သည်းခံနိုင်ဖွယ်ရာအခြေအနေကို ကျော်လွန်သွားပြီလို့ ကျွန်တော်တို့ခံစားရပါတယ်။ နန်းတော်မှာတော့ မယုံနိုင်မှုနဲ့ ဒေါသတို့ ဖြစ်ပေါ်နေပါတယ်” ဟု People မဂ္ဂဇင်းသို့ ပြောသည်။

တော်ဝင်မိသားစုကထုတ်ပြန်သောကြေညာချက်တွင်လည်း ပြင်သစ်စာစောင်၏ ပုံနှိပ်ထုတ်ဝေမှုကိုဝမ်းနည်းကြောင်း၊ ဓာတ်ပုံဆရာသည်ကြင်ယာတော်ဇနီးမောင်နှံ၏ မသင့်လျော်သောပုံများကိုပုဂ္ဂလိကလွတ်လပ်ခွင့် ကျူးကျော်၍ ရယူခဲ့ကြောင်းဖော်ပြထားသည်။



မင်းသားဝီလီယံနှင့်ကြင်ယာတော်ကိတ်တို့၏ ပုံများမှာ နေပူစာလှုံနေစဉ် ခိုးရိုက်ခံထားရသောပုံများဖြစ်ပြီး ဘီဘီစီသတင်း၏ နောက်ဆုံးဖော်ပြချက်အရ အီတလီမဂ္ဂဇင်း Chi သည်လည်း လာမည့်အပတ်တွင် ထုတ်ဝေမည့် ၎င်း၏စာစောင်၌ ထိုပုံများကို ပုံနှိပ်ဖော်ပြသွားမည်ဟု ကြေညာထားကြောင်း သိရသည်။

—Ref: People/ BBC



## အနုပညာရှင်တွေအားနည်းချက်ရှိရင် ပြည်သူတွေက ထောက်ပြရမှာဖြစ်သလို ပြည်သူတွေ မလုပ်သင့်တာတွေကိုလည်း အနုပညာရှင်တွေက ထောက်ပြရမှာပါ။

■ မီမီဝင်းဖေနှင့် တွေ့ဆုံခြင်း

**အေးသူစံ**

အသံအေးအေးလေးနဲ့ သီချင်းအေးအေးလေးများစွာကို သီဆိုခဲ့တဲ့ မန္တလေးသူအဆိုတော် မီမီဝင်းဖေဟာ ဖခင်ဖြစ်သူ ပန်းချီဆရာ၊ ဒါရိုက်တာ ဦးဝင်းဖေနဲ့အတူ စက်တင်ဘာ ၈ ရက်က မြန်မာနိုင်ငံကို ခြောက်နှစ်အတွင်း ပထမဆုံးပြန်လည်ရောက်ရှိလာပါတယ်။ မြန်မာနိုင်ငံနဲ့ ဝေးကွာနေတဲ့ ခြောက်နှစ်အတွင်း အမေရိကန်ပြည်ထောင်စု၊ မေရီလန်းပြည်နယ်မှာ နေထိုင်ရင်း၊ Early Childhood Class ကိုတက်ရောက်ခဲ့ရင်း တစ်ဖက်မှာလည်း အဝေးရောက်မြန်မာမိသားစုတွေကြား သူမရဲ့သီချင်းသံစဉ်တွေနဲ့ ထိတွေ့ဖျော်ဖြေနေခဲ့သူလည်း ဖြစ်ပါတယ်။ မီမီဝင်းဖေဟာ ၁၉၈၅ ခုနှစ်မှာ ယင်းမာတင်ဆက်မှု အမှတ်(၁) တစ်ကိုယ်တော်စီးရီးနဲ့ ဂီတလောကကို စတင်ရောက်ရှိခဲ့ပြီး တစ်ကိုယ်တော်အယ်လ်ဘမ် ၁၅ခွေနဲ့ အတွဲခွေပေါင်း ၄၀ ကျော် ထွက်ရှိထားသူ ဖြစ်ပါတယ်။ တေးရေးတေးဆို စံလင်းနဲ့ ‘သူမျှော်နေတော့မှာ’ စီးရီးထွက်ရှိပြီးမကြာခင်မှာပဲ အမေရိကန်ပြည်ထောင်စုကို ထွက်ခွာသွားပြီး မမျှော်လင့်ဘဲ ခြောက်နှစ်ကြာနေထိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

စာ(၄၉)သို့



7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

## ခိုးကူးနှိပ်စက်တဲ့အတွက် ဂီတအလုပ် ရပ်နားထားတယ်ဆိုတဲ့ သားစိုး

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

ဂီတဈေးကွက်အတွင်း ခိုးကူးများ နှိပ်စက်သည့်အတွက် ဂီတဆိုင်ရာလုပ်ငန်းများကို လုံးဝရပ်နားထားပြီးပြင်ပစီးပွားရေးလုပ်ငန်းများကိုသာလုပ်ကိုင်နေကြောင်း အမွှေစီးရီးများစွာဖြင့် သကြၤန်ပရိသတ် အားပေးမှုရရှိထားသည့် အဆိုတော်သားစိုးက ပြောသည်။

"ဂီတလုပ်ငန်းဘာမှမလုပ်ဘဲ အကုန်ရပ်နားထားပါတယ်။ ကျွန်တော်တို့ဂီတသမားတွေရဲ့အခွင့်အရေးတွေမရဘူး။ အကုန်ဆုံးရှုံးနေတဲ့အတွက် ဂီတအလုပ်ကို မလုပ်ဘူး။ လောလောဆယ်ခိုးကူးနှိပ်စက်ပြီး စီးပွားရေးအဆင်မပြေတဲ့အတွက်ကြောင့် စီးပွားရေးအတွက် 'ရွှေပိုးနန်းတော်' ပိုးထည်ဆိုင်ဖွင့်ခဲ့တာပါ" ဟု သားစိုးကပြောသည်။

ဂီတအစည်းအရုံးတွင် စည်းရုံးရေးမှူးအဖြစ် တာဝန်ယူထားသူလည်းဖြစ်ပြီး ခိုးကူးနှိမ်နင်းရေးကိုလည်းတစ်စိုက်မတ်မတ်ပြောဆိုခဲ့သူ သားစိုးက ၎င်း၏ အမှုဆောင်သက်တမ်းအတွင်း ဂီတသမားများ၏ရပိုင်ခွင့်များကို ဦး စားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောသည်။

"ဒီလောက် ခိုးကူးတွေ၊ အက်ဖ်အမ်တွေဆီက ရစရာမရှိတာတွေမရတဲ့ကြားထဲကအွန်လိုင်း ရေဒီယိုဆိုပြီး အခုသီချင်းတွေကို ခွင့်ပြုချက်မရှိဘဲ လုပ်နေတယ်။ ကျွန်တော်တို့ အက်ဖ်အမ်တွေကို လွှင့်ခွင့်ပေးထားတာက အင်တာနက်ပေါ်ကနေလွှင့်ခွင့်မပါဘူး။ ခု အင်တာနက်တွေပါ ပါလာတယ်။ ဂီတသမားတွေကခံဘက်ကချည်း ပဲ" ဟု သားစိုးကပြောသည်။ လက်ရှိတွင် 7 online Radioအမည်ဖြင့် ကမ္ဘာအရပ်ရပ်ရှိမြန်မာများအတွက်ဟု ရည်ညွှန်းထားသော အွန်လိုင်းရေဒီယိုတစ်ခုထွက်ပေါ်လာပြီး သီချင်းများကိုအခမဲ့ဒေါင်းလုပ်ရယူနားဆင်နိုင်ရန် စီစဉ်ထားခြင်းအပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် ဂီတသမားများအား အကြောင်းကြားခြင်းမရှိသည့်အတွက် ကန့်ကွက်သွားမည်ဖြစ်ကြောင်း သားစိုးကပြောသည်။ အဆိုပါ အွန်လိုင်း ရေဒီယိုကို တေးရေးမင်းချစ်သူစီစဉ်ကြောင်းသိရပြီး တေးရေး မင်းချစ်သူမှာ ခရီးသွားနေသည့်အတွက် ဂီတအစည်းအရုံးနှင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်းရန် လတ်တလောတွင် မရှင်းလင်းနိုင်သေးပေ။



Psy ၏ နာမည်ကျော်မြင်းစီးကကွက်။

## ကေပေါ့ပ်အဆိုတော်Psy ၏ သီချင်း YouTubeတွင် အကြိမ်သန်း ၁၃၀ ကျော် ကြည့်ရှုမှုဖြင့် စံချိန်တင်

**စင်ကာပူ၊ စက်တင်ဘာ - ၁၄**

ကိုရီးယားအဆိုတော် Psy ၏ မြူး ကြွသော ဂီတဗီဒီယို သီချင်း "Gangnam Style" သည် အွန်လိုင်းဗီဒီယိုဝက်ဘ်ဆိုက် YouTube တွင်လွှင့်တင်ခဲ့သည့် နှစ်လတာအတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၂၂၀ မှကြည့်ရှုမှုအကြိမ်ရေသန်း ၁၃၀ ကျော်ဖြင့်စံချိန်တင်ခဲ့ကြောင်း သိရသည်။

YouTube မှထုတ်ပြန်သော စာရင်းအရ Psy ၏ယင်းဂီတဗီဒီယိုမှာ အမေရိကန်နိုင်ငံတွင်ကြည့်ရှုခံရမှုအကြိမ်ရေ ၁၉ ဒသမ ၃၆ သန်း၊ ကိုရီးယားတွင်ကြည့်ရှုခံရမှု ၁၇ ဒသမ ဝ၆ သန်း၊ ထိုင်းတွင် ၈ ဒသမ ၉၇ သန်းရှိခဲ့ကြောင်း သိရသည်။ မလေးရှားနှင့် ကနေဒါတွင်လည်း အကြိမ်ပေါင်း ၆ ဒသမ ၇၉ သန်းနှင့် ၃ ဒသမ ၆၅ သန်းစီ အသီးသီးကြည့်ရှုခံခဲ့ရသည်။ YouTube ၏စာရင်းအရ အံ့ဩဖွယ်ရာ ကောင်းသောအချက်မှာ ကိုရီးယားဂီတကေပေါ့ပ်ခေတ်စားသော ဂျပန်နှင့်တရုတ်ကဲ့သို့ အာရှနိုင်ငံများထက် မြောက်အမေရိကနှင့် ဥရောပတွင် ထိုအွန်လိုင်းဗီဒီယိုကိုကြည့်ရှုသူများခဲ့ခြင်း ဖြစ်သည်။

Psy ၏ယခုသီချင်းဗီဒီယိုသည် YouTube ၌ ၅၈ ရက်တာကာလအတွင်း ကြည့်ရှုခံရမှုအကြိမ် သန်း ၁၃၀ ရခဲ့ခြင်းဖြစ်သည်။ ယခင်က ဂျပ်စတင်ဘီဘာ၏ Boyfriend သီချင်းသည်သုံးလကျော်ကာလအတွင်း ယင်းစံချိန်ရခဲ့ဖူးသကဲ့သို့ လေဒီဂါဂါ၏ Poker Face သီချင်းမှာလည်း ထိုစံချိန်ရခဲ့ဖူးကြောင်း သိရသည်။

—Ref: Korea Herald






## စာ-၄၇၊ မီမီဝင်းဖေနှင့် တွေ့ဆုံခြင်း မှ

အခု အပြန်ခရီးစဉ်မှာတော့ ဦးဝင်းဖေကသာ မြန်မာပြည်မှာ အချိန်ကြာကြာ နေထိုင်ဖွယ်ရှိနေပြီး အဆိုတော်မီမီဝင်းဖေကတော့ တစ်လခွဲလောက်သာ နေထိုင်ကာ မိခင်ဖြစ်သူရှိတဲ့ မေရီလန်းပြည်နယ်ကိုပြန်မယ်လို့ သိရပါတယ်။ အဆိုတော်မီမီဝင်းဖေနဲ့ ယနေ့ဂီတလောကအနေအထား၊ သူမရဲ့ပြည်ပနေထိုင်မှုဘဝအတွေ့အကြုံတွေကို မေးမြန်းထားတာတွေထဲမှ တချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

**မြန်မာနိုင်ငံအပြန်ခရီးစဉ်က စိတ်လှုပ်ရှားဖို့ ကောင်းလား။**

စိတ်လှုပ်ရှားတာထက် အပြန်ခရီးအတွက် ပြင်ဆင်နေကတည်းက ပျော်နေတာပေ့ါ။ ရောက်တော့လည်း ပိုပြီးတော့ ပျော်တယ်။

**လေဆိပ်မှာ လာကြိုနေတဲ့ မိတ်ဆွေသူငယ်ချင်းတွေအများကြီးကို တွေ့ရလိုက်တော့ စိတ်ထဲမှာ ဘယ်လိုခံစားရလဲ။**

ကျေနပ်သွားတယ်။ အရမ်းပဲ။ ဘန်ကောက်ကနေ လေယာဉ်ထွက်လာပြီး မြန်မာပြည်မြေပေါ် စဖြတ်ကတည်းက လယ်ကွင်းလေးတွေ၊ တဲတွေကို တောက်လျှောက်ကြည့်လာခဲ့တာ။ မမီက ကိုယ့်နိုင်ငံကို သိပ်လွမ်းခဲ့တာလေ။ ပြန်လာရတာ သိပ်ပျော်ပါတယ်။

**သွားတုန်းက ခုလောက်အထိ အကြာကြီးနေဖြစ်သွားဖို့ မျှော်လင့်ခဲ့လား။**

မမျှော်လင့်ခဲ့ပါဘူး။ မမီ မိဘတွေအသက်ကြီးပြီဆိုတော့ မမီ သွားတွေ့မယ်။ မေမေက ဒူးခွဲမယ်ဆိုတော့ မေမေ့ကိုပြုစုမယ်ဆိုပြီး ခြောက်လလောက်ပဲမှန်းပြီး သွားခဲ့တာ။ ဒါပေမဲ့ ဒီခြောက်လတွင်းမှာ ဒီက အခြေအနေလေးတွေအရ မပြန်ဖြစ်တော့ဘူး။ မေမေ့ဒူးနာကလည်း တော်တော်ဆိုးတော့ မေမေ့နားမှာနေသင့်တယ်ဆိုပြီး နေခဲ့လိုက်တာပါ။

**ပြည်ပမှာ နေထိုင်ခဲ့တဲ့အတွင်း ရုန်းကန်နေထိုင်ခဲ့တာလေးတွေလည်း ဝေမျှပါဦး။**

ညီမပြောတာမှန်ပါတယ်။ ဒီက ဘဝနဲ့ ဟိုမှာနေရတဲ့ဘဝ အရမ်းကွာခြားပါတယ်။ ဒီမှာက မိုးလင်းတာနဲ့ အနုပညာအလုပ်တွေနဲ့ အချိန်ကုန်ရတာ။ အနုပညာသမားအသိုင်းအဝိုင်းနဲ့ဆက်ဆံရတာ။ ဟိုမှာ မိုးလင်းတာနဲ့ ချက်ပြုတ်၊ မိဘတွေအတွက် ပြင်ဆင်ပေး။ အလုပ်ကတစ်ဖက်၊ Weeend မှာ ကျောင်းတက်လိုက်သေးတယ်။ အနုပညာနဲ့မိုးလင်းတာတော့ မဟုတ်ဘူးပေ့ါ။

**မေရီလန်းမှာနေတော့ ကမ္ဘာကျော် အဆိုတော်တွေရဲ့ ဖျော်ဖြေပွဲတွေနဲ့လည်း ထိတွေ့ခွင့်ရခဲ့မှာပေ့ါ။ ကိုယ်က ပရိသတ်နေရာရောက်သွားတဲ့ ဖျော်ဖြေပွဲကြည့်အတွေ့အကြုံလေး ပြောပါဦး။**

မမီက စလင်းဒီယွန်ကို အရမ်းကြိုက်တော့၊ အလုပ်မဝင်ခင်လေးတင် စလင်းဒီယွန်က လပ်ဗေးဂတ်မှာ ဖျော်ဖြေပွဲလာလုပ်တော့ အပြေးလေးသွားကြည့်ခဲ့တယ်။ မမီနေတဲ့နေရာနဲ့ဆို မိုင်လေးငါးထောင်လောက်ဝေးပ့ါ။ ပထမတစ်ခေါက်က အင်္ဂလန်မှာ ကြည့်ခဲ့ဖူးသေးတယ်။ နောက်ပြီးမေရီလန်းမှာ အီးဂဲလ်တီးဝိုင်းလာဖျော်ဖြေတော့လည်း ကြည့်ဖြစ်တယ်။ မမီ အမေရိကမှာ ရောက်နေတုန်း ကိုယ့်တိုင်းပြည်မှာမဟုတ်တဲ့အတွက် အရမ်းခံစားရတယ်။ ပွဲတွေ ကြည့်ရတာလေးနဲ့ စိတ်ဖြေသာရတယ်။

**အခု မြန်မာ့ဂီတလောက အခြေအနေလေးကို မမီ ဘယ်လိုမြင်ပါသလဲ။**

အဆိုပြိုင်ပွဲတွေအများကြီးပေါ်လာတယ်။ အသစ်ထွက်တဲ့ အဆိုတော်တွေထဲမှာဆို မိန်းကလေးတွေကအစ ကိုယ်တိုင်ရေးကိုယ်တိုင်ဆိုတွေ ရှိလာတယ်။ အစ်မတို့တုန်းက ဒီလောက် မထွန်းကားသေးဘူး။

**မေရီလန်းမှာနေတုန်း အမေရိကမှာရှိတဲ့ ဘယ်ပြည်နယ်တွေကို သွားဖြစ်ပါသေးလဲ။**

ပြည်နယ်တော်တော်များများရောက်ဖြစ်ပါတယ်။ ယူအက်စ်မှာ မြန်မာတွေ တော်တော်များများရှိတယ်။ မြန်မာတွေမှာ Stress တွေ သိပ်များကြတယ်။ ရုန်းကန်ကြရတယ်။ ကိုယ့်နိုင်ငံကို လွမ်းကြတယ်။ ဒီတော့ မြန်မာတွေက ပွဲလေးတွေလုပ်ပြီး စုဝေးကြတယ်။ အဲဒီပွဲလေးတွေကို မမီ သီချင်းသွားဆိုပေးတော့ သူတို့ပျော်ကြတယ်။ အလွမ်းပြေကြတယ်။ မြန်မာအသိုင်းအဝိုင်းက ဒီလိုရပ်တည်နေကြရတာကိုး။

**ယူအက်စ်မှာနေခဲ့တာကြောင့် ပြုပြင်ပြောင်းလဲသွားတဲ့ အမူအကျင့်လေးတွေရှိခဲ့ပါသလား။**

အများကြီးရှိခဲ့ပါတယ်။ ဒီမှာတော့ မမီတို့ကို ဝိုင်းကူလုပ်ပေးမယ့်ကူဖော်လောင်ဖက်တွေရှိခဲ့တယ်။ ဟိုရောက်တော့ အစ်မမှာ ပြသနာကြုံရတယ်။ ဒါပေမဲ့ကောင်းတဲ့ အကျင့်လေးတွေရသွားတာပေ့ါ။ ကိုယ့်အဝတ်ကိုယ် လျှော်၊ ကိုယ်စားမယ့်ဟင်းကိုယ် ချက်၊ ကိုယ့်ကားကိုယ်ဆေး၊ မောင်းရတော့ မမီနဲ့အဲဒါကြီးက ဘာမှမဆိုင်သလိုပဲ။ ရောက်ရောက်ချင်း ဘယ်လိုအချိုးလဲဆိုပြီး အမြင်ကတ်ခံရပါတယ်။ ဒါပေမဲ့ မမီသိပါတယ်။ ဒီလောက် လူတွေကိုယ့်တာဝန် ကိုယ်ယူပြီး လုပ်နေကြတဲ့ တိုင်းပြည်မှာ ဟိုလူလုပ်ပေးနိုးနိုး၊ ဒီလူလုပ်ပေးနိုးနိုး ဖြစ်နေတဲ့ ကိုယ့်အဖြစ်ကိုပေ့ါ။ ခုတော့ စည်းကမ်းရှိတဲ့ တိုင်းပြည်၊ လိုက်နာကြတဲ့ တိုင်းပြည်မှာနေလိုက်တော့ စည်းကမ်းတကျ နေတတ်ထိုင်တတ်သွားတယ်။

**အခု မြန်မာပြည်အပြန် ခရီးစဉ်မှာ အကြမ်းဖျင်းစီစဉ်ထားတာလေးတွေ ပြောပြပေးပါ။**

မမီအဖေက ၁၈ နှစ်ခွဲခွာ ခဲ့တာဆိုတော့ ဖေဖေက လုပ်ချင်တာတွေ အရမ်းများတယ်။ စာရေးတာတို့၊ ပန်းချီဆွဲတာတို့၊ ရုပ်ရှင်ဇာတ်ညွှန်းကိစ္စတွေ၊ အခုအိမ်မှာနေတုန်း သူ့ရဲ့ကျန်းမာရေးနဲ့ စားရေးသောက်ရေးကိစ္စ ဒါတွေပဲရှိနေတယ်။ လာကတည်းက အဖေ့ကို အဖော်လုပ်ပြီးပြုစုစောင့်ရှောက်ဖို့ဖြစ်လို့ အစ်မအတွက် ဘာမှမစဉ်းစားထားဘူး။ ဒါပေမဲ့ အခုတက္ကသိုလ်အနုပညာအသင်းပွဲမှာတော့ မမီ ဝင်ဆိုဖြစ်မှာပါ။ ကျန်တာတော့ ကြီးကြီးကျယ်ကျယ်ဘာမှမရှိဘူး။ ခရီးလည်း ဖေဖေသွားတဲ့နောက်ပဲ မမီလိုက်မှာ။ ဖေဖေက မန္တလေး အရမ်းသွားချင်တယ်။ ခုလောလောဆယ်တော့ မသွားဖြစ်သေးပါဘူး။ နားကြရဦးမှာပါ။

**ဒီမှာ အစ်မရဲ့ဂီတမိတ်ဆွေတွေနဲ့တွေ့တော့ အများဆုံးပြောဖြစ်တဲ့အကြောင်းက ဘာများလဲ။**

Right (ရပိုင်ခွင့်)တွေပါ။ မမီတို့ကိုယ်တိုင်လည်း ရပိုင်ခွင့်တွေဆုံးရှုံးခဲ့ရတဲ့၊ နစ်နာခဲ့ရတဲ့ generation တွေပါ။ မမီတို့က တော့ထားပါတော့။ ရှေ့မျိုးဆက်သစ်တွေကိုတော့ ဒါမျိုးတွေမဖြစ်စေချင်ဘူး။ မြန်မာပြည်ရဲ့သဘာဝအရ၊ အလေ့အထအရ ဥပမာ တခြားတိုင်းပြည်မှာတောင်မရှိပါဘူး။ မင်္ဂလာဆောင်တွေမှာ ပတ်ဆိုတယ်ဆိုတာ(ရယ်လျက်)။ ကိုယ့်ရဲ့ရပိုင်ခွင့်လေးတွေတော့ ညှိနှိုင်းပြီးအဖြေရှာကြရမှာပါ။

**ခုဖြစ်နေတာကလည်း မူပိုင်ခွင့်ဆိုရင် အနုပညာရှင်တွေဘက်ကလည်း ကိုယ်ပိုင်ဖန်တီးမှုစစ်စစ် မဟုတ်ဘူးလို့ ဝေဖန်မှုတွေလည်းရှိတော့ မမီဘယ်လို အကြံပေးချင်လဲ။**

မှန်ပါတယ်။ အနုပညာရှင်တွေဘက်က အားနည်းချက်ရှိရင်လည်းပြည်သူတွေဘက်ကထောက်ပြရမှာသလို ပြည်သူတွေဘက်က မလုပ်သင့်တာတွေကိုလည်းအနုပညာရှင်တွေက ထောက်ပြရမှာပါ။ အနုပညာသမားတွေမှာလည်း ကိုယ်ပိုင်ပစ္စည်းပဲဖြစ်သင့်ပါတယ်။ ဒါပေမဲ့ ကော်ပီဖြစ်နေရင်လည်း ဒီလူတွေရဲ့ကြိုးစားအားထုတ်မှုလေးတော့ရှိပါတယ်။ ပရိသတ်ကလည်း မဖြစ်သင့်ဘူး၊ ကော်ပီမို့အားမပေးဘူးလို့မြင်ရင် ကိုယ်ပိုင်သံစဉ်သမားတွေကိုသိသိသာသာ အားပေးပြလိုက်ပါ။ တစ်ဖက်နဲ့တစ်ဖက်ထောက်ပြဖို့လိုပါတယ်။ ပရိသတ်ထောက်ပြတာကိုလည်း လက်ခံပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## တစ်ကိုယ်တော်ဖျော်ဖြေပွဲ ဆန်းသစ်ရန်လိုဟုပြောလာသည့် ရဲလေး

**အေးသူစံ** **ရန်ကုန်၊ စက်တင်ဘာ ၁၄**

တစ်ကိုယ်တော်ဖျော်ဖြေပွဲ သုံးကြိမ်ပြုလုပ်ပြီးဖြစ်သည့် ဟစ်ဟော့ပ်အဆိုတော်ရဲလေးက အဆိုတော်တစ်ဦးအတွက် သမားရိုးကျတင်ဆက်မှုမျိုးမှ ကွဲထွက်သော တစ်ကိုယ်တော်ဖျော်ဖြေပွဲများကို ပြုလုပ်သင့်ကြောင်း 7 Day News သို့ပြောသည်။

"ကျွန်တော်အမြဲတမ်းပြောလေ့ရှိတာက အဆိုတော်ရယ်လို့ဖြစ်လာရင်တစ်ကိုယ်တော်ဖျော်ဖြေပွဲတွေလုပ်ကြပါ။ Mini ပဲဖြစ်ဖြစ်၊ Big ပဲဖြစ်ဖြစ် တစ်ကိုယ်တော်ပွဲမျိုးစုံလုပ်ကြပါ။ တစ်ကိုယ်တော်ဆိုတာလည်း အဖွဲ့သားသုံးလေးဆယ်မရှိဘဲ ထလုပ်လို့မရပါဘူး။ ပရိသတ်ကလည်း သူတို့အထင်ကြီးတဲ့လူလောက်ပဲတစ်ကိုယ်တော်ကို အားပေးတာဆိုတော့ ကျွန်တော်တို့တောင် ကိုယ့်အချင်းချင်းကြားမှာဖြစ်ပါတယ်။ ကျွန်တော့်တို့ရင်ထဲကို လှုပ်ခတ်သွားအောင် မလုပ်နိုင်ရင်တော့ လက်ခုပ်တီးမှာ မဟုတ်ပါဘူး။ သမားရိုးကျထဲက ခွဲထွက်တဲ့ ဝမ်းမန်းရှိုးတွေ၊ ဝမ်းလေဒီရှိုးတွေ၊ ဝမ်းဂရုရှိုးတွေ ပေါ်ပေါက်လာစေချင်ပါတယ်" ဟု ရဲလေးက ပြောသည်။

တစ်ကိုယ်တော်ဖျော်ဖြေပွဲပြုလုပ်ရန်မှာ ပရိသတ်၏ လက်ခံအားပေးမှုနှင့် အထင်ကြီးမှုလည်း လိုအပ်နေပြီး နိုင်ငံတကာတွင်မူ မိမိတို့ဂီတအမျိုးအစားအလိုက် အသေးစားတစ်ကိုယ်တော်ဖျော်ဖြေပွဲများ ပြုလုပ်လေ့ရှိသော်လည်း မြန်မာနိုင်ငံတွင်မူ အဆိုတော်အများစုဖြင့်ပြုလုပ်သော ရှိုးပွဲများမှာ ခေါက်ရိုးကျိုးနေပြီဖြစ်သောကြောင့် အချိန်တိုအတွင်း ပြင်ဆင်ရန်မလွယ်ကူကြောင်း ၄င်းကပြောသည်။

အဆိုတော်ရဲလေးသည်မကြာသေးမီကပြန်လည်ရွေးကောက်ဖွဲ့စည်းလိုက်သည့် ဂီတအစည်းအရုံးအမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်လာပြီး ပရိသတ်အားပေးမှုရရှိထားသည့် လူငယ်အဆိုတော်တစ်ဦးအနေဖြင့် အသင်းအဖွဲ့တွင်ပါဝင်လုပ်ကိုင်ရန် အဖွဲ့ဝင်များနှင့် ညှိနှိုင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။


"အခု အမှုဆောင်သစ်ထဲမှာဆိုမိသားစုစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရတဲ့သူတွေလည်းဖြစ်တယ်။ ဒီဘက်ကလည်း တစ်ဖက်ဆိုတော့ပိုကြိုးစားပြီးစိတ်နှစ်ပြီးတော့ လုပ်ရမယ့်သဘောမှာ ရှိနေတယ်။ ကျွန်တော်တို့လူငယ်တွေ အကုန်လုံးကြိုးစားပြီးတော့ လုပ်ကြမှာပါ။ အနစ်နာခံရမယ်။ အတွေ့အကြုံတွေအများကြီးရမယ်။ ဒါကြောင့်စိန်ခေါ်မှုအသစ်တစ်ခု အနေနဲ့ လက်ခံထားတာပါ"ဟု အဖွဲ့အစည်းပေါ်ထားသည့် သဘောထားကိုပြောသည်။

ရဲလေးသည် တစ်ကိုယ်တော် စီးရီးငါးခွေထွက်ရှိထားပြီး နောက်ဆုံးထွက်ရှိထားသော 'တတိယကာရန်' စီးရီးမှာ ၂နှစ်ခန့်ရှိပြီဖြစ်ပြီး ခြောက်ခွေမြောက်'ရကောက်ဘဝဖြင့်နေထိုင်ခြင်း' စီးရီးကို ယခုနှစ်ကုန်တွင် ထွက်ရှိရန်စီစဉ်နေကြောင်း သိရသည်။ "ဒီခွေနဲ့ပတ်သက်တဲ့သတင်းကိုတော့ခွေထွက်ခါနီး သတင်းစာရှင်းလင်းပွဲကျမှပဲအသေးစိတ်ပြောချင်ပါတယ်။ ခုတော့အရမ်းစောပါသေးတယ်" ဟု ရဲလေးကပြောသည်။

## 10 MOVIES IN AMERICA
### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Possession | Lionsgate | ၃၃,၁၆၆,၆၀၀ | ၂ |
| ၂။ | Lawless | The Weinstein | ၂၃,၅၂၅,၅၀၀ | ၂ |
| ၃။ | The Expendables 2 | Lionsgate | ၇၅,၆၁၉,၀၀၀ | ၄ |
| ၄။ | The Words | CBS Films | ၄,၇၅၀,၈၉၀ | ၁ |
| ၅။ | ParaNorman | Focus Features | ၄၅,၄၅၂,၉၀၀ | ၄ |
| ၆။ | The Bourne Legacy | Universal Pictures | ၁၀၃,၆၂၉,၀၀၀ | ၅ |
| ၇။ | The Odd Life of Timothy Green | Walt Disney Pic: | ၄၃,၀၀၇,၂၀၀ | ၄ |
| ၈။ | The Campaign | Warner Bros. Pic: | ၇၉,၃၂၀,၆၀၀ | ၅ |
| ၉။ | 2016 Obama's America | Rocky Mountain Pic: | ၂၆,၁၁၅,၇၀၀ | ၉ |
| ၁၀။ | The Dark Knight Rises | Warner Bros. Pic | ၄၃၇,၇၈၂,၀၀၀ | ၈ |

## Movie Review
### End of Watch




လော့စ်အိန်ဂျလိစ်မြို့မှ လူငယ်ရဲအရာရှိများဖြစ်သော တေလာနှင့် ဇာဗာလာတို့သည် မြို့၏ အဆိုးဆုံး၊ အရမ်းကားဆုံး လမ်းများပေါ် ကင်းလှည့်သွားကြသည်။ ရဲများ၏ တရားဥပဒေစိုးမိုးရေး၊ ဒုစရိုက်နှိမ်နင်းရေးလုပ်ငန်းများကို ရဲအရာရှိများ၏ လက်ကိုင်ဗီဒီယိုကင်မရာများမှတစ်ဆင့် တွေ့မြင်ရပြီး လူဆိုးဂိုဏ်းအဖွဲ့ဝင်များ၊ လုံခြုံရေးကင်မရာများနှင့် ပစ်ခတ်မှုများကြားတွင် ပိတ်မိနေသူများ၏ ဗီဒီယိုများမှ တွေ့မြင်ရသော ပုံရိပ်များဖြင့် လော့စ်အိန်ဂျလိစ်မြို့၏ အဆိုးဆုံးလမ်းများ၊ ရဲတပ်ဖွဲ့ များ၏ စွန့်လွှတ်အနစ်နာခံပေးဆပ်ရမှုများကို တွေ့မြင်ရသည်။

ဒါရိုက်တာ David Ayer ရိုက်ကူးထားသောဒရာမာဇာတ်ကားတွင် Jake Gyllenhaal, Michael Pena, Anna Kendrick, Natalie တို့ပါဝင်သရုပ်ဆောင်ထားသည်။ စက်တင်ဘာလ ၂၁ တွင် Open Road Films က ဖြန့်ချိမည်ဖြစ်သည်။

Vol.11, No.28 • SEPTEMBER 20 , 2012

# မျိုးဆက်သစ် တိုက်စစ်မှူးများ အလိုရှိသည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ သုံးရာသီဆက်တိုက် ဂိုးသွင်းဘုရင်ဆုများကို နိုင်ငံခြားသားကစားသမားများက လွှမ်းမိုးထားပြီးနောက် နေရာမရသော ပြည်တွင်းတိုက်စစ်မှူးများ၏ တိုးတက်မှုအပေါ် စိုးရိမ်မိကြောင်း အားကစားကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပြီးဆုံးသွားချိန်တွင် နိုင်ငံခြားသား ကစားသမားတစ်ဦးဖြစ်သည့် ဇေယျာရွှေမြေတိုက်စစ်မှူး ဆာဆာက သွင်းဂိုး ၂၀ ဖြင့် ဂိုးအများဆုံးသွင်းယူခဲ့ သည်။ ၂၀၀၉ခုနှစ်က စတင်ခဲ့သော ယင်းပြိုင်ပွဲတစ်လျှောက်တွင် ပထမဦးဆုံးနှစ်၌သာ ကမ္ဘောဇတိုက်စစ်မှူး စိုးမင်းဦးက ဂိုးသွင်းဘုရင်ဆုရရှိခဲ့ပြီး နောက်ပိုင်းနှစ်များတွင် နိုင်ငံခြားသား ကစားသမားများကသာ ပြိုင်ပွဲတစ်လျှောက် ဂိုးအများဆုံးသွင်းယူထားခဲ့သည်။

ကလပ်အသင်းများ၏ နိုင်ပွဲရရှိရန် ကြိုးစားမှုများက ခြေစွမ်းနိမ့်နေသော မြန်မာကစားသမားများထက် နိုင်ငံခြားသား ကစားသမားများကို ပိုမိုနေရာပေးလာခဲ့ပြီး လက်ရှိ မြန်မာလိဂ်အသင်း ၁၄ သင်းတွင် ၁၀ သင်းဝန်းကျင်ခန့်က နိုင်ငံခြားသား တိုက်စစ်မှူးများကိုအသုံးပြုနေကြသည်။

"မြန်မာဘောလုံးသမားတွေကလည်း ကြိုးစားဖို့လိုတယ်။ ကလပ်အသင်းတွေကလည်းပြည်တွင်းတိုက်စစ်ကစားသမားတွေကို နေရာပေးဖို့လိုမယ်။ မြန်မာ့ဘောလုံးကို ပရိုစနစ်ပြောင်းလိုက်တာက မြန်မာ့ဘောလုံးအဆင့်အတန်း တိုးတက်ချင်လို့လုပ်တာကိုး။ အဲဒီလိုဖြစ်ဖို့က မြန်မာဘောလုံးသမားတွေ တိုးတက်မှဖြစ်မှာလေ။ ဒါကြောင့် အဘတို့ကတော့ မြန်မာဘောလုံးသမားတွေ ပိုကစားခွင့်ရစေချင်တယ်"ဟု ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး(ပျဉ်းမနား)ကပြောသည်။

မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများတွင် မြန်မာ့လက်ရွေးစင်အသင်းအား ပံ့ပိုးနိုင်ရန် ရည်ရွယ်ချက် ထားရှိခဲ့သော ကမ္ဘောဇအသင်းပင် ယခုနှစ် ဘောလုံးရာသီတွင် ပြည်တွင်းအားကစားသမားများကိုသာ အသုံးပြုနေသည့်မူဝါဒအား ပယ်ဖျက်ကာ နိုင်ငံခြားသား ကစားသမားများနှင့် နည်းပြများကိုခေါ်ယူခဲ့သည်။ ထို့ကြောင့်လည်း ကမ္ဘောဇအသင်းသည် ယခုနှစ်တွင် နောက်ဆုံးပွဲစဉ်အထိ ချန်ပီယံဆုအတွက် ရင်ခုန်နိုင်ခဲ့ပြီး ဒုတိယနေရာကိုရရှိခဲ့သည်။ သို့သော် ကမ္ဘောဇအသင်းမှ နိုင်ငံခြားသား တိုက်စစ်မှူးများနှင့်အပြိုင် ပြည်တွင်းအားကစားသမားတစ်ဦးဖြစ်သည့် စိုးမင်းဦးသည်လည်း အပြိုင်ခြေစွမ်းပြသနိုင်ခဲ့ပြီး ၁၃ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

၂၀၁၂ ဘောလုံးရာသီ၏ ဂိုးအများဆုံးသွင်းသူ ၁၀ ဦးစာရင်းတွင် စိုးမင်းဦးနှင့် ရန်ပိုင်(ရတနာပုံ)နှစ်ဦးသာ ပါဝင်ခဲ့ပြီး ကျန်ကစားသမားများမှာနိုင်ငံခြားသား ကစားသမားများသာဖြစ်သည်။

"ကျွန်တော်တို့ဆီမှာက နောက်တက်လာတဲ့လူငယ်တွေကအရမ်းအားနည်းတော့ နိုင်ငံခြားသား ကစားသမားတွေက နေရာပိုရနေတာပါ။ ပြည်တွင်းကစားသမားတွေအနေနဲ့လည်း ပိုကြိုးစားဖို့လိုအပ်မှာပါ။ ကြံ့ခိုင်မှုအပိုင်း၊ စိတ်ဓာတ်ပိုင်း၊ နည်းစနစ်ပိုင်းတွေအပြင် ဆရာကောင်းတွေလည်း လိုမှာပါ"ဟု ရက္ခပူရယူနိုက်တက်အသင်းနည်းပြအဖွဲ့ဝင်တစ်ဦးဖြစ်သည့်ဦးအောင်နိုင်ကဆိုသည်။

သို့သော် နိုင်ငံခြားသား ကစားသမားများနှင့်အတူ ယှဉ်ပြိုင်ကစားရသည့်အတွက် ပြည်တွင်းကစားသမားများအနေဖြင့်လည်း အကျိုးဖြစ်ထွန်းမှုရှိကြောင်းနှင့် မြန်မာအားကစားသမားများ အနေဖြင့် မိမိ ကစားခွင့်နေရာအတွက် တိုက်ပွဲဝင်စိတ်ဖြင့် ကြိုးစားကစားရန် လိုမည်ဖြစ်ကြောင်းလည်း အားကစားလေ့လာသူများကသုံးသပ်သည်။

"မြန်မာအားကစားသမားတွေအနေနဲ့ ပြည်ပက ဘောလုံးသမားတွေရဲ့ ပရိုစိတ်နဲ့ ပြုမူကြိုးစားလေ့ကျင့်ပုံတွေကို အတုယူသင့်ပါတယ်။ အများစု တွေ့တာကတော့ နိုင်ငံခြားကစားသမားတွေရဲ့ အဝတ်အစား၊ ဆံပင်ပုံစံလုပ်ပုံတွေကိုလိုက်အတုယူနေကြတာတွေ့ရတယ်"ဟုပရိသတ်တစ်ဦးကပြောသည်။

"ကစားသမားတစ်ဦးအနေနဲ့ ခံယူချက်ပေါ့။ ဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ်လည်း ရှိရမယ်။ ကိုယ်ကိုယ်တိုင်က အမြဲကြိုးစားအားထုတ်မှု လုပ်နေဖို့လိုမယ်။ ကိုယ့်အသင်းမှာရှိတဲ့ နိုင်ငံခြားသား ကစားသမားတွေထက် ဘယ်လိုပိုကောင်းအောင်ကြိုးစားနေမယ်ဆိုတဲ့စိတ် ဖြစ်နေရမယ်။ နောက်လာမယ့်ပြိုင်ပွဲတွေမှာ ပွဲထွက်ခွင့်ရဖို့နဲ့ကိုယ့်အရည်အချင်းကို ဘယ်လိုတိုးတက်အောင် ကြိုးစားမလဲဆိုတာ အမြဲစဉ်းစားနေရမယ်"ဟု မြန်မာ့လက်ရွေးစင် တိုက်စစ်မှူးဟောင်းဦးမျိုးလှိုင်ဝင်း (ယခု နေပြည်တော်အသင်းအုပ်ချုပ်သူ)ကပြောသည်။

သွင်းဂိုးအနည်းအများအရ ပြည်တွင်းတိုက်စစ်မှူးများ၏ စွမ်းဆောင်ရည်အား နှိုင်းယှဉ်သုံးသပ်မှုပြုထားသော်လည်း ယခုနှစ် ဘောလုံးရာသီတွင် လအလိုက် အကောင်းဆုံးဆုများကို စတင်ချီးမြှင့်ခဲ့ရာတွင် နိုင်ငံခြားသားကစားသမားများကသာ အများဆုံးရယူထားခဲ့ပြီး အခြားနေရာများတွင်လည်း ပြည်တွင်းအားကစားသမားများအနေဖြင့် နိုင်ငံခြားသားကစားသမားများကို အသာရယူနိုင်ခြင်းမရှိပေ။

လအလိုက် အကောင်းဆုံးဆုများကို ယခုနှစ် ဘောလုံးရာသီတွင်ငါးကြိမ်ချီးမြှင့်ခဲ့ပြီး အကောင်းဆုံးနည်းပြဆုများကိုနိုင်ငံခြားသား နည်းပြများက သုံးကြိမ်နှင့် ပြည်တွင်းနည်းပြများက နှစ်ကြိမ်ရရှိခဲ့သည်။ အကောင်းဆုံးအားကစားသမားဆုငါးကြိမ်တွင်လည်း နိုင်ငံခြားကစားသမားများက လေးကြိမ်နှင့် မြန်မာကစားသမား ရန်ပိုင်က တစ်ကြိမ်ရရှိခဲ့သည်။ ယခုနှစ် ဘောလုံးရာသီ၏ လအလိုက် အကောင်းဆုံးဆုများကို နိုင်ငံခြားသားနည်းပြနှင့် ကစားသမားများသာ လွှမ်းမိုးခဲ့သည်။

## မွေထိုင်းချန်ပီယံနှင့် လုံးချော သရေကျ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊စက်တင်ဘာ-၁၆**

နယူးဇီလန် မွေထိုင်းချန်ပီယံ Erua Druce နှင့် မြန်မာပြည် ချန်ပီယံဟောင်း လုံးချောတို့၏ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် အနိုင်အရှုံးအဖြေမပေါ်ခဲ့ဘဲ သရေရလဒ်သာ ပေါ်ထွက်ခဲ့သည်။

ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မူလက အရှေ့အာဖရိကချန်ပီယံ ယူဂန္ဓာနိုင်ငံသား အူမာနှင့် တွေ့မရှောင်(မြန်မာ)တို့၏ပွဲစဉ်ပါဝင်ခဲ့သော်လည်း အူမာသည် ထိုင်းနိုင်ငံတွင် ယာဉ်မတော်တဆမှုဖြစ်ကာ အချိန်မီလာရောက်နိုင်ခြင်း မရှိသောကြောင့် ၎င်းနေရာတွင် ထွန်းထွန်းနှင့်အစားထိုး ယှဉ်ပြိုင်ခဲ့ရသည်။

မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့် Erua Druce သည် အတွေ့အကြုံ အလွန်ရှိသူတစ်ဦးဖြစ်ကြောင်းနှင့် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ကြောင်း လုံးချောက ပွဲအပြီးတွင် ပြောသည်။ ညွှန့်သည် မွေထိုင်းချန်ပီယံသည် ပွဲစဉ်တစ်လျှောက်လုံး တည်ငြိမ်စွာဖြင့် ယှဉ်ပြိုင်ခဲ့ပြီး လုံးချောကိုဖိအားပေးနိုင်ခဲ့သည်။

အခြားပွဲစဉ်များတွင် တွေ့မရှောင်က ထွန်းထွန်းကို နှစ်ချီတွင် အလဲထိုးဖြင့် အနိုင်ယူခဲ့ပြီး ရဲရင့်က ကြယ်စင်ဖြိုးကိုလည်းကောင်း၊ ထက်အောင်ဦးက စောဂေါ်မူတိုကိုလည်းကောင်း အလဲထိုးများဖြင့် အနိုင်ရရှိခဲ့သည်။ ကျန်ပွဲစဉ်များဖြစ်သည့် အားမာန်နှင့်ကြယ်လေး၊ ရွှေဖလားနှင့် လှစ်လှစ်လေး၊ လေးညို့ရှင်နှင့် စိုးထက်ဦး၊ သားသားနှင့် စောအုန်းမြင့်တို့ ပွဲစဉ်များမှာ သရေပွဲစဉ်များအဖြစ်သာ အဆုံးသတ်ခဲ့သည်။

မူလစီစဉ်ထားသည့် နိုင်ငံခြားသား လက်ဝှေ့သမားတစ်ဦး လာရောက် ယှဉ်ပြိုင်နိုင်ခြင်း မရှိသော်လည်း ပရိသတ်များအနေဖြင့် သိမ်ဖြူအားကစားရုံပြည့်နီးပါး လာရောက်အားပေးခဲ့ကြသည်။



နယူးဇီလန် မွေထိုင်းချန်ပီယံနှင့် လုံးချော အကြိတ်အနယ်ထိုးသတ်စဉ်
ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

ဝိဗဝတီ
နိုင်ငံတကာအဆင့်မီဆေးရုံကြီး၊
ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့
Happy Healthy
အရိုးအဆစ် နှင့် ကြောရိုး အာရုံကြောမကြီး အထူးကုဌာန၊
အစာအိမ်၊ အူလမ်းကြောင်း နှင့် အသည်း၊ သည်းခြေအိတ်ဆိုင်ရာအထူးကုဌာန၊
သားဖွားနှင့်မီးယပ်ဆိုင်ရာ အဏုစိတ်မှန်ပြောင်းသုံး အထူးကုသမှုဌာန၊
သားသမီး ရရှိရေး ဆိုင်ရာ အထူးကုဌာန (IVF)၊
အလှအပရေးရာခွဲစိတ်ပြုပြင်ခြင်းဌာန၊ စသည့်အကျော်ကြားဆုံးဌာနများအပါအဝင်ဌာနပေါင်း(၄၆)ဌာန။
Vibhavadi HOSPITAL
ဝိဗဝတီ ဆေးရုံကြီး မြန်မာပြည်ရုံးချုပ် (ရန်ကုန်မြို့)
အမှတ် (၂၁၄- ပထပ်-ညာ)၊ ဝေဇယန္တာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ။
Hot Line - ၀၉-၂၀၁၁-၇၇၂၊ ၀၉-၇၃၁-၆၅၀၄၅ Phone: ၀၉-၇၃၁-၃၈၀၅၃၊ ၀၉-၈၆၂၅၀-၈၆။
Email: vibhavadimyanmar@gmail.com, www.vibhavadimyanmar.com
မြစ်ကြီးနားမြို့ တာဝန်ခံ
မနီလာကျော်
Ph: ၀၉-၂၄၀-၂၁၄၃

# ဆူဇူကီးခြေစစ်ပွဲတွင် ပြိုင်ဘက်များကို အထင်မသေးရန် ပတ်ဆောင်ဟွာ သတိပေး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊စက်တင်ဘာ-၁၄**

၂၀၁၂ ဆူဇူကီးဖလားခြေစစ်ပွဲတွင်မြန်မာအသင်းအနေဖြင့်ပြိုင်ဘက်အသင်းများကိုအလွယ်တကူအနိုင်ရရှိရန် မျှော်လင့်မထားသင့်ကြောင်း မြန်မာအသင်း နည်းပြချုပ် ပတ်ဆောင်ဟွာက ပြောကြားသည်။

"အားလုံးက ခြေစစ်ပွဲစဉ်ကို အလွယ်တကူ ကျော်ဖြတ်နိုင်မယ်လို့ ထင်နေကြပါတယ်။ ဘယ်လိုကြောင့် ထင်တာလဲ။ နောက်ပိုင်းပွဲစဉ်တွေမှာ ပြန်ကြည့်ရင် မြန်မာ့လက်ရွေးစင် အသင်းအနေနဲ့ပြိုင်ဘက်အသင်းတွေကို လွယ်လွယ်ကူကူနိုင်ခဲ့ဖူးတာ ရှိခဲ့လားဆိုတာ ပြန်သုံးသပ်ကြည့်နိုင်ပါတယ်"ဟု ပတ်ဆောင်ဟွာက ယခုလ ၁၄ ရက်တွင်ပြောသည်။

အာဆီယံဒေသတွင်းအဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၂ ဆူဇူကီးဖလား ခြေစစ်ပွဲစဉ်ကို လာမည့်အောက်တိုဘာလ ၅ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့တွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၀ ပြိုင်ပွဲတွင် အုပ်စုအောက်ဆုံး၌ ရပ်တည်ခဲ့သော မြန်မာအသင်းသည် ခြေစစ်ပွဲအဆင့်မှ စတင်ဝင်ရောက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ခြေစစ်ပွဲအဆင့်တွင် မြန်မာအသင်းထက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ပိုနိမ့်ကျသော လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ တီမောအသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း အလွယ်တကူ အနိုင်ရရှိရန် မျှော်လင့်မထားရန် မြန်မာအသင်းနည်းပြချုပ်က ပြောကြားခြင်းဖြစ်သည်။

ထို့အပြင် လိဂ်ပြိုင်ပွဲပြီးဆုံးသွားချိန်တွင် ကစားသမားများအနေဖြင့် လျှော့ချလိုက်သော စိတ်ကို အသစ်ပြန်မွေးနိုင်ရန် ကြိုးစားနေကြောင်း လေ့ကျင့်ချိန်ငါးရက်ဝန်းကျင်သာရှိသေးသည့် အသင်းအနေအထားပေါ်တွင် လက်ရှိအဓိက လုပ်ဆောင်နေပုံကိုငင်းက ပြောသည်။

"ပြည်တွင်းလိဂ်ပြိုင်ပွဲက စက် တင်ဘာ ၉ ရက်မှာပြီးတယ်။ နောက်တစ်ရက်ခြားပြီး စင်ကာပူအသင်းနဲ့ခြေစမ်းပွဲကစားရတယ်။ အဲဒီလိုမျိုး ပွဲစဉ်ရေးဆွဲမှုမျိုးတော့ ဘယ်နိုင်ငံမှာမှမရှိလောက်ဖူးထင်တယ်။ လက်ရှိ အခြေအနေမှာတော့ လိဂ်ပြိုင်ပွဲပြီးဆုံးချိန်မှာ လျှော့ချလိုက်တဲ့ ကစားသမားတွေရဲ့ စိတ်တွေ ပြန်လည်မြင့်တက်လာအောင် ကြိုးစားပြီး လုပ်ဆောင်နေပါတယ်"ဟု မြန်မာအသင်းနည်းပြချုပ်က ဆိုသည်။

ထို့အပြင် ခြေစစ်ပွဲအဆင့်တွင် ရင်ဆိုင်ရမည့် ပြိုင်ပွဲဝင်အသင်းများနှင့်ပတ်သက်၍ မည်သည့်အချက်အလက်မျှ မသိရှိရသေးကြောင်းနှင့်ဖြစ်နိုင်ပါကပြိုင်ဘက်အသင်းများ၏ပွဲအနိုင်အရှုံးရလဒ်ထက် ယှဉ်ပြိုင်ကစားပုံ အနည်းဆုံး ဗီဒီယိုဖိုင်ရရှိမှသာ ကြိုတင်ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အဖွဲ့ချုပ်မှလည်း ပြုလုပ်ပေးခြင်း မရှိသေးကြောင်း ပတ်ဆောင်ဟွာက ပြောသည်။

"ခုအချိန်မှာ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတွေက လိဂ်ပြိုင်ပွဲတွေနားထားပြီး လေ့ကျင့်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။ မြန်မာအသင်းကတော့ စုစည်းလေ့ကျင့်ချိန် အားနည်းနေတဲ့အတွက် ခြေစစ်ပွဲက အခက်အခဲရှိလာမလားဆိုတာစိုးရိမ်မိပါတယ်" ဟု မြန်မာအသင်းနည်းပြချုပ်က ဆိုသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားခြေစစ်ပွဲ မတိုင်မီ စက်တင်ဘာလ ၁၇ ရက်မှ ၂၈ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်၍ ဂျပန်ကလပ်အသင်းများနှင့် ခြေစမ်းပွဲများ သွားရောက်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်းက အိုမန်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ပြည်ပအသင်းများနှင့် ယှဉ်ပြိုင်ကစားနိုင်ခြင်း မရှိဘဲ ကမ္ဘာ့အဆင့်သတ်မှတ်ချက်သည် လည်းဆက်တိုက်ကျဆင်းခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၁၁ ရက်က ၂၀၁၂ ခုနှစ်၏ ပထမဆုံးသော ပြည်ပအသင်းနှင့် ခြေစမ်းပွဲအဖြစ် စင်ကာပူအသင်းနှင့် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ဆူဇူကီးဖလားပြိုင်ပွဲ တစ်လျှောက်တွင်မြန်မာအသင်းသည် အမြင့်ဆုံး အောင်မြင်မှုအဖြစ် ၂၀၀၄ ခုနှစ်က အကြိုဗိုလ်လုပွဲသို့ တစ်ကြိမ်တက်ရောက်ခဲ့ဖူးသည်။




# နယ်ကွင်းများတွင်ပါ ရှုံးထွက်ဖလားပွဲစဉ်များ ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

၂၀၁၂ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရှုံးထွက်ဖလား MFF Digicel Cup ပွဲစဉ်များကိုနယ်ကွင်းများတွင်ပါ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ယခင်နှစ်များက အဆိုပါပြိုင်ပွဲကိုရန်ကုန်မြို့တွင်သာလက်ခံကျင်းပခဲ့သော်လည်း ယခုနှစ်တွင်မူပရိသတ်များပိုမိုစိတ်ဝင်စားအားပေးနိုင်ရန်ရည်ရွယ်၍ နယ်ကွင်းများတွင်ပါ လက်ခံကျင်းပခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးကဆိုသည်။ ၂၀၁၂ ရှုံးထွက်ဖလားပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်း ၁၄ သင်းနှင့် အပျော်တမ်းကလပ်အသင်း ချန်ပီယံ ACE အသင်း၊ အပျော်တမ်းပြိုင်ပွဲ ဒုတိယရရှိခဲ့သည့် ကာကွယ်ရေးအသင်းတို့ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲ၏(၁၆)သင်းအဆင့် ရှုံးထွက်ပွဲစဉ်ကို အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိကျင်းပမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်၊ ကမ္ဘောဇအသင်းနှင့် ရတနာပုံအသင်းတို့က အိမ်ကွင်းပွဲစဉ်များကို လက်ခံကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ပွဲစဉ်ဇယားရေးဆွဲပွဲကို ယခုလ ၁၄ ရက်က ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ရာ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်နှင့် မကွေးအသင်း၊ ကမ္ဘောဇအသင်းနှင့် ချင်းယူနိုက်တက်၊ ရတနာပုံအသင်းနှင့် မနော‌မြေအသင်း၊ ရက္ခပူရယူနိုက်တက်နှင့် ဇွဲကပင်အသင်း၊ ဇေယျာရွှေမြေအသင်းနှင့်မောရဝတီအသင်း၊ဟံသာဝတီယူနိုက်တက်နှင့်ဆောက်သမ်းမြန်မာ၊ရောဝတီယူနိုက်တက်နှင့်ကာကွယ်ရေး၊ နေပြည်တော်အသင်းနှင့် ACE အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ယှဉ်ပြိုင်ရန် စီစဉ်နေသည်။ ရှုံးထွက်ဖလားပြိုင်ပွဲ၏ ၂၀၁၁ လက်ရှိချန်ပီယံအသင်းမှာ ရန်ကုန်ယူနိုက်တက်အသင်းဖြစ်ပြီး ၂၀၁၀ ချန်ပီယံအသင်းမှာ ဟံသာဝတီယူနိုက်တက်အသင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

# လီဗာပူး-မန်ယူ၊ ပါးမား-ဖီရင်အိုတီးနား၊ ဗယ်လီကာနို-ရီးရဲလ် အားလုံးအနိုင်ကစားရမယ့် ဥရောပထိပ်သီးလိဂ် သုံးခုပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ်ကစားမယ့်ဥရောပထိပ်သီးလိဂ်သုံးခုမှာတော့ မြန်မာပရိသတ်တို့အကြိုက် ပရီးမီးယားလိဂ်မှာလီဗာပူး-မန်ယူ၊ မန်စီးတီး-အာဆင်နယ်၊ စပါး-ကျူပီအာ လန်ဒန်ဒါဘီပွဲစဉ်တွေ ပါဝင်နေပါတယ်။ စီးရီးအေပွဲစဉ်တွေထဲမှာတော့ အဝေးကွင်းမှာ ယှဉ်ပြိုင်ရမယ့် ရိုးမား၊ အေစီမီလန်တို့ရဲ့ ပွဲစဉ်တွေ၊ လာလီဂါမှာတော့ ဇယားထိပ်က ဘာစီလိုနာ၊ မာယော်ကာတို့ရဲ့ အိမ်ကွင်းပွဲတွေအပြင် ဗယ်လီကာနိုနဲ့ အဝေးကွင်းနိုင်ပွဲရှာရမယ့် ရီးရဲလ်မက်ဒရစ်တို့ရဲ့ ပွဲစဉ်တွေကို ရွေးချယ်ခန့်မှန်းပေးလိုက်ပါတယ်။

**ပရီးမီးယားလိဂ်**

**စက်တင်ဘာ ၂၂၊ စနေ။**

**ချယ်လ်ဆီး - စတုတ်စီးတီး**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် - ၁-၀**

ချယ်လ်ဆီးဟာ စတုတ်နဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ အိမ်ကွင်းပွဲတစ်ကြိမ်သာ နိုင်ဖူးပါသေးတယ်။ ဒါ့ကြောင့် ချယ်လ်ဆီးတို့သတိထားရမယ့်ပွဲဖြစ်ပြီး ဂိုးအနည်းနဲ့သာ ကပ်နိုင်ဖို့ရှိတယ်။ နှစ်ဂိုးအထက်ရဖို့ခက်ပါမယ်။

**စက်တင်ဘာ ၂၃၊ တနင်္ဂနွေ**

**လီဗာပူး - မန်ယူ**

**(ည ၇း၀၀ နာရီ)**

**ယမန်နှစ်ရလဒ် - ၁-၁**

မန်ယူဟာ ရလဒ်ပိုင်းအရ ပြီးခဲ့တဲ့ လီဗာပူးနဲ့ အိမ်ကွင်းသုံးပွဲမှာတစ်ပွဲ သရေကျပြီး နှစ်ပွဲရှုံးထားတာ သတိထားသင့်ပါတယ်။ လီဗာပူးတို့အဖွင့်ပွဲတွေဆက်တိုက်အခြေအနေမကောင်းသေးပေမယ့် အိမ်ကွင်းမှာ မန်ယူကို ဒုက္ခပေးနိုင်တဲ့ခြေစွမ်းရှိနေပါတယ်။ အများဆုံး မန်ယူကပ်နိုင်ခြေပဲရှိတယ်။




**မန်စီးတီး - အာဆင်နယ်**

**(ည ၉း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် - ၁-၀**

လက်ရှိခြေစွမ်းအရအာဆင်နယ်တို့ အဝေးကွင်းခက်ခဲမယ့်ပွဲပါ။ မန်စီးတီးရဲ့ ရှေ့တန်းနဲ့အလယ်တန်းပိုကောင်းလာနေတာမို့ အာဆင်နယ်အဖွင့်ဂိုးစောစောပေးရဖွယ်ရှိတယ်။ မန်စီးတီးနှစ်ဂိုးလောက်ရဖို့ရှိတယ်။ အာဆင်နယ်သရေရဖို့တောင်မရှိပါဘူး။



**စပါး - ကျူပီအာ**

**(ည ၉း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် - ၃-၁**

ထိပ်သီးအသင်းကြီးတွေ တွေ့ဆုံမှု မဟုတ်ပေမယ့် လုံးဝအကြိတ်အနယ်ရှိမယ့် လန်ဒန်ဒါဘီဖြစ်ပါတယ်။ ကျူပီအာဟာ ချယ်လ်ဆီး၊ စပါး၊ အာဆင်နယ်စတဲ့မြို့ခံပြိုင်ဘက်တွေနဲ့ ရင်ဆိုင်တိုင်းအစွမ်းကုန်အားထုတ်ကစားလေ့ရှိပါတယ်။ အိမ်ကွင်းကစားပုံပိုကောင်းတာလည်း ထုံးစံပါ။ ဒါပေမဲ့ ဒီပွဲက စပါးရဲပွဲကပ်ပတ်လိန်းမှာဆိုတော့ နိုင်ခြေနည်းတယ်။ စပါးကိုဂိုးအနည်းနဲ့ပဲ ရွေးသင့်ပါတယ်။

**အီတလီစီးရီးအေ**

**စက်တင်ဘာ ၂၂၊ စနေ**

**ပါးမား - ဖီရင်အိုတီးနား**

**(ည ၁၀း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် - ၂-၂**

ရင်ဆိုင်တွေ့တိုင်း အကြိတ်အနယ်ရှိတဲ့နှစ်သင်းပါ။ နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ နှစ်ကြိမ်သရေကျပြီး ဖီရင်အိုတီးနားတစ်ကြိမ်နိုင်ထားတယ်။ ဒါပေမဲ့ တိုက်စစ်မှူး ဂျိုဗက်တစ်ဂိုးကကောင်းနေတဲ့ ဖီရင်အိုတီးနားက အဝေးကွင်းနိုင်ပွဲရနိုင်ခြေများတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ဖီရင်အိုတီးနားနိုင်မယ်။

**စက်တင်ဘာ ၂၃၊ တနင်္ဂနွေ**

**ကတ်ဂလီယာရီ - ရိုးမား**

**(ည ၇း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် - ၄-၂**

ရိုးမားဟာ မနှစ်ကနှစ်ကျော့စလုံးကတ်ဂလီယာရီကို ရှုံးခဲ့တာပါ။ ဒါပေမဲ့ လက်ရှိမှာ ရိုးမားတို့ ရလဒ်ကောင်းနေတာမို့ အိမ်ရှင်တို့ ထိန်းကစားရဖွယ်ရှိတယ်။ သရေ(သို့မဟုတ်) ကတ်ဂလီယာရီကပ်နိုင်သွားနိုင်တယ်။

**အူဒီးနီးစ် - မီလန်**

**(ည ၇း၀၀ နာရီ)**

**ယမန်နှစ်ရလဒ် - ၁-၂**

ရင်ဆိုင်တွေ့တိုင်း သရေကျလေ့ရှိတဲ့နှစ်သင်းဖြစ်တယ်။ အူဒီးနီးစ်တို့ အဖွင့်နှစ်ပွဲဆက်တိုက် ရှုံးခဲ့ပေမယ့် မီလန်ကို ဖိကစားနိုင်ပါတယ်။ မီလန်ကပ်နိုင်ဖို့ပဲ ရှိပြီး နှစ်သင်းပေါင်းသွင်းဂိုးနည်းနိုင်တယ်။

**စပိန်လာလီဂါ**

**စက်တင်ဘာ ၂၃၊ တနင်္ဂနွေ**

**ဘာစီလိုနာ - ဂရင်းနေဒါ**

**(နံနက် ၂း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် - ၅-၃**

ဘာကာအတွက် အိမ်ကွင်းမှာအခက်အခဲမရှိတဲ့ပွဲပါ။ ရှုံးပွဲများနေတဲ့ ဂရင်းနေဒါတို့ ဘာစီလိုနာအိမ်ကွင်းမှာ ပေးဂိုးနည်းဖို့ကစားရပါမယ်။ ဘာကာနှစ်ဂိုးလောက်ရသွားနိုင်တယ်။

**မာယော်ကာ - ဗလန်စီယာ**

**(ညနေ ၄း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် - ၂-၂**

ယမန်နှစ်က နှစ်ကျော့စလုံးသရေကျခဲ့တဲ့ နှစ်သင်းဖြစ်တယ်။ မာယော်ကာအလယ်တန်းရောရှေ့တန်းပါလူငယ်တွေအများကြီးကစားအားအရ မားကွတ်ဇ်၊ ပီနာ၊ ပါရိုင်းရား၊ ဗစ်တာတို့စုစည်းမှုကောင်းနေတယ်။ ညွှဲသည် ဗလင်စီယာအဝေးကွင်းနိုင်ပွဲရဖို့ခက်ပါတယ်။ မာယော်ကာက အနိုင်ပါပဲ။

**စက်တင်ဘာ ၂၄၊ တနင်္လာ**

**ဗယ်လီကာနို - ရီးရဲလ်မက်ဒရစ်**

**ယမန်နှစ်ရလဒ် ၀-၁**

ရာသီအဖွင့်မှာ အခြေအနေကောင်းတဲ့ ဗယ်လီကာနိုကို ရီးရဲလ်တို့ခက်ခဲစွာကစားရကိန်းရှိပါတယ်။ ဒါပေမဲ့ မိုဒရစ်၊ ခီဒီရာ၊ အလွန်ဆို အလယ်တန်းနဲ့ ဘင်ဇီးမားကို အထောင်ထားတဲ့ တိုက်စစ်ဟာ ဒီပွဲမှာ အလုပ်ဖြစ်မှာပါ။ ရီးရဲဂိုးအနည်းနဲ့ နိုင်ခြေရှိတယ်။





## ဆီးရီးယားကိုယ်စားလှယ်သစ် ဒမတ်စကပ်စ်မြို့တွင် ဆွေးနွေးမှုများ ပြုလုပ်

**ဒမတ်စကပ်စ်၊ စက်တင်ဘာ - ၁၅**

ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်၏ ဆီးရီးယား နိုင်ငံဆိုင်ရာ ကိုယ်စားလှယ်သစ် လက်ဒါဘရာဟီမီသည် ဆီးရီးယားနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်၍ အစိုးရက ခွင့်ပြုထားသော အတိုက်အခံအဖွဲ့နှင့် တွေ့ဆုံမည်ဖြစ်သည်။

ဆီးရီးယားအထူးကိုယ်စားလှယ်သည် နောက်ပိုင်းတွင် သမ္မတဘာရှားအယ်လ်အာဆတ်နှင့်လည်းတွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ဆီးရီးယားနိုင်ငံသို့မစ္စတာဘရာဟီမီ စတင်ရောက်ရှိလာချိန်တွင် တွေ့ဆုံခဲ့သော ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်မူအာလမ်ကလည်း ၎င်း၏ ခရီးစဉ်အား ထောက်ခံကြောင်းပြောကြားသည်။

ထိုအတောအတွင်း ဘီဘီစီသတင်းဌာနနှင့် တွေ့ဆုံခဲ့သော ဆီးရီးယားကိုယ်စားလှယ်ဟောင်း မစ္စတာကိုဖီအာနန်က ဆီးရီယားပဋိပက္ခတွင်စစ်ရေးအရအဖြေမရှိကြောင်း ပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်း မငြိမ်မသက်မှုများ စတင်ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်းလူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

စက်တင်ဘာလ ၁၃ ရက်မှာပင် ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော အလက်ပိုမြို့၌ လေကြောင်းမှ တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ အလက်ပိုမြို့ အနောက်ပိုင်းနှင့် တောင်ပိုင်းဒေသအချို့တွင် တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီး ဒမတ်စကပ်စ်မြို့ ခရိုင်ဒေသအများအပြားတွင်လည်း တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

*—Ref: BBC*

## ဘဏ်လုပ်ငန်းကို တင်းကျပ်စွာထိန်းချုပ်ရေး နိုင်ငံပေါင်း ၁၀၀ ကျော်ထောက်ခံ

**ဂျီနီဗာ၊ စက်တင်ဘာ - ၁၅**

နိုင်ငံတကာ ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းအခြေခံမှုများကို အရေးပါသောအပြောင်းအလဲများ ပြုလုပ်ရေးအတွက်နိုင်ငံပေါင်း ၁၀၀ ကျော်က ထောက်ခံခဲ့ကြောင်း ဘဏ်လုပ်ငန်းများ ကြီးကြပ်ရေးဆိုင်ရာ ဘေဆယ်ကော်မတီက ပြောကြားသည်။

၂၀၀၇ ခုနှစ်တွင် စတင်ဖြစ်ပေါ်ခဲ့သော ဘဏ္ဍာရေးအကျပ်အတည်းကို သင်ခန်းစာယူ၍ ယခုပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော အခြေခံမှုများမှာ ကြီးမားသည့် တိုးတက်မှုတစ်ရပ်ဖြစ်သည်ဟု ကော်မတီ၏ ကြေညာချက်တွင် ဖော်ပြသည်။ အခြေခံမှုအဟောင်းများကိုလည်း ဘေဆယ်ကော်မတီကပင် ၂၀၀၆ ခုနှစ်တွင် ရေးဆွဲခဲ့သည်။

နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဘဏ်လုပ်ငန်းကြီးကြပ်သူများနှင့် ဗဟိုဘဏ် အရာရှိကြီးများသည် စက်တင်ဘာလ ၁၃ နှင့် ၁၄ ရက်များတွင် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ နိုင်ငံတကာကွန်ဖရင့်တစ်ရပ်ကျင်းပခဲ့ပြီး ပြောင်းလဲလိုက်သော အဓိက အခြေခံမှု ၂၉ ချက်ကို ထောက်ခံအတည်ပြုပေးခဲ့သည်။

ယခုပြောင်းလဲလိုက်သော အချက်များမှာ အန္တရာယ်စီမံခန့်ခွဲမှုအားနည်းချက်များနှင့် ဘဏ္ဍာရေးအကျပ်အတည်းမှ အခြားအားနည်းချက်များကို ဖြေရှင်းရန် ရည်ရွယ်ထားကြောင်း Bank of International Settlements က ရှင်းပြထားသည်။

ယခုပြင်ဆင်ချက်များအား ဘေဆယ်ကော်မတီ၏ အဖွဲ့ဝင်နှင့် အဖွဲ့ဝင်မဟုတ်သော နိုင်ငံများ၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် အစ္စလာမ်မစ်ဘဏ္ဍာရေးဝန်ဆောင်မှုဘုတ်အဖွဲ့မှ ဘဏ်လုပ်ငန်းကြီးကြပ်သူများ ပါဝင်သောအဖွဲ့က ပြင်ဆင်ရေးဆွဲခဲ့ကြခြင်းဖြစ်သည်ဟု ဘေဆယ်ကော်မတီက ပြောကြားသည်။

*—Ref: AFP*

## အာဖဂန်တွင် ခရီးသည်တင်ဘတ်စ်ကားနှင့် ဆီသယ်ယာဉ်တိုက်မိ၍ လူ ၅၀ ဦးသေဆုံး


**ဂါဇနီ၊ စက်တင်ဘာ - ၁၅**

အာဖဂန်နစ္စတန်နိုင်ငံ ဂါဇနီပြည်နယ်တွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် လောင်စာဆီသယ်ယာဉ်တစ်စီးတိုက်မိရာ လူ ၅၀ ဦး သေဆုံးပြီး လူပေါင်းများစွာဒဏ်ရာရခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်မှာ ဂါဇနီပြည်နယ် ဘတ်ဘန့်ခရိုင်ရှိ ကဘူးလ်မြို့တော်မှ ကန်ဒါဟာမြို့သို့သွားရာ အဝေးပြေးလမ်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆီသယ်ယာဉ်ကို မည်သည့်အဖွဲ့က ပိုင်ဆိုင်ကြောင်း မသိရသေးဟု တာဝန်ရှိသူများက ဆိုသည်။

ဂါဇနီပြည်နယ်သည် အာဖဂန်နိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းသို့ နေတိုးတပ်ဖွဲ့၏ ကုန်စည်များပို့ဆောင်ရာ အဓိကထောက်ပံ့ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။ ပြည်နယ်လက်ထောက် အုပ်ချုပ်ရေးမှူး မိုဟာမက်အလီအာမတ်ဒီက "ဒီဖြစ်ရပ်ကြောင့် ဆီသယ်ကားရော ခရီးသည်ကားပါမီးလောင်ခဲ့ပြီး လူ ၅၀ ဦးသေဆုံးကာ ခြောက်ဦးဒဏ်ရာရခဲ့ပါတယ်" ဟုပြောသည်။

ယခုယာဉ်တိုက်မှုတွင် တာလီဘန်သူပုန်များ၏ ပတ်သက်မှု ရှိ၊ မရှိမသိရသေးသော်လည်း ဂါဇနီပြည်နယ်မှာ တာလီဘန်တို့ တိုက်ခိုက်လေ့ရှိရာ နေရာတစ်ခုဖြစ်သည်။ နေတိုးတပ်ဖွဲ့များသည် အာဖဂန်နစ္စတန်တွင် ၂၀၁၄ နှစ်ကုန်အထိ တပ်စွဲပြီးနောက် လုံခြုံရေးတာဝန်များကို အာဖဂန်တပ်ဖွဲ့များထံ လွှဲပြောင်းပေးကာ ပြန် လည်ထွက်ခွာမည်ဖြစ်သည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.11, No.28 · SEPTEMBER 20 , 2012

# အမေရိကန်၏ အဆိုးရွားဆုံး မိုးခေါင်ရေရှားမှု ကာလကြာရှည်

**နီဘရက်စ်ကာ၊ စက်တင်ဘာ - ၁၇**




အမေရိကန်နိုင်ငံရှိ ၄၈ ပြည်နယ်တွင် ကြုံတွေ့နေရသော အဆိုးရွားဆုံးမိုးခေါင်ရေရှားမှု အခြေအနေများမှာ ရက်သတ္တပတ်သုံးပတ် ကြာမြင့်လာခဲ့ပြီဖြစ်ပြီး အသင့်အတင့်မှ ဆိုးဆိုးရွားရွားအခြေအနေအထိ ဖြစ်ပေါ်နိုင်ကြောင်း အမေရိကန်မိုးခေါင်ရေရှားမှုစောင့်ကြည့်ရေးဌာနကပြောကြားသည်။

အဆင့်လေးဆင့်ရှိရာ၌ အဆိုးဆုံးနံပါတ် ၄ အဆင့်ရောက်ရှိနေသော ဧရိယာမှာ ၆ ဒသမ ၂၃ ရာခိုင်နှုန်းထိ ရှိလာသည်။ ယခင်ရက်သတ္တပတ်အတွင်းက ယင်းဧရိယာမှာ ၆ ဒသမ ၁၄ ရာခိုင်နှုန်းသာရှိကြောင်း နီဘရက်စ်ကာပြည်နယ် လင်ကွန်းဒေသအခြေစိုက်စောင့်ကြည့်ရေး ဌာနကပြောသည်။

မိုးခေါင်ရေရှားမှု သတ်မှတ်ချက်အဆင့် လေးဆင့်စလုံးကို ပေါင်းလိုက်ပါက စုစုပေါင်းအမေရိကန်နိုင်ငံ၏ ဧရိယာ ၆၄ ဒသမ ၁၆ ရာခိုင်နှုန်းရှိကြောင်းနှင့် ယင်းမှာယခုနှစ်အတွင်း အကျယ်ပြန့်ဆုံးဧရိယာဖြစ်ကြောင်း စောင့်ကြည့်ရေးအဖွဲ့ကဆိုသည်။

အနောက်အလယ်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အတ္တလန်တစ်အလယ်ပိုင်းတွင် တိုးတက်မှုအနည်းငယ်ရှိကြောင်း စက်တင်ဘာလ ၁၁ ရက်အထိ တိုင်းတာချက်များအရသိရသည်။

မိုးခေါင်ရေရှားမှုကြောင့် ပြောင်းနှင့်ပဲပိစပ်ဈေးနှုန်းများ မြင့်တက်သွားစေခဲ့ပြီး မစ္စစ္စပီနှင့် အိုဟိုင်းယိုမြစ်ကြီးများတွင်လည်း ရေနည်းလာကာကုန်သဘော်သွားလာနိုင်မှုလျော့ကျ၍ ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း သိရသည်။ ကောက်ပဲသီးနှံ ထွက်ရှိမှုမှာလည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးဖြစ်လာနိုင်ကြောင်း အမေရိကန် စိုက်ပျိုးရေးဌာနက ခန့်မှန်းထားသည်။

*—Ref: Bloomberg*

# နျူလက်နက်များ အီရန်ပိုင်ဆိုင်တော့မည်ဟု အစ္စရေးဝန်ကြီးချုပ်ပြောကြား

**မော်စကို၊ စက်တင်ဘာ - ၁၇**

အီရန်နိုင်ငံသည် ရှေ့လာမည့် ခြောက်လ၊ ခုနစ်လအတွင်း နျူကလီးယားလက်နက်များ ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း NBC ရုပ်သံနှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုက ပြောကြားသည်။

"သူတို့ဟာ နောက်ဆုံးကိုက် ၂၀ ကိုရောက်နေပါပြီ။ သူတို့ကို နောက်ဆုံးဂိုးစည်းထဲ ကျော်ခွင့်ပြုလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မယုံကြည်နိုင်လောက်တဲ့ နောက်ဆက်တွဲအကျိုးဆက်တွေ ရှိလာမှာကြောင့် ဖြစ်ပါတယ်" ဟု နေတန်ညာဟုက ပြောသည်။

အီရန်၏ နျူကလီးယားလက်နက်များသည် အရှေ့အလယ်ပိုင်း အခြေအနေများကို တည်ငြိမ်မှုရှိစေနိုင်သည်ဟူသော ပြောဆိုမှုများကိုလည်း သဘောမတူကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောကြားပြီး ယင်းသို့ ချဉ်းကပ်ခြင်းမှာ လူသားတို့၏ နံ့အမှုစံနှုန်းသစ်တစ်ရပ်ပင်ဖြစ်သည်ဟု ၎င်းကပြောကြားသည်။

အီရန်သည် အရပ်ဘက်နျူကလီးယား စီမံကိန်းဟန်ဆောင်၍ နျူလက်နက်အစီအစဉ်တစ်ရပ် လုပ်ဆောင်နေသည်ဟု အစ္စရေး၊ အမေရိကန်နှင့် အချို့သောအနောက်နိုင်ငံများက သံသယရှိနေကြသည်။ အီရန်ကမူ ယင်းစွပ်စွဲမှုများကို ငြင်းဆိုထားပြီး နျူအစီအစဉ်အတွက် ငြိမ်းချမ်းသောရည်မှန်းချက်များသာရှိသည်ဟု ပြောကြားသည်။

အီရန်နိုင်ငံသည် ယခုလောလောဆယ်တွင် အနောက်နိုင်ငံများကထောက်ခံသော ပိတ်ဆို့တားဆီးမှုများအပါအဝင် ဥရောပသမဂ္ဂ၏ရေနံတင်ပို့မှု ပိတ်ပင်ခြင်းကိုလည်းရင်ဆိုင်နေရသည်။

*—Ref: RiaNovosti*

7DAY SHOPPING GUIDE JOURNAL
ဂုဏ်ရက် ဈေးဝယ်လမ်းညွှန်ဂျာနယ်
www.7dayshoppingguide.com
7 Day Shopping Guide journal
အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 512887, 513515~9, Fax: 513519,
Email: editor@7dayshoppingguide.com

CLASSIFIED အခမဲ့ကြော်ငြာကဏ္ဍကို အကျိုးရှိရှိ တင်ဆက်လိုပါသဖြင့် မိမိအိမ်တွင် အပိုဖြစ်၍ရောင်းချလိုသော လျှပ်စစ်ပစ္စည်း၊ အိမ်သုံးပစ္စည်းများအား ဓာတ်ပုံရိုက်၍ ပစ္စည်းအခြေအနေ၊ အသုံးဝင်ပုံ၊ ရောင်းချလိုသောဈေးနှုန်းနှင့် ဆက်သွယ်ရန်လိပ်စာသို့မဟုတ် ဖုန်းနံပါတ်များ ဖော်ပြ၍ ပေးပို့နိုင်ပါသည်။ ထို့ပြင် တန်ဖိုးကြီးပစ္စည်းများဖြစ်သော ယာဉ်/စက်၊ မြေနှင့် တိုက်တာတို့ကိုလည်း ဓာတ်ပုံရိုက်ပြီး အကြောင်းအရာပြည့်စုံစွာ ဖော်ပြ၍ ပေးပို့နိုင်ပါသည်။ ရောင်းလိုသော ပစ္စည်းသာမက ဝယ်လိုသောပစ္စည်း၊ ငှားလိုသောပစ္စည်း၊ အလဲအထပ်လုပ်လိုသော ပစ္စည်းများရှိလျှင်လည်း အခမဲ့အကျိုးဆောင်သောအားဖြင့် ဖော်ပြပေးပါမည်။ ထို့သို့ ဆောင်ရွက်ပေးခြင်းကြောင့် မိမိတို့အိမ်တွင် အပိုဖြစ်၍ ရောင်ထိုးထားရသောပစ္စည်း၊ သိမ်းဆည်းရန်ခက်ခဲသောပစ္စည်းတို့သည် လိုအပ်နေသူများလက်သို့ အဝိုးနှုန်းချိုသာစွာဖြင့် ရောက်ရှိနိုင်သည်။ မော်ဒယ်အသစ်၊ ပစ္စည်းအသစ် ပြောင်းလဲကိုင်ချင်သူများအတွက်လည်း မော်ဒယ်အဟောင်း၊ ပစ္စည်းအဟောင်းကိုပြန်လည် ရောင်းချရန် အဆက်အသွယ်ရရှိနိုင်ပါသည်။ လက်ရှိသုံးနေသောပစ္စည်းကို အခြားပစ္စည်းတစ်မျိုးနှင့် အလဲအထပ်လုပ်လိုသူများအတွက်လည်း လွယ်ကူစွာချိတ်ဆက်နိုင်ပါလိမ့်မည်။ ထို့ကြောင့် စိတ်ဝင်စားလျှင် 7Day Shopping Guide ဂျာနယ်သို့ ဆက်သွယ်ပေးပို့နိုင်သည်။ အပတ်စဉ် တနင်္လာနေ့ ညနေအရောက် ပေးပို့လျှင် သောကြာနေ့ဂျာနယ်ထွက်သည့်အခါ ပါရှိလာပါမည်။ ထို့အတွက် ငွေကြေး တစ်စုံတစ်ရာ ပေးစရာမလိုပါ။ သို့သော် ဓာတ်ပုံနှင့်အချက်အလက်မစုံလင်သော ပစ္စည်းများကိုမူ ဝမ်းနည်းစွာဖြင့် ချန်လှပ်ထားမည်ဖြစ်ကြောင်း ပန်ကြားအပ်ပါသည်။

တစ်ကျပ်မကုန် အာမခံ(၃)နှစ်အပြည့်+စိတ်ချမ်းသာမှုပေးမည့် ငွေရေစက်မှာ MNZ
အချိန်ကုန် ငွေလျော့ သက်သာပြီး အကြမ်းခံ၍ အဟောင်းအနွမ်းဆိုဒ်စုံ ရေတွက်နိုင်မည့် ငွေရေစက်မှာ MNZ
လွန်ခဲ့သည့် ၁၀နှစ်မှပဲဝယ်ဝယ် ပြုတ်ကျပြီးပဲ ကွဲထားထား တစ်ကျပ်မျှပေးရန် မလိုသည့် ငွေရေစက်မှာ MNZ
စက်အမျိုးပေါင်း ၂၀ ကျော်ရှိပြီး စက်တန်ဖိုးအား
"တစ်ကျပ်မကုန် အာမခံရက် ၁၀၉၅ ရက်"
နှင့်စားကြည့်ပါက တန်လွန်းမကတန်ပြီး ထွက်ခြေကိုက် စိတ်ချမ်းသာစေမည့် ငွေရေစက်မှာ MNZ
PORTABLE
FLOOR STANDING
CURRENCY DETECTOR
Marketing 01-8619079
MNZ Showroom
» ၁၂၅ (C)၊ အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ယုဇနဟိုတယ်ရှေ့၊ ဖုန်း - 01-860 3121
» (9,10) A၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ဖုန်း - 01-205 789, 01-86000 40
» G (16-17)၊ ၈၂လမ်း၊ ၂၆ နှင့် ၂၇ လမ်းကြား၊ မန္တလေး။ ဖုန်း - 02-65432
» ရ(၂၉-၃၀-၅၅-၅၆)၊ မြို့မဈေး၊ နေပြည်တော်။ ဖုန်း - 067-420399

C'CARE
၂၀၀၀ ကျပ်နှင့်အထက် C'CARE ပစ္စည်း(၁)ဘူး ဝယ်ရုံနဲ့
ငွေကျပ် တစ်သန်း(၁,၀၀၀,၀၀၀) ရနိုင်မည့် အခွင့်အရေး
ကံစမ်းမဲကာလ (၂၀၁၂ ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ နှင့် အောက်တိုဘာလ)

ဩဂုတ်လအတွက် အပိုဆုပေါက်မဲများ

| ကံစမ်းမဲအမှတ် | သုံးစွဲသူအမည် (မှတ်ပုံတင်အမှတ်)၊ မြို့။ | ဝယ်ယူသည့်ဆိုင်အမည်၊ မြို့။ |
|---|---|---|
| 07420 | ဒေါ်မြင့်နိုင် (၅/တဆန(နိုင်) ၀၇၉၄၃၉)၊ မန္တလေး။ | Ocean Super Center ၊ မန္တလေး။ |
| 22392 | ဒေါ်စုစုခိုင် (၉/မနမ(နိုင်) ၀၅၀၀၀၇)၊ ရန်ကုန်။ | City Mart (အောင်ဆန်း)၊ ရန်ကုန်။ |
| 00314 | မအိမ်သူ (၁၂/ဥကမ(နိုင်) ၂၁၀၉၆၇)၊ ရန်ကုန်။ | City Mart (Junction 8)၊ ရန်ကုန်။ |
| 25382 | မမေမြတ်စိုး (၁၄/မအပ(နိုင်) ၀၀၀၅၉၇)၊ ရန်ကုန်။ | City Mart (Junction Maw Tin)၊ ရန်ကုန်။ |
| 31004 | မဖြူဖြူတင် (၁၂/အစန(နိုင်) ၁၀၃၇၉၅)၊ ရန်ကုန်။ | City Mart (Junction Square)၊ ရန်ကုန်။ |
| 27081 | မဇင်မာညွန့် (၁၄/ကခန(နိုင်) ၀၇၇၀၁၅)၊ ရန်ကုန်။ | City Mart (Junction Maw Tin)၊ ရန်ကုန်။ |
| 27370 | မအေးစန္ဒာလွင် (၁၂/ပဘတ(နိုင်) ၀၃၁၀၀၅)၊ ရန်ကုန်။ | City Mart (Junction Square)၊ ရန်ကုန်။ |
| 23453 | ကိုမျိုးဝင်းထွန်း (၈/မကန(နိုင်) ၂၀၄၇၂၉)၊ မကွေး။ | City Mart (Junction Square)၊ ရန်ကုန်။ |
| 08034 | မသဲစုလှိုင် (၁၁/ဂမန(နိုင်) ၀၄၉၉၁၆)၊ မန္တလေး။ | Linn Store ၊ မန္တလေး။ |

ဩဂုတ်လ ပေါက်မဲများအား ၂၀-၁၀-၂၀၁၂ နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ တိုက်ရိုက် (သို့) ဝယ်ယူခဲ့သည့်ဆိုင်မှတစ်ဆင့် ပေါက်မဲကူပွန်နှင့်မှတ်ပုံတင်တို့အား ပူးတွဲတင်ပြ၍ ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

သုံးစွဲသူများအတွက်
ကျပ် (၁,၀၀၀,၀၀၀) ဆု (၁)ဆု
ကျပ် (၅၀၀,၀၀၀) ဆု (၂)ဆု
ကျပ် (၃၀၀,၀၀၀) ဆု (၃)ဆု
ကျပ် (၁၅၀,၀၀၀) ဆု (၅)ဆု
ကျပ် (၁၀၀,၀၀၀) ဆု (၇)ဆု
ကျပ် (၇၀,၀၀၀ တန် C'CARE ပစ္စည်းများ) (၉)ဆု

ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများအတွက် အပိုဆုများ
လစဉ် ကျပ်(၁၀၀,၀၀၀)ဆု(၉)ဆု

ရောင်းချသူများအတွက်
အထက်ပါ ဆုအရေအတွက်များအတိုင်း ဆုတန်ဘိုး၏ ထက်ဝက်

NEW LINK MARKETING LTD.
ရန်ကုန် ❖ အမှတ် (3-G)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်။ ဖုန်း ၀၁-၅၇၂၃၄၀၊ ၀၉-၇၃၁၅၇၉၃၉
မန္တလေး ❖ အမှတ် (တ-၁)၊ သဇင်လမ်းနှင့် ခရေလမ်းထောင့်၊ ၆၄×၆၅ ကြား၊ ပြည်ကြီးတံခွန်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်။
ဖုန်း ၀၉-၇၃၂၅၁၉၂၅၊ ၀၉-၄၀၂၅၇၁၈၆၉


ခန္ဓာကိုယ်မှ ရေနှင့်ဓာတ်ဆားဆုံးရှုံးပြီးနုံးချည့်နေပါသလား?
WHO စံချိန်စံညွှန်းအတိုင်း အဆင့်မြင့်ဖော်စပ်ထားသော
ORAL-SALT
အော်ရယ် ဆော့(ဒ်)
- ဖြင့် ပြန်လည်ဖြည့်တင်းနိုင်ပါတယ်။
အားကစားလုပ်ပြီးလျှင်
အပူလွန်ကဲလွန်းလျှင်
ချွေးထွက်လွန်းလျှင်
အော့အန်ပြီးလျှင်
ခွန်အားစိုက်ထုတ်ပြီး လှုပ်ရှားမှုများလျှင်
WHO မှ ထောက်ခံချက်အပြည့်အဝရပြီးသော
ORAL-SALT ဖြင့် ပြန်လည်ဖြည့်တင်းပါ။
ဝမ်းပျက်/ဝမ်းလျှောဖြစ်လျှင်
Osmolarity လျော့ချထားသော
Reduced Osmolarity ORS
(WHO recommended formula)
ORAL-SALT
တိုက်ကျွေးခြင်း၏ ကောင်းကျိုးများမှာ ...
(၁) ဝမ်းသွားသည့် ပမာဏကို ၂၅% လျော့ချပေးနိုင်သည်။
(၂) ပျို့အန်ခြင်းကို ၃၀% လျော့ချပေးနိုင်သည်။
(၃) အရေးပေါ် အကြောဆေးသွင်း ကုသရခြင်းအန္တရာယ်မှ ၃၀% လျော့ချပေးနိုင်သည်။
Glucose ကိုအခြေခံထားသည့်အပြင် သီးစုံ အနံ့အရသာ ဖြစ်သောကြောင့် လူကြီးရော ကလေးပါတိုက်ကျွေးရ လွယ်ကူစေပါသည်။
ORAL-SALT လွှက်ရည်ဇွန်း(၁)ဇွန်းကို ရေကျက်အေး 200ml (ရေတစ်ဖန်ခွက်) (သို့မဟုတ်) ORAL-SALT တစ်ထုပ်အား ရေကျက်အေး (၁)လီတာနှင့် ရော၍ သမအောင်မွှေပါ။ ဖျော်ပြီး (၂၄) နာရီအတွင်းသာ အသုံးပြုရန်ဖြစ်ပါသည်။


ပွေး၊ ညှင်း၊ ယားနာ ကင်းစင်အောင်
နိုင်ဇိုရယ်လ် ကိုဆောင်
Nizoral
ketoconazole
စိုထိုင်းပြီး အနံ့အသက် မကောင်းသော အဝတ်အစားများကြောင့် ပွေး၊ ညှင်း ပေါက်ခြင်း၊
အစိုဓာတ်များသော မိုးရာသီတွင် ရေငွေ့နှင့် အညစ်အကြေးများကြောင့် မှိုနှင့် ယားနာအဖု ဖြစ်ခြင်း၊
စွတ်စိုအေးမြသော အရေပြားအောက်တွင် မှိုရှိခြင်းဖြင့် ယားယံစေပြီး နေရထိုင်ရမသက်သာခြင်း၊
ပွေးကောင်
ညှင်းကောင်
ယားနာကောင်
တစ်နေ့တစ်ကြိမ် မှန်မှန်လိမ်းပါ
ဆေးလိမ်းပြီး (၁) နာရီအတွင်း အရေပြားထဲသို့ စိမ့်ဝင်ရောက်ပြီး (၁၆) နာရီကြာခံသော ဆေးအာနိသင်အစွမ်းကြောင့် တစ်နေ့တစ်ကြိမ်သာ လိမ်းရန်လိုသည်၊
Nizoral သည်အရေပြားရောင်ရမ်းခြင်း၊ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာ၊ အရေပြားရောဂါအမျိုးမျိုးနှင့် မှိုရောဂါအမျိုးမျိုးတို့ကို အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ ပျောက်ကင်းစေပါသည်။
Nizoral cream
ketoconazole
5 g cream
JANSSEN-CILAG

7 DAY NEWS JOURNAL
# International
Vol.11, No.28 • SEPTEMBER 20 , 2012



ဓာတ်ပုံ - AFP

စက်တင်ဘာ ၁၆ ရက်က တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ရှန်ကျန်းမြို့၌ ဂျပန်နိုင်ငံတွင် ဆင်ကာကူကျွန်းစုများဟု လူသိများပြီး တရုတ်နိုင်ငံတွင် ဒိုင်အိုယုကျွန်းစုများဟုခေါ်သော အငြင်းပွားကျွန်းစုများနှင့်ပတ်သက်၍ ဆန္ဒပြမှုကို မျက်ရည်ယိုဗုံးဖြင့် ဖြိုခွဲခဲ့ရာ တရုတ်ဆန္ဒပြသူများ တိမ်းရှောင်နေပုံ။ အဆိုပါရက်က တရုတ်နိုင်ငံအနှံ့ အပြားရှိမြို့ကြီးများတွင် ဂျပန်ဆန့်ကျင်ရေးဆန္ဒပြပွဲများတစ်ပြိုင်တည်းပြုလုပ်ခဲ့ကြသည်။ ယင်းမတိုင်မီတစ်ရက်ကလည်း မြို့တော် ဘေဂျင်းတွင် ဆန္ဒပြသူများသည် ဂျပန်သံရုံးသို့ဝင်ရောက်စီးနင်းရန် ကြိုးပမ်းခဲ့ကြသေးသည်။

# တရုတ်–ဂျပန် အငြင်းပွားကျွန်းများအရေး ကမ္ဘာ့စီးပွားရေးအား ထိုးနှက်ချက်ဖြစ်လာ

**တိုကျို၊ စက်တင်ဘာ - ၁၇**

တရုတ်နှင့် ဂျပန်နိုင်ငံကြားနယ် မြေအငြင်းပွားမှုမှာ ပိုမိုဆိုးရွားလာခဲ့ပြီး ဂျပန်ဝန်ကြီးချုပ်ယိုရှီဟီကိုနိုဒါကလည်း ဂျပန်နိုင်ငံသားများ၏ လုံခြုံရေးအတွက် အာမခံပေးရန် တရုတ်နိုင်ငံအား တောင်းဆိုသွားမည်ဟု ပြောကြားခဲ့သည်။

တရုတ်မြို့ကြီးများတွင် လူထောင်ပေါင်းများစွာ ဆန္ဒပြခဲ့ကြပြီး တိုယိုတာကားကုမ္ပဏီနှင့် ပင်နာဆိုးနစ်ကော်ပိုရေးရှင်းစက်ရုံများ၌ လုပ်ငန်းများ ဖျက်ဆီးမှုဖြစ်ပေါ်ခဲ့သည်။

ကမ္ဘာ့စီးပွားရေးနှေးကွေးလာမှုကို နှစ်နိုင်ငံစလုံး ရင်ဆိုင်နေရပြီး

**စာ(၄၅)သို့**

## မည်သည့်တိုက်ခိုက်မှုမျိုးမဆို လက်တုံ့ပြန်သွားမည့် အစီအစဉ်များ အီရန်ဗိုလ်ချုပ်ကြီး ထုတ်ဖော်ပြောကြား

**တီဟီရန်၊ စက်တင်ဘာ - ၁၇**

အကယ်၍ အမေရိကန်ကသာ အီရန်၏ ချူကလီးယားစက်ရုံများကိုတိုက်ခိုက်လာပါက အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန် စစ်အခြေစိုက်စခန်းများကို ဒုံးကျည်များဖြင့် တိုက်ခိုက်၍ လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း

**စာ(၄၅)သို့**

## လေကြောင်းမှ နေတိုးတိုက်ခိုက်မှုများကြောင့် အမျိုးသမီးရှစ်ဦးသေဆုံးဟု အာဖဂန်အရာရှိများ ပြောကြား

**ကဘူးလ်၊ စက်တင်ဘာ - ၁၇**

နိုင်ငံ၏ အရှေ့ပိုင်းဝေးလံခေါင်သီဒေသတွင် နေတိုးလေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် မနက်မိုးမလင်းမီ ထင်းခွေသွားသော အမျိုးသမီးရှစ်ဦးသေဆုံးသွားကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။ နေတိုးအဖွဲ့ကမူ သူပုန်များကိုသာထိမှန်ခဲ့သည်ဟု ဆိုသည်။

အလင်ဂါခရိုင်မှ ရွာသားများက သေဆုံးသူများ၏ အလောင်းများကို ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးသို့ သယ်ဆောင်လာခဲ့ကြကြောင်း ဒေသခံအစိုးရပြောခွင့်ရပုဂ္ဂိုလ်ဆာဟာဒီဇီဝက်ကပြောကြားသည်။

**စာ(၄၅)သို့**

## NEWS ANALYSIS




ထိုင်းနိုင်ငံနှင့် ရေကြီးမှု

**စာ(၃၆)သို့**

## INTERVIEW

မညီမျှမှုရဲ့ နည်းလမ်းတိုင်းဟာ ဝေဒနာကို ပိုဆိုးစေတာချည်းပဲ



**ကမ္ဘာ့ဘဏ်ဒုဥက္ကဋ္ဌဟောင်း နိုဗယ်ဆုရ စီးပွားရေးပညာရှင် စတစ်ဂလစ်နှင့် တွေ့ဆုံခြင်း**

**စာ(၄၆)သို့**




၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.28 • SEPTEMBER 20 , 2012

CHINA ISSUE

# တရုတ်ဖရဲစိုက်သူများကို မြေငှားရမ်းပြီးနောက်ဝယ်. . .

သိမ့်သိမ့်စိုး၊ အိဖြူမွန်

တရုတ်လယ်သမားများကို မြေငှား၍ ဖရဲစိုက်ခွင့်ပြုပြီးနောက် မြေဆီလွှာထိခိုက်မှုကြောင့် စိုက်ပျိုးရန် ခက်ခဲလာမှုကို ယခုအထိ သူတို့မဖြေရှင်းနိုင်သေးပါ။

“တရုတ်တွေကိုငှားပြီးနောက် နှစ်တစ်ရှာလုံး အထွက်လျော့တာပဲ”ဟု ဖရဲစိုက်ပျိုးရန် မြေငှားရမ်းခဲ့သောမိတ္ထီလာမြို့နယ်ကွက်ငယ်အုပ်စု ဒဟတ္တန်းကျေးရွာရှိ မြေပိုင်ရှင် မမိုးနိုင်က သူမတို့ ကြုံတွေ့ခဲ့ပုံကိုပြန်လည်ပြောပြသည်။

လွန်ခဲ့သော သုံးနှစ်ခန့်က မမိုးနိုင်သည် တရုတ်ဖရဲစိုက်တောင်သူများကို မြေငှားရမ်းခဲ့သော ပိုင်ရှင်များထဲမှ တစ်ဦးဖြစ်သည်။ သူမလိုပင် မိတ္ထီလာမြို့နယ်အတွင်း တရုတ်ဖရဲစိုက်သူများ တစ်နှစ်စိုက်ပျိုးပြီးနောက် မြေဆီလွှာအရည်အသွေးများ ကျဆင်းလာသည်ဟု ဒေသခံများက ပြောသည်။

မိတ္ထီလာမြို့နယ်တွင်းတွင် ဖရဲစိုက်ပျိုးရန် ငှားရမ်းထားသော မြေကေသည် ဧက ၅၀၀ မှ ၁၀၀၀ အတွင်းရှိနိုင်သည်ဟု ဒေသခံများက ခန့်မှန်းသည်။ စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာ အလွန်အကျွံအသုံးပြုခြင်း ရေငန်များရေသွင်းစိုက်ပျိုးခြင်းနှင့် မြေအောက်ရေအငန်ဓာတ်များ၊ ရာသီဥတုပူပြင်းမှုကြောင့် ဆားငန်များ တက်လာခြင်းတို့ကြောင့် စိုက်ခင်းများ ဆားပေါက်ခြင်းနှင့် ဆပ်ပြာမြေများဖြစ်ကုန်သည့် နေရာများမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် မြေဟက်တာ တစ်သန်းကျော်ရှိကြောင်း မြေအသုံးချ ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖရဲစိုက်ဘောင်နေရာတွင် မြေဆီလွှာသိပ်သည်းကျစ်လျစ်ပြီး ထွန်ယက်သောအခါ တစ်နှစ်သီးနှံကောင်းပြီး နောက်နှစ်များတွင် တရုတ်ဖရဲစိုက်တောင်သူများကဲ့သို့ ဓာတ်မြေဩဇာ အသုံးမပြုနိုင်ပါက သီးနှံအထွက် တဖြည်းဖြည်းလျော့လာကြောင်း ဒဟတ္တန်းကျေးရွာမှ မြေခြောက်ဧကငှားရမ်းခဲ့ဖူးသူ ဦးမြင့်မောင်က ပြောသည်။

“နည်းပညာနဲ့ အရင်းအနှီးမတတ်နိုင်လို့သာ ငှားလိုက်ရတာ။ မလုပ်နိုင်လို့ငှားလိုက်ရတာ၊ မငှားချင်ဘူး။ ကြာရင် မြေနာတာကတော့ နာမှာပဲ”ဟု မြေငှားခဲ့သော ဦးမြင့်မောင်ကပြောသည်။

စိုက်ပျိုးပြီး ကျန်ခဲ့သော ဆွေးမြည့်ရန်ခက်ခဲသည့်အမည်းရောင်ပလပ်စတစ်အိတ်ခွံများက ထွန်များနှင့် ငြိခြင်းကြောင့် ထွန်ယက်ရာတွင် အခက်အခဲဖြစ်စေပြီး ပလတ်စတစ်ကောက်ချိန် ပေးရ၍ အချိန်ကြာသလို အလုပ်သမားခများလည်း ခါတိုင်းနှစ်များထက် ပိုမိုကုန်ကျခဲ့သည်။

ထို့ပြင် သီးနှံစိုက်စဉ်တွင် ပေါင်းများလည်း ထူပြောလာကာ သီးနှံအထွက်လျော့လာကြောင်း တောင်သူများက ပြောသည်။

သီးနှံအထွက်လျော့သည့်အတွက် တရုတ်များကိုငှားရမ်းလိုက်ခြင်းကသူမအဖို့အရှုံးပေါ်ခဲ့သည်။ ဖရဲတစ်ရာသီ ၅ လလောက်စာအတွက် တစ်ဧကကို တစ်သိန်းနှုန်းဖြင့် ငှားခဲ့ခြင်းက သူမအဖို့ နောက်နှစ် စိုက်ပျိုးရာသီကို ပြန်လည်စိုက်ပျိုးရန် ထွန်ကျင်းခသာ ရရှိခဲ့သည်ဟု သူမကဆိုသည်။ ဖရဲစိုက်ပျိုးပြီးနောက်တွင် တစ်ဧကကို နှမ်းရှစ်တင်းလောက်ပုံမှန်ထွက်နေသော သူမစိုက်ခင်း၌ နှစ်တင်းလောက်သာ ထွက်တော့သည်ဟု မမိုးနိုင်က ပြောသည်။

ဒဟတ္တတန်းရွာသားများက အထွက်လျော့၍ ထပ်မံမငှားကြသော်လည်း အချို့ဒေသများတွင်မူ ဖရဲစိုက်ပြီး နောက်ရာသီတွင် သီးနှံများ စိုက်ပျိုးပါက ယခင်ထက် အထွက်နှုန်းတိုးသည်များလည်းရှိကြောင်း ဒေသခံများက ပြောသည်။

တရုတ်ဖရဲစိုက်သူ၏ ယာတဲအနီးတွင် ပိုးသတ်ဆေးများဖြင့် ရောသမမွှေကာ ပလတ်စတစ်အိတ်များဖုံးအုပ်ထားသည့် သွင်းအားစုများ စုပုံထားသည်။ စိုက်ပျိုးချိန်လေးလခန့် ကြာမည့်အတွက် လိုအပ်သော ဓာတ်မြေဩဇာ သွင်းအားစုအိတ်များဖြင့် တရုတ်စာလုံးပါ ဓာတ်မြေဩဇာအိတ်များကို သူနေထိုင်သည့် တဲအိမ်တွင် စီရီကာ စုပုံထပ်ထားသည်။ ထွက်ရှိလာသော ဓာတုအနံ့များက တောင်သူဦးမြင့်မောင်၏ တဲအိမ်တစ်ခုလုံး ပြန့်လွင့်နေသည်။

တရုတ်လူမျိုး ဖရဲစိုက်သူတစ်ဦးက သူတို့စိုက်ပျိုးပုံစံမှာ မြေဆီလွှာကို အန္တရာယ်မပေးနိုင်ဟု ခေါင်းခါလက်ခါပြီး ခြေဟန်လက်ဟန်ဖြင့် ပြောသည်။

မည်သို့ပင်ပြောသော်လည်း တရုတ်ဖရဲစိုက်တောင်သူများ ဓာတ်မြေဩဇာ ပိုးသတ်ဆေးအသုံးပြုပုံ အသုံးပြုနည်းများမှာ ဒေသသုံးစွဲပုံနှင့် မတူညီဘဲ များပြား



တရုတ်ဖရဲစိုက်သူများက မြေငှား၍ ဖရဲစိုက်ရန် ပြင်ဆင်ထားစဉ်

ဓာတ်ပုံ - သိမ့်သိမ့်စိုး

ပြီး ဓာတ်ကြွင်းများ နောက်တစ်နှစ်အထိ ကျန်ရှိနေသည်ကို သာဓကများက သက်သေပြလျက်ရှိသည်။ ၎င်းနေထိုင်သော တရုတ်နိုင်ငံ ဟိုင်နမ်ကျွန်းတွင် သုံးနှစ်ထိ မြေလပ်ပြီးမှသာ စိုက်ပျိုးနိုင်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။ မြေလပ်ရာတွင် ရေသွင်း၍ မြေဆီလွှာကို နှပ်ထားလေ့ရှိကြောင်းလည်း ယင်းက ရှင်းပြခဲ့သည်။

တရုတ်ဖရဲစိုက်ခင်းများတွင် မစိုက်ပျိုးခင် ဓာတ်မြေဩဇာ အဆင့်ဆင့်သုံးစွဲပုံကို ရှင်းပြသူများက ဓာတ်မြေဩဇာနှင့် ရွက်ဖျန်းဆေး၊ ပိုးသတ်ဆေးကို မိမိတို့ ဒေသများထက် များပြားစွာ သုံးစွဲကြောင်း မှတ်ချက်ပေးသည်။

“တရုတ်စာနဲ့ ဓာတ်မြေဩဇာတွေပဲ။ မသိဘူး။ ကီမီရာသုံးတယ်။ ထုံးသုံးတယ်။ ပိုတက်သုံးတယ်။ နွားနီမှုန့်သုံးတယ်။ ပထမတော့ အာမိုကိုသုံးတယ်။ စိုက်တော့မယ်မြေပေါ်မှာ အိတ်မအုပ်ခင် အာမို နောက်ချေးနဲ့ ထုံးသုံးတယ်။ ပိုတက်သုံးတယ်။ နွားနီသုံးတယ်။ ရောပြီးထည့်လိုက်တယ်။ နွားတွေကို လာကိုမစားခိုင်းဘူး။ ဘယ်လောက်ပြင်းလည်း မပြင်းလည်းတော့ မသိဘူး။ ဖရဲဘောင်ပြီးသွားရင် မြေကြီးဘောင်ကကျပ်ခဲကြီးဖြစ်တာပေါ့”ဟု အလုပ်သမားခေါင်းဆောင်တစ်ဦးက ပြောသည်။

ပိုးသတ်ဆေးနယ်ထားသော အစာများကို စားသောက်သော ခွေးများ သေဆုံးခဲ့သည်ဟု ကျေးရွာဒေသခံများနှင့် အလုပ်သမားများက ပြောကြားသည်။

“ဆေးကပြင်းတယ်။ အကောင်မှန်သမျှ အကုန်သေပဲ။ ဒီနားတစ်ဝိုက် ခွေးတွေသေတာ အကောင်သုံးဆယ်လောက် ရှိပြီ”ဟု မြင်းခြံမြို့မှ နယ်လှည့်ဖရဲစိုက်ခင်းများတွင် အလုပ်လုပ်ကိုင်သူ သုံးနှစ်အတွေ့အကြုံရှိ အလုပ်သမားတစ်ဦးကပြောသည်။

ပိုးသတ်ဆေးအလွန်အကျွံအသုံးပြုခြင်း ကာလရှည်လာပါက မြေဆီလွှာ အကျိုးပြုသည့်ပိုး ကောင်များသေဆုံးပြီး မြေဆီလွှာပြုန်းတီးနိုင်သည့် အခြေအနေ ရှိသည်ဟု စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးနှင့် မြေစာရင်းဌာနတို့က တရုတ်ဖရဲစိုက်သူများ၏ ဖရဲစိုက်ခင်းမည်မျှရှိသည်ဟု မပြောကြားသော်လည်း တရုတ်ဖရဲစိုက်သူတစ်ဦးလျှင် တစ်ရာသီ ဧက ၃၀နှင့်၅၀ကြားရှိပြီး မိတ္ထီလာမြို့တွင် ဧကထောင်ချီရှိမည်ဟု အငှားလုပ်ကိုင်သူတစ်ဦးက ပြောသည်။

တရုတ်မြေငှားရမ်းသူများက မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ ဒေသခံများ၏ ကျေးရွာယာမြေများကို နွေရာသီတွင် ငှားရမ်းလေ့ရှိသည်။ ကျောက်ဆည်မြို့ အခြေစိုက်ကုမ္ပဏီများမှတစ်ဆင့် ဒေသခံအာဏာပိုင် အဖွဲ့အစည်းများနှင့် သစ်သီးဝလံအသင်းတို့၏ ခွင့်ပြုချက်ရယူပြီး မြေငှားရမ်းလုပ်ကိုင်ကြသည်။

တစ်ချိန်က မိုးမျှော်ပြီး နှမ်းစိုက်၊ ခရမ်းချဉ်သီးစိုက်ပျိုးကာ အသက်မွေးကြသော တောင်သူယာကွက်များတွင် ဧက ငါးဆယ်နှင့် ခြောက်ဆယ်ရှိသော ပလတ်စတစ်အမည်းအုပ်ထားသည့် ဖရဲစိုက်ပျိုးဘောင်များကို တစ်မျှော်တစ်ခေါ်ကြီးတွေ့ရသည်။

အထက်ပါ တရုတ်ဖရဲစိုက်တောင်သူများ ဖရဲစိုက်ပျိုးပြီး နောက်တစ်နှစ်တွင်တောင်သူများ ဓာတ်မြေဩဇာ မသုံးဘဲ သီးနှံအောင်မြင်သော်လည်း နောင်နှစ်ဆက်တိုက် စိုက်ပျိုးပါက မူရင်းစိုက်ပျိုးသည့် နှမ်းများ မဖြစ်ထွန်းကြောင်း ဒေသခံစိုက်ပျိုးတောင်သူများက ပြောသည်။

တရုတ်ဖရဲစိုက်သူများကို ပြည်တွင်းရှိ တရားဝင် မှတ်ပုံတင်ထားသော ပိုးသတ်ဆေး ဓာတ်မြေဩဇာများကို အသုံးပြုရန် ခွင့်ပြုစဉ်ပြောကြားခဲ့သော်လည်း အမှန်တကယ် သုံး၊ မသုံးကိုစစ်ဆေးခြင်း မရှိဟု မိတ္ထီလာမြို့နယ်မှ စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

ယာတစ်ကွက်တိုင်းတွင် အဝီစိတွင်းများ တူးဖော်ထားပြီး ယင်းရေများကိုသဲအိတ်များစီထပ်ထားသည့် တာလပတ်ကန်တွင် အမျိုးအမည်သိခွင့်မပေးသော ဆေးကိုခတ်ပြီး အရွက်ပေါ် ဖျန်းသည်ဟု နယ်လှည့်စိုက်ပျိုးရေးလုပ်ကိုင်သူ ၂နှစ်အတွေ့အကြုံရှိအမျိုးသမီးတစ်ဦးက ပြောပြသည်။

“ဓာတ်မြေဩဇာကို အဲဒီလောက် မြင့်တဲ့ဟာတွေ သုံးတာများရင် မြေဆီလွှာဓာတ်ကို ကြာရင်ဆုံးရှုံးမယ်။ သုံးစွဲတဲ့ ပစ္စည်းတွေမြင့်လေ၊ အပင်အားကောင်းလေဆိုတော့ အပင်ရဲ့ စုပ်ယူနိုင်စွမ်းတွေမြင့်တယ်။ ဒီတော့ မြေဆီလွှာထဲက ဓာတ်တွေပါ ကြာရင်ပျက်စီးမှာပဲ”ဟု ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချနေသော လုပ်ငန်းရှင် ဦးမျိုးဇော်ကပြောသည်။

မြေဆီလွှာပေါ်တွင် ဓာတ်မြေဩဇာ သုံးစွဲမှုများခြင်း၊ ပိုးသတ်ဆေး သုံးစွဲမှုများခြင်းများ ဖြစ်လာပါက မြေဆီလွှာ ဆုံးရှုံးနိုင်သည့်အတွက် စိုက်ပျိုးမှုများ မပြုလုပ်မီကပင်မြေငှားထားသော တောင်သူများကို ပြောပြသင့်ကြောင်း ရုက္ခဗေဒပါမောက္ခတစ်ဦးက ပြောသည်။

“သွင်းအားစုများတော့ မြေဆီလွှာအက်ဆစ်ဓာတ်ပေါက်တာတို့၊ Removel တို့၊ Up Grade တို့ဖြစ်နိုင်တယ်။ သီးနှံတစ်မျိုးတည်း ဆက်တိုက်စိုက်ရင်လည်း အထွက်လျော့တာတွေဖြစ်နိုင်တယ်။ သီးနှံပြောင်းစိုက်ဖို့ လိုတဲ့သဘောပေါ့။ ဒါတွေက ဆေးဝါးတွေ၊ ရာသီဥတုဒဏ်၊ မြေဆီလွှာပြောင်းလဲမှုတွေလည်းရှိတော့ သေချာစစ်ဆေးပြီးမှ စိုက်သင့်တယ်”ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြေဆီလွှာပညာရှင်တစ်ဦးကလည်း ပြောသည်။

ယင်းမြေပေါ်တွင် နှစ်နှစ်လောက် မည်သည့်သီးနှံမျှ မစိုက်ပျိုးဘဲထားပါက ယခင်နှုန်းများအတိုင်း အထွက်နှုန်း ပြန်လည်ကောင်းလာနိုင်ကြောင်း အလုပ်သမားခေါင်းဆောင်က ပြောသည်။

ယင်းစိုက်ခင်းများကိုငှားရမ်းရာတွင် မြန်မာကုမ္ပဏီအမည် ခွာညိုကုမ္ပဏီအမည်ဖြင့် ငှားရမ်းသည်။

ဒေသခံများက တရုတ်စိုက်ခင်းများဟု ခေါ်နေသောကြောင့် ကုမ္ပဏီကို မေးမြန်းရာတွင် “ကျွန်တော်တို့ ကုမ္ပဏီက တရုတ်လူမျိုးတွေ ပိုင်တာ မဟုတ်ဘူး။ သူတို့နဲ့ ရှယ်ယာလုပ်တာလည်း မဟုတ်ဘူး။ တရုတ်က ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ မျိုးကိုပဲ ယူပြီးစိုက်တာ”ဟု ခွာညိုကုမ္ပဏီမှ ဦးကျော်မောင်ကပြောသည်။

သို့သော် မြေကို တစ်နှစ်ခြားနှစ်နှစ်ခြားစနစ်ဖြင့် လာရောက်ငှားရမ်းနေသောကြောင့် နောက်နှစ်များတွင် မြေပျက်စီးမှုများ ဖြစ်လာနိုင်သည်ကိုဒေသခံမြေပိုင်ရှင်အများစုက မသိကြပေ။

မြေဆီလွှာပျက်စီးပြီး သီးနှံအထွက် လျော့ကျခဲ့သော မမိုးနိုင်က ယခုအချိန်တွင် နောင်တရလျက်ရှိပြီး တရုတ်စကားပြောသော ဖရဲစိုက်ပျိုးသူများ မြေငှားရမ်းလာပါက ဘယ်တော့မှငှားရမ်းတော့မည်မဟုတ်ဟု ဆိုသည်။

7DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012

## ညီနောင်ချင်း သွေးချောင်းစီး တိုက်ခိုက်သတ်ဖြတ်နေမှု ရပ်ဆိုင်းကြရန် ကိုမင်းကိုနိုင် မေတ္တာရပ်ခံ

**မောင်တာ**

**ဖားကန့်၊စက်တင်ဘာ-၁၆**

တိုင်းရင်းသားညီနောင်အချင်းချင်း သွေးချောင်းစီး တိုက်ခိုက်သတ်ဖြတ်နေမှုများအား ယုံကြည်မှုတည်ဆောက်ကာ အမြန်ရပ်ဆိုင်းသင့်ပြီဖြစ်ကြောင်း စက်တင်ဘာ ၁၆ရက်က ဖားကန့်မြို့ စိန့်ပတ်ထရိတ် ကက်သလစ်ဘုရားကျောင်း၌ စစ်ဘေးကြောင့် တိမ်းရှောင်လာသူများနှင့်တွေ့ဆုံစဉ် ၈၈မျိုးဆက်ကျောင်းသား ခေါင်းဆောင် ကိုမင်းကိုနိုင်က မေတ္တာရပ်ခံ ပြောကြားသည်။

ကိုမင်းကိုနိုင်က "တိုက်ပွဲတွေကြောင့် ဖားကန့်မြို့ပေါ်က နဝမတန်းကျောင်းသူလေး သေဆုံးခဲ့ပါတယ်။ သူဟာ ကျွန်တော်တို့ အားလုံးရဲ့ ညီမလေးပါပဲ။ ကျွန်တော်တို့ တိုင်းရင်းသားညီနောင်အချင်းချင်း ပစ်ခတ်တိုက်ခိုက်နေတာတွေကို အမြန်ဆုံးရပ်ဆိုင်းသင့်ပါပြီ"ဟု ပြောသည်။

စက်တင်ဘာ ၁၃ ရက်က တိုက်ပွဲများကြား သေဆုံးခဲ့သူ နဝမတန်းကျောင်းသူလေး၏ ဖခင် ဖားကန့်မြို့ မော်ဝန်းရပ်မှ ဦးဘရန်နောင်က "တိုက်ပွဲတွေ ဒီထက်ပိုဆိုးလာမှာ အရမ်းစိုးရိမ်တယ်" ဟု ပြောသည်။

ကချင်ပြည်နယ်တွင် မြန်မာတပ်မတော်နှင့် ကချင်လက်နက်ကိုင်တပ်ဖွဲ့(KIA)တို့ကြား ဖြစ်ပွားနေသောတိုက်ပွဲများမှာ ဩဂုတ်လမှစပြီး ဖားကန့်မြို့အထိ ရောက်ရှိလာခဲ့သည်။ ဖားကန့်မြို့တွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် စက်တင်ဘာ ၁၃ ရက်တွင် ကျောင်းမှပြန်လာသော နဝမတန်းကျောင်းသူတစ်ဦး ထိမှန်သေဆုံးခဲ့ပြီး ဖားကန့်မြို့ အနီးဝန်းကျင်ဒေသမှ သောင်းဂဏန်းရှိသော ပြည်သူလူထုမှာ ဖားကန့်မြို့ပေါ်တွင် ဖွင့်လှစ်ထားသောကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်နေကြရကြောင်း ဖားကန့်မြို့တွင် စစ်ဘေးကယ်ဆယ်ရေးဆောင်ရွက်နေသော ဘုရားကျောင်းများနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့ တာဝန်ရှိသူများထံမှသိရသည်။

တိုက်ပွဲများကြောင့် ဖားကန့်ဒေသရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ ရပ်နားထားရသည်။

၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များဖြစ်သည့် ကိုမင်းကိုနိုင်၊ ကိုဌေးကြွယ်၊ ကိုပြုံးချိုတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ဖော်ဆောင်ရေးအဖွဲ့သည် စက်တင်ဘာ ၁၄ ရက်မှစ၍ ကချင်ပြည်နယ်သို့ ရောက်ရှိလာခဲ့ပြီး ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဖားကန့်မြို့ရှိရပ်မိရပ်ဖများ၊စစ်ဘေးရှောင်ဒုက္ခသည်များအား တွေ့ဆုံကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဖားကန့်မြို့ မော်ဝန်းရပ် သဘာဝကျောက်ဆောင်လိုဏ်ဂူကျောင်းတိုက်၊ မေတ္တာရှင်လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ၎င်းတို့ အသင်းအနေဖြင့် ဖားကန့်မြို့အနီးဝန်းကျင် ကျေးရွာများမှ စစ်ပြေးဒုက္ခသည် ၄၅၀ ခန့်ကို ကျွေးမွေးစောင့်ရှောက်လာခဲ့သည်မှာ တစ်လကျော်ကြာပြီဖြစ်ပြီး၊ တိမ်းရှောင်လာသူများ နေအိမ်မပြန်ဝံ့သေးဘဲရေရှည်တွင်၎င်းတို့၏စားဝတ်နေရေးအတွက် အခက်အခဲကြုံလာမည်ကို စိုးရိမ်မိကြောင်း ပြောသည်။

ဖားကန့်မြို့နှင့် လုံးခင်းရှိ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းစသည်တို့မှာ ကယ်ဆယ်ရေးစခန်းများအဖြစ် ဖွင့်လှစ်ထားပြီး စုစုပေါင်း ကယ်ဆယ်ရေးစခန်း ၃၁ခုရှိသည်။

ကေအိုင်အေနှင့်မြန်မာတပ်မတော်တို့ကြား တိုက်ပွဲများပြန်လည်ဖြစ်ပွားလာသည်မှာ တစ်နှစ်ကျော်ကြာပြီဖြစ်ပြီး ယခင်ကလိုင်ဇာ၊ဝိုင်းမော်၊ ဗန်းမော်မြို့နယ်များတွင် ဖြစ်ပွားနေရာမှ ယခုအခါ မြန်မာပြည်၏ ကျောက်စိမ်းအဓိကထွက်ရှိရာ ဖားကန့်၊ မိုးကောင်းမြို့နယ်များအထိ စစ်ပွဲနယ်မြေကျယ်ပြန့်လာခြင်းဖြစ်သည်။





ဖားကန့်ဒေသအပါအဝင် ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေးရရှိစေရန် ဘာသာပေါင်းစုံအဖွဲ့အစည်းများ၊ ၈၈မျိုးဆက်ကျောင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုစုပေါင်း ၇၀၀ကျော်က စက်တင်ဘာ၁၇တွင် အသနားခံစာကို စုပေါင်းလက်မှတ်ရေးထိုးသည်။ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ကေအိုင်အိုနှင့် အစိုးရတပ်များထံ အသနားခံစာပေးပို့မည်ဖြစ်သည်။ သတင်းဓာတ်ပုံ-မောင်တာ

■စက်တင်ဘာတတိယပတ်တွင် ကမ္ဘာ့ရွှေဈေးတက်၍ ပြည်တွင်းရွှေဈေးနှုန်းများ မြင့်တက်နေချိန်တွင် ငွေကြေးဈေးကွက်၌ ကန်ဒေါ်လာဈေးမှာ ကျဆင်းနေသည်။ စက်တင်ဘာ ၁၈တွင် ရွှေဈေး ၇၈၅,၀၀၀ကျပ်ရှိပြီး၊ ဒေါ်လာဈေးမှာ ပြင်ပဈေးကွက်တွင် သုံးရက်အတွင်း တစ်ယူနစ်လျှင်၁၃ ကျပ်ကျကာ ၈၄၇ကျပ်(ရောင်းဈေး) ရှိသည်။

■ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီသို့ စက်တင်ဘာ၁၇ရက် နံနက်၁၀နာရီခွဲတွင် ချောမောစွာ ရောက်ရှိပြီး၊ ၁၈ရက်တွင် ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့်တွေ့ဆုံသည်။

## မြန်မာအပေါ် ကုန်သွယ်ရေးဦးစားပေးမှု ပြန်လည်ပေးရန် ဥရောပကော်မရှင်အဆိုပြု

**ဘရပ်ဆဲလ်၊ စက်တင်ဘာ - ၁၇**

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အားပေးကူညီသည့်အနေဖြင့်ဥရောပကော်မရှင်သည် မြန်မာနှင့် ကုန်သွယ်ရာ၌ ကုန်သွယ်ရေး ဦးစားပေးမှုများ ပြန်လည်သတ်မှတ်ပေးရန် အဆိုပြုလိုက်သည်။

ယနေ့ထုတ်ပြန်သောဥရောပကော်မရှင်၏ ကြေညာချက်တွင် ကုန်သွယ်ရေးဦးစားပေးမှုများ မြန်မာနိုင်ငံအပေါ် ပြန်လည်သတ်မှတ်ပေးရန်အဆိုပြုထားခြင်းဖြစ်သည်။ အဆိုပြုချက်အရ မြန်မာနိုင်ငံသည် ၎င်း၏ ထုတ်ကုန်ပစ္စည်းများအားလုံးတွင်လက်နက်နှင့် ခဲယမ်းမီးကျောက်များမှလွဲ၍ ကျန်ကုန်ပစ္စည်းများကို ဥရောပဈေးကွက်သို့အကောက်ခွန်လွတ်၊ ကန့်သတ်ချက်လွတ်ချိတ်ဆက်တင်ပို့ခွင့်ရမည်ဖြစ်သည်။

ဥရောပ သမဂ္ဂသည် (GSP) ခေါ် ကုန်သွယ်ရေးဦးစားပေးစနစ်ကို ၁၉၇၁ ခုနှစ်မှစ၍ အီးယူသို့ ပို့ကုန်တင်ပို့သော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDC) အတွက် အီးယူသို့ ၎င်းတို့၏ပို့ကုန်များ တင်ပို့ရာတွင် အကောက်ခွန်နှင့် ကန့်သတ်ချက်များ ကင်းလွတ်ခွင့်ပေးခဲ့သည်။ လက်ရှိ သတ်မှတ်ထားသော အီးယူ၏ GSP အစီအစဉ်သည် လာမည့် ၂၀၁၃ ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ထို့ကြောင့် GSP အစီအစဉ်သစ်ကို ၂၀၁၄ ဇန်နဝါရီ၁ရက်မှစ၍ ဥပဒေသက်ရောက်စေမည်ဖြစ်ပြီး ကုလသမဂ္ဂက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဟု သတ်မှတ်ထားသည့်မြန်မာအပါအဝင် ၄၈ နိုင်ငံကို အစီအစဉ်သစ်က အကျိုးသက်ရောက်စေမည်ဖြစ်သည်။

ဥရောပသမဂ္ဂ၏ ကုန်သွယ်ရေးကော်မရှင်နာ ကာရယ်ဒီဂုတ်က "မြန်မာဟာ ဒီနှစ် အစောပိုင်းကစလို့ ပွင့်လင်းလာကတည်းက ဒီလိုမျိုး နက်ရှိုင်းပြီး အရေးပါတဲ့ တကယ့်စီးပွားရေးအရ ထောက်ပံ့မှုအပြောင်းအလဲတွေ လုပ်ပေးဖို့ လိုအပ်နေတယ်ဆိုတာ ကျွန်တော်မြင်ခဲ့ပါတယ်။ ကုန်သွယ်ရေးဟာ နိုင်ငံရေးတည်ငြိမ်မှုကို ထောက်ပံ့ပေးဖို့ အခြေခံအချက်ဖြစ်ပြီး အီးယူရဲ့ ကုန်သွယ်ရေးဦးစားပေးမှုတွေဆိုတာက ကျွန်တော်တို့ဟာ ဒီပြုပြင်ပြောင်းလဲရေး အားသန်နေတဲ့နိုင်ငံကို ကမ္ဘာ့အကြီးဆုံး ဈေးကွက် (ဥရောပဈေးကွက်) ကြီးနဲ့ဦးစားပေးချိတ်ဆက်ခွင့်ပေးသွားမယ်ဆိုတာပါ"ဟုပြောသည်။

ထို့အပြင် ဥရောပသည် မြန်မာနိုင်ငံ၏ တိုးတက်မှုကိုတွန်းအားပေးရန် နေရာပေါင်းစုံ၌ ဆက်လက်ထိတွေ့ဆောင်ရွက်သွားမည်ဟု ၎င်းကပြောသည်။ ဥရောပကော်မရှင်၏ယခုအဆိုပြုချက် အရမြန်မာနိုင်ငံသည်'လက်နက်မှလွဲ၍ အရာအားလုံး'ဟုခေါ်သော ကုန်သွယ်ရေးဦးစားပေး အဆင့်ကိုပြန်ရမည်ဖြစ်သည်။


မြန်မာနိုင်ငံသည် ယခင်ရှိခဲ့သော ထိုအဆင့်မှ ၁၉၉၇ ခုနှစ်တွင် နိုင်ငံတကာအဓမ္မလုပ်အားပေးစေခိုင်းမှုဆိုင်ရာ သဘောတူညီချက်များ ချိုးဖောက်မှုကြောင့် ပယ်ဖျက်ခံခဲ့ရသည်။

သို့သော်ပြီးခဲ့သည့်ဇွန်လက နိုင်ငံတကာအလုပ်သမားအဖွဲ့ (ILO)က မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးစေခိုင်းမှုများ ပပျောက်ရေး၌ ထူးခြားသည့်တိုးတက်မှုရခဲ့ကြောင်း သုံးသပ်ခဲ့ရာ အီးယူအတွက်မြန်မာနိုင်ငံကိုပိတ်ဆို့မှုများ ဖြေလျှော့ရန် အခြေခံအကြောင်းဖြစ်လာသည်။

ယနေ့ဥရောပကော်မရှင်က တင်သွင်းခဲ့သော ကုန်သွယ်ရေးဦးစားပေး အဆိုပြုချက်ကို အီးယူအဖွဲ့ဝင်နိုင်ငံများနှင့်ဥရောပပါလီမန်သို့ ပေးပို့ကာ အတည်ပြုချက်ရယူသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဥရောပသမဂ္ဂသို့ ပို့ကုန်တင်ပို့မှုသည် ၂၀၁၁ ခုနှစ်တွင် ယူရို ၁၆၉ သန်းသာရှိခဲ့ရာ ယင်းမှာ နိုင်ငံ၏ ပြည်ပပို့ကုန်စုစုပေါင်း ၃ ရာခိုင်နှုန်းနှင့် အီးယူ၏ သွင်းကုန်စုစုပေါင်းမှ ၀ ဒသမ ၀၁ ရာခိုင်နှုန်း အချိုးအစားသာရှိခဲ့သည်။ မြန်မာနိုင်ငံမှ အီးယူသို့ ပို့ကုန်အများစုမှာ အဝတ်အထည် ကဏ္ဍမှဖြစ်သည်။

—Ref: The Star/AFP/
EC Press Release



မင်းသန့်အောင်
Adobe Illustrator
အခြေခံ သဘောတရား အချက်များ
♦ Vector Image တွေရေးဆွဲနည်း၊ ဖန်တီးပြီးသားပုံရိပ်တွေကိုတခြား Application Software တွဲဆက်အသုံးပြုခြင်း၊ Logo နှင့် လက်ရေးစာလုံး ဒီဇိုင်းဖန်တီးနည်းပညာ၊ Illustrator ရဲ့ အခြေခံအရောင်စနစ်နှင့် Background ကာလာထည့်သွင်းခြင်း၊ Special Effect များနှင့် အရောင်ဆန်းသစ်စွာ အသုံးပြုနည်း၊ Illustrator မှ Tools တစ်မျိုးစီအသုံးပြုနည်းနှင့် မြန်ဆန်သော Keyboard Shortcut များ Poster Design ပညာမှ အလင်းအမှောင်အယူအဆများ စသည်တို့ပါဝင်သည်။



မေသစ်ခင် ၏
Guide Book for DTP
ကွန်ပျူတာ စာစီစာရိုက်နည်းလမ်းညွှန်
မြန်ဆန်တိကျစွာစာစီနည်းရဲ့လျှို့ဝှက်ချက်
စာစီစာရိုက်ပြုလုပ်နေသူများ၊ ရုံးနှင့် ကုမ္ပဏီဝန်ထမ်းများ လွယ်ကူစွာ အသုံးပြု နိုင်ရန်အတွက် Adobe PageMaker 7.0 Software အကြောင်းကို တင်ပြထားသည်။ PageMaker 7.0 တွင် စာရိုက်ခြင်း၊ ပုံများထည့်သွင်းခြင်း၊ ဇယားများရေးဆွဲခြင်း၊ စာမျက်နှာအနေအထားများစီစဉ်ခြင်း၊ စာလုံးဖောင့်များ ပြောင်းလဲ အသုံးပြုခြင်း Lay-out Design ပြုလုပ်ခြင်း စသည့် ကွန်ပျူတာစာစီရာမှာ ကြုံတွေ့ရတတ်တဲ့ ပြဿနာများကို ရှင်းပြထားတယ်။



ကွန်ပျူတာစာစီစာရိုက်နှင့် စာမျက်နှာဒီဇိုင်းဖွဲ့နည်းလမ်းညွှန်
Guide book for DTP & Layout
ဝေဖုန်းနိုင်
PageMaker file များကို Indesignသို့ပြောင်းရွှေ့နည်း၊ Indesign Photoshop, Illustrator, Pagemaker တွဲစပ်အသုံးပြုနည်း၊ Arrange Command ဖြင့်ပုံများစာများကို လိုသလိုရွှေ့ချနည်း၊ Table ဇယားကွက်ပုံစံချနည်း၊ ဖန်တီးပြီးစာမျက်နှာများပြန်စစ်ဆေးပြီး ပြင်ဆင်နည်း၊ Tool များ တစ်မျိုးချင်းစီအသုံးပြုနည်း၊ စာတစ်မျက်နှာချင်းစီဖွဲ့စည်းပုံမှသည် စာအုပ်တစ်အုပ်ဖြစ်လာ စေရန်ပြင်ဆင်နည်း၊ စာမျက်နှာများကို Layout Design တွဲပြီး Flim Print Out ထုတ်ယူနည်း။

ထွက်ပြီ မနောဖြူစာပေ – ဖုန်း–၀၉ ၇၃၀ ၄၃၈၇၃ ၊ ၀၉ ၇၃၂ ၄၆၉၈၀ E-mail : manawphyu.books@gmail.com ထွက်ပြီ

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.28 • SEPTEMBER 20 , 2012



# လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၅၁၄ဦးတွင် နိုင်ငံရေးအကျဉ်းသား ၉၀ ခန့်သာပါဝင်

**အိဖြူလွင်၊ ရန်မျိုးနိုင်၊ မိုးညို၊**
**ရန်ကုန်၊ စက်တင်ဘာ-၁၈**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ဖော်ဆောင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်အရ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား ၅၁၄ ဦးကို စက်တင်ဘာ ၁၇ ရက်က စတုတ္ထအကြိမ်မြောက်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ရာ နိုင်ငံခြားသား အကျဉ်းသား ၃၉၉ ဦးပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ သတင်းရရှိသည်။

အကျဉ်းထောင် ၂၆ထောင်မှ အကျဉ်းသား စုစုပေါင်း ၅၁၄ ဦးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(က)နှင့် အညီ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်း ဖြစ်ပြီး စက်တင်ဘာ ၁၇ ရက် ညဦးပိုင်းမှာပင် လွှတ်ပေးခဲ့သည်။

လွတ်မြောက်လာသူများထဲတွင် နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၈၉ ဦးခန့် သာပါဝင်လာကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြုစုထားသော စာရင်းများအရ သိရသည်။

နိုင်ငံရေး အကျဉ်းသားများထဲမှ ၁၉၈၈ ခုနှစ်ကပင် ထောင်ဒဏ်ကျခံနေရသည့် ဦးရွှေထူး၊ ရွှေဝါရောင်တော်လှန်ရေးတွင် ထိန်းသိမ်းခံခဲ့ရသည့် ဦးခေမာစာရ(ခ) ကိုချမ်းသာ၊ Generation Wave မှ ကိုဇင်မင်းအောင်တို့ပါ လွတ်မြောက်လာကြောင်း သိရသည်။

ပြည်တွင်းရှိအဖွဲ့အစည်းအသီးသီး၏ စာရင်းအရ အကျဉ်းထောင်များထဲတွင် လွတ်မြောက်ရန် ကျန်နေသေးသူ နိုင်ငံရေးအကျဉ်းသား အရေအတွက်မှာ ၃၀၀ ခန့် ရှိနေသေးသော်လည်း ယခု လွတ်မြောက်သူ အရေအတွက်မှာ ၁၀၀ ပင် မပြည့်ကြောင်းသတင်း ရရှိသည်။

မန္တလေးမြို့ အိုးဘိုထောင်မှ လွတ်မြောက်သူ အကျဉ်းသား ၄၆ ဦးကို စက်တင်ဘာ ၁၈ရက် ည ၈ နာရီ ၁၅ မိနစ်က လွှတ်ပေးခဲ့ပြီး ၂၀၀၃ ခုနှစ် ဘာသာရေးအရေးအခင်းတွင် ဖမ်းဆီးခံခဲ့ရသော ကျောက်ဆည်၊ မုံရွာ၊ ပခုက္ကူ၊ ပျော်ဘွယ်မြို့များမှ သံဃာ ၂၂ပါး ပါဝင်သည်။

အင်းစိန်ထောင်မှ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများထဲမှ နေပြည်တော် တရားရုံးချုပ်ရှေ့တွင် ဆိုင်းဘုတ်ထောင်၍ ဆန္ဒထုတ်ဖော်ပြသမှုကြောင့် ထောင်ဒဏ် ၇ နှစ်ချမှတ်ခံခဲ့ရသူ ကိုနေဝင်းက “ကျွန်တော်တို့ ရှေ့အသုတ်တွေ လွှတ်ကတည်းက ပါလာနိုး၊ ပါလာနိုးနဲ့ မျှော်လင့်ခဲ့ရတာ ထင်သလို မဖြစ်လာခဲ့ဘူး။ ဒီအသုတ်မှာ ပါလာခဲ့ပေမယ့်လည်း အခုအကျဉ်းထောင်ထဲမှာ ကျွန်တော်တို့ရဲ့ ညီအစ်ကိုတွေ ကျန်ရှိနေသေးတဲ့အတွက် ဆက်လက်တောင်းဆိုမှုတွေ ပြုလုပ်သွားမှာပါ” ဟု ပြောကြားခဲ့သည်။

လွတ်မြောက်လာသူများ၏ ပြောကြားချက်အရ အင်းစိန်ထောင်တွင် နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၅၆ ဦးရှိပြီး ယခု ၈ ယောက်သာ လွတ်မြောက်လာသည်ဟု ဆိုသည်။

ပြည်တွင်း နိုင်ငံရေးအကျဉ်းသား ကူညီမှု အဖွဲ့အစည်းများ၏ စာရင်းအရနိုင်ငံရေးအကျဉ်းသား အများဆုံးရှိသည့်ထောင်မှာတောင်ငူထောင်နှင့် အင်းစိန်ထောင်တို့ဖြစ်သော်လည်း တောင်ငူထောင်မှ အကျဉ်းသား အရေအတွက် ၂၆ ဦးသာ လွတ် မြောက်ခဲ့သည်။

ယခုလွတ်ငြိမ်းချမ်းသာခွင့်တွင် အကျဉ်းသားအရေအတွက် ၅၀၀ ကျော်ဟု ဆိုသဖြင့် နိုင်ငံရေးအကျဉ်းသားအများစု လွတ်မြောက်မည်ဟုမျှော်လင့်ခဲ့ကြသော်လည်းလွတ်မြောက်သူနိုင်ငံရေးအကျဉ်းသားအရေအတွက်မှာစောင့်မျှော်နေသူများ မျှော်လင့်သည်ထက် နည်းခဲ့သည်။

နိုင်ငံတော်သမ္မတ၏ အမိန့်ဖြင့် အစိုးရသစ်လက်ထက် စတုတ္ထအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို နိုင်ငံတော်သမ္မတသည်ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရန် သွားရောက်ချိန်နီးမှလွှတ်ပေးသည့်အတွက်နိုင်ငံရေးစောင့်ကြည့်လေ့လာသူအချို့က ဝေဖန်ခဲ့သည်။

# အင်းလေးကန်အတွင်းဟိုတယ်ဇုန်ဖွင့်ရန် မြေ ၆၂၂ ဧကသတ်မှတ်

**နိုင်ချို၊ အိဖြူမွန်**
**ရန်ကုန်၊**
**စက်တင်ဘာ-၁၇**

အင်းလေးကန် သစ်တောကြိုးဝိုင်းဧရိယာထဲတွင် ၆၂၂ဧကကို အင်းလေးကန်ဟိုတယ်ဇုန်အဖြစ် သတ်မှတ်လိုက်ကြောင်း အင်းလေးကန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သတင်းရရှိသည်။

“နေရာက သလဲကူးကျေးရွာအုပ်စု ဘုရားဖြူရွာနဲ့ ကန်ဘဲ့ကျေးရွာအကြားမှာရှိတယ်။ ဖောင်တော်ဦးဘုရားရဲ့ အရှေ့ဘက်ပေါ့။ သစ်တောနယ်မြေတွေ၊ ဟိုတယ်ဇုန်လုပ်ဖို့ ခွင့်ပြုတာ ဒါပထမဆုံးပဲ” ဟု အင်းတိုင်းရင်းသား ဝန်ကြီးဦးဝင်းမြင့်ကပြောသည်။

ထိုသစ်တောကြိုးဝိုင်းမြေနေရာအား ဟိုတယ်ဇုန်အဖြစ် အပိုင်ပေးခြင်းမဟုတ်ဘဲနှစ် ၂၀၊ ၃၀ မြေငှားဂရမ်စနစ်ဖြင့်သာပေးခြင်းဖြစ်သည်။ ထိုနေရာမှာ အင်းလေးကန်ဇုန်တောင်ဘက် ညောင်ရွှေ-တုန်ဟုမ်းကားလမ်းအရှေ့ဘက်ပေ ၃၀၀ အကွာတွင်ရှိသည်ဟု ဆိုသည်။

အင်းလေးဒေသသို့နိုင်ငံခြားသား ဧည့်သည်များ အဝင်များပြားလာခြင်းနှင့် ၂၀၁၃ ဆီးဂိမ်းမတိုင်မီ ဟိုတယ်များ လုံလောက်စေရန် ထိုကဲ့သို့ ဟိုတယ်ဇုန်အဖြစ် သတ်မှတ်ခြင်းဖြစ်ပြီး၊ ဟိုတယ်ဇုန်ပြုလုပ်ရာတွင် ဒေသခံပြည်သူများ၏ လယ်မြေများ မပါဝင်စေရန် ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် အင်းတိုင်းရင်းသားဝန်ကြီးက အကြံပြုတောင်းဆိုထားသည်ဟုဆိုသည်။

ရေရှည်တည်တံ့ရေးအတွက် ကန် စပ်နှင့် ကန်ထဲတွင် ဟိုတယ်ဆောက်လုပ်ခွင့်ကို လုံးဝခွင့်မပြုသော်လည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသောအခါ ခရီးသည်များ၏ လိုအပ်ချက်ကြောင့် ထိခိုက်မှု အနည်းဆုံးဖြစ်သည့် ယင်းဒေသကို ရွေးချယ်လိုက်ရခြင်း ဖြစ်ကြောင်း အင်းလေးကန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဒီနေရာကို ခွင့်ပြုလိုက်ပေမယ့် ဒီနေရာမှာရှိနေတဲ့ တောတွေကို ခုတ်ခွင့်မပေးဘူး။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာတော့ ဟိုတယ်လိုအပ်တာပေါ့။ တစ်ဖက်ကလည်း အင်းလေးကန်ကြီး မထိခိုက်အောင် စဉ်းစားရတော့ ဒီနေရာကိုရွေးချယ်လိုက်တာပါ”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

“ဟိုတယ်တွေက ထိန်းသိမ်းကြမှာပါ။ ဟိုတယ်တွေအနေနဲ့ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးအောင် မလုပ်ပါဘူး။ ဟိုတယ်တွေရဲ့ တိုးတက်မှုနဲ့ စီးပွားရေး မထိုက်အောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှ ရမယ်။ မထိန်းသိမ်းရင် စီးပွားရေးလည်း ထိခိုက်နိုင်တယ်”ဟုရွှေအင်းသားဟိုတယ်ပိုင်ရှင် ဒေါ်တင်တင်ရီက ပြောသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ယခုအခါ ခရီးသွားဧည့်သည်များမှာ ယခင်နှစ်ကထက် ၃၅ ရာခိုင်နှုန်း ပိုမိုဝင်ရောက်လာပြီး လာမည့် ၂၀၁၃ ဆီးဂိမ်းနှင့် ၂၀၁၄ တွင် အာဆီယံနိုင်ငံများ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရမည်ဖြစ်သောကြောင့် ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

တောင်ကြီးဟိုတယ်ဇုန်၏ တာဝန်ရှိသူဦးအောင်ကျော်မိုးက “အင်းလေးရဲ့ ဝဲယာတစ်လျှောက်မှာ တောင်ဂတုံးတွေဖြစ်နေတယ်။ ဒါတွေကို ပြန်စိုက်ဖို့လည်း လိုတယ်။ အခုပေးလိုက်တဲ့ ဟိုတယ်ဇုန်က ဘေးမဲ့တောနယ်မြေနဲ့ လွတ်တယ်။ သစ်တောနယ်မြေထဲက ဧရိယာတွေပါ” ဟု ပြောသည်။

ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းမှဧရိယာ ၉ ဒသမ ၁၁ ဧကအား သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၁၁ ခုမတ်လ ၃၁ ရက် တွင် သဘာဝနယ်မြေအဖြစ်မှပယ်ဖျက်ခဲ့သည်။

# ရှေးဟောင်းရေနွေးငွေ့စက်ခေါင်းနှင့် ဝန်ချီစက်တွဲ တရုတ်သို့ လက်ဆောင်ပေးအပ်

**မင်းဟိန်းကျော်**
**ရန်ကုန်၊**
**စက်တင်ဘာ-၁၈**

တရုတ်နိုင်ငံ ကူမင်းပြည်နယ်ရှိ မီးရထားဥယျာဉ်နှစ်ခုတွင် ထားရှိရန်အတွက် မြန်မာနိုင်ငံမှ ရှေးဟောင်းရေနွေးငွေ့စက်ခေါင်းနှစ်ခေါင်း၊ ဝန်ချီစက်တွဲတစ်တွဲ၊ ရေတိုင်ကီတွဲတစ်တွဲနှင့် ရိုးရိုးပက်လက်တွဲတစ်တွဲ တို့အား ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်လိုက်ရာ လားရှိုးဘူတာအထိ ပို့ဆောင်ပြီးဖြစ်ကြောင်း မြန်မာ့မီးရထားရုံးချုပ် စီမံ/အုပ်ချုပ်ဌာနမှ အထွေထွေမန်နေဂျာ ဒေါ်မြင့်မြင့်စန်းက ပြောသည်။

“တရုတ်ကတော့ ဝယ်မယ်ဆိုပြီး ကမ်းလှမ်းလာတယ်။ ဒါပေမဲ့ သူတို့ကလည်း ၂၀၀၆ ကနေ ၂၀၀၉ ခုနှစ်ထိ မြန်မာနိုင်ငံကို တွဲတွေ၊ စက်ခေါင်းတွေ လှူခဲ့တာရှိတယ်။ နောက်ပြီး ဒီဘက်က လှူမယ့်စက်ခေါင်းတွေ၊ တွဲတွေကလည်းပြန်သုံးလို့မရအောင်ဟောင်းနွမ်းနေပြီဖြစ်တဲ့အတွက် လှူဒါန်းဖို့အစိုးရအဖွဲ့ခွင့်ပြုမိန့် တောင်းပြီး လှူလိုက်တာပါ”ဟု ဒေါ်မြင့်မြင့်စန်းကပြောသည်။

ယခင် အစဉ်အဆက်ကပင် မြန်မာ့မီးရထားနှင့် ကူမင်းမီးရထားဌာနတို့အကြား အပြန်အလှန် လှူဒါန်းမှုများရှိခြင်း၊ နှစ်နိုင်ငံ နည်းပညာရပ်များ ဖလှယ်ခြင်းနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ၏ ရင်းနှီးချစ်ကြည်မှုကို သက်သေပြရန်အတွက် လှူဒါန်းရခြင်းဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်ကပင်ပြောသည်။

“ဒီတွဲတွေ၊ စက်ခေါင်းတွေကို ကျွန်မတို့ဌာနအနေနဲ့ လားရှိုးအထိပဲ တာဝန်ယူ ပို့ဆောင်ပေးမှာပါ။ လားရှိုးကနေ မူဆယ်၊ ရွှေလီအထိကို တရုတ်နိုင်ငံက သူတို့စရိတ်နဲ့ သယ်ပါလိမ့်မယ်”ဟု၎င်းကပြောသည်။

တရုတ်နိုင်ငံကူမင်းမီးရထားဌာနနှင့် မြူနီစပယ်အစိုးရအဖွဲ့က အဆိုပါ စက်ခေါင်းဟောင်းများနှင့် တွဲဟောင်းများကို ၎င်းတို့၏ ရထားဥယျာဉ်နှစ်ခုတွင် ထားရှိရန်အတွက် ဝယ်ယူရန် ၂၀၁၁ ခုနှစ်တွင် ကမ်းလှမ်းခဲ့ပြီး မြန်မာ့မီးရထားမှ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် လှူဒါန်းရန် အစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ယခုနှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် ပြုလုပ်ခဲ့သည့် အစိုးရအဖွဲ့ အစည်းအဝေးမှ လှူဒါန်းရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံက ၂၀၀၆ ခုနှစ် စက်တင်ဘာလအတွင်းကလည်း အင်္ဂလန်နိုင်ငံလုပ် ၁၉ ရာစု မီတာဂိတ် ရေနွေးငွေ့စက်ခေါင်းနှစ်လုံးကို တရုတ်နိုင်ငံသို့ လှူဒါန်းခဲ့ပြီး တရုတ်နိုင်ငံက ချစ်ကြည်ရေး လက်ဆောင်အဖြစ် လူစီးတွဲ၊ စားသောက်တွဲ၊ စာတိုက်တွဲအပါအဝင်တွဲပေါင်း ၁၃၀ကိုပြန်လည်လှူဒါန်းခဲ့သည်။



တရုတ်သို့လက်ဆောင်ပေးလိုက်သော ရှေးဟောင်းရေနွေးငွေ့ ရထားစက်ခေါင်းကို လားရှိုး၌တွေ့ရစဉ် ဓာတ်ပုံ-ခွန်ဇော်ဦး

# စုံစမ်းရေးကော်မရှင် အစ္စလာမ်ဘာသာဝင်များနှင့် မတွေ့ဟူသောသတင်း လုံးဝမှားယွင်းဟု ဇာဂနာပြော

**အောင်သူရ၊ အောင်နိုင်**
**ရန်ကုန်၊**
**စက်တင်ဘာ-၁၇**

ပြည်ပသတင်းမီဒီယာများနှင့် လူမှုရေးကွန်ရက်တို့တွင် ရေးသားဖော်ပြနေကြသော စုံစမ်းရေးကော်မရှင်က ရခိုင်ပြည်နယ်ခရီးစဉ်တွင် အစ္စလာမ်ဘာသာဝင်များနှင့် မတွေ့ဆုံခဲ့ဆိုသော သတင်းအချက်အလက်မှာ ၁၀၀ ရာခိုင်နှုန်းလွဲမှားကြောင်း စုံစမ်းရေးကော်မရှင်အဖွဲ့ဝင် ကိုဇာဂနာကပြောသည်။

“ကျွန်တော်တို့ ရွှေရင်အေးရွာကအပြန် ညောင်ချောင်းရွာ (မောင်တောမြို့နယ်)မှာ တစ်နာရီလောက် ကားရပ်ပြီး ကိုကိုကြီးအပါအဝင် တစ်ဖွဲ့လုံးက တစ်ယောက်ခြင်းစီ တွေ့သလို ကျွန်တော်နဲ့ ကိုကျော်ရင်လှိုင်က ရွာထဲအထိဝင်သွားပါတယ်။ လုံခြုံရေးအဖွဲ့တွေက မဝင်ဖို့ မေတ္တာရပ်ခံတာတောင် တစ်အိမ်တက်ဆင်း ဝင်ပြီးတော့တွေ့ပြီးဆွေးနွေးခဲ့လို့အချက်အလက်တွေ ရခဲ့ပါတယ်”ဟု စက်တင်ဘာလ ၁၇ ရက် ညနေပိုင်း ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကိုဇာဂနာကပြောသည်။

ထို့အပြင်မောင်တောမြို့တွင် ဗလီတစ်ခုနှင့် အာရဗီဘာသာ စာသင်ကျောင်းတစ်ခု၌ လုံခြုံရေးအဖွဲ့ဝင်များကို အပြင်ထွက်ခိုင်း၍ ဒေသခံများနှင့် တွေ့ဆုံခဲ့သည့်အတွက် နိုင်ငံတကာမီဒီယာအချို့နှင့် ဖေ့စ်ဘွတ်ခ်အင်တာနက် စာမျက်နှာများတွင် ရေးသားနေသော သတင်းမှာ ၁၀၀ ရာခိုင်နှုန်း မဟုတ်မှန်ကြောင်း ငြင်းဆိုသည်။

ရခိုင်ပြည်နယ် ခရီးစဉ်တွင် စစ်တွေ၊ ကျောက်တော်၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောနှင့် ကျောက်ဖြူမြို့နယ်များရှိ ဒုက္ခသည်စခန်းများ အပါအဝင် ကျေးရွာများမှ ရခိုင်တိုင်းရင်းသား ၁၈၂ ဦးနှင့် အစ္စလာမ်ဘာသာဝင် ၂၁၀ ဦးအား တွေ့ဆုံခဲ့သည်။

ရခိုင်တိုင်းရင်းသား ၅,၀၀၀ ကျော်နှင့် အစ္စလာမ်ဘာသာဝင် ၆,၀၀၀ ကျော် အတူနေထိုင်ပြီး မည်သည့်ပြဿနာမှ မဖြစ်ခဲ့သည့် ပေါက်တောမြို့နယ် ဆင်တက်မော်ကျေးရွာကိုပါ သွားရောက်လေ့လာခဲ့သည်။ အစီရင်ခံစာကို ရခိုင်တစ်ပြည်လုံးကို သုတေသနစစ်တမ်းကောက်ပြီးမှ ရေးသားမည်ဖြစ်သည်။

ကန်စွန်းအင်း
ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြိတ်မြို့

ဆရာ / ဆရာမများအလိုရှိသည်

အထက်တန်းအဆင့်အတွက် M.Ed (သို့) B.Ed (သို့) M.A/M.Sc ဘွဲ့ရ

| | | | | |
|---|---|---|---|---|
| (၁) | မြန်မာစာအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | သုံးသိန်းကျပ် |
| (၂) | အင်္ဂလိပ်စာအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | သုံးသိန်းကျပ် |
| (၃) | သင်္ချာအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | သုံးသိန်းကျပ် |
| (၄) | ရူပဗေဒအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | သုံးသိန်းကျပ် |

အလယ်တန်းအဆင့်အတွက် M.Ed (သို့) B.Ed (သို့) M.A ဘွဲ့ရ

| | | | |
|---|---|---|---|
| ပထဝီအထူးပြု | (၁) ဦး | အနိမ့်ဆုံးလစာ | နှစ်သိန်းကျပ် |

သင်ကြားမှုအတွေ့အကြုံရှိပြီး ဘာသာရပ် ကျွမ်းကျင်ပိုင်နိုင်သူကို ဦးစားပေးခန့်ထားမည်။

ဆက်သွယ်ရန်- ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ အမှတ် (၈၃)၊ မြေနီလမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့။
☎ : ၀၅၉-၄၂၄၉၉၊ ၀၉-၈၇၆၀၃၀၃
အမှတ် (၁၇/၁၉ စီ)၊ မြေညီထပ်၊ ၁၄၉ လမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ : ၀၉ ၅၀၂၀၈၂၃

# မြစ်ဆုံဆည်စီမံကိန်း ရပ်ဆိုင်းသည့် တစ်နှစ်ပြည့်အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲကျင်းပ

**မောင်တာ**

**မြစ်ကြီးနား၊စက်တင်ဘာ-၁၆**

မြစ်ဆုံဆည်စီမံကိန်း ဆောက်လုပ်မှု ရပ်ဆိုင်းသည့် တစ်နှစ်ပြည့် အခမ်းအနားအဖြစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက်က မြစ်ကြီးနားမြို့ စီ တာပူမနောကွင်း မဂ္ဂယ်ခန်းမ ဆောင်၌ ကျင်းပခဲ့သည်။

ဟောပြောပွဲသို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များဖြစ်သည့် ဦးဝင်းမျိုးသူ၊ ဦးညိုမောင်၊ ဒေါ်ခင်နီနီသိန်းနှင့် မိုးလေဝသပညာရှင်ဦးထွန်းလွင်၊ စာရေးဆရာ ကိုတာ၊ ၈၈ မျိုးဆက်ကျောင်းသားများဖြစ်သည့် ကိုမင်းကိုနိုင်၊ ကိုပြုံးချို၊ ကိုဌေးကြွယ်တို့ တက်ရောက်ဟောပြောခဲ့ကြသည်။

ဟောပြောသူ ပညာရှင်များက မြန်မာနိုင်ငံရှိ စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်ရေးရာ ပြည်သူဆုံးဖြတ် စီမံပိုင်ခွင့်ပေးမှု အားနည်းကြောင်း ထောက်ပြဝေဖန်ခဲ့ကြသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင် ဦးဝင်းမျိုးသူက ‘ဆင်သေနားက ကျီးကန်းများ’ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲသလို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အထူးအလေးထားဖို့ လိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို ဂရုမပြုဘဲ လျစ်လျူမှုထားလျှင် ဆင်သေတောင်ပေါ်မှ ကျီးကန်းများသို့ ပင်လယ်ထဲရောက်မှ မရှုနိုင်မကယ်နိုင်ဖြစ်မည်ဖြစ်ကြောင်း ပြောသည်။



**ဟောပြောပွဲအပြီး တက်ရောက်လာသူများ အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်**

ထို့အပြင် မြစ်ဆုံဆည်အရေးကိစ္စနှင့် ပတ်သက်၍ ခေါင်းစားရမည့် အချက်ခုနစ်ချက်ကို ဆွေးနွေးခဲ့ပြီး အကောင်းဆုံးနည်းလမ်းမှာ ကျိုးကြောင်းပြ မေတ္တာရပ်ခံ ရပ်ဆိုင်းခြင်းဖြစ်ပြီး အခြားနည်းလမ်းမှာ လျော်ကြေးပေး၍ မြစ်ဆုံဆည် တည်ဆောက်မှု ရပ်ဆိုင်းခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆရာညိုမောင်ကလည်း မြစ်ဆုံဆည်စီမံကိန်းနှင့်ပတ်သက်၍ လုပ်ထုံး၊ လုပ်နည်း နည်းပညာဆိုင်ရာ အားနည်းမှုများကို ဝေဖန်ခဲ့ပြီး စီမံကိန်း စတင်လုပ်ဆောင်စဉ်ကတည်းက လူထုပါဝင်အောင် လုပ်ဆောင်မှု အားနည်းခဲ့၍ ယခုကဲ့သို့ဖရိုဖရဲဖြစ်ရခြင်းဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သူ ကိုမင်းကိုနိုင်က ပြည်သူများ၏ သိခွင့် (Right to Know)ကို အလေးထားရန် ဆွေးနွေးခဲ့ပြီးမြစ်ဆုံစီမံကိန်းနှင့် ပတ်သက်၍ အကျဉ်းထောင်အတွင်းရှိစဉ်ၚင်းရေးဖွဲ့ထားသော သီချင်းကို ဖွင့်ပြခဲ့သည်။

မေခမြစ်နှင့် မလိခမြစ်ဆုံရာ ရောဝတီဦးပိုင်း မြစ်ဆုံဒေသတွင်ရေအားလျှပ်စစ် ထုတ်ယူရန် ဆည်တည်ဆောက်မှု စီမံကိန်းကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ၎င်း၏သမ္မတသက်တမ်းအတွင်း ဆည်တည်ဆောက်မှုကို ရပ်ဆိုင်းခဲ့သည်။ ဆည်တည်ဆောက်မှု ရပ်ဆိုင်းသည့် နှစ်ပတ်လည် အခမ်းအနားအဖြစ် ပေါင်းကူးအဖွဲ့နှင့် ကချင်ပြည်နယ်မှ အင်န်ဂျီအိုအချို့ ပူးပေါင်းကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခြင်းဖြစ်ပြီး မြစ်ကြီးနားမြို့ခံ ၅၀၀ နီးပါးခန့် တက်ရောက်ခဲ့သည်။

# ချယ်ရီကား စစ်ဆေးရန်မရှိ

**သိမ့်သိမ့်စိုး၊ မိုးညို**

**ရန်ကုန်၊စက်တင်ဘာ-၁၇**

တရုတ်နိုင်ငံမှပြည်တွင်းသို့တင်သွင်းလာသည့် ချယ်ရီဝက်ဂွန်ကားများအား စစ်ဆေးရန်အစီအစဉ် မရှိသေးကြောင်း စက်မှုဝန်ကြီးဌာနမှရုံးအဖွဲ့မှူး ဦးသွင်မြင့်မောင်က ပြောသည်။

“အဆုတ်ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတ်ပစ္စည်းကို မြန်မာပြည်တွင်းကိုသွင်းတဲ့ ကားတွေမှာမသုံးထားဘူး။ အဆင့်မြင့်တဲ့ တခြားနိုင်ငံကို သွင်းတဲ့ကားတွေမှာပဲတွေ့ရတယ်လို့တရားဝင်စာတရုတ်နိုင်ငံကပို့ထားတယ်”ဟုအထက်ပါရုံးအဖွဲ့မှူးကပင် ပြောသည်။

“လက်ရှိပြည်တွင်းကကားတွေကိုစစ်ဖို့အစီအစဉ်မရှိသေးဘူး။ နောက်ပိုင်းလိုအပ်ရင်တော့စစ်ဆေးမှုတွေလုပ်မှာပါ”ဟုစက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ တရားဝင်အကြောင်းကြားစာ ရရှိထားသည်မှန်သော်လည်းပြည်တွင်းသုံးစွဲသူများ၏စိတ်ချယုံကြည်ရမှုနှင့်အရောင်းအဝယ်ပုံစံအရင်အတိုင်းပြန်ဖြစ်စေရန်အတွက် ခိုင်မာသည့်စစ်ဆေးမှုများကိုအချိန်မီလုပ်ရန် လိုအပ်ကြောင်း ကားအရောင်းစင်တာတစ်ခုမှ ဈေးကွက်မန်နေဂျာတစ်ဦးကပြောသည်။

အဆိုပါချယ်ရီဝက်ဂွန်ကားများ၏ အင်ဂျင်များတွင် Asbestos ဟုခေါ်သည့် အန္တရာယ်ရှိဖိုက်ဘာ အစိတ်အပိုင်းများပါဝင်နေသဖြင့် ယာဉ်အစီးရေ မြောက်မြားစွာကို ဩစတြေးလျနိုင်ငံတွင် ပြန်လည်သိမ်းဆည်းနေကြောင်း နိုင်ငံတကာသတင်းမီဒီယာများတွင် ဖော်ပြကြသည်။ ယင်းသတင်းထွက်ပေါ်အပြီး တစ်ပတ်အတွင်း၌ ပြည်တွင်းကားဈေးကွက်အတွင်း၌ရှိသော ချယ်ရီဝက်ဂွန်ကားဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ပြီး အရောင်းအဝယ်လည်း အေးစက်ခဲ့ကြောင်း ဟံသာဝတီကားပွဲစားဝင်းမှ ကားပွဲစားတစ်ဦးက ဆိုသည်။

လက်ရှိတွင် အဆိုပါ ချယ်ရီကားများအား စက်မှုဝန်ကြီးဌာနက တရုတ်နိုင်ငံမှတစ်ဆင့် တိုက်ရိုက်တင်သွင်းမှုအများဆုံးဖြစ်ကာ ရန်ကုန်၊ နေပြည်တော်၊မန္တလေးမြို့ကြီးများတွင် အဓိက ရောင်းချပေးလျက်ရှိသည်။ ၎င်းယာဉ်များစတင်တင်သွင်းစဉ်က တစ်ရက်လျှင် အစီး ၅၀ မှ ၁၀၀ အတွင်း ရောင်းချရသော်လည်း ယခုနောက်ပိုင်းတွင် တစ်ရက်လျှင် သုံးစီး၊ လေးစီးမျှသာ ရောင်းချရပြီး ရောင်းအားကျဆင်းလာကြောင်း စက်မှုဝန်ကြီးဌာနမှ ဈေးကွက်တာဝန်ခံတစ်ဦးက ပြောသည်။

168 ကရုဏာတိုင်းရင်းဆေးကုခန်း

**နှာခေါင်းရောဂါအမျိုးမျိုး**

နှာခေါင်းရောဂါအမျိုးမျိုးတို့တွင် နှာခေါင်းယားယံခြင်း၊ နှာပိတ်ခြင်း၊ မကြာခဏ နှာချေခြင်း၊ ပြည်/နှပ်ရည်ထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်စွမ်းပကား လျော့နည်းလာခြင်း စသောရောဂါလက္ခဏာရှိသည်။ နှာခေါင်းရောဂါတွင် ရုတ်တရက် နာတာရှည်နှာမှေးရောင်ရောဂါ အလာဂျီနှာမှေးရောင်ရောဂါ၊ နှာခေါင်းတွင် လှိုက်စားခြင်းကြောင့် ပြည်နံ့ရခြင်း၊ နှာခေါင်းရဲ့ထားသော အခေါင်းရောင်ရမ်းနာ၊ နှာခေါင်းအနီးပတ်ဝန်းရှိ အခန်းအတွင်း အမြှေးပါးရောင်ခြင်းနှင့် အသားပိုထွက်ခြင်း၊ အနံ့အသက်မရခြင်းတို့ရှိသည်။ တိုင်းရင်းဆေးသမားတော်များသည် လိမ်းဆေးနှင့်သောက်ဆေးကိုသုံးပြီး တစ်ပြိုင်နက် ကုသမှုပြုခြင်းကြောင့် ဝေဒနာခံစားမှုလျှင်မြန်စွာသက်သာစေပြီး ပျောက်ကင်းမှုမြန်ဆန်သည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။ **ကြာသပတေးနေ့တိုင်းပိတ်သည်။**

**အမှတ်(၇၅)၊ နိုင်ရွှေဝါလမ်း၊ ဗဟိုလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၁-၅၀၁၉၇၇၊ ၀၉-၇၃၁၈၃၁၂၂**

**ကုသချိန်-နေ့လည် ၁၂း၃၀ မှ ည ၇း၃၀ ထိ**

**TRADEMARK CAUTION**

JAB Distributors, LLC DBA Protect-A-Bed, a Company incorporated in USA at 1500 S Wolf Road, Wheeling, Illinois 60090 is the Owner and Sole Proprietor of the following Trademarks:-

**QUILTGUARD**

**Reg: 4/8705/2012**

**LONG LIVE YOUR MATTRESS!**

**Reg: 4/8706/2012**

**PROTECTOR SELECTOR**

**Reg: 4/8714/2012**

**EVERY MATTRESS NEEDS PROTECTION**

**Reg: 4/8700/2012**

**HEALTHY SLEEP ZONE SOLUTIONS**

**Reg: 4/8704/2012**

ALLERZIP

**Reg: 4/8694/2012**

HEALTHY SLEEP ZONE SOLUTIONS

**Reg: 4/8715/2012**

In respect of : “ Mattress covers; Pillow covers.”

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myint.advocate@mptmail.net.mm

www.mipadvocate.com

Ph : 371990

20.Sept.2012

# မန္တလေးတိုင်းတွင် ကန်ဒေါ်လာသန်း ၃၆၀ တန်စက်မှုဇုန် တည်ထောင်မည်

**ညီညီဇော်**

**မန္တလေး၊**

**စက်တင်ဘာ-၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Suzhou Industrial Park ၏ ပုံစံအတိုင်း မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မြို့သာနှင့် န ဘူးအိုင်ရွာအကြားတွင် မြို့သာစက်မှုဇုန် Industrial Park စီမံကိန်းကို အ မေရိကန်ဒေါ်လာသန်း၃၆၀အကုန်အကျခံကာအကောင်အထည်ဖော်မည်ဖြစ်ကြောင်း သတင်းရရှိသည်

ယင်းစီမံကိန်းနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၄ ရက်တွင် မန္တလေးမြို့၌ ရှင်းလင်းပွဲတစ်ခုပြုလုပ်ခဲ့သည်။ ယင်းစီမံကိန်းကိုမန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မြေပိုင်ရှင်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးအပိုင်းကို Royal Hi-Tech ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့သာစက်မှုဇုန်ကို Suzhou Industrial Park စီမံကိန်း ပုံစံရေးဆွဲပေးသည့် စင်ကာပူမှ SIP ဒီဇိုင်းပညာရှင်များကပင် ရေးဆွဲပေးခဲ့သည်ဟု Royal Hi-Tech ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ဆိုသည်။ မြို့သာစက်မှုဇုန် စီမံကိန်းတွင် စက်မှုဇုန်၊ ဆိပ်ကမ်း၊ လူနေအိမ်များ၊ ရှော့ပင်းမောလ်များပါဝင်မည်ဟု၎င်းကဆိုသည်။ ယင်းကုမ္ပဏီမှ ကျပ် ၉၀ ဘီလီယံ မတည်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး နိုဝင်ဘာလတွင်မူ အများပိုင်ကုမ္ပဏီအဖြစ်ဖွဲ့စည်းသွားရန်ရှိပြီး အစုရှယ်ယာများဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောသည်။

ယခုစီမံကိန်းကို နိုင်ငံတော်သမ္မတထံမှ ခွင့်ပြုချက် ရရှိပြီးဖြစ်ပြီး မြေအသုံးချခွင့် ရရှိပါက အမြန်ဆုံး အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူက ပြောသည်။ ယင်းစီမံကိန်းမှ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀ ရာခိုင်နှုန်း အကျိုးခံစားခွင့် ရရှိမည်ဖြစ်ပြီး ရရှိလာသည့် ငွေများကို မန္တလေးတိုင်းအတွင်း ဖွံ့ဖြိုးရေးလိုအပ်ချက်များ လုပ်ဆောင်ရာတွင် အသုံးပြုသွားမည်ဟု ဝန်ကြီးက ပြောသည်။ မြို့သာစက်မှုဇုန်သည် လူနှစ်သိန်းခန့် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီများလည်း ဆက်သွယ်မှုရှိကြသည်ဟု ဝန်ကြီးကဆိုသည်။

မြို့သာ Industrial Park ကို မြေဧက ၁၀,၃၅၄ ဒသမ ၈၂ ဧက အသုံးပြု၍လည်းကောင်း၊ မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာတွင် ဆီမီးခုံ(ရောဝတီဆိပ်ကမ်း)ကို ၃၈၀ ဒသမ ၅၇ ဧက အသုံးပြု၍လည်းကောင်း၊ တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းနှစ်နေရာသို့ ဆက်သွယ်ရန် ၁၁ မိုင်ခန့် လမ်းတစ်ခုကိုလည်း ဖောက်လုပ်သွားမည်ဖြစ်ကြောင်း Royal Hi-Tech ကုမ္ပဏီမှ MD ဦးထွန်းထွန်းအောင်ကပြောသည်။ ယင်းစီမံကိန်းမြေနေရာများမှာ စားကျက်မြေများဖြစ်ပြီး လယ်မြေအချို့ပါဝင်ကာ အစိုးရအဖွဲ့က ဒေသခံများနှင့်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**Personal Assistant / Secretary (1 Position)**

- Degree or Diploma Holder
- Proficiency in both written/reading and spoken English and Myanmar
- Proficiency in basic computer skills (MS Office,Web,Emails)
- Able and willing to response and follow-up phone calls 24x7 when needed
- Good personality, positive attitude and willingness to learn new things
- Able to handle confidentiality and privacy

Expected Salary : 250,000-350,000 Kyats for local employment

Please submit your CV to **recruitment@nirvasoft.com**



# တရားမဝင်ကြော်ငြာဘေဘုတ် စိုက်ထူသော ကုမ္ပဏီငါးခုကို အမည်ပျက်စာရင်းသွင်း

**မိုးညို**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

ကြော်ငြာဘေဘုတ်များအား ရန်ကုန်မြို့၏ ညသန်းခေါင်အချိန်များတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရဘဲ တရားမဝင်စိုက်ထူမှုများရှိနေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးတင်ထွန်းက ပြောသည်။

ရက်သတ္တပတ် သုံးပတ်အတွင်း ယင်းကဲ့သို့ တရားမဝင်စိုက်ထူခဲ့သည့် ကြော်ငြာကုမ္ပဏီကြီး ငါးခုအား စစ်ဆေးတွေ့ရှိ၍ အရေးယူမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

"အဲဒီကုမ္ပဏီတွေကို အမည်မည်းစာရင်းသွင်းလိုက်တယ်" ဟု ဦးတင်ထွန်းကပြောသည်။ ယင်းကဲ့သို့ကြော်ငြာဘေဘုတ်များအား ညအချိန်တွင် ကျင်းတူး၍ ကွန်ကရစ်လောင်းပြီး မနက်အစောပိုင်း ဝေလီဝေလင်းတွင် ကြော်ငြာမည့်ဘုတ်အား အပြီးသတ်ထောင်ကာ ခွင့်ပြုချက်ယူ၍ လုပ်ဆောင်သည့်ပုံစံဖြင့် တရားမဝင်လုပ်ကိုင်မှုများ ရှိနေကြောင်း ကိုယ်တိုင်ကြုံတွေ့ဖူးသူ စမ်းချောင်းမြို့နယ် မြေနီကုန်းမီးပွိုင့်အနီးရှိ လက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။ ဆိုင်းဘုတ်များ တရားမဝင် စိုက်ထူခဲ့သည့်ကုမ္ပဏီများအား ကြော်ငြာလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် ဘေဘုတ်စိုက်ထူခွင့်များကို အခြားသော ကုမ္ပဏီများနှင့်အညီ လုပ်ကိုင်ခွင့်ပေးမည်မဟုတ်ဘဲ နောက်ဆုံးအစီအစဉ်များမှသာ ဌာနအနေဖြင့် လက်ခံစဉ်းစားပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်က ထုတ်ပြန်ထားသည်။

ထို့အပြင်လက်ရှိတွင်ကြော်ငြာဘေဘုတ်လုပ်ငန်းများမှာ ရန်ကုန်မြို့တော်စည်ပင်သာယာက ကြော်ငြာဘေဘုတ်ကုမ္ပဏီကြီးများသို့ လေလံစနစ်ဖြင့် တစ်ဆင့်ခံငှားရမ်းမှုများကို ပြုလုပ်ထားခဲ့သည်။ သို့သော် လာမည့်နှစ်များတွင်မူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကြော်ငြာလိုသူ လုပ်ငန်းရှင်များနှင့် တိုက်ရိုက်ငှားရမ်းမှုများကိုသာ ပြုလုပ်တော့မည်ဖြစ်သည်။

ထို့အတူ လက်ရှိတွင် ၂၀×၉ ပေ ယာယီဘုတ်၊ ၂၀×၉ ပေ အရွယ်အောက်နှင့် ဓာတ်တိုင်ကြော်ငြာဘုတ်များအား မေ ၁ ရက်မှ ဩဂုတ် ၃၁ ရက် အထိ ငါးလတိတိ အခမဲ့စိုက်ထူခွင့်ပြုခဲ့ပြီး ဩဂုတ်လကုန်ပိုင်းတွင် အပြီးသတ်ဖြုတ်သိမ်းရတော့မည်ဖြစ်သည်။

ကြော်ငြာဘေဘုတ်လုပ်ငန်းများကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင်၁၉၉၆ နှင့် ၁၉၉၉ ခုနှစ်ဝန်းကျင်က စတင်လုပ်ဆောင်ခဲ့သည်။




# မလေးရှားသို့ ဆေးသွားကုသူများလာ

**ခင်ငြိမ်းချမ်းစိုး**

**ရန်ကုန်၊စက်တင်ဘာ-၁၅**

မလေးရှားနိုင်ငံသို့ သွားရောက်ဆေးကုသသူဦးရေ ထက်ဝက်ခန့်တိုးပွားလာကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိမလေးရှားကျန်းမာရေးစောင့်ရှောက်မှုနှင့် ခရီးသွားလုပ်ငန်းကောင်စီ (MHTC)၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံမှပြည်ပနိုင်ငံများသို့ ဆေးကုသရန် သွားသည့်အခါ ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံများသို့ အများဆုံး သွားရောက်ကုသကြပြီး ယခုနောက်ပိုင်းတွင် မလေးရှားနိုင်ငံသို့သွားရောက်ကုသသည့် လူနာဦးရေ ထက်ဝက်ခန့် များပြားလာကြောင်း သိရသည်။ ၂၀၁၀ ပြည့်နှစ်တွင်မြန်မာနိုင်ငံမှ လူနာပေါင်း ၃၉၃,၀၀၀ ဦး လာရောက်ကုသခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၅၈၃,၀၀၀ ဦးအထိ လာရောက်ကုသခဲ့ကြောင်း MHTC မှ သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ အများဆုံးသွားရောက် ဆေးကုသမှုခံကြသည့် ရောဂါများမှာ အရိုးရောဂါ၊ နှလုံးရောဂါနှင့် ဆက်စပ်ရောဂါများ၊ ကင်ဆာရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ခွဲစိတ်ကုသခြင်း၊ ဖန်ပြွန်သန္ဓေရယူခြင်းနှင့် သွားဖက်ဆိုင်ရာ ရောဂါများဖြစ်သည်။

"ကျန်းမာရေးကဏ္ဍမှာ တွေ့ကြုံနေရတဲ့ အဓိကပြဿနာက ကျန်းမာရေးစရိတ် ကုန်ကျမှု မြင့်မားခြင်းပါပဲ။ မလေးရှားနိုင်ငံမှာ ဆေးကုသမယ့် သူတွေအတွက် အဓိက အားသာချက်က ကျန်းမာရေးဝန်ဆောင်မှု ဈေးနှုန်းပါ။ နိုင်ငံသားပဲဖြစ်ဖြစ် နိုင်ငံသားမဟုတ်တဲ့ သူပဲဖြစ်ဖြစ် ဈေးနှုန်းတစ်ခုတည်းဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ ခုနောက်ပိုင်းမှာ မလေးရှားနိုင်ငံရဲ့ ကျန်းမာရေးဝန်ဆောင်မှုအကြောင်းကိုမြန်မာနိုင်ငံသားတွေ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်သိအောင်လည်း လုပ်ဆောင်နေပါတယ်"ဟု မလေးရှားကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမယ်ရီလင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်သော Healthcare Seminar တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ဆေးဝါးကုသမှုပြုလုပ်ရန် သွားရောက်ကြရာတွင် ဘာသာစကား အခက်အခဲ ဖြေရှင်းနိုင်ရန်အတွက် နောက်ပိုင်းတွင် ဆေးရုံများ၌မြန်မာစကားပြန်များလည်း ထားပေးရန်ရှိကြောင်း၊ ခရီးသွားဝန်ဆောင်မှုများနှင့်တွဲဖက်ကာ ကျန်းမာရေးစောင့်ရှောက်မှုလည်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ၏ အကြီးဆုံးဆေးရုံတစ်ရုံဖြစ်သော KPJ Healthcare မှ စီနီယာမန်နေဂျာ မစ္စတာ ရေဖယ်အရစ်ဖင်ကပြောကြားသည်။

မလေးရှားနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ဆေးရုံများအကြောင်းကို လေ့လာနိုင်ရန်အတွက် MHTC အနေဖြင့် စက်တင်ဘာ ၂၀ မှ ၂၂ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် Malaysia Healthcare Seminar ကိုကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

MCPA

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း
Developer Conference 2012 - Yangon

DC 2012 yangon

# ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍
MICT Park ၌ ကျင်းပခဲ့သော
**Developer Conference 2012 - Yangon**
ဖြစ်မြောက်ရန် ပံ့ပိုးကူညီခဲ့ကြသူများအား
လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**Main Sponsor**
MIT Beyond Innovation

**Diamond Sponsor**
C B BANK CO-OPERATIVE BANK LTD. SINCE 1992

**Diamond Sponsor**
Global Wave TECHNOLOGY

**Broadcasting Sponsor**
5 NETWORK

**Main Media Partner**
INTERNET Journal

**Media Partner**
techspace

**Venue Sponsor**
Myanmar ICT Development Corporation Limited

**Gold Sponsor**
MCC GROUP
INFORMATIONMATRIX INNOVATING FOR THE FUTURE
ACE Data Systems Ltd.

**Silver Sponsor**
ATO Ahtar Oo Co., Ltd
Fairway web development
Gusto QUALITY EDUCATION & SOLUTION
Technomation
Myanmar
TAB BOOKCENTRE

**Food & Beverage Sponsor**
YTC YATHAR CHO INDUSTRY LIMITED YumYum INSTANT NOODLE
PREMIER COFFEE



C B BANK
SANDALS?
SLIPPERS?
SHORTS?
SHADES?
SHOES?
SHIRT?
EASi
EASi SMART
Let's Win Win Together !

7 DAY NEWS JOURNAL
Vol.11, No.28 · SEPTEMBER 20 , 2012

# ဒေါ်အောင်ဆန်းစုကြည် ဥပဒေဘာသာရပ်သင် တက္ကသိုလ်ဆရာ၊ ဆရာမများနှင့် တွေ့ဆုံမည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသည် တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်နေသော ဥပဒေဘာသာရပ်သင် ဆရာ၊ဆရာမများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ယင်းကော်မတီအတွင်းရေးမှူးဦးဝင်းမြင့်က ပြောသည်။

"တက္ကသိုလ်တွေမှာ သင်ကြားနေတဲ့ သင်ရိုးညွှန်းတမ်းတွေက ခေတ်နဲ့လျော်ညီရဲ့လား၊ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုလားဆိုတာတွေကို ဆွေးနွေးသွားမှာပါ" ဟု ၎င်းက တွေ့ဆုံရမည့်အကြောင်းရင်းကို ပြောသည်။ တွေ့ဆုံမည့်ရက်ကိုမူ စီစဉ်နေဆဲသာဖြစ်သည်ဟု သိရသည်။

အဆိုပါ တွေ့ဆုံမှုများမှ ထွက်ပေါ်လာသော အကြောင်းအရာများပေါ် မူတည်၍ ပြုပြင်ပြောင်းလဲရမည့်ကိစ္စရပ်များကိုလွှတ်တော်သို့ တင်ပြဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တင်ပြခြင်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးဝင်းမြင့်က ဆိုသည်။

စက်တင်ဘာ ၈ ရက်တွင် ပထမအကြိမ်အဖြစ် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသည် ဥပဒေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင်ပြုလုပ်ခဲ့ပြီး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထိုအပြင် တရားဥပဒေစိုးမိုးရေးအတွက် တရားရုံးများ၏ လုပ်ဆောင်ချက်များကို လေ့လာရန် တရားရုံးသုံးခုကို ရွေးချယ်ကာ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းကော်မတီနှင့်ဥပဒေပညာရှင်များ တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို ဩဂုတ် ၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။




# ကမ္ဘာ့သိပ္ပညာရှင်တစ်ဦးအား မြန်မာနိုင်ငံသို့ ဖိတ်ကြားထား

**နေလင်းထွန်း**

**ရန်ကုန်၊စက်တင်ဘာ-၁၂**

ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးမြှင့်တင်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် Mr. Ron Kaufman အားမြန်မာနိုင်ငံသို့လာရောက်၍ တစ်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရန် ဖိတ်ခေါ်ထားကြောင်းမြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ဖော်ဆောင်ရေးပညာရှင်များအသင်းမှ သတင်းရရှိသည်။

UP! Your Service ၏ တည်ထောင်သူနှင့် စာရေးဆရာဖြစ်သူ Mr. Ron Kaufman သည် ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရေးနှင့် ဝန်ဆောင်မှုအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိပ်တန်းအတွေးအခေါ် ပညာရှင်တစ်ဦးအဖြစ် နိုင်ငံတကာက လက်ခံထားသည်။

မြန်မာနိုင်ငံရှိ မားကက်တင်းပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊မန်နေဂျာများ၊ ဌာနဆိုင်ရာအရာရှိများနှင့် ဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်၍ စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ရန် စက်တင်ဘာ ၂၉ ရက်တွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ Mr. Ron Kaufman ၏ တစ်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲအတွက် အထွေထွေကုန်ကျစရိတ် ကျပ်သိန်း ၄၆၀ ခန့် အသုံးပြုထားပြီး အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူတစ်ဦးလျှင် ဝင်ကြေးကျပ်ခုနစ်သောင်း သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ဖော်ဆောင်ရေးပညာရှင်များအသင်း ဥက္ကဋ္ဌဦးမြင့်ဇော်က ပြောသည်။

ပြည်ပတွင် အမေရိကန်ဒေါ်လာ ၃၀၀ ထိပေးသွင်း တက်ရောက်ရသော ပညာရှင်၏ အလုပ်ရုံဆွေးနွေးပွဲကို စိတ်ဝင်စားလေ့လာသူ ငါးရာခန့်တက်ရောက်ရန် မျှော်မှန်းထားပြီး ရတနာပုံ Call Centre ၁၈၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

# မိုဘိုင်းဖုန်းများအတွက် အနိမ့်ဆုံးသရီးဂျီကွန်ရက် ဆောင်ရွက်ပေးမည်ဟုဆို

**နိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

မိုဘိုင်းဖုန်းများအတွက် အနိမ့်ဆုံးအဆင့်သရီးဂျီ(3G)ကွန်ရက်ကို အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းတင်က ပြောသည်။

"နိုင်ငံတော်တော်များများက 3G ကို အနည်းဆုံးသွားပြီး 4G ကို ဦးတည်နေကြတယ်။ တစ်ခုရှိတာက 4G Standard က အားလုံးသဘောတူလက်ခံတဲ့ အဆင့်ဖြစ်မလာသေးဘူး။ 4G ကိုသွားတဲ့အခါ နိုင်ငံတကာအဆင့် မဖြစ်လာရင် တစ်ကနေ ပြန်စရမှာမျိုးဖြစ်လာနိုင်တယ်" ဟု ဒုဝန်ကြီးဦးသောင်းတင်က 7Day News သို့ ပြောသည်။

သရီးဂျီ ကွန်ရက်အဖြစ် အသံ(Voice) နှင့် အချက်အလက်(Data)တစ်ပါတည်း အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ အသုံးပြုရာတွင် မြို့ပြတွင်သာမက ကျေးလက်ဒေသများပါ အသုံးပြုနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးသောင်းတင်က ပြောသည်။

ယခုအခါ ပုဂ္ဂလိကလုပ်ငန်းအချို့က တူးဂျီ(2G)စနစ်လုပ်ကိုင်ရန် ကမ်းလှမ်းမှုများရှိနေပြီး နယ်ဒေသများ၌ တူးဂျီစနစ်ကိုသာ အသုံးပြုသင့်သည်ဟု ပုဂ္ဂလိကလုပ်ငန်းအချို့၏ အကြံပေးမှုများအား ဝန်ကြီးဌာနအနေဖြင့် ငြင်းဆန်ပြီး သရီးဂျီကွန်ရက်ကိုသာ ဦးတည်လုပ်ဆောင်သွားမည်ဟု ဒုဝန်ကြီး ဦးသောင်းတင်က ဆက်လက်ပြောသည်။

ပြည်တွင်း၌ သရီးဂျီကွန်ရက်ကို ကျေးလက်နှင့် မြို့ပြဒေသအားလုံးတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဆက်သွယ်ရေးကဏ္ဍ ပိုမိုကောင်းမွန်စေရန် ပြုပြင်ပြောင်းလဲမှုများ အပါအဝင် တန်ဖိုးနည်းဖုန်းများကို အသုံးပြုနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"သရီးဂျီဆိုတာ အင်တာနက်ပါပဲ။ အဓိကက မိုဘိုင်းဖုန်းမှာ အင်တာနက်သုံးလို့ရမယ်ပေါ့" ဟု Best More Smart Mobile မှ Marketing တာဝန်ခံကိုဇာနည်က ပြောသည်။ ထိုစနစ်ဖွင့်ပေးပါက အင်တာနက်အသုံးပြုရန် စမတ် ဖုန်းလိုအပ်ကြောင်း ၎င်းက ထပ်မံ ပြောသည်။


A product of PEPSICO
GOOD TO BE BACK!
pepsi
PEPSI SO...
REFRESHING!

# Panasonic

eco ideas

INTELLIGENT INVERTER + INTELLIGENT ECO SENSORS ECONAVI

## သက်သောင့်သက်သာဖြင့် အကောင်းဆုံး စွမ်းအင်ချွေတာနိုင်မှု




NA-148VG3 (8 kg)
NA-140VG3 (10 kg)

INTELLIGENT ECO SENSORS ECONAVI

**Panasonic** ၏ အဆင့်မြင့်တီထွင်မှု **ECONAVI** နည်းပညာသည် အသိဉာဏ်များစွာဖြင့် **sensors** နှင့် ထိန်းချုပ်မှုအဆင့်ဆင့်တို့က စွမ်းအင်အလဟသ လေလွင့်ဆုံးရှုံးမှုကို စောင့်ကြည့်စစ်ဆေးနေပြီး စွမ်းအင်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် အလိုအလျောက် လုပ်ဆောင်ပေးနိုင်ပါသည်။

INTELLIGENT INVERTER

ကွန်ပရက်ဆာလည်ပတ်နှုန်းကို လိုအပ်သလို ထိန်းချုပ်နိုင်ခြင်းကြောင့် အကောင်းဆုံးစွမ်းဆောင်ရည်နှင့် အံ့သြဖွယ်ကောင်းလောက်အောင် စွမ်းအင်သုံးစွဲမှုကို လျှော့ချပေးနိုင်ပါသည်။

*စွမ်းအင်သုံးစွဲမှု 50% လျှော့ချနိုင်ခြင်းကို နှိုင်းယှဉ်ချက်
NA-FS Series အင်ဗာတာမော်ဒယ်လ်နှင့် အင်ဗာတာမပါဝင်သော မော်ဒယ်လ်နှိုင်းယှဉ်ချက်
**စွမ်းအင်သုံးစွဲမှု 45% လျှော့ချနိုင်ခြင်းကို ECONAVI စနစ် အသုံးပြုခြင်းနှင့် အသုံးမပြုခြင်း နှိုင်းယှဉ်ချက်
စမ်းသပ်သည့်အခြေအနေ၊ ရေအေးလျှော်ဖွတ်မှု နှိုင်းယှဉ်ချက် စမ်းသပ်စစ်ဆေးသည့် အဖွဲ့အစည်း ပါဝင်သည့် TUV Rheinland(Shanghai) ECONAVIမော်ဒယ်လ် (အဝတ်အထည်ပမာဏ(2kg) ၊ ရေအပူချိန် ( 35·C အထက်) ECONAVI မပါဝင်သည့်မော်ဒယ်လ် ( အဝတ်အထည်ပမာဏ (8kg) )၊ ရေအပူချိန် 25·Cထက်လျော့နည်း)
- အထက်ပါစမ်းသပ်စစ်ဆေးချက်သည် ရေအပူချိန်ထက် IEC60456 ကို အခြေခံထားပါသည်။

**Infinity Investment Co., Ltd.** **အိမ်သုံးနှင့်မီးဖိုချောင်သုံးပစ္စည်းများအရောင်းပြခန်း**

ရန်ကုန် - အမှတ်(၄၈)၊ လသာလမ်း၊ လသာမြို့နယ်။ ဖုန်း - ၂၅၂၄၆၄၊ ၂၄၉၁၆၂၊ ၀၉-၇၃၀၃၂၃၆၅ ဖက်(စ်) ၃၈၂၂၉၅ Email: infiniti@myanmar.com.mm, infinity.myanmar@gmail.com
မန္တလေး - အမှတ် (၁၅၀/A)၊ ၂၇လမ်း၊ (၈၀ နှင့် ၈၁)လမ်းကြား။ ဖုန်း - ၀၂-၆၅၁၈၂၊ ၀၉-၉၁၀၀၀၄၁၉၊ ၀၉ -၅၀ ၁၀၉၁၅
ပန်နာဆိုးနစ်၏ သီးသန့်ကောင်တာများ - စိန်ဂေဟာ(ပြည်လမ်း)၊ ဂမုန်းပွင့်(ဘိုကလေးဈေး)၊ Capital (သာကေတ)၊လမင်းစန္ဒာ (ဘားလမ်း)

အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် ရုပ်မြင်သံကြားကတ်အရောင်းဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံကတ်ပြား "၁နှစ်-ပစ္စည်း+လက်ခ (အခမဲ့)" ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



Panasonic
SMART VIERA
Step into the Exciting World
of New Discoveries
Web Browser
Media Player
USB
social networking TV
Facebook
Market
AccuWeather.com
New York, NY
52°F
Cloudy
VOTED BY CONSUMERS
Reader's Digest
TRUSTED BRAND 2012
GOLD-ASIA
Smart Lifestyle, Smart VIERA
သင်၏ TV သည် သင့်ဘဝ၏ အလုံးစုံပြီးပြည့်စုံသောအစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပါပြီ။ Smart VIERA TVက သင့်ကို ကမ္ဘာတစ်ဝန်းအရေးကြီး သတင်းအချက်အလက်များ၊ ရုပ်ရှင်များ၊ သူငယ်ချင်းမိတ်ဆွေများ၊ Games များ၊ သင့်စိတ်ကြိုက် Website များကို ဆောင်ကြဉ်းပေးစွမ်းနိုင်ပြီး သင့်ရဲ့ Apple, Android Smart Phone နှင့် Tablet များကို Remote Control သဖွယ် အသုံးပြုပြီး သင့် TV နှင့်ချိတ်ဆက် အသုံးပြုနိုင်ပါပြီ။ သင်၏ Mobile Phone ကို Smart Viera နှင့် Swipe လုပ်ရုံမျှဖြင့် သင့်စိတ်ကြိုက် ရုပ်ပုံ၊ ဗီဒီယို သီချင်းနှင့် Website များကို ကြည့်ရှုခံစားနိုင်ပြီး Dual Core Processor ကလည်း သင်အလိုရှိရာ Internet Website များအားလုံးကိုနှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်ဆန်စွာ Download ပြုလုပ်နိုင်ပါသည်။ အံ့မခန်းဖွယ်ရာ လုပ်ဆောင်ချက်များအဖြစ် သင်ကြည့်ရှုချိန်အတွင်းမှာပင် Skype 'Live' ကို အသုံးပြုနိုင်ပြီး အမျိုးမျိုးသော စာမျက်နှာများကို Screen ပေါ်မှာ ပြောင်းလဲကြည့်ရှုနိုင်ပါသေးသည်။ ရှင်းလင်းလွယ်ကူလှသည့် ဆက်သွယ်ရေးစနစ်အဆင်ပြေကောင်းမွန်လှသည့် Networking အတွေ့အကြုံ၊ ရင်သပ်ရှုမောဖွယ် ပုံထွက်ကောင်းမွန်မှုတို့ကြောင့် Smart VIERA TV သည် သင့်အနာဂတ်အတွက် အရေးပါပြီးပြည့်စုံသော အရာတစ်ခုပင်ဖြစ်နေပါတော့သည်။
IPS LED
neo plasma black 2500
Progressive 3D FULL HD
VIERA Connect
Web Browser
2500Hz Focused Field Drive
INFINITE BLACK Ultra
TH-P65VT50
TH-L47DT50
UT SERIES
TH-P42UT50 / TH-P50UT50
42"/ 50" 3D Plasma TV
- Smart Viera with Web Browser, Viera Connect & Skype
- Full HD Active 3D with 2D to 3D conversion
- 2500 Hz Focused Field Drive for Superb Fast Moving Pictures
- Wi-Fi Ready
DT SERIES
TH-42DT50 / TH-P47DT50
42"/ 47" 3D LED LCD TV
- Smart Viera with Web Browser, Viera Connect & Skype
- Full HD Active 3D with 2D to 3D conversion
- 1600 Hz Backlight Scanning for superb motion pictures
- Wi-Fi Ready
ET5 SERIES
TH-L42ET5 / TH-L47ET5 / TH-L55ET5
42"/ 47" / 55" 3D LED LCD TV
- Smart Viera with Web Browser, Viera Connect & Skype
- Full HD Polarized 3D with2D to 3D conversion
- 300Hz Backlight Scanning
- Wi-Fi Built-In
အရောင်းပြခန်း - Advanced Vision Co., Ltd.
ရန်ကုန် - အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်း နှင့် သိမ်ဖြူလမ်းထောင့် YMCA Building၊ ဗိုလ်တထောင်မြို့နယ်။ ဖုန်း - (၀၁) ၂၉၆ ၅၇၀ ၊ ၂၉၂ ၆၆၄ ၊ ၇၃၀-၂၆၇၇၅ ဖက်စ် (၀၁) ၂၉၆ ၅၇၀
မန္တလေး - ဘီ (၃)၊ ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ မန်းမြန်မာတိုက်ခန်း၊ ချမ်းအေးသာစံမြို့နယ်။ ဖက်စ်(၀၂)- ၇၂၅ ၆၇ Email: tw25@myanmar.com.mm
ပန်နာဆိုးနစ်၏ သီးသန့်ကောင်တာများ - စိန်ဂေဟာ(မြေနီလမ်း)၊ Capital (သာကေတ)
● ပန်နာဆိုးနစ်၏ တရားဝင် အာမခံကတ်ပြားဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ "၃နှစ်အာမခံ – ၁နှစ် – ဝန်ဆောင်မှု + လက်ခအခမဲ့ (ကျန်နှစ်များ လက်ခအခမဲ့)"

## အငြင်းပွားဖွယ်ရာ ဗီဒီယိုအပေါ် အမျက်ဒေါသထွက်မှု မွတ်ဆလင်ကမ္ဘာတွင် လျော့ကျလာ


ဓာတ်ပုံ - AFP

**ဒူဘိုင်း၊ စက်တင်ဘာ - ၁၆**
အမေရိကန်နိုင်ငံတွင် ထုတ်လုပ်သောအငြင်းပွားဖွယ်ရာဗီဒီယိုအပေါ်ဆန့်ကျင်သည့်ကန့်ကွက်ဆန္ဒပြမှုများလျော့ပါးလာသော်လည်း မွတ်ဆလင်ကမ္ဘာတွင်အမေရိကန်ပေါ်လစီကို အင်တာနက်၌ ပျံ့နှံ့နေသော ၁၃ မိနစ်စာ အပျော်တမ်းဗီဒီယိုက အရိပ်မည်းထိုးလျက်ရှိသည်။

ထိုအတောအတွင်း ဆူဒန်နိုင်ငံနှင့် တူနီးရှားနိုင်ငံရှိ အမေရိကန်သံရုံးမှ မရှိမဖြစ်မဟုတ်သောဝန်ထမ်းများ ထွက်ခွာရန် အမေရိကန်အာဏာပိုင်များက ညွှန်ကြားလိုက်သည်။ ယင်းသံရုံးနှစ်ရုံးမှာ စက်တင်ဘာလ ၁၄ ရက်က တိုက်ခိုက်မှုခံခဲ့ရသည်။ သံရုံးလုံခြုံရေးအတွက် မရိန်းတပ်များပို့လွှတ်မည့်အစီအစဉ်ကို ဆူဒန်နိုင်ငံက ပယ်ချခဲ့ကြောင်း သိရသည်။

ယီမင်နှင့်လစ်ဗျားနိုင်ငံတွင်ရှိသော အမေရိကန်သံရုံးများသို့မူ မရိမ်းတပ်ဖွဲ့များ စေလွှတ်ထားပြီဖြစ်သည်။

အီဂျစ်နိုင်ငံတွင်အဓိကရုဏ်းရဲများက ကိုင်ရိုမြို့ တာရာရင်ပြင်အားစီးနင်း၍ လူရာပေါင်းများစွာကိုဖမ်းဆီးခဲ့သည်။ အီဂျစ်တွင်လေးရက်ဆက်တိုက် တိုက်ခိုက်မှုများ၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး အမေရိကန်သံအမတ်ကြီးကို နှင်ထုတ်ရန်ဆန္ဒပြသူများက တောင်းဆိုခဲ့သည်။

ဆော်ဒီအာရေးဗီးယား၏ အမြင့်ဆုံးဘာသာရေးအကြီးအကဲများကလည်း အရှေ့အလယ်ပိုင်းတစ်ဝန်းသံရုံးများနှင့် သံတမန်များကို တိုက်ခိုက်ခြင်းများမှာ အစ္စလာမ်ဘာသာနှင့် မကိုက်ညီကြောင်းရှုတ်ချပြောဆိုသည်။

သို့သော် ယီမင်အခြေစိုက် အယ်လ်ကိုင်ဒါအဖွဲ့ကမူ လစ်ဗျားတွင် အမေရိကန်သံတမန်များအားသတ်ဖြတ်ခြင်းကို အားပေးထောက်ခံခဲ့ပြီး သတ်ဖြတ်မှုများပိုမိုလုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။

ထိုအတောအတွင်း အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၌ ဘဏ်အားလိမ်လည်မှုဖြင့် ပြစ်ဒဏ်ကျခံဖူးသော လူတစ်ယောက်ကို ရုပ်ရှင်ရိုက်ကူးခဲ့ခြင်းကြောင့် ကတိခံဝန်ချက်ကာလစည်းကမ်းများ ချိုးဖောက်မှုရှိမရှိကို စစ်ဆေးရန် ရဲတပ်ဖွဲ့က ခေါ်ဆောင်သွားခဲ့သည်။ အငြင်းပွားဖွယ်ရာ ရုပ်ရှင်ရိုက်ကူးမှုတွင် ၎င်းပါဝင်ခဲ့ခြင်းမရှိဟု ယင်းအမျိုးသားက ငြင်းဆိုထားသည်။

လစ်ဗျားနိုင်ငံ၊ ဘင်ဂါဇီမြို့တွင် သေဆုံးခဲ့သော လစ်ဗျားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် အခြားအမေရိကန်နိုင်ငံသားသုံးဦးအား ဂုဏ်ပြုသော အခမ်းအနားကို အမေရိကန်သမ္မတ ဘားရက် အိုဘားမားက ဦးဆောင်ခဲ့ပြီး အကြမ်းဖက်မှုများအားကြံ့ကြံ့ခံရပ်တည်သွားမည်ဟု ကတိပြုပြောကြားသည်။

"အမေရိကန် နိုင်ငံဟာ ကမ္ဘာကြီးဆီက ဆုတ်ခွာသွားမှာမဟုတ်ပါဘူး" ဟုအိုဘားမားကပြောကြားသည်။ ပင်တဂွန်ကလည်း နိုင်ငံခြားရှိသံရုံးများ လုံခြုံရေးတိုးမြှင့်ရန် အပူတပြင်း လုပ်ဆောင်လျက်ရှိသည်။

—*Ref: Reuters*




## ဂျပန်ဝန်ကြီးချုပ်က ၎င်းနိုင်ငံသားများ လုံခြုံမှုရှိစေရေး တရုတ်နိုင်ငံအား တိုက်တွန်း

**တိုကျို၊ စက်တင်ဘာ - ၁၆**
နှစ်နိုင်ငံကြားနယ်မြေအငြင်းပွားမှု ကြောင့် လုယက်ဖျက်ဆီးမှုများရှိသည်ဟူသော သတင်းများထွက်ပေါ်နေစဉ် ဂျပန်နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းများ လုံခြုံမှုရှိစေရန်အတွက် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါက တရုတ်နိုင်ငံအားတိုက်တွန်းလိုက်သည်။

စက်တင်ဘာ ၁၅ ရက်တွင် ဒေါသထွက်နေသော ဆန္ဒပြသူများက ဘေဂျင်းရှိ သံရုံးအား စီးနင်းရန် ကြိုးစားခဲ့ကြောင်း တရုတ်အစိုးရမီဒီယာသတင်းများက ဖော်ပြသည်။ အခြားတရုတ်နိုင်ငံရှိ မြို့ကြီးများတွင်လည်း ဂျပန်ဆန့်ကျင်ရေး ကန့်ကွက်မှုများဖြစ်ပေါ်ခဲ့သည်။

ကန့်ကွက် ဆန္ဒပြမှုများ တရုတ်မြို့ကြီးပေါင်း ၅၀ သို့ ပျံ့နှံ့သွားခဲ့သည်ဟုဂျပန်နိုင်ငံတွင် ထွက်ပေါ်ခဲ့သော သတင်းများကဖော်ပြသည်။

ဆန္ဒပြသူများကတရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကင်ဒေါင်းမြို့တွင် Panasonic အပါအဝင် ဂျပန်စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်နေသောစက်ရုံပေါင်း ၁၀ ရုံကို ပစ်မှတ်ထားခဲ့ကြောင်း ယိုမီယူရီသတင်းစာတွင် ဖော်ပြသည်။ ထိုသို့ပစ်မှတ်ထားရာတွင် မီးကွင်းပစ်တိုက်ခိုက်ခြင်းများရှိခဲ့ပြီး ကုန်ထုတ်လုပ်ရေးလိုင်းများ ပျက်စီးခဲ့ကြောင်း သတင်းစာတွင် ဖော်ပြသည်။

အခြေအနေမှာ စိတ်ပျက်စရာကောင်းပြီး ကန့်ကွက်သွားမည် ဖြစ်ကြောင်း ဂျပန်ဝန်ကြီးနိုဒါက ဖူဂျီတယ်လီဗေးရှင်းအားပြောကြားသည်။ တရုတ်နိုင်ငံတွင်ရှိသော ဂျပန်နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းများ အန္တရာယ်မရှိစေရန် ကြီးကြပ်ကွပ်ကဲစေလိုကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောသည်။

—*Ref: Reuters*